www.burmeseclassic.com

# မင်းကကလေး

နှင်းဆီတံခါး

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

# မိန်းကလေး

နှင်းဆီတံခါး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"၉က/ ၅၅ – –"

ပြည်ပထွက်ခွာခန်းကို ကျော်ခိုင်းလျက် လက်ဆွဲခရီးဆောင်အိတ်ငယ်တစ်လုံးသာ ဆွဲထွက်လာတဲ့ ဘုန်းနေရောင်။

ကားပါကင်ဆီ ဦးတည်ရင်း လာကြိုမယ်ဆိုတဲ့ ကားနံပါတ်ကို ရှာတ်၏။ မျက်လုံးကလည်း ထိုကားနံပါတ်ကိုပဲ ရှာကြည့်နေသည်။

ဟော တွေ့ပြီ။ ကရိုနားဆလွန်းကားဘေး ကပ်ရပ်ထားတဲ့ နို့နှစ်ရောင် မာစီဒီးကားသစ်ကလေး။

ဘုန်းနေရောင် ခြေလှမ်းပိုသွက်သွား၏။ ကားအနားရောက်သည်နှင့် ခရီးဆောင်အိတ်ထည့်ဖို့ ကားနောက်ဖုံးဖွင့်ရန် လက်တစ်ဖက်ဆန့်လျှင် –



www.burmeseclassic.com

www.burmeseclassic.com



"ဘော့စ်က ဘုန်းနေရောင် ထင်ပါတယ်"

ဘုန်းနေရောင်နောက်ဘက်မှ လှမ်းမေးသော မိန်းကလေးအသံ တစ်သံ။ ဘုန်းနေရောင် ချက်ချင်း လှည့်ကြည့်၏။

ရိုကျိုးသောမျက်နှာမူရာနဲ့ ထိုမိန်းကလေး သူ့အပါးရောက်လာပြီး -

"မမလဝန်းရောင် လွှတ်လိုက်တာပါရှင့်"

မမနာမည်လေး ပါလာ၏။ ထို့ပြင် သူ့ကို ဘော့စ်လို့ ဦးစွာ ခေါ်သည်က မာမီ့ဝန်ထမ်းပဲ ဖြစ်ရမည်။

မာမီက လုပ်ငန်းကြီးတွေ ပိုင်သလို အရှိန်အဝါလည်း ကြီးလှသည်။ မာမီ့အရှိန်အဝါကြောင့် သူ့ကိုလည်း ဘော့စ်လို့ သတ်မှတ်ထားပုံရ၏။

မာမီ့ဝန်ထမ်းဖြစ်မှတော့ သူ့ဝန်ထမ်းဆိုလည်း မမှား။ ဒါပေမဲ့ ဘုန်းနေရောင်စိတ်မှာ ဝန်ထမ်းလို့ မသတ်မှတ်ချင်ပါ။ ဒရိုင်ဘာဟုသာ သတ်မှတ်လိုက်သည်။ ဘုန်းနေရောင် ပေါ့ပါးစွာ မျက်နှာလေးပင့်ကာ ခေါင်းဆတ်သည်။

"လက်ဆွဲအိတ်ပေးပါ"

ပြောလည်းပြောရင်း လက်ထဲကအိတ်ကို ရိုရိုကျိုးကျိုး လှမ်းယူသည်။

ဘုန်းနေရောင် အလိုက်သင့် လွှတ်ပေးလျက်။ သူမက လက်ဆွဲ





အိတ်ကို မိမိရရကိုင်ပြီး အရင်ဆုံး ကားနောက်ခန်းတံခါးဖွင့်ပေးသည်။

သဘောက ဘုန်းနေရောင်ကို ဦးစွာ ကားပေါ်တက်စေဖို့။ ဒရိုင်ဘာဆိုတာ ဒီလိုပဲ ဖြစ်ရမယ်။ ကိုယ့်အလုပ်ရှင်အပေါ် ရိုကျိုးနေရုံမက အလိုက်သိဖို့လည်း လိုသည်မဟုတ်လား။

ကားပေါ်တက်ပြီးတော့ ကားတံခါးကို သူမ ပြန်ပိတ်၍ -

"မမလဝန်းကိုယ်တိုင် လာကြိုမလို့ပါပဲ၊ ဘော့စ်မာမီ သွေးတိုးနေလို့ စိတ်မချတာနဲ့ ကျွန်မကို အကြိုလွှတ်လိုက်တာပါ"

"သိတယ်"

ဘုန်းနေရောင် အရှိန်အဝါကြီးစွာပင် ခပ်ပြတ်ပြတ်ဆိုသည်။ သူ့အသံပြတ်ကြောင့် သူမပုံစံက ရှိန်သွား၏။ ဘာမှလည်း ထပ်မပြောတော့။ သူ့ခရီးဆောင်အိတ်ကို ကားနောက်ဖုံးဖွင့်ထည့်၏။ ထို့နောက် ကိုယ်လုံးလေး ရို့ကာ ကားမောင်းသူနေရာတက်သည်။

ကားစက်နှိုးပြီး လျှောခနဲ သူမကား မောင်းထွက်သွားလျှင် ဘုန်းနေရောင်ကိုယ်လေး ငြိမ့်ခနဲဖြစ်ကာ ကျောပြင်က ကားကူရှင်နဲ့ ကပ်သလို မှီကျလျက် သက်သောင့်သက်သာ ဖြစ်လို့သွားသည်။

✿

"မောင်လေးရေ၊ မောင်လေးလာရင် စီးဖို့ မာမီ အသစ်ဝယ်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ကားနဲ့ ဒရိုင်ဘာ လွှတ်လိုက်မယ်၊ ကားနံပါတ်မှတ်ထားလိုက်၊ ၉က/၅၅--၊ ဟုတ်ပြီနော်၊ မမ လာကြိုဖို့က မာမီ့ကို စိတ်မချဘူး။ မာမီက နောက်ပိုင်း ချူချာလာသလို အားလည်းငယ်လာတယ်''

''ရပါတယ် မမ၊ ကားလာကြိုရင် ရပြီ၊ ဒါနဲ့ မြစက်ရေကော မမ၊ လာကြိုရင် ပါလာမလား''

''ဟွန်း မောင်လေးကတော့ မြစက်ရေမှ မြစက်ရေပါလား''

''ဘာဖြစ်လို့လဲ မမ''

''ဪ မောင်လေးကလည်း မြစက်ရေစိတ်ကိုလည်း သိသားနဲ့''

မမ စကားမဆုံးခင် ဘုန်းနေရောင် သိပါတယ်လို့ ခေါင်းဆတ်လိုက်၏။

''ဒါပဲနော် မောင်လေး၊ ပြန်လာမှ မမတို့မောင်နှမနှစ်ယောက် စကားတွေ တဝကြီးပြောကြတာပေါ့၊ မာမီကလည်း မောင်လေးကိုပဲ တစာစာ မေးနေတာလေ''

မာမီက တစာစာမေးနေတယ်ဆိုတဲ့ မမဆီကစကား ကြားရတော့ ဘုန်းနေရောင် ရင်မှာ ကြည်နူးသွားသည်။

မာမီ့စိတ်က သားအပေါ် သမီးထက်ပိုပြီး တွယ်တာမှန်း ဘုန်းနေရောင် ငယ်ငယ်ကတည်းက သိသည်။

သိလို့လည်း မာမီ့ကို လျစ်လျူရှုမထားရက်နိုင်ပါ။ ဒီခြောက်လ





လောက် အတောအတွင်းမှာ မာမီ ကျန်းမာရေး တစ်စစ ချူချာလာသည်။

သမားတော်တွေနဲ့ ပြသကုသနေသော်လည်း သက်သာပါသည်၊ သို့သော် မာမီ့စိတ်က သားကို အနားမှာရှိစေချင်သည်။

သူကလည်း သူ့လုပ်ငန်းကိုပစ်ပြီး မာမီ့အနားလာနေဖို့ ဝန်လေး၏။

အဲဒါနဲ့ပဲ မမက –

''မောင်လေးရယ် မောင်လေးအလုပ်ကို စိတ်ချရတဲ့လူနဲ့ လွှဲခဲ့ပြီး မာမီ့နား ခဏလာနေပေးပါဟယ်၊ နေထိုင်မကောင်းဖြစ်နေလို့သာ မာမီက မောင်လေးကို တမ်းတတဲ့စိတ် ပြင်းပြနေတာ၊ မာမီ နေကောင်းသွားတော့လည်း ပြန်ပေါ့၊ မဟုတ်ဘူးလား''

မမ ဖုန်းဆက်တိုင်း ဒါပဲပြောသည်။ သူ့စိတ်ကလည်း နေမကောင်းဖြစ်နေတဲ့ မာမီ့ဆီပဲ ရောက်၏။ အလုပ်လုပ်နေရပေမယ့် စိတ်မဖြောင့်။

မာမီနဲ့ ဖုန်းရော အင်တာနက်နဲ့ပါ အကြိမ်ကြိမ်ပြောပေမယ့် သူ့စိတ်ကလည်း ကြာရှည်မနေနိုင်။

''သွားမှာသာသွားစမ်းပါ ဘုန်းနေရောင်၊ မင်းရဲ့ Music Studio ကို ငါ ထိန်းနိုင်ပါတယ်ကွ''

ကိုတိုးကြီးကလည်း ပြောရင်း တိုက်တွန်း၏။ ကိုတိုးကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သူ့ရဲ့အေဂျင်စီကို စိတ်ချလက်ချဖြစ်ကာ ချက်ချင်းပဲ လာခဲ့မယ်လို့ မမဆီကို အကြောင်းကြားလိုက်သည်။

လေယာဥ်လက်မှတ်ကလည်း ဝယ်ရလွယ်သည်မို့ အဆင်ပြေကာ ဘန်ကောက်ရောက်သည်နှင့် မမဆီ ဖုန်းဆက်၏။

မမက လာကြိုမယ်စီစဥ်ပြီးခါမှ မာမီသွေးတိုးလို့ လာမကြိုနိုင်။ ကားနဲ့ ဒရိုင်ဘာ လွှတ်လိုက်မယ်တဲ့။

ကိစ္စမရှိဘူး။ မလွှတ်ရင်လည်း တက္ကစီငှားရုံပေါ့။ မမ.လာကြိုခိုင်းမယ့်ကားနံပါတ် မြင်တော့လည်း စိတ်အေးသွားသည်။ ဒရိုင်ဘာလည်း အဆိုက်သိတော့ အိုကေတာပေါ့။

တစ်ခုပဲ စိတ်က မျှော်လင့်သည်။ မမ လာမကြိုဖြစ်ရင်တောင် မြစက်ရေတော့ လာကြိုမည်ဟု။

ကားနဲ့ဒရိုင်ဘာ အဆင်သင့်ရှိနေတာပဲ။ လာကြိုရင် ဖြစ်နိုင်သည်။ ဒါပေမဲ့ မြစက်ရေက အရှိန်အဝါနဲ့ မာနကိုမောင်းတင်ထားသူပီပီ တရားဝင် မစေ့စပ်ရသေးတဲ့ ယောက်ျားတစ်ယောက်ကို လာကြိုရင် မိန်းမဈေးကျသည်ဟု ယူဆထားပုံရသည်။

လူကြီးချင်း စကားသေချာထားတာ နှစ်ယောက်လုံးသိသည်။ လာကြိုရင် ရရဲ့သားနဲ့ လာမကြိုတာက မြစက်ရေရဲ့ဂုဏ်ရှိန်ကို မြစက်ရေမြှင့်တင်လိုက်ခြင်းဖြစ်မှန်း ဘုန်းနေရောင် ဒက်ခနဲ သိနှင့်၏။

ဘုန်းနေရောင်လည်း ဂုဏ်နိမ့်တဲ့အစားထဲကမှ မဟုတ်လေ





တော့ မြစက်ရေနဲ့ ဂုဏ်ရှိန်ချင်း လျှော့ချထားဖို့ စိတ်မကူးပါ။

ဘုန်းနေရောင်ဆိုတာကလည်း ယောက်ျားမာနအပြည့်နဲ့ပါကွလို့ ရင်ထဲမှာ ပါဝါမြှင့်ရင်း –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"မာမီ"

"သား သားငယ်"

ဒေါ်မိမြတ်မြတ် လှိုက်ခနဲ ဝမ်းသာသွား၏။ သားလာမှာ ကြို သိနေပေမယ့် တကယ်ရောက်လာတော့ ဟန်မဆောင်နိုင်။

ခေါ်သံနဲ့အတူ ခုတင်နားရောက်လာပြီးဖြစ်တဲ့ သားကို မော့ကြည့်ရင်း လဲလျောင်းနေရာမှ ရုန်းထ၏။

"နေ နေ မာမီ"

ဘုန်းနေရောင် ဟန့်တားရင်း မာမ့်ခုတင်မှာ ဝင်ထိုင်သည်။ လက်ကလည်း မာမ့်ကိုယ်ကို ကြင်နာယုယစွာ ဖေးမလျက် –

"ရ ရပါတယ် သားငယ်ရယ်၊ မာမီ ဒီလောက်ထိ နေထိုင်





မကောင်းဖြစ်တာ မဟုတ်ပါဘူး သားရယ်"

"မာမီကတော့ သားလာတာနဲ့ ငေါက်ခနဲပါပဲနော်"

နောက်ကပါလာတဲ့ မမက ဝမ်းသာအားရပြောသည်။ မာမီက မမကို မျက်စောင်းလှလှနဲ့ လှမ်းကြည့်၏။

သား ဖေးမတဲ့အတိုင်း ခုတင်ဘောင်မှာ သက်သောင့်သက်သာ ဖြစ်အောင် ဒေါ်မိမြတ်မြတ် မှေးထိုင်လိုက်သည်။

သားက နေမကောင်းလို့ မျက်နှာပါချောင်ကျနေတဲ့ မာမ့်ကို စိုက်ကြည့်ပြီး –

"မာမီ ပိန်သွားတာ်ပဲ" လို့ ကြင်နာစွာ ပြောလေသည်။

ဒေါ်မိမြတ်မြတ် ပြုံးထားဆဲမှင့် –

"ဟုတ်တယ် သားရဲ့၊ အစာအိမ်ရောင်လို့တဲ့၊ ဒေါက်တာက ဆန်ပြုတ်သောက်ခိုင်းတာ တစ်လတောင်လေ"

ဆန်ပြုတ်သောက်ရတာ မာမီ နှစ်မြို့ဟန်မတူ၊ နှာခေါင်းလေး ရှုံ့၍ ပြောသည်။

သားကိုမြင်လို့ ကြည့်ရွှင်လာတဲ့ ဒေါ်မိမြတ်မြတ်ရဲ့ မျက်လုံး အစုံက တောက်ပလျက်။

"ခုကော ဘယ့်နှယ်နေသေးလဲ မာမီ"

"နည်းနည်းတော့သက်သာတယ် သားရယ်၊ ဒါပေမဲ့ သွေး ခဏ ခဏ တိုးနေတာက ခက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆေး ပုံမှန်မသောက်ဘူးလား"

သားက မိခင်လက်ဖဝါးကို တယုတယ ဆုပ်ထွေးရင်းမေးဖြစ်၏။

"သောက်တာပေါ့ သားရယ်၊ သောက်နေရင်းနဲ့ကို တိုးတိုးနေတာ၊ သားမမ တစ်ချိန်လုံး သွေးတိုးနေရတယ်"

"ဟုတ်တယ် မောင်လေးရဲ့၊ ခဏခဏတိုးနေတော့ နည်းနည်းလေးတိုးတာနဲ့ ချက်ချင်းသိတယ်၊ ဆေးတိုက်လိုက်တော့ ပုံမှန်ဖြစ်သွားရော၊ ဒါကြောင့် မမက မာမီ့အနားက ခွာမနေချင်တာ"

မမက ထိုင်ခုံတစ်လုံး ဆွဲယူထိုင်ရင်း ဝင်ပြောသည်။

"နပ်စ်တစ်ယောက်လောက် ငှားပါလား မာမီ"

"အို မငှားချင်ပါဘူး၊ သားမမ အချိန်ပြည့်ရှိတယ်လေ"

"နပ်စ်ရှိတော့ မမလည်း သက်သာတာပေါ့၊ မာမီ့အတွက်လည်း ပိုကောင်းတယ်လေ၊ ညရေးညတာဆိုရင်"

"ဪ အဲဒီအတွက် မပူနဲ့ ညဘက်ကျ နွယ်ကသစ် လာနေပေးတယ် သားရဲ့"

မာမီ ရွှင်ရွှင်လေးပြောသည်။

"နွယ်ကသစ်"

ဘုန်းနေရောင် မျက်မှောင်ကြုံ့ဘ်ရင်း တိုးတိုးရွတ်သလို မေးတော့ မမက ဝင်ပြောသည်။





"မောင်လေးကို သွားကြိုတဲ့ မိန်းကလေးလေ"

ရှပ်အင်္ကျီပုံကိုယ်တိန့် ရိုးရိုးထဘီပြောင် ဝတ်လျက် ဆံပင်ရှည်ကို ကျောက်ပွင့်လှလှလေးများစီခြယ်ထားတဲ့ ခေါင်းစည်းကြိုးနဲ့ စည်းနှောင်ကာ ကျောပေါ် အလျားလိုက်ဆန့်တန်းချထားတဲ့ မိန်းကလေးကို ဘုန်းနေရောင် မြင်ယောင်လာသည်။

"နွယ်ကသစ်က မာမီ့အတွက် တအားပဲ သားရဲ့၊ မာမီရဲ့ ခရီးသွားလုပ်ငန်းကြီးတစ်ခုလုံးကို ပိုင်ပိုင်နိုင်နိုင်အုပ်ချုပ်နိုင်တဲ့ မိန်းကလေး၊ မာမီ လှည့်ကြည့်စရာမလိုအောင် ကျွမ်းကျင်တာလေ၊ ဒါကြောင့် လစာကောင်းကောင်းပေးပြီး ခိုင်းထားတာ၊ ညဘက်ဆိုလည်း မာမီ့နားမှာ စောင့်အိပ်ပေးတယ်၊ ကျိုးကျိုးနွံနွံလည်းရှိတဲ့ ဝန်ထမ်းကောင်မလေးပါ သားရဲ့"

မာမီက မာမီ့ဝန်ထမ်း မိန်းကလေးကို အပီအပြင် ကြွားနေသည်။

"အဲဒါတော့ မမလည်း ထောက်ခံတယ်၊ နွယ်ကသစ်က အတော်အားကိုးရတယ်၊ မမတောင် ခရီးသွားလုပ်ငန်းအကြောင်း ကသစ်တစ်ဝက်တောင် နားမလည်ဘူး၊ ကသစ်က တကယ့်လုပ်ငန်းကျွမ်းကျင်အဆင့်လေ"

မမကလည်း ဝင်ပြောပြန်သည်။

"ကောင်းတာပေါ့၊ မာမီအားကိုးရတော့ ခုလို နေမကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ နောက်ဆံမတင်းရတော့ဘူးပေါ့၊ မဟုတ်လား သမီး"

"ဟုတ်ပဲ့"

မာမီက သူ့ခေါင်းကို ချစ်စနိုးပွတ်သပ်ပြောရင်း ကြည့်ရှုလို့နေသည်။

မာမီ နေမကောင်းတာကလွဲရင် မမလည်း မာမီလို့ပဲ ရွှင်ရွှင်လေးရယ်။

မိသားစုအားလုံး ကြည်ရွှင်နေတာ မြင်ရတော့လည်း ဘုန်းနေရောင် ရင်မှာ ကြည်နူးလို့သွားသည်။

"ကိုစိုးရော"

ခုမှပဲ ယောက်ဖကို သတိတရ မေးဖော်ရသည်။ မမက ကြည်ရွှင်စွာ မျက်စောင်းထိုးရင်း –

"ထုံးစံအတိုင်း မာမီ့ရဲ့အထည်ချုပ်စက်ရုံနဲ့ လုံးလည်နေတာလေ"

"ဖြစ်ရမယ်ဗျာ၊ မာမီကလည်း မနိုင်တာတွေ လက်လွှတ်လိုက်ပါတော့လား"

ဘုန်းနေရောင် လွှတ်ခနဲ ပြောမိသည်က မာမီ့ကို ငဲ့ညှာလို့ပါ။ ထိုသို့ပြောလိုက်ရင် မာမီ့မျက်နှာ ညှိုးသွားတတ်မှန်း သိသည်။ သိပေမယ့်လည်း ပြောမိပြန်ပြီ။

ပြောလို့ပင်မဆုံးသေး။ မာမီ့မျက်နှာလေး တကယ် ညှိုးပြန်





သည်။ မမက ဆက်မပြောဖို့ ဘုန်းနေရောင်ကို လက်တို့သည်။

ဘုန်းနေရောင် မာမီ့လက်ကိုဆုပ်ကိုင်ကာ မာမီ့အပါး တိုးကပ်ရွှေ့ထိုင်သည်။

မာမီ့ပခုံးထက် ခေါင်းလေးတင်ကာ ချွဲလျက် –

"မာမီ့မျက်နှာလေး ညှိုးချမထားပါနဲ့၊ ကျွန်တော်တို့က မာမီ ပင်ပန်းတာကို မကြည့်ရက်ဘူး"

"သားရယ် သားဒက်ဒီကလေ သည်ကနေ ဘဝကိုစခဲ့တာကွဲ့၊ လုပ်ငန်းတစ်ခုပြီးတစ်ခု အခြေခိုင်လာဖို့ ဘယ်လောက်ကြိုးစားခဲ့ရတယ် ထင်သလဲ၊ ပြီးတော့ အောင်မြင်ဖို့လေ"

မာမီက ပြောနေကျစကားပဲ ဆက်ပြောပြန်သည်။ လုပ်ငန်းတွေ ရပ်ပစ်လိုက်ဖို့ပြောတိုင်း ဒယ်ဒီကြိုးစားခဲ့ရတဲ့ အခြေအနေကို မာမီ ထုတ်ပြောလို့ မဆုံးနိုင်ပေ။

ဘုန်းနေရောင်ပြောလိုက်သည်က အစဖော်ပြောစေဖို့ ဖြစ်သွားတဲ့အတိုင်း မာမီပြောလေသည်။

"သားဒယ်ဒီ ကိုယ်ဖိရင်ဖိ ကြိုးစားလိုက်တာ ဆယ်စုနှစ်နှစ်စုနီးပါး ကြာခဲ့တယ်၊ ကြိုးစားတဲ့အတိုင်း တကယ့်ကို အရှိန်အဟုန်နဲ့ အောင်မြင်တဲ့အချိန်မှာ ဟင့် ဟင့်"

ပြောလို့ပင် မဆုံးချေ။ မာမီ ရင်တွင်းမှ ရှိုက်သံလေး ထွက်လာသလို ကြေကွဲမျက်ရည်တို့ တအိအိ ပြည့်လာကာ ဒယ်ဒီ့ကို လွမ်းဆွတ်



www.burmeseclassic.com

www.burmeseclassic.com



တမ်းတစိတ်နဲ့ မာမီ့မျက်ဝန်းမှာ ရွှာတော့မယ့်မိုးလို ဝေဒနာတွေ အုံ့ဆိုင်းသွားလေသည်။

"ဆောရီး မာမီရာ"

ဘုန်းနေရောင် လှိုက်လှိုက်လှဲလှဲ တောင်းပန်လျှင် –

"မဟုတ်ဘူး သားရယ်၊ မာမီ ယူကျုံးမရဖြစ်တာက လုပ်ငန်းကြီး သုံးခုစလုံး အောင်မြင်တဲ့အချိန်မှ သားဒယ်ဒီ ဆုံးသွားရှာတဲ့အဖြစ်ကိုလေ၊ တွေးမိတိုင်း မာမီ့ရင်ထဲမှာ တနုံ့နုံ့နဲ့ ကြေကွဲတယ်"

"မာမီရယ် ဒယ်ဒီ့အကြောင်းတွေ မတွေးပါနဲ့တော့၊ သမီးတို့လည်း ဒယ်ဒီ့အတွက် စိတ်ထိခိုက်တာပေါ့လို့၊ ဒယ်ဒီက လုပ်ငန်းတွေလည်း အောင်မြင်ရော ဦးနှောက်အကျိတ်ရောင်ရောဂါဖြစ်ပြီး နှစ်မခြားဆုံးသွားတာလေ၊ သမီးတို့လည်း မာမီ့နည်းတူ ခံစားရတာပဲ"

မမလည်း ဝမ်းနည်းစွာဝင်ပြောရင်း မာမီ့ကို ဖျောင်းဖျရှာသည်။ ဒယ်ဒီဆုံးစဉ်က ဘုန်းနေရောင် ဆယ်တန်းပဲ ရှိသေးသည်။ မမက ဘွဲ့ရပြီးစ။

မမနဲ့ကိုစိုးကို စေ့စပ်ပေးဖို့ စီစဉ်ရုံရှိသေးတယ်။ ဒယ်ဒီရောဂါအခြေအနေကို သိလာတော့ မမ်လည်း စေ့စပ်မယ့်အစီအစဉ်ကို ကိုစိုးနဲ့ တိုင်ပင်သည်။ ရက်အကန့်အသတ်မရှိ စေ့စပ်ဖို့ နောက်ဆုတ်လျက် ဒယ်ဒီ့ကို အင်္ဂလန်ခေါ်ပြီး ဆေးကုစေခဲ့သည်။

သက်သာရုံကလွဲပြီး အခြေအနေ တိုးတက်ကောင်းမွန်မလာပေ။





ဆေးကောင်းဝါးကောင်းတွေ မှီဝဲရလို့ ဝေဒနာကို ဆိုးဆိုးဝါးဝါးမခံစားရပေမယ့် ဒယ်ဒီ သက်ဆိုးမရှည်လှပါ။

လေးဆယ့်ကိုးနှစ်ပြည့်တဲ့ ဒယ်ဒီ့မွေးနေ့ တနင်္ဂနွေနေ့မှာပဲ ဆုံးရှာတယ်လေ။

မာမီ့ခမျာ ဒယ်ဒီ့စိတ်နဲ့ အိပ်ရာထဲ ဘုန်းဘုန်းလဲ၏။

တော်ရုံနဲ့ နာလန်ပြန်မထူနိုင်ရှာ။ မာမီရဲ့ မောင်နှမဆွေမျိုးတွေ အနီးကပ် အားပေးနှစ်သိမ့် ဖျောင်းဖျသော်လည်း နှစ်နဲ့ချီပြီး မာမီ ဝေဒနာသည်လို ဖြစ်နေသေးသည်။

ဒယ်ဒီ့မိတ်ဆွေ စိတ်ပညာပါရဂူ ဦးဥက္ကာမိုးက မာမီ့စိတ်ကို နားလည်ကာ ဒယ်ဒီ့ဆီရောက်နေတဲ့ မာမီ့စိတ်အားလုံးကို ဒယ်ဒီ့လုပ်ငန်းတွေထဲရောက်သွားအောင် တဖြည်းဖြည်း ဆွဲဆောင်စည်းရုံး၏။

အနုကယ်မိုးရဲ့ကုထုံးကြောင့် မာမီ့စိတ်က ဒယ်ဒီ့လုပ်ငန်းပေါ် လုံးလုံးလျားလျား ရောက်ရှိသွားကာ ဒယ်ဒီ့ကိုချစ်တဲ့စိတ်နဲ့ ဒယ်ဒီ့ငြ်င်နေးတွေကို ပြန်လည်ဦးစီးလုပ်ကိုင်တဲ့နောက်ပိုင်းမှာ မာမီ ကျန်းမာရေး ဒေါင်ဒေါင်မြည်လာသည်။

ဒါတင်မက ဒယ်ဒီ့လိုပဲ စွမ်းစွမ်းတမံ လုပ်ငန်းအားလုံးကို ဖိဖိစီးစီး ကိုင်တွယ်အုပ်ချုပ်ရင်း လုပ်ငန်းရှင်မကြီး ဖြစ်ခဲ့သည်မဟုတ်လား။

"အန်တီ ကသစ်ပြန်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ကတည်းက အခန်းဝမှာ ရပ်စောင့်နေမှန်းမသိတဲ့ နွယ်ကသစ်၊ သူမ ပြောသံပေါ်လာမှ သားအမိသုံးယောက် ဝမ်းနည်းနေတဲ့ စက်ကွင်းထဲက အသိဝင်လာသည်။

"ဩော် အေး၊ ပြန် ပြန် ကွဲ့"

ဒယ်ဒီဆီရောက်သွားတဲ့ မာမီ့ရဲ့ ထိခိုက်ကြေကွဲစိတ်က နွယ်ကသစ်ဘက် ပြန်လှည့်ကာ အသိဝင်လာချေသည်။

တော်ပါသေးရဲ့။ နောက်ဆို မာမီ ကြေကွဲစရာအကြောင်းတွေနဲ့ နှစ်ပါးသွားနေဦးမယ်။

မာမီခွင့်ပြုလိုက်သည်နှင့် နွယ်ကသစ် ရိုကျိုးစွာ လှည့်ပြန်သွားလေပြီ။

၏

"ကဲပါ မာမီရယ်၊ ဝမ်းနည်းစရာ မတွေးပါနဲ့တော့၊ မာမီ့သားရောက်လာပြီပဲ၊ မာမီ စိတ်ချမ်းချမ်းသာသာနဲ့ ပျော်ပျော်ရွှင်ရွှင်နေဖို့ ကြိုးစားပါနော်၊ မာမီကြေကွဲနေတော့ သမီးတို့မောင်နှမလည်း ဝမ်းနည်းရတာပေါ့လို့၊ ကံစီမံသွားတဲ့အတိုင်းဆိုတော့"

"ဟုတ်ပါတယ်အေ ဟုတ်ပါတယ်"

မာမီ မျက်ရည်တွေသုတ်ရင်း စိတ်ကိုလျှော့ချလိုက်ဟန် တူသည်။ မာမီစိတ်လျှော့လိုက်တော့ မမလည်း သက်မ,ချ၏။

"မာမီနေကောင်းသွားတော့ ဒယ်ဒီ့အလုပ်တွေ မာမီ ပြန်လုပ်နိုင်မယ်လေ"





"ဟုတ်ပါတယ် သားရယ်၊ မာမီကလေ သားဒယ်ဒီကြိုးစား ထူထောင်ခဲ့တဲ့ လုပ်ငန်းတွေဖြစ်တော့ ရပ်ဆိုင်းလိုက်ရမှာကို တွေးရင်းနဲ့တောင် ထိခိုက်လွန်းလို့ပါကွယ်"

"ကျွန်တော်က မာမီပင်ပန်းတာကို မကြည့်ရက်ဘူး၊ ကျန်းမာရေးက မကောင်းတော့ အနားယူစေချင်တဲ့ဆန္ဒနဲ့ပါ"

ဘုန်းနေရောင် လေသံပျော့လေးနဲ့ ချော့ပြောတော့ မာမီ ခေါင်းတဆတ်ဆတ်ညိတ်၏။

"ခုလည်း လုပ်ငန်းအတွက် နောက်ဆံမတင်းရပါဘူး သားရယ်၊ ကိုစိုးက အထည်ချုပ်စက်ရုံကို ဦးစီးနိုင်နေပါပြီ၊ ပရိဘောဂစက်ရုံမှာလည်း စိတ်ချရတဲ့တာဝန်ခံ ကိုကောင်းချို့ရှိတယ်၊ ကောင်းချိုကိုလည်း အားကိုးရတော့ စက်ရုံကို မာမီထိန်းထားနိုင်တယ်၊ ခရီးသွားလုပ်ငန်းကတော့ စိတ်အချရဆုံးပဲ၊ နွယ်ကသစ်နဲ့ လွှဲထားလို့ရတယ်လေ"

"မောင်လေးရောက်လာပြီဆိုတော့ ဒယ်ဒီ့လုပ်ငန်းတွေကို အရှိန်ကောင်းကောင်းနဲ့ လည်ပတ်နေဖို့ မောင်လေး ကူလုပ်ပေးမှာပါ၊ မာမီ စိတ်မပူပါနဲ့၊ မာမီ့ကျန်းမာရေးက အရေးကြီးတယ်မဟုတ်လား"

မမက မာမီ့ကျန်းမာရေးကိစ္စကို ရှေ့တန်းတင်ပြောလေသည်။ မာမီက မမပြောတဲ့အတိုင်း ခေါင်းညိတ်သည်။ ဒါပေမဲ့ သားဖြစ်သူကို ကြည့်ရင်း –

"သားက မာမီ့လုပ်ငန်းတွေ ကူလုပ်ပေးချင်စိတ်ရှိရဲ့လားကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



သား ဝါသနာမပါတဲ့အလုပ်တွေ ဖြစ်နေတော့''

ဘုန်းနေရောင် မသိမသာ သက်မချ၏။ ဒယ်ဒီထူထောင်ထားတဲ့လုပ်ငန်းကို ဆက်လုပ်ဖို့ ဘုန်းနေရောင် စိတ်မဝင်စားသလို ဝါသနာလည်းမပါပါ။

ဒါပေမဲ့ လောလောဆယ် မာမီ စိတ်အလိုကျဖြစ်စေဖို့က အရေးကြီးတယ် မဟုတ်လား။ မာမို့လက်နှစ်ဖက်လုံးကို နွေးထွေးစွာဆုပ်ကိုင်လျက် –

''ဝါသနာမပါပေမယ့်လည်း မာမို့ကို ကူညီတဲ့သဘောနဲ့ လုပ်ပေးမယ်လေ''

''ကျေးဇူးပဲ သားရယ်''

မာမို့မျက်ဝန်းက မျှော်လင့်ချက်ဖြင့် တောက်သွားသည်။ မာမီခွန်အားတွေပြည့်အောင် ဘုန်းနေရောင် မာမို့ပခုံးကို ဖက်လိုက်၏။ မာမီကလည်း ဘုန်းနေရောင်ကို ပြန်ဖက်ကာ –

''သားက လိမ္မာလာတယ်'' လို့ တိုးတိုးလေးရွတ်ရင်း ဘုန်းနေရောင် ဆံပင်ကို ဖွဖွပွတ်လေသည်။

မာမို့မျက်နှာလေး ကြည်လင်လာမှ မမလည်း နေသာထိုင်သာဖြစ်ကာ –

''ကိုကိုးကို ဖုန်းဆက်လိုက်ဦးမယ်၊ မောင်လေးရောက်နေပြီလို့''

မမ ပြောရင်း အခန်းထဲက ထွက်သွားလျှင် သားမိနှစ်ယောက်





ကျေနပ်တဲ့မျက်နှာလေးနဲ့ ကြည်နူးစွာ ခေါင်းညိတ်၏။

မာမို့ရင်ခွင်က ဘုန်းနေရောင် ငယ်ငယ်ကတည်းက ခိုလှုံခဲ့တဲ့အတိုင်း နွေးနွေးမြမြလေး ဖြစ်လို့နေကာ မာမီကတော့ ခုချိန်မှာ သားကိုပို၍ အားကိုးသောစိတ်နဲ့ပေါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မြတ်မြတ်က ဟိုတစ်ပတ်ကနဲ့ မတူတော့ဘူး၊ အတော်ကြီး လန်းနေတာပဲနော်"

ဒေါ်ကုန္ဒြာကျော် အံ့သြဝမ်းသာစွာ ဆိုလာသည်။ ဒေါ်မိမြတ်မြတ် နေထိုင်မကောင်းဖြစ်စကတည်းက သူမ တစ်ပတ်တစ်ခါ လာကြည့်နေကျ မဟုတ်လား။ ဒီအပတ် အထူးလန်းဆန်းတာမြင်တော့ ဆိုမိခြင်းဖြစ်သည်။

ဒေါ်မိမြတ်မြတ် ကြည်ကြည်နူးနူး ပြုံး၏။ နွေးနွေးထွေးထွေး ရှိရအောင် သိုးမွေးအနွေးထည် အဝါရောင်နုနုလေးကို နွယ်ကသစ် ဝတ်ဆင်ပေးတဲ့အတိုင်း အလိုက်သင့် ဝတ်လေပြီး –

"ပြောပါတော့ ကုန္ဒြာရယ်၊ ဟင့် ဟင့် ဟင့်"





"သားတော်မောင် ရောက်နေလို့ မဟုတ်လား"

"ဖြစ်မယ်ထင်တာပဲ မမကျော်ရယ်"

ဒေါ်မိမြတ်မြတ် ပြန်ပြောသံက လှိုက်လှိုက်လှဲလှဲဖြစ်ကာ ကြည်နူးပီတိတို့ ဝေလျက်ရှိ၏။ ဒေါ်ကုန္ဒြာကျော်လည်း ကျေနပ်အားရ ဖြစ်လေပြီး –

"ကောင်းတာပေါ့ မြတ်မြတ်ရယ်၊ အသက်ကြီးလာရင် သားသမီးမြေးမြစ်နဲ့အတူ နေခွင့်ရတာ နည်းတဲ့ကုသိုလ်မှ မဟုတ်တာ"

"အဲဒါပေါ့ မမကျော်၊ သားပြန်လာတော့ မြတ်မြတ်လည်း ထူထူထောင်ထောင်ဖြစ်လာတယ်၊ သားကလည်း မြတ်မြတ်အပါးက မခွာဘူးလေ၊ ရောက်ကတည်းက သူငယ်ချင်းတွေဆီတောင် မသွားဘူး၊ မအေနားမှာပဲ နေ့ည အချိန်ပြည့်နေပြီး ပြုစုနေရဲ့"

ဒေါ်မိမြတ်မြတ် ကြည်နူးသံလေးက မြူးလို့နေသည်၊ ဒေါ်ကုန္ဒြာကျော်ကလည်း ဒေါ်မိမြတ်မြတ် စကားသွားအတိုင်း အလိုက်သင့် ပြောလေ၏။

"ဟုတ်မယ်၊ မောင်ဘုန်းရောက်နေပြီလို့ လဝန်း ဖုန်းဆက်ပြောလို့ မမကျော်သိရတာလေ၊ မမကျော်တို့ဆီ နေ့ရောက်နိုးနိုး၊ ညရောက်နိုးနိုးနဲ့ မျှော်နေမိတာ၊ မောင်ဘုန်းရောက်မလာလို့ မမကျော် လိုက်လာတာပေါ့"

"သမီးလေး မြစက်ကိုပါ ခေါ်ခဲ့ပါရော့လား မမကျော်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျန္တာကျော် ဆိုလိုချက်ကို ဒေါ်မိမြတ်မြတ် သဘောပေါက်ပါသည်။ နှစ်ဦးနှစ်ဖက် ခမည်းခမက်တော်ဖို့ စကားသေချာထားတာ ရှိတယ် မဟုတ်လား။

မြစက်ရေကိုပါ မမကျော်နဲ့အတူ ပါလာစေချင်သည်။ မမကျော် တစ်ယောက်တည်း ရောက်လာတော့ အားမရသလိုပြောသည်။

ဒေါ်ကျန္တာကျော် မာနကျနြွေလေးနဲ့ လှလှပပ ဆိုချေသည်။

"မြတ်မြတ်ရယ်၊ သမီးက လိုက်သာမလာတာ မောင်ဘုန်းလာရင် ဖွယ်ဖွယ်ရာရာ ဧည့်ခံကျွေးမွေးချင်လို့တဲ့၊ လိုအပ်တာတွေ ဝယ်ခြမ်းဖို့ စီးတီးမတ်ခ်မှာ ဈေးဝယ်ထွက်သွားလေရဲ့"

အန်တီကျော်စကားက ဘယ်ဆီရောက်နေလဲဆိုတာ ဘုန်းနေရောင် သိနေသည်။ ဒါကြောင့် မာမီနဲ့ဒေါ်ကျန္တာကျော် ရှိနေတဲ့ နားနေခန်းထဲ ဝင်မသွားတော့ပါ။

နောက်ပြန်လှည့်ထွက်ခဲ့လျှင် ဧည့်ခန်းအဝင်မှာ မမနဲ့ဆုံသည်။

"မောင်လေး၊ အန်တီကျော်နဲ့ တွေ့ပြီးပြီလား"

ဘုန်းနေရောင် ခေါင်းယမ်းပြီး စာဖတ်ခန်းထဲ ခြေဦးလှည့်၏။

"ဟဲ့ နေဦးလေ"

မမ အားမလိုအားမရ ဖြစ်ဟန်တူသည်။ စာဖတ်ခန်းထဲ လှမ်းဝင်တဲ့ ဘုန်းနေရောင်နောက်က ဟန့်တားရင်းပါလာသည်။

"ဘာဖြစ်လို့လဲ"





"ဘာမှမဖြစ်ပါဘူး"

"မဟုတ်မှလွဲရော၊ မြစက်ရေ ပါမလာလို့ စိတ်ကောက်နေတာမဟုတ်လား"

မမ ခန့်မှန်းပြီးမေးတာက ဘုန်းနေရောင်မျက်နှာကို မာနဖြင့် တင်းသွားစေသည်။

"မဆိုင်တာဗျာ"

"ဟဲ့၊ မဆိုင်ဘူးဆိုလို့ ရမလား၊ မောင်လေးမျက်နှာ တင်းသွားတာက ရိုးရိုးမဟုတ်ဘူး၊ မမသိတယ်"

မမက ထင်တဲ့အတိုင်း ဖွင့်ပြော၏။ ဘုန်းနေရောင် ခေါင်းယမ်းကာ စာဖတ်စားပွဲမှာ ဝင်ထိုင်သည်။

"နေဦး၊ မြစက်ကို မမ ဖုန်းခေါ်ပေးမယ်"

"မခေါ်နဲ့"

"ဟင်"

"မဟင်နဲ့ မမ၊ သိပ်မာနကြီးတဲ့မိန်းမကို ခခယယဆက်ဆံဖို့ ကျွန်တော် စိတ်မဝင်စားဘူး"

လဝန်းရောင် မျက်တောင်ခတ်ဖို့ မေ့မတတ်ဖြစ်ကာ မောင်လေးကို စူးစိုက်ကြည့်ရင်း ငြိမ်သက်သွားလေသည်။

ဘုန်းနေရောင် မမှုတဲ့မျက်နှာလေးနဲ့ အံဆွဲထဲက လုပ်ငန်းဆိုင်ရာ မှတ်တမ်းစာအုပ်တွေကို ဆွဲထုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှတ်တမ်းစာအုပ်တွေက ဒယ်ဒီကိုယ်တိုင် လုပ်ငန်းနဲ့ပတ်သက်တာတွေကို အသေးစိတ်ရေးထားတဲ့ မှတ်တမ်းမဟုတ်လား။

လောလောဆယ် မာမီစိတ်ကျေနပ်စေဖို့ လုပ်ငန်းတွေ ကူလုပ်ပေးမယ်ဆိုရင် လုပ်ငန်းသဘောကို မကျွမ်းကျင်ရင်တောင် တီးမိခေါက်မိရှိဖို့ လိုအပ်တယ်ဟု ဘုန်းနေရောင် ထင်သည်။

ဒါကြောင့်မို့ လေ့လာမလို့ မှတ်တမ်းစာအုပ် ဆွဲထုတ်ခြင်းဖြစ်သည်။ မမက ဒယ်ဒီရဲ့လုပ်ငန်းဆိုင်ရာ မှတ်တမ်းစာအုပ်ထက် မြစက်ရေနဲ့ ဘုန်းနေရောင်အကြောင်းပဲ စိတ်ဝင်တစားရှိလှသည်မို့ –

"မောင်လေးနဲ့မြစက် တစ်ခုခု ဖြစ်ထားကြလား ဟင်၊ မမကို ပွင့်ပွင့်လင်းလင်းပြောလေ၊ ဒီတော့မှ မမ ကူညီဖို့ရမှာပေါ့ မောင်လေး"

မမ ပြောရင်း ဘုန်းနေရောင်ဘေးနား ရောက်လာသည်။ မောင်လေးကို ငုံ့ကြည့်တဲ့အခါ ဘုန်းနေရောင် မနှစ်သက်စွာဘဲ နှုတ်ခမ်းတစ်ချက် တွန့်ပြီး –

"မလိုပါဘူး မမရာ၊ ကျွန်တော်ပြန်လာမယ်ဆိုတာ မြစက်ကို ဖုန်းကြိုဆက်ထားတယ်၊ ဘယ်ဖလိုက်နဲ့ ဘယ်အချိန် လေဆိပ်ရောက်မယ်ဆိုကတည်းက ပြောပြီးသား၊ လာမကြိုရင်တောင် အန်တီကျော်လာတာ လိုက်ခဲ့လို့ရသားပဲ၊ မြစက်လိုက်မလာတာကိုက မြစက်ရေဆိုတဲ့ မိန်းကလေး ဘယ်လောက်မာနကြီးသလဲဆိုတာ စိန်ခေါ်ပြလိုက်တဲ့ သဘော"





ဘုန်းနေရောင် စကားမဆုံးခင်ကတည်းက လဝန်းရောင် ခေါင်းယမ်း၏။ အခြေအနေက ထင်တာထက် တင်းမာနေတယ် မဟုတ်လား။

"မဟုတ်သေးဘူး ထင်တယ်ကွယ်"

အစ်မဖြစ်သူက ပြေလည်ရေးကိုပဲ ရှေ့ရှုကာ ဆိုသည်။ ဒယ်ဒီ့မှတ်တမ်းစာအုပ်ကို လှန်လှောကြည့်မပျက်ဘဲ ဘုန်းနေရောင် ပြော၏။

"ဟုတ်ဟုတ် မဟုတ်ဟုတ် မြစက်လုပ်ရပ်က သက်သေထူတယ်၊ ကျွန်တော့်ဘက်က ယောကျ်ားတစ်ယောက်အနေနဲ့ စကားစခဲ့ပြီးပြီ၊ ကျွန်တော့်စကားနောက်ကို မြစက်မပါလာဘူး၊ ဒါဟာ စဉ်းစားဖို့လိုတဲ့ အရေးအကြီးဆုံးအချက်ပဲ မမ"

ကိုယ့်မောင်ပြောတာ ဟုတ်နေပါသည်။ သို့သော်လည်း မိန်းကလေးတွေရဲ့သဘောကို မိန်းကလေးချင်း မြင်တတ်တယ်ဆိုတာမျိုးပေါ့။

မောင်လေးဘက်က အရှုံးအမှုးဖြစ်တာကို မြစက် မက်မောသည်။ နှစ်ဖက်မိဘရဲ့ အမွေဆက်ခံခွင့်ကို တစ်ဦးတည်း ခံစားပိုင်ခွင့်ရထားတဲ့ တစ်ဦးတည်းသောသမီး။ မြစက်ရေ ပိုင်ဆိုင်ခွင့်နဲ့ရထားတဲ့ စည်းစိမ်ဥစ္စာက တိုင်းတာပြလို့ ရမယ်မထင်ဘူး။

ဒီစည်းစိမ်အပေါ်မှာလည်း မြစက်ရေက မာနထားသည်။ ကြွေရုပ်ကလေးလို လှလို့လည်း အလှမာန်က တက်၏။ ပညာမာန်ကတော့ အညွှန့်တလူလူရယ်။

ဘွဲ့တွေ တစ်ခုပြီးတစ်ခု ယူ၏။ အခုလက်ရှိ မဟာသုတေသန



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ယူပြီးခါစ ဖြစ်သည်။ ရှေ့ဆက်ပြီး ပါရဂူဘွဲ့ ဆက်ယူဖို့ အစီအစဉ် ရှိနေတယ်လေ။

အဖက်ဖက် အနေအထားလေးတွေက တော်တန်ရုံ အနားမသီ နိုင်မှန်း သိသည်။ အနားသီခွင့်ရတဲ့ ယောက်ျားကိုလည်း ခခယယနဲ့ အရှုံးအမှုံးဖြစ်စေချင်တဲ့ မာန်ကလေး ရှိသားကလား။

လဝန်းရောင် တွေးရင်း ရင်မောရသည်။ မောင်လေးက မြ စက်ရေဖြစ်စေချင်တဲ့ ယောက်ျားမျိုး ဖြစ်မလာတာက ခက်နေပြီ။

မောင်လေးက ငယ်ငယ်ကတည်းက မာနကြီးသည်။ ထိုမာနက ခုချိန်မှာ ခေါင်းပေါ်ရောက်နေတဲ့အဖြစ်။ အစ်မအနေနဲ့ ကြားဝင်ညှိနှိုင်း ပေးလို့ ရမှာမဟုတ်မှန်း သိသာနေသည်။

ဒါပေမဲ့ မြစက်ရေကိုလည်း သူမ ယောက်မ,တော်ချင်သည်။ မိန်းကလေးပီပီ စည်းစိမ်ဥစ္စာကိုမက်မောတာမျိုး မဟုတ်ပေမယ့် အဖက် ဖက်က ပြည့်စုံနေတဲ့ ယောက်မဖြစ်နေတာမို့ လက်လွှတ်မခံချင်တဲ့ အတ္တ စိတ်ကလေး ရှိနေသည်။

''မောင်လေးရယ် မောင်လေးက ယောက်ျားပဲ၊ နည်းနည်း လျှော့လိုက်ပေါ့၊ မြစက်စိတ်ကို မမသိတယ်၊ မောင်လေး ဖုန်းဆက်ချိန်း လိုက်၊ မြစက်မလာဘဲ မနေပါဘူး။ ခုနကတောင် အန့်တီကျော့ ပြောနေ တယ် မဟုတ်လား၊ မောင်လေးလာရင် ညှိခံဖို့ ဈေးဝယ်ထွက်နေတယ် လို့''





ဘုန်းနေရောင် နှာခေါင်းရှုံ့ပစ်လိုက်သည်။ အဲဒါကိုပင် မမ အားမလိုအားမရဖြစ်ကာ ဘုန်းနေရောင်ပခုံးကို ပွေ့ဖက်၍ ချော့မော့ သလို ဆက်ပြော၏။

''မိန်းကလေးဆိုတာ ဒီလိုပေါ့ မောင်လေးရဲ့၊ နည်းနည်းတော့ မာယာပိုမှာပဲ၊ မမလည်း ကိုစိုးနဲ့တုန်းက ဒီလိုပဲ၊ ကိုစိုးက မောင်လေးလို မဟုတ်ပေါင်၊ မမရှေ့က အပျောက်မခံဘဲ တွယ်ကပ်နေတာလေ၊ မောင် လေးလည်း မြစက်အပေါ် အဲလို ဆက်ဆံကြည့်ပါလား၊ မြစက် မာနနဲ့ တင်းခံနိုင်မတဲ့လား''

''စိတ်မဝင်စားဘူး''.

ဘုန်းနေရောင် ဒါပဲပြောကာ မှတ်တမ်းစာအုပ်ကိုသာ သဲသဲ မဲမဲ ငုံ့ဖတ်နေလိုက်သည်။ မောင်လေးရဲ့ ထိုစိတ်ကို အစ်မ,ဖြစ်သူ လုံးဝ အားမရနိုင်တော့ပါ။ ထိုစဉ် အခန်းရှေ့က ရိပ်ခနဲ ဖြတ်သွားတဲ့ပုံရိပ်။

အန့်တီကျော့မှန်း သိလိုက်သည်။

''ဟိုမှာ အန့်တီကျော့ပြန်တော့မယ် ထင်တယ်၊ မောင်လေး လိုက်ပို့လေ''

''မပို့ဘူး''

မောင်လေးက ထင်တာထက် ပိုပြတ်နေသည်။ ဘယ်လိုမှ လော်လည်ပြောလို့မရတဲ့ မောင်လေးကို စိတ်ပျက်ချင်တာက တစ်ဖက် ယောက်မဘက်က ငြိုငြင်မှာလည်း စိုးလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေ၊ မောင်လေး,မပို့လည်း မမ လိုက်ပို့ရမယ်လေ"

"မလိုပါဘူး မမရယ်၊ နွယ်ကသစ် ရှိနေတာပဲ၊ ပို့နိုင်းလိုက်"

ဘုန်းနေရောင် ဒါပဲပြောပြီး လုပ်ငန်းဆိုင်ရာကိစ္စတွေကို ခေါင်းထဲထည့်ကာ ဒယ်ဒီ့မှတ်တမ်း တစ်အုပ်ပြီးတစ်အုပ် ဆက်ဖတ်နေလိုက်သည်။

နောက်ဆုံး မမပဲ လက်လျှော့ပြီး စာဖတ်ခန်းထဲက ထွက်သွားချေသည်။

မကြာပါ။ မမရဲ့ လှိုက်လှိုက်လှဲလှဲနှုတ်ဆက်သံ၊ အန်တီကျော်ရဲ့ ရယ်မောပြောသံကြားရသည်။ ထို့နောက် စကားသံ ကြားရပြန်သည်။

ထိုအခါ ဘုန်းနေရောင် ထိုင်နေရာမှ ကိုယ်ကိုဆန့်ကာ ပြတင်းပေါက်လိုက်ကာစကို မ၍ မသိမသာ ချောင်းကြည့်သည်။

နွယ်ကသစ်မောင်းတဲ့ကားပေါ် အရှိန်အဝါကြီးစွာ ပါသွားလေတဲ့ အန်တီကျော်။

သွားပါလေလို့ ဘုန်းနေရောင် မာနကလေးနဲ့ ရေရွတ်ကာ –

✿ ✿ ✿



## အခန်း (၄)

မြစက်ရေ ကိုယ်လုံးပေါ်မှန်ရှေ့ ရပ်လေသည်။ ကြည်လင်ပြတ်သားစွာမြင်ရသော ကြေးမုံပြင်ထက်က သူမကိုယ်သူမ ဘာလိုသေးလဲဟု စစ်ဆေးသလို တစ်ခုချင်းစီကြည့်သည်။

မျက်နှာပေါ်က လှသောအစိတ်အပိုင်းအသီးသီးက မိတ်ကပ်၊ ပေါင်ဒါ၊ မက်စ်ကာလာ၊ ရှဲဒိုး၊ ဆိုးဆေး စသည်တို့ရဲ့အကူအညီကြောင့် ရုပ်လုံးကြွကာ ညို့အားပါတဲ့ မျက်နှာလေးဖြစ်လို့နေသည်။

ကတ္တီပါသားမှာ စီးကွင်နှံ့နှစ်ထပ် ထိုးထားတဲ့ ထိုင်ဝမ်မိတ်ဖက်ရှင်က သွယ်မြင့်သော မြစက်ရေနှင့် တိုင်းချုပ်ထားသည့်အလား။ ကိုယ်လုံးကောက်ကြောင်းအတိုင်း တိတိကျကျဖြစ်နေသည်မှာ မြင်လွှာကို လွှဲဖို့ ခဲယဉ်းလှမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



လိုင်းပြေပြေလေး ကောက်ထားတဲ့ ကျောပေါ်ဝဲသော ဆံပင်ကို နောက်ဘက်အနည်းငယ်သိမ်းစု၍ ပတ္တမြားကလစ်နဲ့ စုညှပ်ထားလျှင် မာန်မာနအရှိန်ဟပ်နေသောမျက်နှာနဲ့ လိုက်ဖက်ညီသွားလေသည်။

ဒါတင် မက၊ နားဆွဲကအစ ဖိနပ်အထိ ရွေးကွပ်ထားတဲ့ စိန်တွေချည်းဆင်ထားတဲ့ မြစက်ရေက ဖိတ်ဖိတ်လက်လျက်။ ဂုဏ်ပကာသနတွေနဲ့အပြိုင် ပြိုးပြိုးပြက်ပြက် ဖြစ်လို့နေပါသည်။

ထိုအခါ မြစက်ရေတစ်ကိုယ်လုံး စိတ်တိုင်းကျ ပြင်ထားပြီးသား ဖြစ်လေသည်။ သို့သော်လည်း 'ဘုန်း' နဲ့ တွေ့ရင် ပြောဆိုလှုပ်ရှားရမယ့် နှုတ်ခမ်းစူစူလေးက ကာလာမှိန်နေသေးတာကို သိပ်သဘောမကျလှ။

မှန်တင်ခုံရှေ့ ပြန်ထိုင်သည်။ လိမ်းခြယ်ထားတဲ့ မိတ်ကပ် ကာလာနဲ့ ဖက်ရှင်ထက် အရောင်ရင့်မှည့်သွားအောင် ဇေဒါရောင်ရင့်ရင့်ကို ပြန်ဆိုးလိုက်၏။

ဒီတော့မှ ပိုတောက်ပကာ ကာလာခြယ်နှုတ်ခမ်းအလှက ကြွဆူလို့ သွားလေပြီ။

အိုကေ။ အခုမှပဲ စိတ်တိုင်းကျလျက် (Versace) ပဆာချီ ရေမွှေးကို နောက်ဆုံးဖျန်းဆွတ်လိုက်တဲ့အခါ မြစက်ရေ သူမကိုယ်သူမ ယုံကြည်စိတ်ချလို့ သွားလေသည်။

ဒီအလှ၊ ဒီမာန၊ ဒီအရှိန်အဝါနဲ့ဆို ဘုန်းနေရောင်ဆိုတဲ့ ယောကျ်ား သူမရှေ့မှ ဝပ်ဆင်းသွားမှာ မလွဲ။





အပဟင့်။ မျက်နှာလေး ပင့်ခါကာ နှုတ်ခမ်းနှစ်လွှာလုံး ရွရွ ပင့်၏။ ထို့ပြင် မှုယာမဲ့ယာပါပါလေး ပြုံးသည်။ ပြုံးလိုက်တဲ့နောက်မှာ ရီဝေသွားတဲ့မျက်ဝန်းနဲ့အတူ နှုတ်ခမ်းမှာ မြူးရိပ်လေးထင်သွားလေသည်။

ထိုအပြုံးကို မြင်ရင် ဘယ်ယောကျ်ားရဲ့စိတ်နှလုံးဟာ ကျောက်ရုပ်လို မတ်တောင့်နိုင်မှာတဲ့လဲ။ မြစက်ရေရဲ့အပြုံးနောက်မှာ ယောကျ်ားတွေရဲ့ စိတ်နှလုံး ဘိုင်းဘိုင်းလဲတဲ့ရာဇဝင်တွေ ရှိခဲ့သည်။ ထိုရာဇဝင်ထဲကို ဘုန်းနေရောင် ပါဝင်ရစေ့မယ်လေ။

သို့သော် ဘယ်လောက်အရှိန်အဝါရှိတဲ့ ယောကျ်ားကိုဖြစ်ဖြစ် မြစက်ရေ လည်ပြန်ကြည့်ခဲ့ရိုး ထုံးစံမရှိပါ။

ဘိုင်းဘိုင်းလဲရုံမက ဘိုင်းခနဲ ကျသေသေ မြစက်ရေက ဆောရီးချည်းသာ။

တစ်ခုတော့ရှိသည်၊ နေဘုန်းရောင်က မြစက်ရေကို ချဉ်းကပ်လာတာတော့ မဟုတ်ပါ။ မိဘချင်း ရင်းနှီးရာက မမလဝန်းရောင်က ယောက်မတော်မယ်လို့ စကားစသည်။

ဒါလည်း မြစက်ရေ စိတ်မဝင်စားပါ။ အဲဒီတုန်းက ဘုန်းနေရောင်ကို မြစက်ရေ မမြင်ဖူးသေးပါ။ ဘုန်းက အင်္ဂလန်မှ ကျောင်းတက်ရင်း (S.M.E) အေဂျင်စီနဲ့ Music Studio ကို တည်ထောင်သည်။ ကံကပဲ ကောင်းလို့လား၊ စန်းပဲထတာလား မသိပါ။ စကတည်းက အောင်မြင်သွားသည်ဟု သိရရှိသာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်မှာရှိနေတဲ့ မြစက်ရေသူငယ်ချင်း မော်လီသော်က အဆိုတော်ရှူးမလေး။ S.M.E အေဂျင်စီမှာ သီချင်းဆိုရင်း မိုက်နဲ့ ရင်းနှီးခဲ့သည်။

မော်လီ အလည်လာတော့ မော်လီရဲ့ကိုယ်ပိုင်မှတ်တမ်းဓာတ်ပုံစီဒီတွေ ထုတ်ကြ၏။ ရှိုးပွဲတွေမှာ မော်လီဆိုပုံ၊ အသံသွင်းပုံ၊ နောက်ပြီး တေးဂီတအဖွဲ့နဲ့ ရိုက်ထားတဲ့ဓာတ်ပုံတွေ။ အဲဒီအထဲမှာ မိုက်ပုံလည်း ပါသည်။

မိုက်ပုံက အတော်ကြီးထင်ရှား၏။ မြင်ရုံနဲ့ စွဲနေအောင် မှတ်မိစေတဲ့ ရုပ်ရည်မျိုး။ အရပ်ကြီးကလည်း မြင့်မြင့်လှလှ။

အပြင်အဆင်ကြောင့် ရုပ်ရည်က အင်္ဂလန်လူရွယ်အလား ထင်ရသည်။

ရွှေဝါရောင်ဆံပင် ကုပ်ထောက်နဲ့ မျက်ခုံးနှစ်ဖက်က ရှည်ပြီး နက်ကာ ထူခဲ၏။ မျက်ခုံးနဲ့ဆံပင် ကာလာမတူတာက ထူးခြားနေသည်။ ထိုထူးခြားချက်ကို မြစက်ရေ စိတ်ဝင်စားသလို သီချင်းဆိုရင်း မော်လီသော်က မိုက်ကို ငဲ့ကြည့်၏။

မိုက်ကလည်း ဒရမ်တီးနေရာမှ မော်လီကို ပြန်ပြုံးပြနေသောပုံသည် အသက်ဝင်သလို၊ ကြည့်လေ ဖီလင်ရှိလေ ဖြစ်လို့နေသည်က မြစက်ရေ အောင့်အီးမနေနိုင်တော့ပါ။

"သူ ဘယ်သူလဲ မော်လီ"





ယောကျ်ားတစ်ယောက်အကြောင်း ဘယ်တုန်းကမှ မမေးဖူးတဲ့ မြစက်ရေ ထူးထူးခြားခြားမေးလာတော့ မော်လီသော် အံ့သြလျက် . . .

"ယူ စိတ်ဝင်စားတယ်ပေါ့"

ပွင့်ပွင့်လင်းလင်း မော်လီ ထုတ်မေးသည်က မြစက်ရေမျက်နှာကို အရောင်ပြောင်းသွားစေသည်။ ဒါပေမဲ့ ဣန္ဒြေဆည်ကာ မာနဝင့်ဟန်လေးနဲ့ -

"အိုင့်မှာ စိတ်ဝင်စားမယ်ဆိုရင် ရေတွက်လို့မနိုင်အောင် ယောကျ်ားသားက အများသားရှင့်"

"သိပါတယ် မြစက်ရယ်၊ မြစက်က စမေးလို့ မေးမိတာပါ"

"မေးမိတာက ယူနဲ့ ငြိနေသလားလို့"

"အို့ ဟိုး၊ ငြိနေတယ်ဆိုရင် မော်လီသော်တို့ မြန်မာပြည်ကို ခုလို အလည်တောင် လာရက်မှာမဟုတ်ဘူး"

"ဘယ်လို"

မြစက်ရေ အံ့သြကာ မျက်ခုံးလှလှနှစ်ဖက်ပါ မြင့်ကြွသွားသည်။ မော်လီက ဘေးချင်းကပ်စားပွဲပေါ်ရှိနေတဲ့ အလှပန်းအိုးကြီးကို ချစ်စနိုးပွေ့ဖက်၏။ တစ်ဆက်တည်းလည်း စိတ်ကူးယဉ်၍ ဆိုချေသည်။

"ဟုတ်တယ်လေ၊ မော်လီ့ကိုလာငြိရင် မော်လီက ခေါင်းခါဖို့ မရှိဘူး။ ချက်ချင်း ငြိပစ်လိုက်မယ်၊ မိန်းမဈေးကျတယ်လို့ မထင်နဲ့၊ မော်လီ ဇာတ်လမ်းစကြည့်ပါသေးတယ်၊ သစ်ငုတ်ရှောင် လှုပ်ပါများရင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့သေးတယ်၊ သူကတော့ တွန်းလို့မရွေ့ လှုပ်လို့မနဲ့နဲ့လေ၊ အင်္ဂလန်မှာ နေပြီးတော့ ဒူးနန့်ပြီးတော့ Dancer မကချင်ဘဲ့ ယောက်ျား၊ ဒင်း တစ်ယောက်ပဲ ရှားရှားပါးပါးတွေ့ဖူးတာလေ၊ အသည်းကိုယားတယ်၊ အဟွန်း''

မော်လီသော် ဘာကိုရည်ရွယ်ပြီးပြောမှန်း မြစက်မသိပါ။ မြစက် ရိပ်မိသည်က သူ့ဘက်က တည်ငြိမ်လွန်းတဲ့ စရိုက်ကိုပါ။

ဘာဖြစ်လို့လဲဆိုတော့ မော်လီအကြောင်း မြစက် အသိသား ကလား။ မော်လီသော့်ကို ဘယ်ယောက်ျားမှ ကျောခိုင်းသွားဖို့ မရှိဘူး။

မော်လီက ခံစားမှုကို အလေးပေးတဲ့ ခပ်ပျော်ပျော် ခပ်ရဲရဲ မိန်းကလေး။ အင်္ဂလန်ရောက်သွားပြီးတော့ ဟိုကယဉ်ကျေးမှုနဲ့ ပေါင်းမိ သွားတယ်လေ။ အဲဒီနောက် မော်လီသော် ဘယ်စရိုက်ဖြစ်သွားမလဲဆိုတာ တွေးကြည့်နေစရာမလို။

မော်လီကလည်း တွဲလိုက်ရင် ဒင် ချည်းပဲ။

မော်လီ့တို့က လူငယ်ဘဝ လွတ်လပ်စွာ ပျော်ပါးမယ်။ ဒါက ဆန်းမနေတော့ပါ။ အထူးသဖြင့် အရပ်ကြီးမြင့်ကာ ပြည့်ဖြိုးတောင့်မတ် တဲ့ကိုယ်နဲ့ ဆွဲအားပါတဲ့ယောက်ျားမျိုးကို ပို၍မက်မောလေ့ရှိသည်။

မိုက်က မော်လီမက်မောမိတဲ့ ယောက်ျားထဲမှာ ပါသည်။ နှုတ် ခမ်းပါးလေး ဆွဲစေ့ကာ ပြုံးရိပ်ထင်သောအမူအရာကို ပို၍နှစ်သက်သူပီပီ မိုက်နဲ့ နီးစပ်ခွင့်ရအောင် ကြိုးစားသော်လည်း အချည်းနှီးသာ။





မော်လီကသာ အမူအရာပိုသလား။ မိုက်ကပဲ အရှောင်အတိမ်း ကျွမ်းကျင်နေရော့သလား၊ ဒါတော့ မော်လီမသိပါ။

သေချာတာက မိုက်တက်က သာမန်ထက်ပိုမလာ။ မော်လီသာ ကိုယ်ရှိန်သတ်နေလိုက်ရတဲ့အဖြစ်။ ငြိခွင့်မသာခဲ့ပေမယ့် မိုက်ပုံပါအောင် တမင်ရိုက်ယူထားတဲ့ ပုံတွေကို စီဒီထဲ ထည့်ထားခဲ့သည်။

သတိရတိုင်း ထုတ်ကြည့်တတ်သည်။ တစ်ယောက်တည်း ကြည့်ရတာ အားမရလို့ သူငယ်ချင်းကိုပါ ကြွားဝါချင်တဲ့စိတ်နဲ့ ပြမိလေ သည်။

မြစက်ကလည်း စိတ်ဝင်တစားမေးလာတော့ ပြောပြချင်တဲ့ ပါးစပ်က ပိတ်ထားလို့ မရတော့ပါ။

ပွင့်ပွင့်လင်းလင်းထုတ်ပြောတဲ့အခါ မြစက်မျက်ဝန်းက ဖန်သား မှာပေါ်နေတဲ့ မိုက်ဆီ ပြန်ရောက်သွားသည်။ စူးစူးစိုက်စိုက်လည်းကြည့် ကာ –

''မော်လီပြောတာက သူဟာ ထိန်းချုပ်နေနိုင်တဲ့ သဘော၊ အဲလိုလား''

''ဟုတ်ပ! ရှင်ရေ၊ မော်လီတော့ အံ့ဩတယ်၊ ယူ့ကိုလည်း မြင်စေချင်တယ်၊ ဘယ်တော့မှ မိန်းကလေးတွေရဲ့ကိုယ်ပေါ်က အလှ တရားကို ငမ်းတဲ့မျက်လုံးနဲ့ မကြည့်တတ်တာကို မော်လီသဘောကျတာ၊ ပိုပြီးသဘောကျတာက မိုက်က မြန်မာစစ်စစ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟုတ်တယ်၊ နာမည်ရင်းက မြန်မာဆန်တယ်၊ ဘုန်းနေရောင်တဲ့၊ အိုင်က မိုက်လို့ခေါ်တယ်၊ မိုက်ကိုသာရရင် မော်လီတော့ လုံးဝ ခြေငြိမ်သွားမယ်၊ မော်လီ့ကိုယ်မော်လီ သိတယ်၊ မော်လီက မြင်တာနဲ့ သဘောကျခဲ့တာလေ၊ မိုက် စိတ်မပါလို့"

အသည်းအသန်ဖြစ်ခဲ့တဲ့ မော်လီ့ကိုကြည့်ရင်း မြစက်ရေရင်မှာ လေးလံသွားသည်။

"နု မော်လီလာလည်တာ မိုက်အကြောင်းသိချင်လို့"

"ဘာ ဘာလုပ်ဖို့"

"လူကိုမရပေမယ့် သူ့သတင်းရနံ့လေးရတော့ ဖြေသာတာပေါ့ မြစက်ရဲ့၊ မော်လီစုံစမ်းသိရသလောက်တော့ မိုက်မိဘက အခြေအနေ သိပ်မသေးဘူး၊ ဒီမှာ မိဘလုပ်ငန်းတွေရှိပေမယ့် စိတ်မပါဘူးလေ၊ အင်္ဂလန်မှာ ကျောင်းတက်ရင်း သူစိတ်ဝင်စားတဲ့ Music Studio ထူထောင်တာ၊ မြန်မာပြည်မပြန်ဘဲ ဟိုမှာပဲ စီးစီးကုပ်ကုပ်လုပ်နေတာတဲ့၊

ကဲပါ ယူက မော်လီ့လိုမဟုတ်တော့ မိုက်ကိုလည်း စိတ်ဝင်စားမှာမဟုတ်ဘူး၊ မော်လီ့မှာ ကြွားစရာဆိုလို့ မိုက်ပဲရှိတာ၊ ဒါပဲဟယ်၊ မော်လီပြန်မယ်၊ သူ့ကို မမြင်ရတော့လည်း လွမ်းတယ်" တဲ့။

မော်လီသော် ပြောချင်ရာကို တောက်လျှောက်ပြောချသည်။ ပြီးတော့ သူ့ပုံတွေပါတဲ့ စီဒီချပ်ကို စက်ထဲက ထုတ်ယူ၏။





"ယူပြန်ဖို့က ဘယ်ကိုလဲ"

"အင်္ဂလန်"

"ဟယ်တော်"

"အစက တစ်လလောက် နေဦးမလို့ပဲ၊ မာမီ လှမ်းခေါ်နေပြီ၊ မော်လီလည်း သူ့ကို လွမ်းတယ်၊ ဒါကြောင့်"

"အံမယ်၊ ယူနဲ့လည်း ငြိထား, ထိထားတာမဟုတ်ဘဲနဲ့"

"ဒါလည်း ဖီလင်ပဲ မြစက်ရဲ့၊ အိုး ယူ ဒါတွေ မခံစားတတ်ပါဘူး၊ ပြောနေလို့လည်း မြစက် နားလည်မှာမဟုတ်ဘူး၊ ဒါပဲ၊ ဘိုင်ဘိုင်၊ တစ်ခါတည်း နှုတ်ဆက်တာယ်နော် မြစက်၊ ဟိုရောက်ရင် ဖုန်းဆက်မယ်"

မော်လီသော်ဆိုတာ အဲသလို သူငယ်ချင်းမျိုးပါ။ သူပြောချင်ရာ ပြောပြီးရင် ချက်ချင်းထပြန်သွားဖို့ ဝန်မလေးတဲ့သူငယ်ချင်းမျိုး။

ငယ်ပေါင်းတွေ မဟုတ်ပေမယ့် တက္ကသိုလ်မှဆုံသည့် မေဂျာတူ သူငယ်ချင်း။ ရင်းနှီးစိတ်နဲ့ ပွင့်လင်းစွာဆက်ဆံတဲ့ သူငယ်ချင်းထဲမှာ မော်လီသော်က ထိပ်ဆုံးက။

မော်လီသော်ပြလို့ မိုက် အဲလေ ဘုန်းနေရောင်ကို ကြုံပြီး မြင်ဖူးခြင်း။ မော်လီပြောပြတာနဲ့တင် မိုက်ဆိုတဲ့ယောက်ျားဟာ ဘယ်လို စရိုက်ရှိတယ်ဆိုတာ ခန့်မှန်းမိရာက စိတ်ဝင်စားခဲ့သည်။

ယောက်ျားဖြစ်ပြီး မျက်နှာများတာမျိုး မြစက်ရေ မကြိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်တည်းကို အရူးလိုက်သည်းလိုက်ချစ်နေတဲ့ ယောက်ျားမျိုးပဲ လိုချင်သည်။

မြစက်ဆီ ချဉ်းကပ်လာတဲ့ယောက်ျားတိုင်းက ထိုသို့ ဖြစ်ကြပေမယ့် မြစက်က လက်မခံဖြစ်ဘူး။

မြစက်ဆီ ချဉ်းကပ်လာတဲ့နောက်မှာ သူတို့ရဲ့နောက်ကြောင်းလေးတွေ သိလာသည်။ တချို့က ရည်းစားထည်လဲ တွဲဖူးခဲ့သည်။

တချို့က တစ်ယောက်ထက်တစ်ယောက် သာတာရွေးချယ်ရင်း မြစက်ရေရဲ့ပိုင်ဆိုင်မှုတွေကို မက်ပြီး ခခယယ ချစ်ခွင့်ပန်လာတာမျိုး။

ဒီလိုတွေသိလာတော့ မြစက် မာနလေးနဲ့ပဲ မော့မော့လေး ခါဖယ်ခဲ့သည်က တစ်ဒါဇင်မကတော့ပါ။

မမလဝန်းရောင် ယောက်မတော်မယ်ပြောတုန်းက ဘာသိဘာသာပဲ။ အဲဒီနောက်ပိုင်း မမလဝန်းက သူ့မောင်ဓာတ်ပုံတစ်ပုံကို စာအိတ်ထဲထည့်ကာ မြစက်ကို လက်ဆောင်ပေးခဲ့သည်။

မြစက် စိတ်မဝင်စားလှပါ။ ဒါပေမဲ့ ထုတ်ကြည့်ဖြစ်၏။ ကြည့်မိခါမှ မြစက် ဟင်ခနဲဖြစ်ကာ မျက်ခုံးကောင်းကောင်းနဲ့ သူက စီဒီထဲက ဒရမ်တီးနေတဲ့ ဘုန်းနေရောင်ဆိုတဲ့ မော်လီအသည်းကျော်။

ရင်မှာ လှိုက်ခနဲ ခုန်သွားမတတ်ဖြစ်ကာ တိုက်တိုက်ဆိုင်ဆိုင် ကွယ်လို့ ရေရွတ်ရမလို ဖြစ်ချေသည်။





အဲဒီနောက်ပိုင်းမှာ မမလဝန်းက မြစက်ဆီ ခဏခဏလာပြီး ပြောဆိုတာတွေရှိသည်။ မြစက် ပြုံးပြုံးလေးပဲ နားဆင်မိသည်။ ဒါပေမဲ့ မာနတော့ လုံးဝမချဖို့ မောင်းတင်ပြီးသားဖြစ်သည်။

မမလဝန်းကတစ်ဆင့် ဒယ်ဒီနဲ့မာမီလည်း သိသွားသည်။ အန်တီမြတ်ကလည်း မြစက်ကို ချွေးမလောင်းလေးအဖြစ် သည်းသည်းလှုပ် အရေးပေးရှာသည်။

မြစက်နဲ့ ဘုန်းနေရောင်ကို ချိတ်ဆက်တွေ့ပေးဖို့ မမလဝန်း အစီအစဉ် ဆွဲပေးခဲ့သည်လေ။ ထိုအစီအစဉ်က –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

တစ်နေ့ ဘုန်းနေရောင်ဓာတ်ပုံနဲ့ စာတစ်စောင် ရလေသည်။

မြစက်

မမက မြစက်ဓာတ်ပုံ ကိုယ့်ဆီပို့ပေးခဲ့တယ်၊ အဲဒီအတွက် မြစက်ကို မကျေးဇူးတင်ပါတယ်။

မြစက်အတွက် အမှတ်တရလက်ဆောင် ကိုယ်ပို့ထားတယ်။

မြစက် ပျော်ရွှင်ပါစေ။

ဘုန်းနေရောင်

ဘုန်းနေရုပ်ပုံနဲ့ စာသားကို ဖတ်နေရင်း မြစက် ရင်တကယ် ခုန်သွား၏။ ထိုရင်ခုန်သံနောက်မှာ မာနရိပ်လေးတင်၍ လှလှပပ ပြုံးမိ၏။ နောက်တစ်နေ့မှာ လူကြုံနဲ့ ပါဆယ်ထုပ်သေးသေးလေး ရောက်လာသည်။





တိမ်ပြာရောင်နုလွင်သော ပါကင်ပေပါနဲ့ထုပ်ထားတဲ့ ပါဆယ် ထုပ်ကလေးကို ဖွင့်ကြည့်လျှင် ရွှေသားနဲ့ပန်းနွယ်သဏ္ဍာန် ဖော်ထားပြီး ပတ္တမြားတွေချည်း စီခြယ်ထားသော မောင်းညှပ်ပါတဲ့ နောက်တပ်ကလစ် တစ်ချောင်း။

ပတ္တမြားရောင်က ရဲရဲကြီး ရွှန်းဖိတ်ကာ ကြည့်နေရင်းနှင့်ပင် မြစက်ရေမျက်ဝန်းမှာ တောက်ပရွှန်းလက်လို့သွားသည်။

ဒီလို ပတ္တမြားကလစ်မျိုး မြစက်ရေ အချောင်းတစ်သိန်းမက ဝယ်နိုင်ပါသည်။ ဒါပေမဲ့ ယောကျာ်းတစ်ယောက်က လှိုက်လှိုက်လှဲလှဲ လက်ဆောင်ပေးတာကိုတော့ ဂုဏ်ယူလျက်။

အထူးသဖြင့် ဘုန်းနေရောင်ပေးတာကို ပို၍ မက်မောမိတာ အမှန်။ ဘုန်းနေရောင်လက်ဆောင်ပေးတဲ့ နောက်ညှပ်ကလစ်ကို မြစက် မြတ်မြတ်နိုးနိုး တပ်၏။

ရှေ့ဆံပင်နှစ်ဖက်ကို နောက်ဘက်ကျကျသိမ်းပြီး နောက်မှ စုတပ်ထားတဲ့အခါ နက်ပြောင်နေတဲ့ ဆံပင်မှာ ရွှေရောင်နဲ့ ပတ္တမြားရောင် က ပန်းရလို့နေသည်။

မမလဝန်းက မောင်ဖြစ်သူ မြစက်ကို ဘာလက်ဆောင်ပို့ခဲ့သလဲ ဆိုတာ သိသည်။ သိတော့လည်း ကြည့်ဖြူစွာ –

"မောင်လေးကို ခေါ်လိုက်ရမလား၊ စေ့စပ်ထားဖို့လေ"

ဟု စကားစသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

မြစက်ရေ ချက်ချင်းခေါင်းခါသည်က ပညာမာနလေးနဲ့ ဖြစ်သည်။

"ဘာဖြစ်လို့လဲ မြစက်ရယ်၊ စေ့စပ်ထားတော့ မောင်လေးက မြစက်ကို ပိုဂရုစိုက်မှာပေါ့လို့ မဟုတ်ဘူးလား"

"ရပါတယ် မမရဲ့၊ ဂရုစိုက်တာက စေ့စပ်ပြီးမှ မဟုတ်ဘူး ဒီအတိုင်းလည်း ဂရုစိုက်လို့ရတာပဲ၊ ပြီးတော့ မြစက်က ဒီနှစ်မှ မဟာသိပ္ပံ စတက်တာလေ၊ မဟာသိပ္ပံပြီးရင် မြစက်က မဟာသုတေသနဘွဲ့ ဆက်ယူဦးမှာ၊ မြစက်လိုချင်တဲ့ဘွဲ့တွေ ရပြီးမှ"

ဟု လုလုပပ ငြင်းပစ်ခဲ့သည်။ မမလဝန်းက မျက်နှာလေး ညှိုးသွားသည်။ ထင်သလို ဖြစ်မလာလို့ပါ။ ဒါပေမဲ့ ချက်ချင်းပဲ ဣန္ဒြေဆည်ပြီး မမလဝန်းဆိုသည်။

"မောင်လေးကလည်း ပြောပါတယ်၊ မြစက်သဘောပါတဲ့၊ မြစက်ကျောင်းတက်နေတဲ့အချိန်မှာ မောင်လေးလည်း အလုပ်ဆက်လုပ်ခွင့် ရတာပေါ့တဲ့၊ အဓိက မြစက် စိတ်မပါဘဲ မတိုက်တွန်းပါနဲ့လို့ မမကို တဖွဖွမှာတာလေ"

"ဟုတ်တယ်၊ ဖုန်းဆက်တုန်းကလည်း မမမောင် အဲလိုပဲ ပြောတယ်။ မြစက်ကလည်း စေ့စပ်မယ့်ကိစ္စ ခေါင်းထဲမထည့်သေးဘူး။ ပညာရေးပဲ ဦးစားပေးမယ်လို့ အပြတ်ပြောလိုက်တယ်၊ မမမောင်က





မြစက်သဘောပါတဲ့လေ၊ ဟင့် ဟင့် ဟင့်"

မြစက်ရေ ဘဝင်မြင့်မြင့်လေးနဲ့ပဲ ထုတ်ပြောလိုက်သည်။

"ကောင်းပါတယ်ကွယ်၊ မမကတော့ မြစက်နဲ့မောင်လေး သဘောအတိုင်းပါကွယ်၊ မမဘက်က လောသလိုဖြစ်သွားတဲ့အတွက် ဆောရီးနော် ယောက်မ"

မမလဝန်းရောင်ကလည်း ဘုန်းနေရောင်အတိုင်းပင်။ ဘုန်းနေရောင်ကတော့ မြစက်ဆီ မကြာမကြာဖုန်းခေါ်သည်။ ဘုန်းနေရောင် ဖုန်းခေါ်တိုင်းလည်း မြစက်မကိုင်ပါ။ ဆယ်ခါခေါ်ရင် တစ်ခါနှစ်ခါသာ လက်ခံစကားပြောခြင်းနဲ့ အထာကိုင်ထားနှင့်သည်။

မြစက်ဘက်က အထာနဲ့မာန်တင်းထားပေမယ့် ဘုန်းနေဘက်က နောက်ဆုတ်သွားတာ မရှိ၊ ရှေ့တိုးဖို့ပင် စကားလမ်းတွေခင်းသည်။

စကားလမ်းခင်းတိုင်း မြစက် လုလုပပ ရှောင်တိမ်းကာ အချိန်ဝတွေကို ဆွဲဆန့်ထားခဲ့သည်။

နှစ်ယောက်သား တစ်ခါမှ မျက်နှာချင်းဆိုင် မဆုံဖူးသေးပါ။ ဒါပေမဲ့ ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သလို နှစ်ဖက်မိဘကလည်း ခမည်းခမက်တွေလို တကယ် ဆက်ဆံနေကြသည်။

အခုနောက်ပိုင်း အန်တီမြတ် နေထိုင်မကောင်းဖြစ်တော့ ပို၍ပင် အဆက်အဆံများလာသည်။ မြစက်က ကျောင်းကိစ္စကို အကြောင်းပြကာ ရှောင်ဖယ်ခဲ့ပေမယ့် မာမီကတော့ တစ်ပတ်တစ်ခေါက် မပျက်



www.burmeseclassic.com

www.burmeseclassic.com



မကွက်သွားရောက်၍ လူမမာသတင်းမေးသည်။

လူနာသတင်းမေးရင်း သားရေးသမီးရေးကို လမ်းခင်းလျက်ရှိ၏။ အန်တီမြတ်ကလည်း မြစက်နဲ့ ဘုန်းနေရောင် အမြန်ဆုံး စေ့စပ်ပေးချင်သည်။

ကျန်းမာရေးချို့တဲ့တာကို အကြောင်းပြပြီး ဘုန်းနေကို ပြန်ခေါ်သည်က မြစက်နဲ့ဘုန်းနေကို ထိပ်တိုက်တွေ့ဆုံခွင့်ပေးမယ်။

ပြီးရင် စေ့စပ်ပွဲလုပ်မယ်ပေါ့။

အစီအစဉ်အားလုံးကို မြစက် ကြိုသိထားသည်။ သိပေမယ့်လည်း မြစက်ရဲ့ မူပိုင်သင်္ကေတအတိုင်း မြစက် မသိကျိုးကျွန်ပြုထားသည်။

လေဆိပ်မှာ မြစက်ကို ဘုန်းနေရောင် လာကြိုစေချင်မှန်းလည်း မြစက်သိသည်။ ဒါပေမဲ့ မြစက် သွားမကြိုခဲ့ပါ။

မြစက်ရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်မလာသေးတဲ့ ယောကျ်ားကို မြစက်က ခရီးဦးခိုက် ကြိုနေမတဲ့လား။

ဝေးပါသေးတယ် ဘုန်းရယ်။

ဘုန်းကသာ မြစက်ရှေ့ ခယယ ရောက်ရမှာလေ။

မြစက်ရှေ့တော်မှောက် ဘုန်း မရောက်သေးသရွေ့ ဘုန်းကို လိုက်တွေ့ဖို့ မြစက် စိတ်မဝင်စားပါ။

မြစက်က အဲသလောက်ထိ မာန်ရှိသလို မာနလည်းကြီးသည်။ ဒါကို ဘုန်း လက်တွေ့သိဖို့ လိုအပ်သည်။





မြစက်ရေဆိုတဲ့ မိန်းကလေးဟာ ဒီလိုပါပဲလို့ သိနှင့်သွားမှ ဘဝတစ်လျှောက်လုံးအတွက် မြစက် အောင်လံလွှင့်ထူနိုင်မှာလေ။

မာမီက အန်တီမြတ်ကို လူနာကြည့်ရင်း ဘုန်းကို အပါခေါ်ဖို့ အစီအစဉ်ရှိသည်။ ဘယ်နည်းနဲ့ဖြစ်ဖြစ် မြစက်ရှေ့မှောက် ဘုန်းနေရောင် ရောက်ခဲ့ဖို့ပဲ လိုသည်။

ဒါကြောင့်မို့ ပွဲဦးထွက်ဆုံတွေ့မှုမှာ မြစက်ဘက်က အစစအရာရာ ကြိုတင် ပြင်ဆင်ထားခဲ့သည်။

ဘုန်းနေရောင် နှလုံးသားခိုက်သွားစေဖို့ လက်ဆောင်ပေးဖူးတဲ့ ပတ္တမြားကလစ်ကို ဆံပင်နောက်မှာ ညှပ်ပြီးသားဖြစ်ကာ အစစအရာရာ မြစက်စိတ်တိုင်းကျ ပြင်ဆင်ပြီး အောက်ထပ်ဆင်းခဲ့သည်။ ဧည့်ခန်းနဲ့ ကပ်လျက် နားနေခန်းထဲဝင်ပြီး မာမီ့အလာကို စောင့်သည်။

အချိန်က ကွက်တိ။ နားနေခန်းထဲ ဝင်ရုံရှိသေးတယ် ခြံထဲ ဝင်လာတဲ့ကားသံ ကြားရ၏။ ပြတင်းပေါက်နား သွက်သွက်ကလေး သွားသည်။ လိုက်ကာကို အသာလှပ်ကြည့်လျှင် အန်တီမြတ်စီးတဲ့ မာစီးဒီးကားနက်ကလေး။

ပေါ်တီကိုအောက် တန်းဝင်ပြီး တုံ့ခနဲ ရပ်၏။

မြစက် ရင်ခုန်လှုပ်ရှားကာ။ ဘုန်းနေရောင်ဟာ အပြင်မှာလည်း ဓာတ်ပုံတွေထဲကအတိုင်း ခံ့ညားနေမှာလား။

ထိုသို့တွေးရင်း လိုက်ကာကြားမှ မသိမသာ ချောင်းကြည့်လျှင်



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကားပေါ်က ဆင်းလာတာ မာမီတစ်ယောက်တည်းရယ်။

ကားက လျှောခနဲ ပြန်ထွက်သွားလျှင် မြစက်လက်ချောင်းလေးတွေ တုန်ယင်ကာ ကိုင်ထားတဲ့လိုက်ကာစလေး အလိုလို လွှတ်ကျသွားသည်။

"မောင်ဘုန်း လိုက်မလာဘူးလား"

ဒယ်ဒီက ဧည့်ခန်းထဲ လှမ်းဝင်လာတဲ့ မာမီ့ကို မေး၏။

"လိုက်ခဲ့ပါလို့ ခေါ်ဖို့က တွေ့တောင်မတွေ့ခဲ့ပါဘူး ကိုကိုရယ်၊ လဝန်းပြောတော့ ပရိဘောဂစက်ရုံဆီ သွားသတဲ့၊ စက်ရုံက ပြန်လာရင် လွှတ်လိုက်မယ်လိုတော့ ပြောတာပဲ" တဲ့။

မာမီ့စကားမဆုံးခင် မြစက်ရင်မှာ လပ်ဟာသွားကာ ဝမ်းနည်းစိတ်လည်း ဖြစ်၏။ မာနလေးလည်း ထောင်ကြွသလိုဖြစ်လျက် အံတစ်ချက် ကြိတ်မိသွားသည်။

ကျွတ် လာမယ်ဆိုလို့ မြစက်ကိုယ်မြစက် ပြင်ဆင်ထားရတာလေ။ ခုတော့ ရှက်ဖို့ကောင်းနေတဲ့အဖြစ်။

ထိုအတွေးနဲ့လည်း ခံခက်စွာ။

ဘုန်းနေရောင် ရှင် ဘယ်လိုယောက်ျားမျိုးလဲ။

ပြောပါလေ။

✿ ✿ ✿



## အခန်း (၆)

"သား"

"ပြောလေ မာမီ"

ဖန်ကရားထဲ ရေသန့်တစ်ခွက် ငှဲ့ထည့်ယူပြီး မာမီ့ဆီ လျှောက်လာသည်။ မာမီက လက်ခုပ်ထဲထည့်ထားပေးတဲ့ဆေးကို မသောက်သေးဘဲ ပြတင်းပေါက်နားမှာ ခင်းထားတဲ့ ဒရင်းဘတ်မှာ ဝင်ထိုင်ပြီး –

"မြစက်ဆီ သွားလိုက်ပါဦး သားရယ်"

ဘုန်းနေရောင် ဘာမှမပြော။ ရေဖန်ခွက်ကိုင်ထားရင်း မာမီ့အနားက ထိုင်ခုံပုပုလေးမှာ ဝင်ထိုင်သည်။

"မာမီ ဆေးသောက်ဦးလေ"

"သောက်မှာပါ သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သောက်မယ်ဆို သောက်လေ မာမီရယ်၊ ဆေးသောက်ချိန် မှန်နေမှ ကောင်းတာ မာမီရဲ့"

"သား သဘောပါကွယ်"

ဒေါ်မိမြတ်မြတ် ပြောလိုရာပြောခွင့်ရဖို့ သားသဘောကို ဦးစားပေးလေသည်။ လက်ခုပ်ထဲက သုံးလုံးသောဆေးကို ခံတွင်းထဲ ပက်ထည့်၏။

သားကမ်းပေးတဲ့ ရေဖန်ခွက်ယူပြီး ရေတစ်ငုံနဲ့ မျှောချသည်။ ရေနဲ့အတူ ဆေးလုံးတွေ ခံတွင်းထဲ လျှောဆင်းသွားတဲ့နောက် ရေတစ်ငုံ ထပ်သောက်၏။ သောက်ပြီးသည်နှင့် သားက ရေဖန်ခွက်လှမ်းယူပြီး စားပွဲပေါ်တင်လျှင် ဒေါ်မိမြတ်မြတ် သားဖြစ်သူကို စိုက်ကြည့်မိ၏။

ပြန်ရောက်ကတည်းက မြစက်လေးဆီ သား ခြေဦးမလှည့်၊ ဒါကိုပဲ မိခင်အနေနဲ့ အားမရတာကြောင့် –

"မြစက်လေးဆီ သားသွားသင့်နေပြီလေ"

"အဲဒါပေါ့ မာမီရယ်၊ သမီးလည်း ပြောနေတာပဲ၊ မောင်လေးကိုက ခေါင်းမာနေတယ်"

မာမီ့စကားမဆုံးခင် အခန်းထဲ ရောက်လာတဲ့မမ။

ဘုန်းနေရောင်ကို အားမလိုအားမရကြည့်ရင်း ပြောလေသည်။

"မာမီ့အလုပ်တွေ ဆက်လုပ်ပေးဖို့ လေ့လာနေတာနဲ့ မအားသေးလို့ပါ"





"ဒါများသားရယ်"

ဒေါ်မိမြတ်မြတ် သားခေါင်းကို ချစ်စနိုး ပွတ်သပ်သည်။ မမက လက်မခံချင်တဲ့မျက်နှာလေးနဲ့ မဲ့ပြသည်။

"မာမီ့သား အကြောင်းပြနေတာ မာမီရဲ့"

"သိပါတယ်သမီးရယ်၊ သား အလုပ်ကိစ္စတွေ ခေါင်းထဲ သိပ်မထည့်ပါနဲ့၊ မာမီ့မှာ စိတ်ချရတဲ့လူယုံတွေ ရှိတယ်လေ၊ ကိုစိုးက သမက်ဆိုပေမယ့် သားလိုပဲ အားကိုးရတယ်၊ ကိုကောင်းချိုဆိုတာ သားဒယ်ဒီ လက်သပ်မွေးထားတဲ့ တပည့်လေ၊ သားဒယ်ဒီ မရှိတော့ပေမယ့် သားဒယ်ဒီရှိစဉ်ကလိုပဲ ပရိဘောဂစက်ရုံကို ထိန်းထားနိုင်တဲ့ လူရွှယ်ပါကွယ်၊ နှယ်ကသစ်လည်း ဘာထူးလဲ၊ နှယ်ကသစ်အဖေ ဦးသန်းဖေက ကားမောင်းသမားဘဝကနေ အောက်သက်ကြေကြေ တက်လာတဲ့သူ၊ ကားရယ်, ကားသမားတွေရယ်, ခရီးသည်တွေရဲ့သဘောကို နှော ကျေရုံမက ခရီးသွားလုပ်ငန်းကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်နိုင်လို့ သားဒယ်ဒီ စိတ်ချရတဲ့လူယုံ၊ ဦးသန်းဖေဆုံးသွားတော့ နှယ်ကသစ်က တာဝန်ယူတာ၊ နှယ်ကသစ်က သားဒယ်ဒီ ခရီးသွားလုပ်ငန်း ထူထောင်ကတည်းက ဖအေနဲ့အတူ အနီးကပ် ကြီးပြင်းလာတာလေ၊ ဖအေ့ လုပ်ပုံကိုင်ပုံတွေကို နားလည်တယ်၊ ဖအေကလည်း သမီးကို သင်ကြားထားလို့ မာမီ လှည့်ကြည့်စရာမလိုအောင် အားကိုးနေရတယ် သားရဲ့၊ ဟင့် ဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



မာမိ ကျေနပ်အားရစွာ ရှည်ရှည်ဝေးဝေးပြောဏ်။

စကားပြောများသွားလို့ မာမိ မောဟန်ဖြစ်ကာ ရေဖန်ခွက်ထဲက လက်ကျန်ရေ တစ်ငုံ မော့သောက်လေသည်။

"မောင်လေးတာဝန်က လုပ်ငန်းကိစ္စတွေအပေါ် အာရုံစိုက်ဖို့ ထက် မြစက်လေးအပေါ် အလေးထားဖို့ပဲ၊ သိရဲ့လား"

မမက_ဒီဘူတာပဲ ဆိုက်ပြန်သည်။

"ဟုတ်တယ်သား၊ သားရောက်နေတာ တစ်ပတ်ပြည့်တော့ မယ်၊ မြစက်လေးဆီ ဖုန်းတောင်မဆက်ဆိုတော့ ဘယ်ကောင်းမလဲ ကွယ်၊ မမကျော် လာတုန်းကလည်း သားရှောင်နေခဲ့တယ်၊ ဒါတွေက မဖြစ်သင့်ဘူးသားရယ် နော်"

ဘုန်းနေရောင် ဘာမှ မပြောလိုတော့ပါ။ ပြောချင်စိတ်လည်း မရှိဖြစ်ကာ ချက်ချင်းပင် မာမီနဲ့မမရှေ့က ထထွက်ခဲ့သည်။

"မာမီပြောနေတယ်လေ မောင်လေး"

မမ ဟန့်တားသလို လှမ်းပြောသည်။

"ဘယ်သွားမလို့လဲ သား"

မာမီက သိချင်တာကို တဲ့မေးပြန်သည်။ ဘုန်းနေရောင် လှည့် မကြည့်ဘဲ တစ်ခွန်းသာပြောလိုက်ရသည်။

"မြစက်ဆီ" ဟု။

မာမီနဲ့ မမမျက်နှာမှာ ကျေနပ်ပြုံးနဲ့ ရွှင်မြူးသွားမှာ သေချာ





သည်။ မြစက်ရေရဲ့စိတ်က သူလိုက်လျောဖို့ စိတ်မဝင်စားတော့ပါ။ ခေါင် ခိုက်တဲ့မိန်းမမာနနဲ့ တင်းစီးနေတဲ့ အရှိန်အဝါတွေကို မနှစ်မျို့ချင်။

ဒါတွေကို မာမီနဲ့မမ မရိပ်မိလေရော့သလား။

ဖြစ်စေချင်တာကိုပဲ ဆန္ဒထက်သန်နေကြတဲ့ မာမီနဲ့မမအတွက် သူ့ဘက်က အတိုင်းအတာတစ်ခုအထိ လိုက်လျောရမယ့် အခြေအနေ။

နောင်ခါလာ နောင်ခါချေး သဘောထားရဖို့ ဖြစ်လာပြီ။

ခုတော့ ယောက်ျားဖြစ်တဲ့သူကပဲ ဆိုက်ဆိုက်သွားရတော့မယ့် အဖြစ်။

မိန်းကလေးဖြစ်တဲ့ မြစက်ရေ
မင်းကရော မျှော်နေမှာလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ကျွီ"

ကိုယ်ထည်နှစ်ဖက်မှာ "တက်ခေတ်" ခရီးသွားအေးဂျင့်ဟု အဝါရောင် တောက်ပဖောင်းကြွစာလုံးရေးထိုးထားတဲ့ ဘင်နီကား အပြာလေး။

ဆင်ဝင်အောက်တည့်တည့် ထိုးရပ်လျှင် ညှော်ခန်းဆီလျှောက်လာနေတဲ့ ဘုန်းနေရောင် လှမ်းကြည့်လိုက်သည်။

ကားမောင်းသူနေရာမှ နွယ်ကာသစ်ဆင်းလာသည်၊ လက်ထဲမှာလည်း အနီရောင်အဖုံးပါတဲ့ ဖိုင်တွဲတစ်ခု ကိုင်လျက်။

"အင်း၊ မင်းရောက်လာတာနဲ့ အတော်ပဲ နွယ်ကာသစ်"

ဘုန်းနေရောင် လွှတ်ခနဲပြောလိုက်၏။ မထင်မှတ်ဘဲ ကြား





လိုက်ရတာကြောင့် နွယ်ကာသစ် ခြေလှမ်းတန့်ကာ ဘုန်းနေရောင်ကို လှမ်းကြည့်၏။

ဘုန်းနေရောင်စကားကို ရုတ်တရက် နားမလည်နိုင်တဲ့ဟန်မျိုးနဲ့ ကြည့်နေလျှင် –

"ကိုယ် သွားစရာရှိတယ်၊ ကားထုတ်ထားလိုက်"

ဒါပဲပြောပြီး ဘုန်းနေရောင် အပေါ်ထပ်တက်သွား၏။

နွယ်ကာသစ် တွေခနဲဖြစ်သွားပြီးမှ နွယ့်ကို ခိုင်းစေလိုက်မှန်း သဘောပေါက်သည်။

"ဟုတ်"ဟု အတန်ကြာမှ ရေရွတ်၏။ သူ့နောက်ပါသွားတဲ့ မျက်လုံးကို ပြန်ရုပ်ပြီး ဒေါ်မိမြွတ်မြွတ်အခန်းဆီ အရင်သွားသည်။

အခန်းဝမှာ မမလဝန်းရောင်နဲ့ တန်းဆုံလျှင် –

"မောင်လေး ကားထုတ်ခိုင်းတယ် မဟုတ်လား၊ အရင် သွားထုတ်ပေးလိုက်၊ နေဦး၊ မမ ကားသော့ယူပေးမယ်"

"ဟုတ်ကဲ့ မမ"

နွယ်ကာသစ် ရှိကျိုးစွာပဲ ဟုတ်ကဲ့လိုက်ရသည်။ မမရှေ့က ထွက်သွားတော့ နွယ်ကာသစ်လည်း ပါလာကာ မမ အိပ်ခန်းတစ်ခုထဲ ဝင်သွား၏။

နွယ်ကာသစ် လိုက်ဝင်မသွားတော့ပါ။ မမရဲ့အိပ်ခန်းဝမှာပဲ စောင့်နေလိုက်သည်။ မမ ချက်ချင်းပြန်ထွက်လာပြီး ကလာန်းရုပ်လေးပါတဲ့



www.burmeseclassic.com

www.burmeseclassic.com



သော့ချိတ်နဲ့ ကား‌သော့ ကမ်းပေး၏။

"ဖိုင်တွဲပေးခဲ့လေ"

သော့တွဲယူရင်း ဖိုင်တွဲ မမလက်ထဲထည့်လျက် ခြေလှမ်းက ကားဂိုထောင်ဆီ ဦးတည်ကာ။

ဒေါ်မိမြွတ်မြွတ်ရဲ့ ကားဂိုထောင်ထဲမှာ ဖိမ်ခံကားက လေးစီး တိတိ။ အိမ်သားအားလုံး တစ်ယောက်တစ်စီးစီ စီးတတ်ပြီး အပိုက နှစ်စီးရှိသည်။ ဒီကြားထဲ သားတော်မောင်လာရင် စီးဖို့ဆိုပြီး မာစီဒီးအသစ် တစ်စီး ဝယ်ထားပြန်သည်။

နှယ်ကာသစ် ထုတ်ရမှာက ဘုန်းနေရောင်စီးမယ့် မာစီဒီးကို။ ကားကို ဂိုထောင်ထဲကထုတ်ပြီး တိုက်ဘေးဘက်က ဆင်ဝင်အောက်မှာ ရပ်ထားလိုက်သည်။ တိုက်ကြီးက ဆင်ဝင်သုံးဘက်ပါတဲ့ သုံးထပ်တိုက်ကြီး။ ဆင်ဝင် သုံးနေရာပါတာမို့ ဘယ်ဘက်ကပဲကြည့်ကြည့် တိုက်ကြီးက မျက်စိကျစရာကောင်းနေသည်။

"ဩော် ကာသစ်ရေ"

ကာသစ် မောင်းသူနေရာမှ ကားတံခါးဖွင့်ချိန်မှာ မမ ဆင်ဝင် အောက် လှမ်းလာသလို ခေါ်လည်းခေါ်သည်။ နှယ်ကာသစ် ကားပေါ်မှ ဆင်းလျက် –

"ပြောပါ မမ"

"မောင်လေးသွားစရာရှိတယ်၊ ကာသစ်ပဲ လိုက်ပို့"





"ရှင်"

နှယ်ကာသစ် အံ့ဩစွာ မမကို စိုက်ကြည့်၏။ နှယ်ကာသစ်ကို ဒရိုင်ဘာအဆင့် ရောက်အောင် ထိုးသိပ်သွင်းနေတာလား။ ထိုအမြင်နဲ့ ကြည့်လိုက်ခြင်းပါ။

မမ သဘောပေါက်ဟန် တူပါသည်။ ဆင်ဝင်အောက်ထိ မမ ဆင်းလာပြီး ရင်းနှီးချစ်ခင်စွာ ကာသစ်ကို ပြုံးပြ၏။

"ဒီလိုကာသစ်ရဲ့၊ မောင်လေးက ရန်ကုန်လမ်းတွေပေါ် ကား မမောင်းဖြစ်တာ ငါးနှစ်မကတော့ဘူးလေ၊ လမ်းအထာကို ကာသစ်လောက် ကျွမ်းကျင်မှာ မဟုတ်ဘူး၊ ဒါကြောင့်ပါ ညီမရဲ့၊ ဟင့် ဟင့်"

ပခုံးလေးဖက်ပြီး ပါးနပ်စွာဆိုရှာတဲ့ မမ။

နှယ်ကာသစ် မသိမသာ သက်မ,ချလေသည်။ အင်းလေ ပြန် စဉ်းစားကြည့်ရင် နှယ်ကာသစ်က မမတို့ဝန်ထမ်းပဲ။

ခိုင်းရာသွားရမယ့် နွား၊ စေရာထွန်ရမယ့် ဘဝဆိုတော့လည်း 'ရပါတယ် မမ' ဟုသာ။

"ကဲ ကာသစ်ရေ ဒီကပဲ စောင့်နေလိုက်၊ မောင်လေး ဆင်းလာ လိမ့်မယ်"

"ဟုတ်ကဲ့ မမ"

နှယ်ကာသစ် ခေါင်းညိတ်လိုက်တော့ မမက ကာသစ်ပခုံးကို ဖွဖွလေး တစ်ချက်ဖျစ်ဖက်ပြီးမှ တိုက်ထဲပြန်ဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



နွယ်ကသစ် ဘာမှမတတ်နိုင်။ ပခုံးနှစ်ဖက် စုံပင့်ကာ စောင့်ဆိုင်းရလေသည်။ ကားနောက်ခန်းတံခါးကိုပါ အဆင်သင့် ဖွင့်ထားလိုက်၏။

ဒေါ်မိမြတ်မြတ်နဲ့ မမလဝန်းရောင်က ဂုဏ်မာန အရှိန်အဝါကြီး၏။ သို့သော် အကျိုးအကြောင်းလေးပြကာ ခိုင်းတတ်စေတတ်သည်က ရှောင်လွှဲဖို့မလွယ်အောင် ပိရိသေသပ်လှ၏။

မအေနဲ့သမီးလိုပဲ သူ့ပုံစံလည်း တူချေသည်။ သူ့ကို ဖက်ပြိုင်အံတုကြည့်ဖို့ မရဲလောက်အောင် အရှိန်အဝါကြီး တစ်ခွဲသားနဲ့ ဖြစ်သည်။

ဘယ်သူဘယ်လိုရှိပါစေ နွယ်ကသစ်က တာဝန်ကျေပွန်စွာ လုပ်ဆောင်ပေးဖို့ အဆင်သင့်ရှိနေရမည် ဖြစ်သည်။

ဖေဖေသင်ကြားထားတဲ့အတိုင်း နွယ်ကသစ် အပိုးကျိုးနေရုံပေါ့။ ကသစ်က သူတို့ဝန်ထမ်း။ တစ်နည်းပြောရရင် သူတို့ခိုင်းသမျှ စေသမျှကို လုပ်ဆောင်ရမည့်သူ ဖြစ်နေတယ် မဟုတ်လား။

ထိုအတွေးနဲ့ ငြိမ်သက်ကာ ကားမောင်းသူနေရာ ကြိုတင်ပြီး တက်ထိုင်မနေ။ သူ့အလာကို ရပ်စောင့်၏။

သင်းအီစူးရှသော ရေမွှေးရနံ့ချိုချို ရှေ့ပြေးရှုရှိုက်ရလျှင် သူ လာနေပြီဖြစ်မှန်း နွယ်ကသစ် သိသွားသည်။

ကြည့်နေတာမဟုတ်ပေမယ့် မျက်ဝန်းထောင့်စွန်းမှာ သူ့အရိပ် ပေါ်လာ၏။ စောစောတုန်းက သရီးကွာတားဘောင်းဘီတိုနဲ့ ခေါင်းစွပ်





လည်ဝိုက်ဆွယ်တာနဲ့သာ ဖြစ်သော်လည်း ခုတော့ စတိုင်ကျနေပါပြီ။

ရင်ဘတ်မှာ အနီရောင်ကန့်လန့်စင်းပါတဲ့ တီရှပ်လက်တို ဖြူဆွတ်ဆွတ်နဲ့ စတိုင်လ်ပင်နီက အရောင်တူတူ။

ပြေပြေလေးကောက်ပြီး ပုံသွင်းထားသော သူ့ဆံပင်ပုံစံက ခပ်တိုတိုရယ်။ သို့သော် အလယ်မကျ ဘေးမကျ ခွဲကြောင်းရာလေးက ထင်၏။ ဂျယ်အရောင်နဲ့မို့ နက်ညိုတဲ့ဆံပင် တောက်ပလျက်။

နှုတ်ခမ်းကတော့ တင်းမာစွာ စေ့ထားသည်။

အဝါရောင်ကိုင်းနဲ့ လေးထောင့်မျက်မှန်ဟာ မာနနဲ့တောက်ပနေတဲ့ မျက်ဝန်းကို ဘောင်ခတ်တပ်ဆင်လျက်။ အလိုမကျမှုတွေကို ကာကွယ်ထားမှန်း သိသာနေသည်။

ဒီ့ပြင် လေးထောင့်လက်ကိုင်ဖုန်းပြားလေး ဆုပ်ကိုင်ပြီး မတ်မတ် လက်လွှဲလျှောက်လာဟန်က ငေးမောသွားစေဖို့ ဆွဲအားတွေပါကုန်လေပြီ ထင်ရသည်။

အသင့်ဖွင့်ထားပေးတဲ့ ကားနောက်ခန်းမှာ ဘုန်းနေရောင် ဝင်ထိုင်ပြီးသည့်တိုင် ကားတံခါးပိတ်ပေးဖို့ ကသစ်မေ့လျော့သလို ငြိမ်နေသေးသည်။

“ရပြီ သွားမယ်”

သူ မကြည့်ဘဲပြော၏။ ပြောသံကြားမှ နွယ်ကသစ် ဆတ်ခနဲ ဖြစ်ပြီး အသိဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

ဟုလည်း ကမန်းကတန်း ရွတ်လျက်။

အလုပ်ရှင်အလိုကျ ကိုယ်လုံးလေးရှိကာ ကားတံခါး အသာအယာ ဖိပိတ်ပေး၏။ ပြီးမှ ကားမောင်းသူနေရာ တက်ထိုင်သည်။

ကားမောင်းနေရင်း နောက်ကြည့်မှန်မှတစ်ဆင့် သူ့ကို မကြည့်ဖြစ်စေဖို့ ကသစ်ကိုယ်ကသစ် သတိပေးရင်း -

✿ ✿ ✿



## အခန်း (၈)

"မမလေး"

"ဘာလဲ အဝင်း"

မြစက်ရေ ထုံးစံအတိုင်း ခပ်ဆတ်ဆတ် မေး၏။ အခန်းဝမှာ ရပ်နေတဲ့ 'အဝင်း' က မျက်လွှာလေးစင်းချလျက် နာခံရိုကျိုးတဲ့လေသံနှင့် မတိုးမကျယ်ဆိုသည်။

"ဧည့်သည်ရောက်နေတယ်တဲ့"

"ဧည့်သည်"

မြစက်ရေ မယုံသလို မျက်လွှာပင့်ကြည့်ပြီး ရေရွတ်၏။ ဆံပင်တိုလေး နွဲ့လူးသွားအောင် အဝင်း ခေါင်းညိတ်၍ -

"ဟုတ်တယ် မမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ သွားမေးလေ"

မြစက်ရေက ချိန်းဆိုခြင်းမရှိဘဲ ရောက်လာတဲ့ဧည့်သည်မျိုးကို လက်ခံစကားမပြောချင်ပါ။

မချိန်းထားဘဲ ရောက်လာခဲ့ရင်လည်း ထွက်တွေ့ချင်တဲ့ ဧည့်သည်ကိုမှ ထွက်တွေ့လေ့ရှိသည်။

တွေ့ချင်စိတ်ရှိတဲ့ ဧည့်သည်ဆိုရင်တော့ ထွက်တွေ့မယ်ပေါ့။ သွားမေးခိုင်းတာ အဝင်းက ခြေလှမ်းမရွေ့ဘဲ ချက်ချင်းပြန်ပြောသည်။

"မာမီကြီးပြောတာက မမလဝန်း မောင်တဲ့"

"ဟင်"

မြစက်ရောင် အံ့သြသွားသည်။ ချက်ချင်းလည်း ဝမ်းသာကာ နှုတ်ခမ်းနဲ့မျက်လုံးမှာ ကြည်နူးရိပ်တို့ ဖြန့်ကြဲလျက် –

"ဘုန်းနေရောင်ပေါ့၊ ဟုတ်လား အဝင်း"

စာရေးစားပွဲရှေ့ ထိုင်နေတဲ့ မြစက်ရေ ဝုန်းခနဲ ထမေးကာ အဝင်းက မျက်လုံးကြောင်ကြောင်လေးနဲ့ မြစက်ကို မော့ကြည့်ပြီး–

"အဲဒါတော့ အဝင်းမသိဘူး မမလေး၊ မာမီကြီးက မမလဝန်း မောင်လေး ရောက်နေတယ်၊ ဧည့်သည်ကို လာတွေ့ပါလို့ သွားပြောချေ ဆိုတာနဲ့ အဝင်းလာပြောတာပါ"

"ဩော် အေး၊ သွား သွား လာခဲ့မယ်"

မြစက်ရေ ကြွေ့ဆည်ကာ မာန်ကလေးနဲ့ပြော၏။ အဝင်း





ခေါင်းငုံ့လှည့်ထွက်သွားမှ ရင်ထဲက လှိုက်တက်လာတဲ့ ပျော်မြူးစိတ်ကလေးကို လွတ်လပ်ရေးပေးကာ ခြေလှမ်းက မှန်တင်ခုံရှေ့ လှည့်သွား၏။

ပါရဂူဘွဲ့ယူဖို့ နှုတ်ဖြေဖြေရန် စာပြန်ကြည့်နေတဲ့ မြစက်ရေ။ ဘုန်းနေရောင်လာတယ်ဆိုတဲ့အသိနောက်မှာ စာရေးစားပွဲကိုလည်း မေ့ချေသည်။

ဒါတင်မက မာန်ကလေးတက်ကာ မြစက်ရေ မာနခဲကို ဘယ်ယောက်ျားက ဦးမခိုက်ဘဲ နေရက်မလဲဟု မြစက် ဂုဏ်တင်လျက် မှန်တင်ခုံရှေ့ထိုင်မိမှ ပြန်ထသည်။

မြစက်အလှက ပြင်ဆင်စရာမလို၊ ရွှန်းတင့်နေတဲ့ ပင်ကို အလှ သွေးကြွယ်တဲ့ မြစက်ရေ။

ဒေးခရင်လိမ်းပြီး တို့ပတ်လေးရိုက်ထားတဲ့ မြစက်မျက်နှာက အိမ်နေရင်း ဖြစ်ပေမယ့် မှိန်မနေ။

ကြည်လဲ့တဲ့ မျက်ဝန်းက တောက်ပရွှန်းလက်ပြီးသား။ ထူပြည့်တဲ့ နှုတ်ခမ်းသည်လည်း သန္တာရောင်ဆိုးဆေးဖျော့ဖျော့လေးကြောင့် မြင်တာနဲ့ နစ်လိုစဖွယ် ဖြစ်နေပြီလေ။

ရေစိုလှိုင်းကောက်ထားတဲ့ဆံပင်က ကျောပေါ် ဒီအတိုင်း ဖြန့်ချထားသည်၊ ဘုန်းနေရောင် လက်ဆောင်ပေးတဲ့ ပတ္တမြားကလစ် ကောက်တပ်မလို့ စိတ်ကူးရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစိတ်ကူးရသည်နှင့် ချက်ချင်း ဖျက်ပစ်လိုက်သည်။ ဘုန်းနေရောင် အခစားရောက်နေပြီဆိုမှတော့ အမှတ်တရပစ္စည်းကို ထုတ်ပြဆင်ယင်ထားဖို့ မလိုဘူးဟု မြစက်ရေ ယူဆပြန်သည်။

ကိုးရီးယားချည်သားနဲ့ ဒူးဖုံးဂါဝန်ကို ခါးကြိုးစည်း ဝတ်ထားတာက အိမ်နေရင်းအတိုင်းလေ။ အိမ်နေရင်းမို့ မပြင်မဆင်ထားတဲ့ မြစက်ရေအလှက ယောကျ်ားသားရဲ့စိတ်ကို ညို့ထားနိုင်မယ်ဆိုတာ မြစက် ယုံကြည်ပြီးသား။

မှန်ရှေ့ရောက်ပေမယ့် ဘီးလေးနဲ့ပင် ဆံပင် တစ်ချက်မှမသတော့ပါ။ မြစက် စိတ်နဲ့ကိုယ်တို့ တည်ငြိမ်အောင် ထိန်းချုပ်သလို ခေတ္တငြိမ်နေလိုက်သည်။

နှစ်မိနစ်လောက်ငြိမ်နေပြီးမှ မျက်နှာရိပ်ပေါ် မာနရောင်ဟပ်သောအရှိန်အဝါလေး ဆွဲတင်ကာ ရင်အုံလေးချီပင့်လျက် စာဖတ်ခန်းထဲက ထွက်ခဲ့သည်။

နှစ်ယောက်သား ဦးဦးဖျားဖျား တွေ့ဆုံရမယ်ဆိုတဲ့အသိက မြစက် ရင်ခုန်ရမလိုလို ဘာလိုလိုပဲရှင်။

✿ ✿ ✿



## အခန်း (၉)

ညေ့ခန်းက အစိမ်းရင့်ရောင်နံရံမှာ အနီနဲ့အဝါရောင်ရောသော နှယ်ပန်းခက်များနဲ့ ဆင်ထားသော်လည်း အမြင်ရိုင်းမနေပါ။

ဆန့်ကျင်ဘက်ကာလာတို့ရဲ့ အလှအပက သူ့နေရာ အပြိုင်အဆိုင် တောက်ရှန်းလင်းပနေသည့်နှယ်။ ကြည့်ရတာ တစ်မျိုးဆန်းပြားနေသည်။

ငွေမင်ရောင် ကတ္တီပါကော်ဇောပေါ်က မရန်းစေ့ရောင် ဆိုဖာထိုင်ခုံကြီးတွေက မာန်တဝင့်ဝင့်နဲ့ ရှန်းကြွနေသလို၊ တစ်ယောက်ထိုင်ဆိုဖာထိုင်ခုံနောက်မှီမှာ ကျောကပ်လျက် သက်သောင့်သက်သာ ထိုင်နေတဲ့ ညေ့သည်။

မာမီနဲ့ မျက်နှာချင်းဆိုင် စကားပြောနေတော့ မြစက်ရေဘက်



www.burmeseclassic.com

www.burmeseclassic.com



ကျောပေးထားသလို ဖြစ်နေပါသည်။

ညှေ့ခန်းဝမှာ ခြေစုံလာရပ်တဲ့ မြစက်ကို ညှေ့သည်နဲ့ စကား ပြောနေရာမှ မာမီ ရိပ်ခနဲမြင်၏။ ထိုအခါ စကားပြောတာကို ချက်ချင်း ရပ်ပြီး လှမ်းခေါ်သည်။

"လာ သမီးမြလေး၊ မောင်ဘုန်း သမီးနဲ့ လာတွေ့တာလေ၊ ဟင့် ဟင့် ဟင့်"

မာမီ့စကားနောက်မှာ မြစက်ရောက်နေမှန်း သူသိသွားသည်။ ဒါပေမဲ့ ဘုန်းနေရောင် လှည့်မကြည့်ပါ။ မြစက်က အဲဒါကို သိပ်မကြည့် ချင်။

မြစက်ဆီ အခစားရောက်လာပြီပဲ၊ ဖျတ်ခနဲ လှည့်ကြည့်ရမယ်၊ လိုက်လိုက်လှဲလှဲ ရယ်ပြုံးနှုတ်ဆက်ပြီး စကားတွေ အလုအယက် ပြော ရမယ်ဆိုတာ သူ မသိနေရှာ့သလား။

စိတ်ကူးထဲကအတိုင်း ဖြစ်မလာတော့ မြစက်ဘက်က တစ်ရစ် လျှော့ရမလို ဖြစ်နေတဲ့သဘော။

"လာ သမီး"

မာမီက မြစက်ရဲ့စိတ်ကို အရိပ်အကဲ ဖမ်းမိသွားပုံရသည်။ ချက်ချင်းထလာပြီး မြစက်လက်ကို လာဆွဲခေါ်သည်။ မာမီ့မျက်နှာရိပ် ကလည်း ကိုယ့်ရှေ့ အခစားရောက်လာတယ် ဆိုမှတော့ ကိုယ့်ဘက်က တစ်ဂုဏ်မြင့်ပြီးသား သမီးရယ်လို့ အသံတိတ် လမ်းပြနေသည့်နှယ်။





ဟုတ်တယ်လို့ မြစက်လည်း အရှိန်အဝါလေးနဲ့ အသံတိတ် ထောက်ခံပြီး မာမီ လက်ဆွဲခေါ်သွားတဲ့အတိုင်း ပါသွား၏။

ညှေ့သည်ထိုင်နေတဲ့ ဆိုဖာနောက်မှ ပတ်ကာ ညှေ့သည်နဲ့ မျက်နှာချင်းဆိုင် ဖြစ်စေမယ့် ဆိုဖာဆီလျှောက်ခဲ့သည်။

"သမီးမြလေးနဲ့ မောင်ဘုန်း စကားပြောနှင့်ကြဦး"

မာမီက ပြောပြီး အလိုက်သိရှောင်ထွက်သွားသည်။ သူက ခေါင်းညိတ်သလို သူ့ရှေ့ကမှာထိုင်ချတဲ့ မြစက်ကို တည့်တည့်ကြည့်ပြီး ဦးစွာ ပြုံးပြ၏။

မြစက် ထိုင်ချရင်း တူညီတဲ့အပြုံးနဲ့ တုံ့ပြန်လျက်။ အကြည့် ချင်းလည်း ဆုံသည်။ နှစ်ဦးသား ဖုန်းဆက်စကားပြောပြီး ရင်းနှီးမှုရ လာခဲ့တာ သုံးနှစ်မကတော့ပါ။ မျက်နှာချင်းဆိုင် ထိုင်ခုံမှာ မြင်ရပေမယ့် တစ်ယောက်နဲ့တစ်ယောက် စိမ်းသက်တဲ့အရိပ်တွေ မပါ။

ဒါပေမဲ့ သိုသိပ်ထားတဲ့ မာနကိုယ်စီရှိနေမှန်းတော့ အပြန် အလှန် သိနှင့်သည်။ လက်ရှိအနေအထားက မြစက်ရေ၏ မာနရိပ်က လေး ပိုသာနေသယောင်။

မြင်ချင်စိတ်နဲ့ လည်ပြန်ငဲ့မကြည့်ပေမယ့် မျက်နှာချင်းဆိုင် ဆုံအတွေ့မှာ ဘုန်းနေရောင်က ဦးစွာ ပြုံးသည်မဟုတ်လား။ ဒါတင်မက 'ဒီမှာ မြစက်အတွက်' ဟုဆိုကာ သူ့ပေါင်ပေါ်တင်ထားတဲ့ ပန်းစည်း လှလှကြီး ကမ်းပေး၏။



www.burmeseclassic.com

www.burmeseclassic.com



မြစက်လည်း ခမ်းနားစွာပြုံးပြရင်း လှမ်းယူသည်။ ပန်းစည်းကို မြင်လိုက်ကတည်းက မြစက်မျက်ဝန်းမှာ နှစ်လိုအားရစိတ်နှင့် တောက်ရွှန်းကာ။

ကျူးလစ်ပန်းအဝါရောင်ကို ရွှေဝါရောင်ဖဲပြားကြိုးနဲ့ တခမ်းတနား စည်းနှောင်ထားတဲ့ပန်းစည်းက အဓိပ္ပာယ်များစွာ ပါဝင်နေလို့ပဲ မဟုတ်လား။

ကျူးလစ်ပန်းအဝါရောင်က 'မင်းရဲ့အပြုံးတွေထဲမှာ တောက်ပတဲ့ နေရောင်ခြည်လေး ရှိနေတယ်လို့' ပြောလိုခြင်းအဓိပ္ပာယ်လေ။

ရွှေရောင်ဖဲပြားကြိုးနဲ့ပန်းတွေ စည်းနှောင်တဲ့သဘောက ဂုဏ်သတင်းကျော်စောခြင်း၊ ဉာဏ်ပညာနဲ့ ချမ်းသာကြွယ်ဝခြင်းတို့ကို ရည်ညွှန်းတယ်ဆိုတဲ့အဓိပ္ပာယ် သက်ရောက်ကြောင်း စာထဲမှာ မြစက် ဖတ်ဖူးတယ်လေ။

မြစက်မှာ အဲလိုအပြုံးမျိုးရှိကြောင်း ဘုန်းနေရောင် သက်သေထူရုံမက မြစက်ရေပာ မျိုးရိုးဂုဏ်သတင်းလည်း ကျော်စောတယ်၊ ဉာဏ်ပညာနဲ့ပြည့်စုံလို့ ဘွဲ့သုံးခုတောင် ယူထားရုံတင်မက ဘုန်းနေရောင်တို့ထက် မြစက်က ချမ်းသာကြွယ်ဝနေကြောင်းကို သိနေတယ်။

ထိုအသိနဲ့ ဖန်တီးဆက်သတဲ့ ပန်းစည်းလေးရဲ့ အဓိပ္ပာယ်က မြစက်ရေဂုဏ်ရည်ကို ခမ်းနားစွာ ပင့်မတာနဲ့ တူနေတယ်မဟုတ်လား။

"ဟင့် ဟင့် ဟင့်"





ပန်းစည်းလေးကို မြစက်ရင်မှာ ပွေ့ပိုက်ဖိကာ သဘောတကျရယ်ပြုံးလေးပြုံးတာ အသံချိုချိုလေးပါ ထွက်ပေါ်သွားသည်။

ထို့နောက် ပြုံးရယ်သံလေးကို မြစက် အရှိန်သတ်၏။ ဘုန်းနေရောင်ကို မျက်လွှာပင့်၍ တည်တည်လေးကြည့်ကာ -

"Thank You နော်၊ လာမယ်ဆို ဖုန်းကြိုဆက်ပါလား"

ဟု စကားလမ်းကြောင်း ဖွင့်ပေးလိုက်သည်။

"အင်း ကိုယ် ဆက်မလို့ပဲ၊ ဒါပေမဲ့"

ဘုန်းနေရောင် ကြည်လင်စွာပြောရင်း စကားရပ်ထားလိုက်သည်။ နောက်ဆက်တွဲစကားက ဘာပါလိမ့်။

မြစက် သိချင်စိတ်နဲ့ စူးစိုက်ကြည့်လျှင် ဘုန်းနေရောင်လည်း ပြန်ပြီး စိုက်ကြည့်၏။ စိုက်ကြည့်နေတဲ့ မျက်ဝန်းထဲမှာ အရှိန်အဝါတွေ ပါနေသည်။

"ဒါပေမဲ့ ဘာဖြစ်လဲဟင်"

"မြစက် ပါရဂူဘွဲ့ယူဖို့ စာတွေဖတ်နေရတာ သိလို့ပေါ့၊ ဖုန်းဆက်မိလို့ မြစက်ကို အနှောင့်အယှက်ဖြစ်သွားမှာ စိုးတယ်၊ ဒါကြောင့်ပါ"

"အဟင့် ရပါတယ် ဘုန်းရဲ့"

"ကိုယ်က အလိုက်သိချင်လို့ပါ၊ ဘာရယ်ညာရယ်တော့ မဟုတ်ဘူး။ ကိုယ်လည်း ရောက်ကတည်းက မာမီ့ပြုစုရတာနဲ့ တစ်ဖက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မာမို့အလုပ်တွေနဲ့ လုံးနေလို့ မြစက်ဆီ မရောက်ဖြစ်တာ၊ တစ်မျိုးတော့ မထင်နဲ့ဗျ''

ဘုန်းနေရောင် ကြောင်းပြရှင်းပြနေသည်က မြစက်အပြုအမူကို ထိုးနှက်နေတာလား။

မြစက် လေဆိပ်သွားမကြိုတာရယ်၊ မာမီနဲ့အတူ အန်တီမြတ်ကို လူမမာသတင်းမေးရင်း လိုက်မသွားတာရယ်ကိုပေါ့။

''ဟင့် ဟင့်၊ မြစက်လည်းလေ စာအုပ်စာတမ်းတွေ ရှာနေရတာနဲ့ မအားလို့ပါ၊ ဘုန်းလာရင်တော့ သေသေချာချာဧည့်ခံဖို့ စိစဉ်ထားပါတယ် ဘုန်းရဲ့''

''ရပါတယ်၊ ခုလို လက်ခံစကားပြောတာကိုပဲ ကျေးဇူးတင်တယ်၊ နောက်လည်း တွေ့ကြတာပေါ့၊ မြစက်အားတဲ့အခါ ဖုန်းဆက်လိုက်လေ''

ဘုန်း ပြောပြီး ထိုင်ရာမှ ထလေသည်။ မြစက်ရေ ဆက်ထိုင်ရမလို ထရမလိုနဲ့ မသိမသာ ပျာသွားပြီး –

''သွားတော့မှာလား''

ဟု လွှတ်ခနဲ မေးဖြစ်၏။

ဘုန်းနေရောင် ခေါင်းဆတ်ပြီး တိုက်အတွင်းဘက် တစ်ချက်ငဲ့ကြည့်သည်။

''အန်တီ့ကို ပြောလိုက်ဦး၊ ကိုယ် နောက်တော့ လာခဲ့ပါ့မယ်''





ဒါပဲပြောပြီး လှည့်ထွက်သွားလျှင် မြစက်ရေမျက်နှာပေါ် တင်းမာမှုလှိုင်းကလေးများ ဖြတ်သန်းသွားသည်။

ရင်ခွင်မှာ ပိုက်ထားမိတဲ့ ပန်းစည်းကို စားပွဲပေါ်တင်ရင်း ထရပ်လျက် –

''နေပါဦးလား''

ဟန့်တားမိတာက တစ်ဂုဏ်တက်ထားပါတဲ့ မြစက်ရဲ့ဂုဏ်ကို မြစက် ပြန်ဆယ်ဖို့ ဖြစ်သည်။

သူ ခြေလှမ်းတော့ တန့်သွားပါသည်၊ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ လျှိုထည့်၏။ မြစက်ရှေ့ကို တစ်လှမ်းရှေ့တိုးလာပြီး ထိထိမိမိ စိုက်ကြည့်ရင်း ပြောသည်။

''ပြောစရာရှိရင် လွတ်လွတ်လပ်လပ် ပြောကြရအောင်လား၊ မြစက်အားတဲ့အချိန် ဖုန်းဆက်ချိန်းလိုက်လေ၊ ကိုယ်လာခဲ့မယ်'' တဲ့။

ကျွတ်။ တင်စီးတာလား။ မြစက်က စချိန်းပါလို့ ဆိုလိုတာလား။ ထိုစကားနောက်မှ မြစက်မျက်နှာလေး ဘေးဆီလွှဲသလို ဖြစ်သွား၏။

သူက အောင်မြင်တဲ့ခြေလှမ်းနဲ့ မြစက်ကို ကျောခိုင်းသွားလေသည်။

ဝူးခနဲ မောင်းထွက်သွားတဲ့ ကားသံကြားမှ အသိဝင်လာကာ ခံပြင်းစိတ်နဲ့ အံကြိတ်လျက်။ ဘေးဆန့်ချထားတဲ့ လက်နှစ်ဖက်မှ လက်ချောင်းတွေ တင်းကျပ်စွာ ဆုပ်ထွေးမိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တင်ထားတဲ့ ပန်းစည်းကို ကြည့်ရင်း မြစက်ရင်မှာ ခံပြင်းစိတ်တို့ တုန်ခါသွား၏။

ပန်းစည်းဆက်သတဲ့အဓိပ္ပာယ်နဲ့ ဘုန်းရဲ့ တုံ့ပြန်ချက်။

သဘောတရားက သိသိသာသာ ကွာဟနေသည်။ ဒါတင်မက သူ့ဘာသာ လာချင်တဲ့အချိန်လာပြီး ပြန်ချင်တာနဲ့ ထပြန်သည်။ သေချာနေတာက မြစက်မာနကို ထိုးဆွတာ မဟုတ်လား။

တွေ့ကြသေးတာပေါ့ ဘုန်းနေရောင်ရယ်လို့ မြစက် ရင်ထဲမှာ ရေရွတ်သလို လှပသောနှုတ်ခမ်းကို ကွဲကွဲလေးမဲ့လိုက်သည်က မာနချင်း စိန်ခေါ်ယှိုဖွာ။

✿ ✿ ✿



## အခန်း (၁၀)

"အလို"

သမက်လောင်းကို ညှော်ခံမလို့ စားသောက်ပွဲကို ကိုယ်တိုင်ပြင်ဆင်ပြီးဖြစ်တဲ့ ဒေါ်ကျူဖြာကျော်။

မောင်ဘုန်းကို စားသောက်ခန်းဆီ ခေါ်မလို့ ဧည့်ခန်းထဲ ပြန်ဝင်လာသည်။ မျက်လုံးကလည်း မောင်ဘုန်းနဲ့သမီး အနေအထားကို အကဲခတ်ကြည့်မိလျှင် ဒေါ်ကျူဖြာကျော် ရင်ဘတ်ဖိလုမတတ် အံ့ဩတွေဝေသွားလေပြီ။

သမီးလေးက ဧည့်ခန်းအလယ်မှာ တောင့်တောင့်ကြီး ရပ်လို့ပါလား။ မောင်ဘုန်းကိုင်လာတဲ့ ပန်းစည်းသာ စားပွဲပေါ်မှာ။ မောင်ဘုန်းရဲ့အရိပ်ကိုလည်း မမြင်ရတော့ ဒေါ်ကျူဖြာကျော် မအံ့ဩဘဲနေမလား။



www.burmeseclassic.com

www.burmeseclassic.com



အုံ့ညြလွန်ပြီးလည်း လျှပ်တစ်ပြက် တွေဝေသွားကာ –

"ကျွတ်"

သမီးက စိတ်ပျက်သံနဲ့ ကျွတ်ခနဲ စုတ်သပ်၏။ တင်းထားတဲ့ မျက်နှာကို မော့ကာ လှည့်ထွက်သွားဟန်ပြုမှ ဒေါ်ဣန္ဒြာကျော် လှုပ်လှုပ်ရှားရှား ဖြစ်လေပြီး "သမီး" ဟု ဟန့်တားသလိုခေါ်သည်။ ခြေလှမ်းကလည်း သမီးအပါး ရောက်၏။

"မောင်ဘုန်း ပြန်သွားတာလား သမီး"

"ဟုတ်တယ်၊ လာချင်တဲ့အချိန်ရောက်လာပြီး ပြန်ချင်တဲ့အချိန် ပြန်သွားတာ မြစက်စိတ်နဲ့ မတွေ့ဘူး မာမီ"

ဘုန်းနေရောင်ကို ဘာမှမတုံ့ပြန်လိုက်ရတဲ့ မြစက်ရေ။ မာမီ မေးလာတော့မှ ခြေဖနောင့်ကလေးဆောင့်လျက် ဘုန်းခနဲ ပြောချလေသည်။ ဒေါ်ဣန္ဒြာကျော် သက်မ,ချရလေပြီ။

"သမီးရယ်"

လို့ မချီတင်ကဲ ရေရွတ်မိသည်က သမီးစိတ်ကို ကောင်းစွာ ဖတ်တတ်နေလို့ပဲ မဟုတ်လား။

"ဘုန်းက မြစက်ထက် မာနကြီးပြနေတာလား မာမီ၊ တကယ်ဆို မြစက်ရှေ့ ရောက်လာပြီပဲ၊ နေဦးလို့ တားနေတာတောင် မနေဘဲ ထထွက်သွားတာ ဘာသဘောလဲ"

"သမီးကို ဒီပန်းစည်းပေးတာက သာမန်သဘော မဟုတ်ဘူး





လေ၊ သမီးအပေါ် လေးနက်တဲ့အဓိပ္ပာယ်တွေ အများကြီးရှိနေတယ် မဟုတ်လား"

"လေးနက်တယ်၊ ဘာလေးနက်တာလဲ"

မြစက်ရေ မျက်နှာကြီးမဲ့ကျသွားသလို ညိုမှောင်သွားသည်။ မအေကို မေးခွန်းတွေ တစ်ခုပြီးတစ်ခုမေးရင်း ဆိုဖာပေါ် ဆောင့်ဆောင့်အောင့်အောင့် ထိုင်ချ၏။

မြစက် မျက်ဝန်းက စားပွဲပေါ်တင်ထားတဲ့ ပန်းစည်းကို စူးစိုက်ကြည့်ပြီး အံကြိတ်နေသည်။ ဒေါ်ဣန္ဒြာကျော် မသိမသာ သက်မချ၏။ သမီးအပါးလည်း အရှိန်အဝါရှိစွာ ဝင်ထိုင်ပြီး –

"သမီး နေရာတကာမှာ မာနချင်းတိုင်းလို့ မရဘူးလေ၊ မိန်းကလေးရှေ့ အခစားရောက်လာပြီးမှ ဒီယောကျ်ား လှည့်ပြန်သွားတယ်ဆိုတာ ဘာကြောင့်လဲ၊ ဒါကို သမီး တွေးတတ်ရမယ်"

"မာမီက မြစက်ကို အပြစ်ပြောနေတာလား"

"မာမီ့သမီးကို မာမီ အပြစ်ပြောစရာလား၊ ကိုယ့်ရှေ့မှောက် ဒီယောကျ်ား ရောက်လာပြီဆိုရင် မိန်းကလေးအနေနဲ့ မာနကို ခေတ္တပြန်သိမ်းထားရမယ်၊ အထူးသဖြင့် နှစ်ယောက်ချင်းဆုံတွေ့တဲ့အချိန်မှာ သမီးအနေနဲ့ မာနကို ဆွဲတင်ထားလို့ မရဘူး၊ ယောကျ်ားဆိုတာက ကိုယ်ရည်ရွယ်ထားတဲ့ မိန်းကလေးနဲ့ဆုံရင် ဖွယ်ဖွယ်ရာရာ စကားပြောချင်မယ်၊ ပြောလာအောင်လည်း သမီးဘက်က ပါးနပ်စွာ ပြောတတ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တတ်ဖို့လိုတယ်၊ စကားလုံးတိုင်းအပေါ်မှာ မာနတင်ထားရင် ဒီယောကျ်ား သမီးကို ဖူးချင်စိတ် ဘယ်ရှိတော့မလဲ''

မြစက်ရေ မျက်မှောင်လေးကြုတ်ကာ မာမီ့ကို ငေးကြည့်ဖြစ်၏။ မာမီကလည်း မြစက်လိုပဲ မာနကြီးတဲ့ မိခင်ပါ။ ဒါပေမဲ့ မာနတွေရဲ့ နောက်မှာ ယောကျ်ားတွေကို ညို့ထားနိုင်တဲ့ပရိယာယ် ကြွယ်ဝနေမှန်း ခုမှ လက်တွေ့မြင်တွေ့ရကာ –

''မာမီဆိုလိုတာက''

''ဩော် သမီးရယ်၊ သမီးရှေ့ မောင်ဘုန်းရောက်လာပြီပဲ၊ သမီးလုပ်သင့်တာကို လုပ်ရမယ်လေ၊ သမီးနားလည်အောင်ပြောရရင် ကိုယ့်ရှေ့ရောက်လာတဲ့ ယောကျ်ားတစ်ယောက် စိတ်နှလုံးယိုင်ကျလာစေဖို့က သမီးဟာ ကျားသစ်မလေးလို မာန်တဖီဖီ ဖြစ်ရာမလိုဘူး၊ သိုးမလေးလို သိမ်မွေ့နေရမယ်၊ နှုတ်ခမ်းလေးတွေ ချိုနေရမယ်၊ မျက်လုံးတွေဟာ ရွှန်းရွှန်းဝင့်ဝင့်လေးနဲ့ မြူးအီနေတာမျိုးဖြစ်ရမယ်၊ အမူအရာလေးတွေကအစ ယုန်ပျို့မလေးလို ချစ်စဖွယ် လူပ်ရှားတတ်ရမယ်၊ ဒါမှ ကိုယ့်ရှေ့ရောက်လာတဲ့ ယောကျ်ားဟာ ဒီအမူအရာလေးတွေပေါ်မှာ စွဲငြိသွားပြီး စိတ်နှလုံးသား ယိုင်ကျစေမယ်ပေါ့''

ဒေါ်ဣန္ဒြာကျော် ရှည်လျားစွာ ရှင်းပြနေသည်။ မြစက် နားထောင်နေရင်း မာမီ့ကို ပို၍ပင် အားကိုးလာသည်။

''မိန်းကလေးဟာ ဘယ်လောက်လှလှ, ဘယ်လောက်ပညာ





တတ်တတ်, ဘယ်လောက် မာနကြီးကြီး, ဘယ်လောက်ပဲ ချမ်းသာကြွယ်ဝနေပါစေ၊ ကိုယ့်ရှေ့ ဦးခိုက်ရောက်လာတဲ့ယောကျ်ားကို လှလှပပ ဆွဲဆောင်နိုင်တဲ့ မူယာမာယာလေးများမရှိရင် အဲဒီယောကျ်ားကို တစ်သက်လုံး နှောင်ဖွဲ့ထားဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ တစ်ခါတွေ့ရင် တစ်သက်စွဲငြိသွားအောင် ပြုစားထားမှ ဒီယောကျ်ားဟာ ကိုယ့်ဆီမှာ ပိတုန်းကောင်လို ဝဲနေမယ်၊ ကိုယ်က ကန်ထုတ်နေရင်တောင် တောက်တဲ့လို ကိုယ့်ကို တွယ်ထားဖို့ ကြိုးစားချင်မှာပေါ့၊ မလိုအပ်ဘဲ မာနတွေ အစီအရီ ထုတ်သုံးနေရင် အလကားပဲ သမီး၊ ခုပဲ ကြည့်လေ''

မြစက်ရေမျက်ဝန်းမှ ခံပြင်းမှုတွေ လျော့ကျသွားသည်။ တခြား ယောကျ်ားတွေကို ခါပစ်လို့ နောက်ဆုတ်သွားတုန်းကလည်း မြစက်ရေ ဝမ်းမနည်း။ ခံပြင်းမှုလည်း မဖြစ်။

သွားပါစေပေါ့လို့ ရင်ထဲမှာ ပေါ့ပါးနေခဲ့သည်။ ဘုန်းနေရောင်ကို ခါမပစ်ရသေးဘဲ လှည့်ပြန်သွားတယ် ဆိုရုံလောက်နဲ့တင် မြစက်ရေ ပြင်းစွာခံစားရတာ အကြောင်းမဲ့မဟုတ်မှန်း မြစက်စိတ်ကို မြစက် သိလာသည်။

မော်လီသော်ပြလို့ တွေ့ရကာတည်းက ဘုန်းနေရောင်ကို စိတ်ဝင်စားခဲ့သည် မဟုတ်လား။ အဲဒီနောက် ဘုန်းနေကို လက်ခံခဲ့တယ်။ ပိုနီးလာမယ့် အနေအထားကို မြင်ရလျက် ခုတော့ အားမလိုအားမရဖြစ်ကာ မာမီထောက်ပြခါမှ မြစက်ရဲ့အားနည်းချက်ဖြစ်မှန်း သိရတော့



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သမီး ဘာဆက်လုပ်ရမလဲ မာမီ"

"သမီးမာနကို သမီး ခဏလေးခေါက်သိမ်းလိုက်၊ ဘုန်းနေရောင် စိတ် သမီးအပေါ် လုံးလုံးလျားလျား ပုံကျသွားအောင်လုပ်၊ အဲလိုလုပ်ဖို့ အရေးအကြီးဆုံးပဲ၊ နောက်ပြီး မာမီထင်တယ်၊ မောင်ဘုန်း သမီးအပေါ် စိတ်ဝင်စားမှုမရှိဘဲ သမီးရှေ့ ရောက်လာမှာမဟုတ်ဘူး၊ ပြီးတော့ ဒီပန်းစည်းပေးတာ အဓိပ္ပာယ်တွေ အများကြီးရှိတယ်၊ အဲဒီ အဓိပ္ပာယ်ကလည်း သမီးကို ကိုယ်စားပြုတယ်၊ ဟုတ်တယ်နော်သမီး"

စားပွဲပေါ်က ပန်းစည်းလေး ဆွဲယူပြီး မာမီပြောသည်။ ပြောပြီး ပန်းစည်းကို မြစက်လက်ထဲ ထည့်ပေးသည်။ ပန်းစည်းကို မြစက် ပွေ့ပိုက်ယူပြီး "ကျေးဇူးပဲမာမီ" ဟု လှိုက်လှိုက်လှဲလှဲ ပြော၍ မာမို့အနားမှ ထထွက်ခဲ့သည်။

သမီး သဘောပေါက်သွားတာကိုကြည့်ပြီး ဒေါ်ဣန္ဒြာကျေ ကျေနပ်သွားသည်။

ဘုန်းနေရောင်ရယ်

မြစက်ကို ကိုယ်စားပြုတဲ့ ပန်းစည်းလေး မြစက်လက်ထဲ ရောက်နေသလို ရှင့်ရဲ့ခံစားချက်အားလုံးလည်း မြစက်ဆီ ရောက်ရလိမ့်မယ်လို့ ဟစ်ကြွေးရင်း –

✿ ✿ ✿



## အခန်း (၁၁)

"တစ်နေရာရာမောင်း နော်"

"ဟင်"

ကသစ် ကားအရှိန်လျှော့ချရင်း နောက်ပြန်ငဲ့ကြည့်မိသည်။ ဘုန်းနေရောင်က နွယ်ကသစ်ကို ပြန်မကြည့်၊ မှန်တစ်ဝက် လျှောချထားတဲ့ ကားပြတင်းပေါက်မှ အပြင်မြင်ကွင်းကို အငေးမပျက်ဘဲ ဆိုသည်။

"ကိုယ် စိတ်မွန်းကျပ်နေလို့ကွ"

ကသစ် ခပ်တွေတွေဖြစ်လို့သွားသည်။ သူ့စိတ်မွန်းကျပ်နေတာနဲ့ ကသစ်က တစ်နေရာရာကို ကားဆက်မောင်းရမတဲ့။

ဘယ်ကို မောင်းရမှာလဲ။ နွယ်ကသစ် ဝေခွဲမရပါ။

ဘယ်ကိုမောင်းကွာဆိုရင် ဟုတ်တုတ်တုတ် ရှိသေး။



www.burmeseclassic.com

www.burmeseclassic.com



ခုဟာက တစ်နေရာရာတဲ့။ ကသစ်က တစ်နေရာရာ မောင်းသွားတာတော့ ဟုတ်ပါရဲ့။ ထိုနေရာက သူ့စိတ်မွန်းကျပ်တာကို ကုစားပေးနိုင်မယ့်နေရာမျိုး ဖြစ်မတဲ့လား။

ကားကို ဖြည်းဖြည်းမောင်းလျက် သူ ဘာပြောဦးမလဲ စောင့်စားရင်း မသိမသာ ငဲ့ငဲ့ကြည့်မိတာ သုံးလေးခါက်မကတော့ပါ။

သူက အပြင်ကိုပဲ ငေးနေဆဲ။

"ဂိမ်းစင်တာ သွားမလား"

ကားကို လမ်းဘေးကပ်ရပ်ပြီး သူ့သဘောထားကိုမေးသည်။ ဘုန်းနေရောင် အပြင်ဘက် ငေးနေရာမှ ကသစ်ဆီ တည့်တည့်ကြည့်၏။

"စိတ်မဝင်စားဘူး"

"ပန်းခြံ"

"ဟင့်အင်း"

"Shopping Center ဆိုရင်ကော"

သူ ချက်ချင်း ခေါင်းခါပြန်သည်။

"ဘီယာဆိုင်"

ကသစ် ဖြစ်နိုင်ခြေကို မေးလိုက်မိပြန်သည်။ သူ့အကြည့်က ပို၍ စူးရှလေပြီ။

"ကိုယ် ဘီယာသောက်တာ မင်းမြင်ဖူးလား"

"ဆောရီး"





ကသစ်မေးတာ လွန်သွားပြီထင်ရသည်။ ချက်ချင်း ဆောရီး ပြောရင်း သက်မ,ခိုးချ၏။

"မင်းက ဒီလောက်လေးတောင် အရိပ်အကဲ မဖမ်းတတ်ဘူးလား၊ လူတစ်ယောက် စိတ်မွန်းကျပ်လှောင်ပိတ်နေတာတွေ ကင်းပျောက်သွားစေဖို့ ဘယ်လိုနေရာမျိုးက သင့်တော်မလဲဆိုတာလေး၊ နည်းနည်းပါးပါး တွေးပေးဖော်မရတာ ကိုယ့်စိတ်ကို ပိုပြီး မွန်းကျပ်စေတယ်နွယ်ကသစ်"

သူ့စကားလုံးတွေက ဩဇာသံနဲ့ အရှိန်အဝါကြီးနေသည်။

"ကသစ်က"

"တော်ပြီ မပြောနဲ့"

ခပ်တင်းတင်းလေး ပိတ်ပြောသံက ကသစ်အပေါ် တင်တင်းစီးစီး ဆက်ဆံလိုတဲ့သဘောလား။

ပြောလိုက်ပုံက သူ့စိတ်မွန်းကျပ်တာကို ကုစားပေးဖို့ အကောင်းဆုံးနေရာကို အလွယ်တကူ ခေါ်မသွားနိုင်တာ ကသစ်ရဲ့အားနည်းချက် ဖြစ်နေသလိုလို ဘာလိုလိုနှင့်။

ထင်သမျှလည်း ကသစ် ရှုတ်ပြပြီးပြီ၊ သူ့ဘက်က စိတ်တိုင်းကျ မဖြစ်တာက ဘာတတ်နိုင်မှာလဲ။

ထိုသို့ ပြန်မေးလိုက်ချင်ပေမယ့် သူ့ဝန်ထမ်းဆိုတဲ့အသိနဲ့ နှုတ်ဆိတ်နေလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ မင်းက ရန်ကုန်မှာနေပြီး ဘယ်နေရာ ဘယ်လို ခံစားမှုတွေကို ဖြေသိမ့်နိုင်စရာကောင်းနေမလဲဆိုတာ မခန့်မှန်းမိဘူးလား၊ မခန့်မှန်းနိုင်ဘူးလား"

အပြစ်တင်သလိုပြောနေတဲ့ သူ့ကို ကသစ် စိတ်မရှည်ချင်တော့ပါ။ ဒါကြောင့် -

"အင်းလျားကန် သွားမလား" ဟု မေးချသည်။

"အင်းလျားကန်"

ကသစ် စိတ်ရှည်ဇအောင်ဆွဲဆန့်ထားပြီး မေး၏။ သူ အသံတိုးတိုး ရွတ်ပြီး -

"အင်းလျားကန်မှာ ဘာရှိလဲ"

ဒီမေးခွန်းက သူ တမင်အရွဲ့တိုက်မေးမှန်း ကသစ်သိသည်။

"ပြောလေ၊ အင်းလျားကန်မှာ ဘာရှိလဲ"

"ရေရှိတာပေါ့"

"ဒါပဲလား"

မေးလိုက်သံကိုက ကသစ်စိတ်ကို ထိုးဖွမွှေနှောက်သလို ဖြစ်ကာ ရှည်အောင်ဆွဲဆန့်ထားတဲ့ စိတ်က ချက်ချင်း ကျုံ့ဝင်သွား၏။

"အဲဒီရေတွေကို ဘောင်ခတ်ထားတဲ့ ကန်ဘောင်ရှိတယ်၊ ကန်ဘောင်ပေါ် လမ်းလျှောက်ကြသူတွေလည်း ရှိတယ်၊ ခုံတန်းတွေရှိသလို သစ်ပင်တွေလည်း ရှိတယ်၊ အုပ်စုလိုက် အနားယူနေကြသူတွေလည်း





ရှိတယ်၊ အေး အများဆုံးကတော့ စုံတွဲတွေရှိတယ်၊ ဝါသနာပါရင် သွားချောင်းလို့ ရတယ်"

ကသစ် စိတ်အချဉ့်ဖောက်ကာ ဒလဟော ပြောချလိုက်သည်။ အပြစ်တင်ချင်တင်၊ အလုပ်ဖြုတ်ချင်ဖြုတ်စေတော့ဟု စိတ်ပိုင်းဖြတ်ကာ ပြောပြီး မျက်လွှာချထားလိုက်သည်။

သူ ဘာပြောမလဲ ငြိမ်ဆိတ်စွာ နားစွင့်နေရုံပဲ ရှိ၏။

"ပြန်ပြောပါဦး၊ စုံတွဲတွေရှိတယ် ဟုတ်လား၊ ဝါသနာပါရင် သွားချောင်းလို့ရတယ် ဟုတ်လား"

ဘုန်းနေရောင် ပြန်မေးတော့ နွယ်ကသစ် မဖြေ။ နှုတ်ခမ်းစေ့ထားလိုက်သည်။ သူ့ကိုရွဲ့ပြီးဖြေမှန်း သိသွားတဲ့နောက်မှာ စိတ်ထဲက ခံပြင်းသွားသည်။

ထိုခံပြင်းမှုက ခဏလေးဖြစ်ကာ နှုတ်ခမ်းမှာ ပြုံးချင်ချင်နှင့် ရင်ထဲက ရယ်ချင်ပက်ကျိ ဖြစ်လို့သွားသည်။

"မင်းရော မွန်းကျပ်တဲ့အခါ အဲလိုပဲအတွဲချောင်းဖူးတယ်လား"

"ရှင်နော်"

နွယ်ကသစ် မျက်နှာကြီး ထူအမ်းသွားသည်။ ဆတ်ခနဲ လှည့်ကြည့်လျှင် ပြုံးမြနေတဲ့ သူ့မျက်နှာနဲ့ တန်းဆုံသည်။

ထိုမျက်လုံးကြောင့် ကသစ် ခံပြင်းစိတ်နဲ့ တစ်ခုခုပြန်ပြောဖို့ ဆွံ့အသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မနွယ်ကသစ် ရှေ့ပြန်လှည့်"

"ကျွတ်"

ကသစ် စိတ်လှုပ်လှုပ်ယမ်းယမ်း ဖြစ်ချေသည်။ သူ့တို့ ဝန်ထမ်းဘဝက ပြောချင်ရာပြောခွင့်မရတာထက် သူတို့ပြောတဲ့အတိုင်း နာခံလုပ်ဆောင်ရတဲ့အဖြစ်က ပိုခံပြင်းလာသည်။

ဆုံသွားတဲ့အကြည့်နဲ့ စေခိုင်းမှုနောက်မှာ ကသစ် ခွန်းတုံ့ပြန်ခွင့်မသာ။ ရှေ့ပြန်လှည့်ရသည်သာ။

"ကျေးလက်ဆန်ဆန် ရှုခင်းမျိုးရှိတဲ့နေရာမျိုး မောင်းတဲ့"

သူပြောတဲ့အတိုင်း ဖြစ်နေစေတဲ့ နွယ်ကသစ်အမူအရာတို့က သူ့စိတ်ကို လန်းဆန်းမှုတစ်မျိုး ဖြစ်စေသည်။

ဒါကို ကွဲပြားစွာသိသွားသည်က မြစက်နဲ့မျက်နှာချင်းဆိုင် ဆုံအတွေ့ကတည်းက။

မြစက်ရေဆိုတာ ပန်းက တစ်ပွင့်တည်းရယ်။

ဒါပေမဲ့ ရိုးတံတစ်လျှောက် ဆူးပတ်လည်ရံနေတာက နှင်းဆီခက်ရိုးတံနှယ်။

✿ ✿ ✿



## အခန်း (၁၂)

"မြွေပေါက်မကလေးများ လို့ နာမည်ပေးထားတဲ့ Dancer အဖွဲ့တစ်ဖွဲ့ ကမ်းလှမ်းလာတယ်၊ မင်းသဘော ဘယ်လိုရှိလဲ ဘုန်း"

ကိုတိုးကြီးမေးသံ ရှင်းရှင်းကြီး ကြားရ၏။

ဖုန်းခွက်ကို နားနားကပ်ထားရာမှ အနည်းငယ်ခွာပြီး ဘုန်းနေရောင် စဉ်းစားရပါသည်။ သူ့ရဲ့ S.M.E အေဂျင်စီမှာ Dancer အဖွဲ့ လေးငါးဖွဲ့ ရှိပြီးသား။ နောက်ထပ်အဖွဲ့သစ် လက်ခံမယ်ဆိုရင် စဉ်းစားစရာ လိုပြီမဟုတ်လား။

ငွေကြေးမြှုပ်နှံရမယ့် ပမာဏကို တွက်ချက်ရတော့မည်၊ အဓိကအရေးကြီးတာ ပရိသတ်လက်ခံထားမှု အတိုင်းအဆပဲ မဟုတ်လား။

"အင်း၊ ကိုတိုးကြီးအမြင် ဘယ်လိုရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပုံစံလေးတွေကြည့်ရတာတော့ တကယ့် အလန်းချည်းပဲ"

"ပရိသတ်လွှမ်းမိုးနိုင်မယ့်ဝိတ် ဘယ်လောက်ရှိလဲ၊ အခု လက်ရှိကွာ"

"မင်း လက်ရှိအဖွဲ့တွေနဲ့ ယှဉ်လို့တော့မရဘူးပေါ့ကွာ၊ မြွေဟောက်မလေးများက မျက်နှာသစ်၊ သူတို့တွေက တခြားဖျော်ဖြေရေးတွေနဲ့ ဆက်ကြည့်ပြီးပြီ၊ ဘယ်ဖျော်ဖြေရေးအဖွဲ့ကမှ စိတ်မဝင်စားဘူး၊ အဲဒါနဲ့ မင်းရဲ့ Sky Music Entertainment အေဂျင်စီကို ရောက်လာတာကွ၊ မင်း စိတ်ဝင်စားရင်တော့ စွန့်စားရမယ်၊ ဘယ်လိုလဲ ဘုန်း"

"ဘယ်သူမှ လက်မခံတဲ့ Dancer အဖွဲ့၊ ပြီးတော့ မျက်နှာသစ်၊ ပရိသတ်ရှိလာအောင်လုပ်ဖို့က အခြေအနေနဲ့ အချိန်အခါဆိုတာကိုလည်း စောင့်ကြည့်ရမယ်၊ ဒါမျိုးက ရှုံးရင်လည်း ခွက်ခွက်လန်ဖြစ်ဖို့ ရာခိုင်နှုန်းများတယ်။ ဒါပေမဲ့ စွန့်ကြည့်တာပေါ့ကွာ"

"အိုကေ၊ အဲဒါဆို မြွေဟောက်မလေးများအဖွဲ့နဲ့ ကိုယ် အသေးစိတ် ဆွေးနွေးလိုက်မယ်၊ ဆွေးနွေးပြီးရင် ဖုန်းထပ်ဆက်မယ် ဘုန်း"

"အချိန်တော့ သိပ်မဆွဲနဲ့"

"စိတ်ချပါကွာ၊ ဒါပဲ ဘုန်း၊ ဘိုင့်ဘိုင်"

ကိုတိုးကြီး ပေါ့ပါးစွာပြောပြီး နှုတ်ဆက်၏။ သူလည်း ပြန်နှုတ်ဆက်ကာ ဖုန်းခွက်ကို ပြန်ချသည်။

သူ ဟိုမှာရှိနေရင် ဒီကိစ္စ သူကိုယ်တိုင် ကိုင်တွယ်ရမည်။





S.M.E က သာမန်ဖျော်ဖြေရေးသဘောမျိုး မဟုတ်ပါ။ အဖက်ဖက်က ပြည့်စုံစေဖို့ နာမည်ကြီးအဆိုတော်တွေနဲ့ အကအဖွဲ့၊ တူရိယာတီးခတ်တဲ့ ပညာရှင်များစွာကို စာချုပ်နဲ့ နှစ်အကန့်အသတ်အလိုက် မူပိုင်လုပ်ထားရသည်။ အလားအလာရှိတဲ့ အဆိုတော်သစ်နဲ့ အကအဖွဲ့တွေကိုလည်း စင်တင်လေ့ရှိ၏။

သူ စင်တင်တဲ့အဖွဲ့တိုင်း ပေါက်တာများသည်၊ ဒီ မြွေဟောက်မလေးအဖွဲ့ရော သူတင်ရင် ပေါက်မလား။ မပေါက်ရင် ရင်းနှီးထားမယ့်ငွေ ရှုံးမည်။ သူ့ရဲ့ဖျော်ဖြေရေးကို ယုံကြည်လက်ခံနေတဲ့ Customer တွေရဲ့ စိတ်သဘော ဘယ်လိုရှိစေမလဲ။

အနှောင့်အယှက် ဖြစ်စေမလား။ ဒါမှမဟုတ် သူ့ရဲ့ S.M.E ကို စိတ်ဝင်စားမှု လျော့နည်းသွားစေမလား။ ဒါလည်း စဉ်းစားရသေးသည်။

အင်္ဂလန်မှာက ဖျော်ဖြေရေးအဖွဲ့တွေက အပြိုင်အဆိုင်များလှသည်။ သူ့ထက်ငါ ကောင်းအောင် ကြိုးစားထားကြသည်၊ တစ်နေရာရာမှ အလွဲအချော်၊ အတိမ်းအစောင်း မခံကြပါ။ လွဲချော်တာနဲ့ ကိုယ့်ရဲ့ဖျော်ဖြေရေး နာမည်ကျသွားနိုင်သည် မဟုတ်လား။

သူမလာခင် ကုန်တိုက်သူဌေး မစ္စတာချန်တာ ပြောထားဆိုထားတာ ရှိသည်။ သူ့ကုန်တိုက်အတွက် ကျွမ်းကျင်တဲ့ မျက်နှာသစ် Dancer အဖွဲ့တစ်ဖွဲ့ကို ဆန်းသစ်တဲ့ ကကွက်မျိုးထွင်ကစေပြီး ကုန်ပစ္စည်းကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားအောင် ဖန်တီးချင်တယ်လို့ တိုင်ပင်ဖူးသည်။

လာမယ့်နှစ်သစ် အစီအစဉ်အတွက်တဲ့။

မစွတာချန်တာ ဖြစ်စေချင်တာကို ဖြည့်ဆည်းပေးချင်သလို သူလည်း စွန့်စားချင်သည်။ ဒါကြောင့် ဆွေးနွေးညှိနှိုင်းစေဖို့ ကိုတိုးကြီးကို စီစဉ်စေခြင်းပါ။

အောင်မြင်တာ မအောင်မြင်တာက ဓာစ်ပိုင်း။ လုပ်စရာရှိတာ လုပ်လိုက်ဖို့က အဓိကကျတယ်လို့ ဘုန်းနေရောင် ယူဆကာ။

"သားငယ်"

ဖုန်းခွက်ချပြီးသည်နှင့် ငှုငှုကြီးထိုင်ပြီး တွေးကောင်းဆဲ၊ မာမီ့ ခေါ်သံကြောင့် ဘုန်းနေရောင် ဆတ်ခနဲဖြစ်ကာ –

"ပြော မာမီ"

ဟုဆိုရင်း ထိုင်ရာမှ ထလေသည်။

"သား ထိုင်လေ"

မာမီ ပြောရင်း ဘုန်းနေရောင်ဆီ လျှောက်လာသည်။ ကျန်းမာ လာပြီးစ ဖြစ်ပေမယ့် မာမီ့အသွင်က ငြိုးစီစီဖြစ်မနေ။ နဂိုနီးပါး သွက် လက်နေသလို မာမီဝတ်ထားတဲ့ ရယ်ဒီမိတ်အင်္ကျီ စိမ်းနုရောင်လေးလို မျက်နှာလေး စိမ်းစိုလန်းဆန်းလို့နေသည်။

"မာမီ ပြောစရာရှိလို့ သားရဲ့"

ဘုန်းနေရောင် ပြန်ထိုင်ချလျှင် မာမီပြောရင်း အနားမှာ လာ





ထိုင်သည်။ မာမီပြောစရာရှိတယ်တဲ့။ ဘာများလဲ သိချင်စိတ်နဲ့ –

"ဘာများလဲ မာမီ"

"အဟင့် သားက လူကသာ ဒီမှာ၊ စိတ်က အင်္ဂလန်ရောက်နေ တယ်ပေါ့လေ" တဲ့။

သူပြုံး၍ မာမီ့လက်ဖဝါးကို နွေးထွေးစွာ ဆုပ်ကိုင်လိုက်ပြီး–

"မာမီပြောသလောက်လည်း မဟုတ်ပါဘူး"

"ဘာလို့မဟုတ်ရမှာလဲ၊ တိုးကြီးဖုန်းဆက်ပြီးကတည်းက တွေး နေတာလေ၊ မာမီမြင်ပါတယ် သားငယ်ရယ်"

"နည်းနည်းပါးပါးပါ မာမီရဲ့"

ဆုပ်ကိုင်ထားဆဲဖြစ်သော မာမီ့လက်ဖဝါးကို သူ့နှုတ်ခမ်းနဲ့ ထိကပ်မွှေးကြူလိုက်သည်။ မာမီက ကျေနပ်သွားသလို ပြုံးကြည့်ပြီး သားငယ်မျက်နှာလေးကို ငုံ့ကြည့်ရှာသည်။

"မာမီက သားကို အပြစ်ပြောချင်တာ မဟုတ်ပါဘူး၊ အလုပ် ကိစ္စဆိုတော့ မေ့ထားလို့ မဖြစ်နိုင်ဘူးလေ၊ တွေးစရာရှိတော့ တွေးနေ ရမယ်ပေါ့၊ မဟုတ်ဘူးလား သားငယ်"

မာမီ နားလည်မှုရှိရှိပြောလေတော့ ဘုန်းနေရောင် အသက်ရှူ ချောင်သွားသည်။ ဒေါ်မိမြွတ်မြွတ်က လုပ်ငန်းရှင်မကြီးတစ်ယောက်ပဲ။ နားလည်မှုတော့ ရှိရမယ်လေ။

"ကျေးဇူးပဲ မာမီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး သားရယ်၊ မာမီတောင် နေထိုင်မကောင်းတဲ့ကြားထဲက အလုပ်ကိစ္စတွေထဲ စိတ်က ရောက်ရောက်သွားတာပဲ၊ သားကို မာမီ ကိုယ်ချင်းစာတယ်၊ နားလည်မှုလည်း ပေးနိုင်ပါတယ်ကွယ်၊ အင်း ဒါပေမဲ့"

မာမီ စကားစဖြတ်ကာ ဘုန်းနေရောင် စိုက်ကြည့်၏။ ဘုန်းနေရောင်က ဆုပ်ကိုင်ထားဆဲ မာမီ့လက်ချောင်းတွေကိုပဲ ကြည့်ရင်း –

"ပြောလေ မာမီ၊ ဒါပေမဲ့ ဘာဖြစ်လဲ"

"သားက နားမလည်ချင်ယောင် ဆောင်နေပြန်ပြီ"

"ဘာကိုလဲ"

ဘုန်းနေရောင် မရိပ်မိ။ မာမီ့မျက်နှာကို ဖျတ်ခနဲ မော့ကြည့်ကာ မေး၏။ မာမီက ဆုပ်ကိုင်ထားတဲ့ မာမီ့လက်ပေါ်က ဘုန်းနေရောင်၏ လက်ပေါ် နောက်ထပ် မာမီ့လက်တစ်ဖက်ကို ထပ်အုပ်ဆုပ်ကိုင်ပြီး –

"မြစက်လေ သားရဲ့"

မာမီ့စကားမဆုံးခင် ဘုန်းနေရောင် အကြည့်လွှဲလိုက်သည်။ မာမီ့လက်ဖဝါးနှစ်ခုကြား ရောက်နေတဲ့ သူ့လက်ကို မလုံမလဲ ပြန်ဆွဲထုတ်ပြီး –

"မာမီတို့ဆန္ဒကို ကျွန်တော်သိပါတယ်"

"သိတယ်ဆိုလည်း မြန်မြန်ဆန်ဆန် ကိစ္စပြီးချင်တယ်၊ စေ့စပ်ရုံမဟုတ်ဘူးနော်၊ မင်္ဂလာပွဲကို ပြောတာ"





စိတ်ထက်သန်နေတဲ့ မာမီ့ဆန္ဒနောက်မှာ ဘုန်းနေရောင် မဲ့မဲ့လေး ပြုံးမိသွားသည်။

"မနေ့က မြစက်ဆီသွားတာ ခဏလေးပဲနေပြီး ပြန်ခဲ့တယ်ဆို"

မာမီ တည့်တည့်မေးလေသည်။ ဘုန်းနေရောင် ဝန်ခံဖို့ လေးပင်သွား၏။

တိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းပေပဲ၊ မာမီ သဘောပေါက်သွားကာ သက်မလေးချပြီးပြောသည်။

"သားငယ်ရယ်၊ မြစက်လေးမှာ သားသဘောမတွေ့စရာ ဘာများမြင်လို့လဲကွယ်၊ အစက သားပဲ ကျေကျေနပ်နပ် အဆက်အသွယ်လုပ်ပြီးတော့လေ၊ ခုလို နီးစပ်လာတဲ့အနေအထားရောက်ခါမှ ရှောင်ဖယ်ချင်တာ ဘာသဘောလဲကွယ်၊ မာမီတို့နှစ်ဖက်မိဘဂုဏ်ကို ငဲ့ပါဦး သားငယ်၊ မြစက်နဲ့ သားကိစ္စက ဘယ်လိုမှ လွဲလို့မဖြစ်ဘူးနော်၊ အသိုင်းအဝိုင်းကြားထဲမှာ သတင်းကပျံ့နေပြီ၊ ဟိုကမေး ဒီကမေး တစ်မေးတည်းမေးခံနေရပြီ၊ သားပြန်လာတာ ဒီကိစ္စအတွက်ဆိုတာ အားလုံးသိနေကြတယ်"

"ဘယ်လို"

ဘုန်းနေရောင် မယုံနိုင်အောင် ဖြစ်သွားသည်။ ဒေါ်မိမြတ်မြတ်ကိုယ်ကို ဆိုဖာနောက်ကျောမှီချကာ သက်သောင့်သက်သာ မှေးထိုင်လျက်

"ဟုတ်တယ်သား၊ သားကို မာမီ ပြန်လာစေချင်တာ သားရေး



www.burmeseclassic.com

www.burmeseclassic.com



သမီးရေးကိစ္စပဲ၊ မာမို့ကျန်းမာရေး မကောင်းတာကလည်း အကြောင်းပြ ကောင်းသွားတယ် ဆိုပါတော့ကွယ်''

ဘုန်းနေရောင် စိတ်ပျက်စွာ ဆံပင်တွေကို ဖွပစ်လိုက်သည်။ ခေါင်းလည်း ရမ်းလေပြီး –

''မဟုတ်သေးဘူး မာမီရယ်၊ ကျွန်တော်နဲ့မြစက်က''

''တီ တီ တီ''

ဘုန်းနေရောင် စကားမဆုံးသေး တယ်လီဖုန်းထမြည်၏။ ဖုန်းသံကြောင့် စကားဆက်မပြောသာတော့၊ မာမီနဲ့ သူ့မျက်လုံးက ထမြည်တဲ့ ဖုန်းသံဆီ ပြိုင်တူအကြည့်ရောက်လေသည်။

ဖုန်းစင်နဲ့ နီးနေတဲ့ ဘုန်းနေရောင်ပဲ တယ်လီဖုန်းခွက် ကောက်ကိုင်ပြီး –

''ဟဲလို''

''ဘုန်းလား မြစက်ပါ''

ချိုမြကြည်လင်သော မြစက်ရေအသံ။ မထင်မှတ်တဲ ကြားလိုက်တော့ အံ့ဩလည်း အံ့ဩသွားကာ –

''ပြောလေ မြစက်''

လို့ ဣန္ဒြေမပျက် ဆိုလိုက်သည်။ ထိုအခါ မာမို့မျက်ဝန်းက အရောင်တွေပြောင်းကာ မြစက်ဖေ့ ဖုန်းဆက်လာမှန်းသိသွားလို့ ကျေနပ်စိတ်လည်း ဖြစ်နေလေသည်။





''အင်း လာခဲ့ပါ့မယ်''

''-------''

''ဒါပဲနော်၊ မြစက် ဘိုင်''

ဘုန်းနေရောင် စကားစဖြတ်ကာ ဖုန်းချလိုက်သည်။ ဒေါ်မိမြတ်မြတ် သိချင်စိတ်ကလေးနဲ့ –

''မြစက်လေးက ဘာတဲ့လဲ သား''

''အပြင်မှာ တွေ့ရအောင် ချိန်းတာ''

ဘုန်းနေရောင် ပွင့်လင်းစွာပဲ ထုတ်ပြော၏။ မာမို့မျက်နှာလေး ချိုမြပြုံးရွှင်သွားကာ ဘုန်းနေရောင်လက်မောင်းကို ယုံကြည်စိတ်ချစွာ ဆုပ်ကိုင်၍ –

''လွတ်လွတ်လပ်လပ် ဆွေးနွေးကြပေါ့ သားရယ်၊ ခုချိန်မှာ မာမီ လိုချင်တာက ချွေးမ၊ ပြီးတော့ မြေးတွေပေါ့ကွယ်တဲ့''

ဘုန်းနေရောင် ဘာမှ ပြန်မပြောလိုတော့ပါ။

''ဟုတ်တယ် မောင်လေးရဲ့၊ မာမိက အဲဒါပဲ တဖွဖွပြောနေတာ၊ ဒီမှာမွေးထားပေးတဲ့ မြေးနှစ်ယောက် ရှိနေတာပဲလို့ပြောတာလည်း မရဘူး၊ သားက မြေးလည်း လိုချင်သတဲ့၊ ဟင့် ဟင့် ဟင့်''

ကလေးနှစ်ယောက်နဲ့ ရှော့ပင်ထွက်ပြီး ပြန်ရောက်လာတဲ့ မမတို့ မိသားစု မာမို့စကား နားစွန်နားဖျားကြားသည်နှင့် မမ,ဝင်ပြောကာ–

''ဘွားဘွား''



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားကြီး"

မြေးနှစ်ယောက်ရဲ့ခေါ်သံနဲ့ မာမီ့ဆီ ပြေးလာတဲ့ တူနဲ့တူမရယ်။ တူလေးက လေးနှစ်ခွဲ၊ တူမချောက နှစ်နှစ်ရယ်။

နှစ်ယောက်လုံး ချစ်စဖွယ်လေးတွေ ဖြစ်ကြပါသည်။ အပြင်က ပြန်လာသည်နှင့် မာမီ့ကို ပွေ့ဖက်နမ်းရှုပ်တာ မရိုးတော့ပါ။ အခုလည်း နမ်းလျှင် ဘွားအေက ပြန်မွှေးပြီး –

"သားရေ၊ သားဆီက မာမီလိုချင်တာ ဒီလိုမြေးတွေပါကွယ်၊ သား တူ့တူမတွေအတွက် အဖော်လည်းရတာပေါ့၊ မဟုတ်ဘူးလား၊ ကဲ သွား သွား၊ မြစက်လေးနဲ့ ချိန်းထားတယ်မဟုတ်လား"

ဟု မြေးနှစ်ယောက်ကို ပွေ့ဖက်ထားရင်း ဆိုချေသည့် မာမီ။ မမကလည်း သွားလေလို့ မျက်စနဲ့ ပြောပြန်သည်။

မာမီနဲ့မမရဲ့ဆန္ဒအတိုင်း ဘုန်းနေရောင် လှုပ်ရှားရချေပြီ။

ပြီးတော့ မြစက်ရေအတွက်။

ခုမှ ပထမဦးဆုံးအကြိမ် သူ့ကိုယ်သူ အားမလိုအားမရ ဖြစ်လာသည်။

ယောကျ်ားတစ်ယောက်အတွက် မိန်းမယူ ကလေးမွေးတဲ့ကိစ္စက သမားရိုးကျဆန်လှပါသည်။

ကိုယ်ယူမယ့်မိန်းမဟာ ကိုယ့်ကို မာနတွေနဲ့ အံတုနေမှာကို မလိုလားတာတော့ အမှန်ရယ်ပါ။





မိန်းကလေးဘက်က ဘာကြီးပဲရှိနေနေလေ။

သူက မိန်းမစည်းစိမ်နဲ့ စံမြန်းချင်တဲ့ ခပ်နုံနုံကောင်မှ မဟုတ်တဲ။

ကိုယ်ယူမယ့်မိန်းမဟာ ကိုယ့်ကို လိုလားမက်မောစွာ ကျိုးနွံနေဖို့ မလိုအပ်ပေဘူးလား။

တစ်နည်းပြောရရင် သူပြောတဲ့အတိုင်း နာခံ၊ သူဆိုတဲ့အတိုင်း လက်ခံနေတဲ့ မိန်းမဟာ ခုနေခါ နွယ်ကသစ်ဖြစ်နေတယ်ဆိုပါတော့။

ဘာပိုင်ဆိုင်မှု တစ်ပြားတစ်ချပ်မှ မရှိတဲ့ နုံနုံမွဲမွဲမိန်းမ ဖြစ်နေပါစေ၊ သူ ရှေ့တိုးဖို့ ဝန်လေးမှာမဟုတ်ဘူး။

ယောကျ်ားဆိုတာ ဦးဆောင်သူပဲ ဖြစ်မယ်။ သူ့ခံယူချက်က အဲဒါ။

ခုချိန်မှာ သူ စဉ်းစားနေစေချင်တာက လုပ်ငန်းကိစ္စ။ တကယ် စဉ်းစားနေမိတာက မိန်းမကိစ္စ။ လားရာချင်းက တောင်နဲ့မြောက်လိုပါပဲလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဩဂုတ်လဖြစ်ပေမယ့် ဒီညနေ မိုးမရွာပါ။ နေရောင်ခြည်ပင် ဖြာကျနေကာ ပတ်ဝန်းကျင်က စိုစိုနွေးနွေးရှိလှသည်။

ဒီညနေခင်းဟာ သာယာတဲ့ညနေခင်းဆိုတာထက် နေရောင်ခြည် ပန်းကလေးများပွင့်သလို လှနေတဲ့ညနေခင်းလို့ တင်စားလိုက်ချင်၏။

ဘာကြောင့်များ ဒီညနေခင်းကို သူ့စိတ်နှလုံး ညွတ်ကျကာ ခံစားနေမိတာလဲ။

သေချာတာက တစ်ခုခုကို ခွဲခွဲခြားခြား ခံစားသိရှိသွားလို့ဖြစ်မယ်ထင်ရသည်။

သူ့အထင်ကို သူ့ဘာသာသူ ဟုတ်တယ်လေလို့ ထောက်ခံကာ





မြင်ယောင်လာသည်က မြစက်ရေနဲ့ ချိန်းဆိုတွေ့ဆုံခဲ့တဲ့ ခံစားမှုပုံရိပ်တွေ။

ချိန်းဆိုထားတဲ့ အဆင့်မြင့်စားသောက်ဆိုင်ထဲ ဘုန်းနေရောင် ရောက်တယ်ဆိုလျှင်ပဲ ဝိတ်တာကလေး အနားရောက်လာပြီး ပြောသည်။

"မမမြစက်ရေက လူကြီးမင်းနဲ့တွေ့ဖို့ စောင့်နေပါတယ် ခင်ဗျ၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

ဟု ဆိုချေသည်။ ရုတ်တရက်ဆိုတော့ ဘုန်းနေရောင် အံ့ဩသွားသည်။ နောက်မှ ဣန္ဒြေမပျက်အောင် ထိန်းရင်း –

"ကောင်းသားပဲ" ဟု ဆိုလိုက်သည်။

ထို့နောက် ဝိတ်တာဦးဆောင်ရာနောက် သူ့ခြေလှမ်းတွေ ပါသွားကာ စားသောက်ခန်းမကျယ်ကို ဖြတ်ကျော်ပြီး ညာဘက်ချိုး၏။ စင်္ကြံလမ်းနဲ့ ဆက်ထားတဲ့ စားသောက်ခန်းငယ်လေးတွေ။

ထိုအခန်းငယ်လေးတွေက သီးသန့်ခန်းဖြစ်ပုံရသည်။ သုံးခန်းမြောက် တံခါးရှေ့ရောက်တော့ ဝိတ်တာလေး တံခါးဟာဟာဖွင့်ပေး၏။

Thank you ဟု သူဆို၍ အခန်းထဲဝင်လျှင် လတ်ဆတ်တဲ့ အပြုံးနဲ့ ကြိုနေတဲ့ မြစက်ရေမျက်ဝန်းနဲ့ဆုံသည်။

"လာ ထိုင်လေ ဘုန်း"

ဟု လိုက်လှဲသောလေသံနဲ့ ပြော၏။ သူ ပြုံး၍ မြစက်နဲ့ မျက်နှာချင်းဆိုင် ဆိုဖာထိုင်ခုံမြင့်မှာ ဝင်ထိုင်သည်။

စားသောက်ခန်းက ပန်းနုရောင်လွှမ်းနေကာ စိတ်ကူးနဲ့ မျော



www.burmeseclassic.com

www.burmeseclassic.com



လွင့်ချင်စဖွယ်ကောင်းစွာ။ နံရံတွေမှာ တိမ်ပန်းချီတွေနဲ့ မသိရင် ကောင်းကင်မှာ တိမ်တွေလွင့်မျောနေတဲ့အတိုင်း။

စတင်ချိန်းဆိုပြီး စိတ်ကူးယဉ်စရာကောင်းတဲ့ အခန်းအပြင်အဆင်မှာ နှစ်ဖက်မိဘသဘောမျှထားတဲ့ ကောင်လေးနဲ့ကောင်မလေးတွေ့ဆုံမှုက ကဗျာဆန်နေမလား။

ပေါက်ကွဲလွင့်စဉ်ဖို့ အချိန်ကို စောင့်ဆိုင်းနေတဲ့ ချိန်ကိုက်ဗုံးတစ်လုံး ဖြစ်နေမှာလား။ ဒါတော့ နောက်မှ သိရမယ့်ကိစ္စ။ ခုချိန်မှာ လေပြည်လေညင်းဆိုတော့လည်း။

"ဘုန်း ဘာစားမလဲ" တဲ့၊ မြစက်ရေ ပြုံးပြုံးလေးမေးပြန်သည်။

"လက်ဖက်နဲ့ အကြော်စုံ၊ ပြီးတော့ လက်ဖက်စိမ်းနွဲ့ပါတဲ့ ရေနွေးပူပူ"

ဘုန်းနေရောင် သွက်သွက်ကလေးပြော၏။ ပြုံးချိုနေတဲ့ မြစက်ရေမျက်နှာ မသိမသာ မှောင်ကျသွားသည်။ ချက်ချင်းပဲ ဟန်ဆောင်အလင်းရောင်ထွန်းညှိပြီး -

"ဘုန်းကလည်း ကြုံကြုံဖန်ဖန်၊ ဒီဆိုင်မှာ ဒါမျိုးရမတဲ့လားလို့"

"ရပါတယ်၊ မီနူးထဲမှာ ပါတယ်လေ"

"ဟင် ဘုန်းက ဘယ်လိုလုပ်သိလဲ၊ မီနူးကတ်လည်း မကြည့်ရသေးဘဲနဲ့"

ဘုန်းနေရောင် ပခုံးနှစ်ဖက် စုံပင့်ကာ ဖွဖွလေးပြုံးပြီး -





"မနေ့က ကိုယ့် Friend နဲ့ ဒီမှာ လာစားဖြစ်သေးတယ်၊ ဒါကြောင့် သိနေတာ"

"ဟွန်း၊ လက်ဖက်များ ဆိုင်မှာ တခမ်းတနား စားချင်ရတယ်လို့"

"ဘာဖြစ်လို့လဲ"

"ယောကျ်ားလေးဖြစ်ပြီးတော့ ပေါက်ပေါက်ရှာရှာ၊ လက်ဖက်ကို တကူးတက မှာစားချင်တာ အံ့လို့ပေါ့"

ဟန်ဆောင်ပဝါလေး ကွာကျကာ မြစက်ရေ မနှစ်မြို့သောနှုတ်ခမ်းလေး မသိမသာ ရွဲ့ရင်းပြော၏။

ဘုန်းနေရောင် ပြုံးမိသွားသည်။ ပြုံးမိတာက အကြောင်းမဲ့မဟုတ်ပါ။

"ဒီမှာ ဘုန်း၊ မိန်းကလေးတစ်ယောက်နဲ့ ထာဝရလက်တွဲဖို့ဆိုတာ ကိုယ်ကြိုက်တာကို သူ့ဘက်က မကြိုက်နိုင်ဘူးဆိုရင်တောင် ကြည်ကြည်ဖြူဖြူ လက်ခံပေးနိုင်တယ်ဆိုရင် အဲဒီမိန်းကလေးကို လက်တွဲဖို့ သင့်တော်တယ်လို့ အမှတ်ပေးလို့ရမယ်၊ ကိုယ်ကြိုက်တာကို သူ့ဘက်က ခါးသီးနေတယ်ဆိုရင်တော့ မိုင်းနပ်စ်ပဲ သူငယ်ချင်း၊ မြစက်ရေ မင်းနဲ့ သင့်တော်၊မတော်ဆိုတာ သင်ခန်းစာလေးငါးခု ငါပေးလိုက်မယ်၊ မင်းစမ်းကြည့်လိုက်၊ ပထမသင်ခန်းစာက အစားအသောက်၊ ဟုတ်ပြီလား၊ မြစက်ရေက လက်ဖက်မကြိုက်ဆုံးပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ဖြိုးသီဟကို သူနဲ့ မြစက်ရေအကြောင်း ဖွင့်ပြောတော့ ဖြိုးသီဟ ထိုသို့အကြံပေးတာ ပူပူနွေးနွေးပဲ ရှိသေး။

အခွင့်အရေးရသလိုဖြစ်တဲ့အခါ ဘုန်းနေရောင်ပြောလိုက်တော့ ထင်မှတ်မထားစွာ။ လက်ဖက်က သူအကြိုက်ဆုံး အစားအစာတော့ မဟုတ်ပါ။ ဒါပေမဲ့ နှစ်သက်တဲ့စားသောက်စရာထဲမှာ ပါသည်။ တစ်ခါတစ်ရံ ဆီစိမ်ထားတဲ့ လက်ဖက်နှပ်လေး မြုံထားရတဲ့ ခါးစိမ့်စိမ့်အရသာကို နှစ်သက်၏။

ခုတော့ သူနှစ်သက်တဲ့အစားအစာကို မြစက်ရေက မနှစ်မြို့စွာ ပြောချေသည်။

"မြစက် မကြိုက်ဆုံးအစားအစာထဲမှာ လက်ဖက်က ထိပ်ဆုံးကပဲ၊ ခါးသက်သက် လက်ဖက်ရွက်အရသာက မြစက်ကို အန်ချင်စိတ်ဖြစ်စေသလိုပဲ၊ စားဖို့မပြောနဲ့၊ မြင်တောင်မမြင်ချင်ဘူးတဲ့"

တွန့်ရ ရှုံ့ရနဲ့ ရွံရှာသလို ရပြောနေတဲ့ မြစက်နှုတ်ခမ်းလှလှလေးကို ဘုန်းနေရောင် အတန်ကြာ ငေးမောသွားသည်။

မြစက်က သူမ,ကြိုက်တဲ့ ပင်လယ်ထမင်းကြော်နဲ့ ကြက်သားဘောက်စင် မှာသည်။ သူ စားမယ့်လက်ဖက်ကို သူ့ဘာသာ မှာရသည်။

ဝိတ်တာလာချပေးတဲ့အခါ မြစက်မျက်နှာက သုန်မှုန်ပျက်ကျသွား၏။

"ဆောရီး မြစက်၊ မြစက်မကြိုက်ရင် ကိုယ်မစားတော့ပါဘူး





ဟင့် ဟင့် ဟင့်"

ဘုန်းနေရောင် ပရိယာယ်နဲ့ပဲ ရယ်သံစွက်ပြီး စကားဆိုချေသည်။ ထိုအခါ မြစက်ရေမျက်နှာ ဝင်းခနဲ ဖြစ်သွားပြီး –

"ကောင်းတာပေါ့ ဘုန်းရဲ့၊ မြစက်ကလေ မြစက်နဲ့ ဘုန်းကို အကြိုက်ချင်းညီစေချင်တယ်၊ ခုလို ဘုန်း လိုက်လျောတဲ့အတွက် ကျေးဇူးပဲ၊ ဟင့် ဟင့် ဟင့်"

ပြောရင်း ကျေနပ်စွာ ရယ်မောလေသည်။ နောက်ထပ် သင်ခန်းစာတွေ ပေးပြီး ဆန်းစစ်ရဦးမှာမို့ ဝိတ်တာကို မြစက်မှာတဲ့အတိုင်း မှာလိုက်ရသည်။

လက်ဖက်နဲ့ ရေနွေးကြမ်းကို ပြန်သိမ်းသွားတဲ့ ဝိတ်တာလေး အခန်းထဲက ပြန်ထွက်သွားလျှင် ဘုန်းနေရောင် မသိမသာ သက်မ,ချသည်။

သူမက အလိုဆန္ဒပြည့်ဝသွားသည့်ကလေးနှယ် ဘုန်းနေရောင်ကို ပျော်ရွှင်မြူးကြွသော မျက်လုံးလေးနဲ့ စိုက်ကြည့်လေသည်။

ဘုန်းနေရောင် အကြည့်ချင်း အဆုံမခံတော့ပါ။

မြစက်ရှေ့ စားပွဲပေါ်က ပင်လယ်ထမင်းကြော်ကိုငေးကြည့်ရင်း။ ကွဲပြားခြားနားသောဖြစ်စဉ်တို့ တစ်ခုပြီးတစ်ခု ပေါ်လို့လာပေပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဒါနဲ့ ဘုန်းကို မေးရဦးမယ်"

ပင်လယ်ထမင်းကြော်တစ်ဖွန်း ဦးစွာခပ်စားရင်း မြစက်ရေ စကားစလေသည်။

"ဘာများလဲ"

ဘုန်းနေရောင်က သူ့ရှေ့ ဝိတ်တာလာချပေးတဲ့ ပင်လယ် ထမင်းကြော်ပန်းကန်ကို မကြည့်ဘဲ မေးသည်။

မြစက် ကြည်နူးစွာပြုံး၍ –

"ဘုန်းပေးတဲ့ပန်းစည်းလေးက သိပ်အဓိပ္ပာယ်ရှိတာပဲ၊ မြစက်နဲ့ လိုက်ဖက်မယ့်သဘောတရားလေးတွေကို ကိုယ်စားပြုနေတယ် မဟုတ်လား။ ဘုန်းပေးတဲ့ပန်းစည်းကို မြစက်တော့ အရမ်းသဘောကျတယ်၊





ဘုန်းကို ကျေးဇူးလည်းတင်တယ်၊ အဲလို အဓိပ္ပာယ်ရှိတဲ့စိတ်ကူးလေး ဘယ်လိုရသွားတာလဲဟင်"

"အင်း အဲဒါက" လို့ ဘုန်းနေရောင် စကားစပြီးမှ ချက်ချင်း ဖြတ်တောက်လိုက်ရသည်။ အဓိပ္ပာယ်ရှိတဲ့ စိတ်ကူးတဲ့။

အဲလို အဓိပ္ပာယ်တွေပေါ်နေမှန်း ဘုန်းနေရောင် အစကမသိပါ။ မြစက်ဆီလာနေရင်း လမ်းတစ်ဝက်မှာသတိရသည်။ လက်ဆောင်ပစ္စည်း တစ်ခုခုပေးဖို့ပါ။

"ကိုယ် မြစက်နဲ့သွားတွေ့မလို့ကွ၊ သင့်တော်မယ့်လက်ဆောင် ပစ္စည်း ဝယ်ချင်တယ်" လို့ တစ်ခွန်းပြောရုံနဲ့ နွယ်ကသစ်က ပန်းစတိုး ရှေ့မှာ ကားရပ်ပေးတယ်။ သူ တစ်ချက် တွေခနဲဖြစ်ကာ –

"ပန်းစည်းပေးရင် ရိုးလွန်းမနေဘူးလား"

"ရိုးပေမယ့် ကြည်နူးမှုတွေ ပေးနိုင်တယ်လေ၊ ပြီးတော့ ပန်းတိုင်းမှာ အဓိပ္ပာယ်ကိုယ်စီရှိတယ်၊ ကိုဘုန်းနဲ့မမြစက်က အခုမှ ဦးဦးဖျားဖျား မျက်နှာချင်းဆိုင်တွေ့ရမှာဆိုတော့ ပန်းစည်းပေးတာက အသင့်တော်ဆုံးလို့ ထင်ပါတယ်။ ကိုဘုန်းက ပန်းစည်းမပေးချင်လည်း တခြားဘာပေးချင်စိတ်ရှိလဲ၊ ပြောကြည့်လေ"

သူ ခေါင်းယမ်းမိသွားသည်။ လောလောဆယ် သူ့စိတ်ကူးထဲမှာ ဘာမှပေးချင်စိတ် မရှိသေးပါ။ အရင်ကတော့ တန်ဖိုးကြီးတဲ့ ပတ္တမြား နောက်ညှပ်ကလစ်ပေးဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ စဉ်းစားထားတာမရှိတာကြောင့် နွယ်ကသစ် ထင်မြင်ချက်ပေးတာကို သဘောတွေ့သွားသည်။

"ပန်းစည်းပဲသွားဝယ်လိုက်"

ဘုန်းနေရောင် တစ်ခွန်းသာဆိုသည်။ နွယ်ကသစ် ခေါက်ပိုက်ဆံအိတ်ကလေးကိုင်ကာ ကားမောင်းသူနေရာမှ ဆင်းသွားလေပြီ။ မကြာပါဘူး။ ရွှေဝါရောင် ဖဲပြားကြိုးနဲ့ လှလှကြီးစည်းနှောင်ထားတဲ့ အဝါရောင် ကျူးလစ်ပန်းစည်းကို ပွေ့ကိုင်ပြီး ရောက်လာသည်။

ပန်းစည်းက မြင်ရုံနဲ့ စိုက်ကြည့်မိသွားစေသည်အထိ အလှသွေးကြွလျက်။ ပန်းစည်းကို သူ့ဆီကမ်းပေးတဲ့အခါ –

"နေပါဦး၊ ဒီပန်းက ဘာအဓိပ္ပာယ်ရှိလဲ၊ မသိလို့မေးတာ"

ပန်းစည်းယူရင်း သူမေး၏။

နွယ်ကသစ် တည်ငြိမ်သောအကြည့်လေးနဲ့ ဆိုသည်။

"မြစက်ရေက ပြုံးလိုက်ရင် ပိုလှတယ်မဟုတ်လား၊ ပြီးတော့ မျိုးရိုးဂုဏ်လည်း ရှိတယ်၊ ပညာတတ်၊ ချမ်းလည်းချမ်းသာတယ်၊ အဲဒါတွေကို ရည်ညွှန်းတဲ့အဓိပ္ပာယ်တွေ ပါတယ်လေ၊ ရှင်လည်း ဒီလောက်တော့ အကဲခတ်မိမှာပဲ၊ အဝါရောင် ကျူးလစ်ပန်းရဲ့အဓိပ္ပာယ်က မိန်းကလေးရဲ့အပြုံးထဲမှာ တောက်ပတဲ့နေခြည်လေးရှိနေသလို လှနေတယ်ပေါ့၊ ရွှေရောင်ဖဲကြိုးကတော့ မြစက်ရဲ့ ပိုင်ဆိုင်မှုအရှိန်အဝါတွေကို ရည်ညွှန်းတယ်လေ၊ ဒါကြောင့် ဒီပန်းစည်းလေး ရွေးဝယ်ပေးတာ၊ ဘာလဲ





သဘောမကျလို့လား"

ရှင်းပြသလိုပြောရင်း နွယ်ကသစ် မေးမြန်းသည်။

"ကျ ကျပါတယ်ကွ၊ အဟင့် မင်းက ဗဟုသုတကြွယ်သားပဲ၊ ကျေးဇူးတင်တယ်ကွာ၊ သွားကြရအောင်"

သူ ဒါပဲပြောလိုက်ရသည်။ နွယ်ကသစ်စိတ်ကူးနဲ့ အဆင်ပြေအောင်ဝယ်ပေးတဲ့ ပန်းစည်းက မြစက်ရေ သည်းခြေကြိုက်ဖြစ်သွားတာတော့ သူလည်း မတတ်နိုင်ပါ။

သေချာတာက ပန်းတွေ၊ ဖဲကြိုးတွေရဲ့အဓိပ္ပာယ်နဲ့ လက်ဆောင်ပစ္စည်းတွေရဲ့ ရည်ညွှန်းချက်သဘောထားကို သူနားမလည်ပါ။

သူ့စိတ်က အဲဒီဘက်မှ အာရုံကျက်စားခြင်း မရှိပါ။ နွယ်ကသစ်ကတော့ အစစအရာရာမှ သဘောတရားလေးတွေကို လေ့လာထားပုံရသည်။ နွယ်ကသစ်လေ့လာထားတဲ့ သဘောတရားနဲ့ အဓိပ္ပာယ်သက်ရောက်မှုကို မြစက်ရေလည်း ကျက်မိနေတော့၊ အင်း ဒီမိန်းကလေးနှစ်ယောက်ရဲ့ အတွေးထက်မြက်ပုံက တိုက်တိုက်ဆိုင်ဆိုင်။

အခြေအနေနဲ့ ဂုဏ်ပကာသနချင်း မိုးနဲ့မြေဖြစ်သော်လည်း ထက်မြက်ပုံက လျှော့တွက်လို့မရမှန်း သိသာလျက်။

"ပြောလေ ဘုန်း"

စားပွဲပေါ် တံတောင်လေးထောက်ရင်း ထပ်ဆင့်မေးရှာတဲ့ မြစက်အသံချိုချို။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းနေရောင် ဖျတ်ခနဲ အသိဝင်လာကာ မသိမသိုင် ပြုံးမိပြီး

"အင်း ဒီလိုပဲပေါ့ဗျာ၊ မြစက်နဲ့တွေ့ရမယ်ဆိုတော့ အဓိပ္ပာယ်ရှိတာလေးတွေ တွေးမိသွားတယ်၊ အဲဒါနဲ့"

ဘုန်းနေရောင်ပြောသာ ပြောနေရတာ။ အဆက်အစပ်ရှိမှန်း မရှိမှန်းလည်း မသိတော့ပါ။ ရှေ့ဆက်စကားလုံးတွေလည်း ထွက်ရခက်ကာ တန့်သွားသည်။

"မြစက်ကလေ အဲဒီ အဓိပ္ပာယ်လေးကို သဘောကျသွားတာ၊ ပန်းစည်းလေးကို တယုတယ သိမ်းထားတယ်၊ နွမ်းခြောက်သွားရင်လည်း ပစ်မှာမဟုတ်ဘူး၊ စိတ်ချ"

ဟု အလုပဆုံး မျက်နှာပေးလေးနဲ့ မြစက်ရေ ပြောသည်။

ဘုန်းနေရောင်စိတ်က မလုံမလဲဖြစ်လျက် ပုစွန်၊ ပြည်ကြီးငါး အတုံးကလေးများ၊ ဥနီ၊ ပြောင်းဖူး၊ ကညွတ်၊ ပန်းဂေါ်ဖီ စသည်တို့နှင့် အစပ်အဟပ်တည့်အောင် ကြော်ထားသည့် ပင်လယ်ထမင်းကြော်ကို ဇွန်းခက်ရင်းနဲ့မွှေနှောက်ရင်း စားတော့မလို ပြုနေလိုက်သည်။

တကယ်လို့များ 'နွယ်ကသစ် စီစဉ်ပေးတာ' လို့ အမှန်အတိုင်း ပြောမိကြည့်ပါလား။

မြစက်ရေမာနက ဘာဖြစ်သွားစေမလဲ။ ထိုသို့ ရင်ပူစွာတွေးရင်း သက်ပြင်းခိုးချရသည်က အမောရယ်။

✿ ✿ ✿



## အခန်း (၁၅)

"ဘယ်လို ကသစ်"

ဖုန်းစကားပြောနေရင်း ကိုစိုး အသံပြောင်းသွား၏။ ကသစ်နာမည်ပါလာတာမို့ ဘုန်းနေရောင် မျက်ခုံးအလိုအလျောက်ကြွလျက်

"ဘာဖြစ်တာလဲ ကိုစိုး"

သူ ဖျတ်ခနဲ မေးသည်။ ကိုစိုးက ခဏဟု လက်ပြသည်။ ထိုင်နေရာမှ ထပြီး ပြတင်းပေါက်ဘက်ရွှေ့သွားရင်း ဆက်ပြောနေ၏။

"အခု ဘယ့်နှယ်နေသေးလဲ"

"-----"

"စိတ်ချ၊ မာမီ့ကို မပြောဘူး၊ အဲဒီမှာ အဆင်ပြေအောင် ကြည့်ကျက်လုပ်ထားဦး"



www.burmeseclassic.com

www.burmeseclassic.com



"-----"

"အင်း၊ ကိုယ်လာခဲ့ရမလား"

"----"

"ဒါပဲ မဟုတ်လား"

ပြောပြီး ဖုန်းပိတ်လိုက်တဲ့ ကိုစိုး။ တစ်ဖက်က ဘာတွေပြောလဲဆိုတာ ဘုန်းနေရောင် သိလိုလှသည်။ ကိုစိုးကလည်း အလိုက်သိ၏။ ဖုန်းပိတ်ပြီးသည်နှင့် ထိုင်ခုံမှာ ဝင်ထိုင်ပြီး –

"တောင်ပြုန်းခရီးစဉ်ကားနဲ့ အိမ်စီးပါဘလေကာ ကားသေး မြို့အထွက်မှာ ချိတ်မိပြီး ပြဿနာတက်တာ၊ ပါဘလေကာ လိမ့်မှောက်သွားတယ်။ တစ်ဖက်ကားပေါ်ပါတဲ့ အဒေါ်ကြီးတစ်ယောက် အတော်နာသွားတယ်လို့ ပြောတယ်"

"ဟင် ဒါဆို လိုက်သွားဖို့လိုမှာပေါ့ ကိုစိုး"

"ရတယ်၊ ဒီကိစ္စ ကသစ်ရှင်းလိမ့်မယ်၊ မာမ့်ကိုတော့ အသိမပေးနဲ့၊ တော်ကြာ ရောဂါတိုးနေဦးမယ်"

ကိုစိုး ဒါပဲပြောပြီး စက်ရုံနဲ့ စာရင်းဇယားတွေ ဆက်လုပ်ဖို့ ပြင်သည်။

"ဖြစ်မလား ကိုစိုး"

"ဘာကိုလဲ"

"ကားချင်းငြိတာလေ"





"ဒါက အသေးအမွှားပါကွာ၊ ကသစ်အတွက် မိုင်နာပဲ၊ အခု လူနာကို ဆေးရုံကြီးပို့ထားတယ်၊ ဆေးရုံပေါ်က ဆက်တာ"

"ဒါဆို ခရီးစဉ်ပျက်ပြီပေါ့"

သူ စိုးရိမ်စွာမေးလျှင် ကိုစိုး ပေါ့ပါးစွာပြုံး၏။

"မင်းကလည်း ပူနေပြန်ပြီ၊ ခရီးစဉ် အပျက်ခံမတဲ့လား၊ ကသစ်က လုပ်ငန်းကျွမ်းကျင်ကွ၊ ဒရိုင်ဘာဖုန်းဆက်တာနဲ့ Express ကား နောက်တစ်စီးနဲ့ ကသစ် ချက်ချင်းလိုက်သွားတယ်၊ မြို့အထွက်တင်ဆိုတော့ ခဏလေးရယ်၊ ခရီးသည်တွေကို ကားပြောင်းပေးလိုက်တယ်၊ အက်စီးဒင့်ဖြစ်တဲ့ ကားက ရပ်ထားရတာပေါ့၊ ခရီးစဉ်က သူ့ဘာသာသူ ချောသွားမယ်၊ တစ်ဖက်က ဒဏ်ရာနဲ့ဆိုတော့ ချက်ချင်း ဆေးရုံတင်ပေးလိုက်မယ်၊ အမှုအခင်း သိပ်မကြီးအောင် ဒဏ်ရာရတဲ့သူကို ကျေကျေနပ်နပ် လုပ်ပေးရင် အိုကေသွားမယ်၊ အခုလည်း အဒေါ်ကြီး သတိရနေပါပြီ၊ စိုးရိမ်စရာ မရှိဘူး၊ လိုက်မလာပါနဲ့တဲ့"

နားထောင်ရရုံနဲ့ သူ ရင်မှာမောကျသွားသည်။ သူသာဆို ထူပူပြီး ဘာလုပ်လို့ဘာကိုင်ရမှန်း သိမှာမဟုတ်ဘူး။ ကသစ်က အတွေ့အကြုံများတဲ့သူ ပီသပါပေသည်။

ခရီးစဉ်၊ လူနာနဲ့ အမှုအခင်းကိစ္စ ပြေလည်အောင် သုံးဖက်သုံးတန်က ဝိုင်းပတ်ပြီး တည်တည်ငြိမ်ငြိမ် လုပ်ဆောင်သွားသည်က သွက်လက်လျက်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လိုက်သွားချင်တယ်"

"ဟေ ဘာသွားလုပ်မှာလဲ"

ကိုစိုး တအံ့တသြမေးရင်း မော့ကြည့်သည်။ ဘာကြောင့်မှန်းတော့ သူလည်းမသိ။ လိုက်သွားချင်တာပဲ သိသည်။

သူ မဖြေ။ ချက်ချင်း ထိုင်ရာမှထပြီး ဖြိုးသီဟာကို ဖုန်းခေါ်လိုက်သည်။ သူ့ကို ဆေးရုံလိုက်ပို့ဖို့ အမြန်လာပါလို့ပြောကာ။

ယောက်ဖလုပ်သူရဲ့အပြုအမူကို စိုးဝဏ္ဏ နားမလည်နိုင်တော့ပါ။

ဖြိုးသီဟာကို အကြောင်းကြားပြီးသည်နှင့် ဖုန်းပိတ်၏။

"ကိစ္စက ပြီးနေပြီကွ"

"ပြီးလည်း ပြီးဗျာ၊ စိတ်က လိုက်သွားချင်တယ်၊ ဒီမှာထိုင်ပြီး ကိုစိုးရဲ့အထည်ချုပ်စက်ရုံ စာရင်းဇယားတွေလိုက်ကြည့်နေရတာ စိတ်နောက်ရုံပဲ ရှိမယ်"

"မင်းကတော့ကွာ"

ကိုစိုး မချိတင်ကဲရွတ်၏။

"မာမ့်ကို မပြောနဲ့ဦး"

"ကိုယ်သိပါတယ်၊ သွားမယ်ဆိုလည်း သွားကွာ"

စကားမဆုံးခင် ထွက်သွားတဲ့ ဘုန်းနေရောင်ကို ကိုစိုး ငေးကြည့်မိတာ အတန်ကြာသွားသည်။

ဘုန်းနေရောင် အရိပ်ပျောက်သွားတာလည်း အကြည့်မရှုပ်ဖြစ်





သေး။ ကြည့်နေရင်း စဉ်းစားမိတာက နားမလည်နိုင်စွာ။

နွယ်ကသစ်နဲ့ ဘုန်းနေရောင်၊ ပြီးတော့ မြစက်ရေ။

ဒီကောင့်ခြေလှမ်းက ဘာကြောင့် ကသစ်ဆီ ဦးတည်ချင်ရတာလဲ။ နွယ်ကသစ်ဆိုတာ သူ့ရဲ့ဝန်ထမ်း။ ခပ်နိမ့်နိမ့်ပြောရရင် အလုပ်သမားအဆင့်ရယ်။

ဒီကိစ္စက မြစက်နဲ့ပတ်သက်လို့ ချက်ချင်းလိုက်သွားတာဆိုရင် ဟုတ်တုတ်တုတ် ရှိသေးတယ်။ ခုတော့ မဆီရေးချ မဆိုင်ပါဘဲနဲ့။

"ကျွတ်"

စဉ်းစားရင်း စိုးဝဏ္ဏ ခေါင်းရှုပ်လျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဘယ်လိုနေသေးလဲ ကသစ်"

"ဟင်"

ကသစ် မျက်လုံးပြူးလေးနဲ့ စိုက်ကြည့်၏။ ဟုတ်မှဟုတ်ရဲ့လားလို့ ကြည့်ကာ အံ့သြလို့သွားသည်။

"ကိုဘုန်း"

အနားရောက်လာတဲ့ ဘုန်းနေရောင်ကိုလည်း လွှတ်ခနဲခေါ်မိ၏။

"ဟုတ်တယ်၊ ကိုယ်စိတ်ပူလို့ လိုက်လာတာ"

"ကသစ် ကိုစိုးကို လှမ်းပြောမိတာက အသိပေးတဲ့သဘောပါ၊ ဒီကိစ္စ ကသစ်လုပ်နေကျ ဖြေရှင်းနေကျလေ၊ အခုပဲ လူနာရှင်တွေ ကျေနပ်တဲ့အထိ လုပ်ပေးမယ်လို့ပြောပြီး ပြန်လာတာ၊ သူတို့လည်း





ကျေနပ်သွားပြီ၊ စိတ်မပူပါနဲ့"

ကြည်လင်သောမျက်နှာလေးနဲ့ ရှင်းပြသလို ကသစ်ပြော၏။ ဘုန်းနေရောင် ငေးကြည့်နေရာမှ –

"မသိဘူးဗျာ၊ ကိုယ်ကတော့ ရုတ်တရက် စိတ်ပူသွားတယ်၊ လိုအပ်တာရှိရင် ကူညီလို့ရအောင် လာခဲ့တာ"

"လူနာကိစ္စ ပြီးပါပြီ၊ ကားကို အာမခံနဲ့ထုတ်ဖို့ပဲ ကျန်တော့တယ်၊ အဲဒါ အခုပဲ တစ်ဆက်တည်းသွားမလို"

နွယ်ကသစ် အံ့သြပြီးရင်းအံ့သြလို့သွားပြန်သည်။ ဒီလို သေးသေးဖွဲဖွဲကိစ္စတွေအတွက် သူက ငလိုက်ဦးမတဲ့။

မလိုက်ပါနဲ့လို့ ထုတ်ပြောဖို့ ခက်နေတော့လည်း –

"ကိုဘုန်းသဘောပါ"

လို့ ပြန်ပြောရသည်။ မပြောလို့မှ မရဘဲ၊ ဘုန်းနေရောင်က သူ့ရဲ့ဘော့စ်သားလေ။

"လာ သွားစို့"

"ဟုတ် ဟုတ်ကဲ့ရှင်"

သူ့အလိုကျ ကသစ် ဟုတ်ကဲ့လိုက်ရသည်၊ လူနာဆောင်ရှေ့မှာ ရပ်ထားသော 'တက်ခေတ်' တံဆိပ်ပါတဲ့ ဘင်နီကားပေါ် တက်မလို ဖြစ်လျှင် –

"ဟေ့ ဘုန်း၊ ကိုယ့်ကိုလည်း သတိရဦးမှာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးသီဟ အသံကြားမှ ဘုန်းနေရောင် ခြေလှမ်းတန့်သွားသည်။ ဖြိုးသီဟ သူ့နောက်က တကောက်ကောက်ပါနေမှန်း သတိလက်လွတ်ဖြစ်ကာ -

"ဆောရီးကွာ"

မလုံမလဲ ရွတ်ရင်း ဖြိုးသီဟဆီ ခြေဦးတည့်၏။

"နွယ်ကသစ် ရှေ့ကသွား၊ ကိုယ်တို့ နောက်ကလိုက်ခဲ့မယ်"

သတိတရ လှည့်ပြောပြီး ဖြိုးသီဟ ကားပေါ်တက်သည်။ နွယ်ကသစ်ကတော့ ဘာမှပြန်မပြော။ ခေါင်းလည်းမညိတ်။

တက်ခေတ် ခရီးသွားအေဂျင်စီ ပိုင်တဲ့ကားပေါ်တက်ကာ နွယ်ကသစ်ရှေ့က ဦးဆောင်မောင်းလေ၏။

ဖြိုးသီဟက ဘုန်းကိုငဲ့ကြည့်ရင်း ရယ်မောလိုက်သည်။ ဒီကောင့်စိတ် ဘယ်ဆီမှာ ရှိနေပြီလဲ။ ဘာကြောင့် ရှိနေသလဲ။

မေးလိုလှပေမယ့် အခြေအနေမသာသေးသည့်မို့ မမေးဖြစ်။ အခြေအနေပေးတဲ့အခါတော့ မေးဦးမှပဲလို့ တေးထားကာ။

✿ ✿ ✿



## အခန်း (၁၇)

"ဟယ် မော်လီ၊ ယူ ဖုန်းဆက်လာတာနဲ့ အတော်ပဲ"

မြစက်ရေ ဟန်မဆောင်နိုင်တော့ပါ။ အားရဝမ်းသာ ပြောလေသည်။ မော်လီသော်လည်း စိတ်ဝင်စားကာ -

"ဘာလဲ ယူ့ရဲ့၊ မော်လီ့ကို ပြောစရာရှိနေပြီလား"

"ရှိတာပေါ့၊ ဟင့် ဟင့် ဟင့်"

မြစက်ရေ ပြောရင်း အသံထွက်ရယ်မိပါသည်။

"ပြောလေ သူငယ်ချင်း"

"ပြောမှာပေါ့ဟဲ့၊ ပြောချင်နေတာ နှုတ်ယားနေတာပဲ၊ ပြောချင်လွန်းလို့ ယူ့ဆီ ဖုန်းခေါ်မလို့လုပ်နေတုန်း ယူ့ဆီက ဖုန်းဝင်လာတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မြန်မြန်ပြောစမ်းပါဟယ်"

"အင်း ပြောရမယ်ဆိုရင်တော့ ဘုန်းဒေပဲ့"

"ဘုန်း ဘယ်ဘုန်းလဲ"

မော်လီသော် စိတ်လှုပ်ရှားစွာ မေးခြင်း။ မြစက်ရေ ဆိုဖာပေါ် ထိုင်နေရာမှထကာ လမ်းလျှောက်ရင်း ဆက်ပြော၏။

"ဘယ်ဘုန်းရမလဲ၊ ယူကြွေနေတယ်ဆိုတဲ့ မိုက်ခေါ် ဘုန်းနေရောင်လေ"

"Oh God"

မော်လီသော် ဝီပီသသ ဘုရားတလိုက်သည်က အံ့သြစိတ်နဲ့ ဖြစ်ကာ မွေ့ရာပေါ်လှိမ့်ရင်း Dancer ကပွဲစီဒီခွေ ကြည့်နေရာမှ ချက်ချင်းပဲ ရီမုတ်နဲ့ ရပ်ပစ်လိုက်၏။

"မိုက် ဟုတ်လား"

"ဟုတ်ပါ့ရှင်၊ ယူ့ရဲ့ မိုက်လေ၊ ယူ့ကို မကြွေပေမယ့် မြစက်ကို တဖြုတ်ဖြုတ် ကြွေနေတာ၊ ဟင့် ဟင့် ဟင့်"

ဝမ်းသာအယ်လဲ ပြောသံနောက်မှာ ဂုဏ်ယူသံလည်း ပျော်ဝင်နေသည်က သိသာနေသည်။

"ဟုတ်ရဲ့လား ယူရယ်"

"ဘာလဲ မယုံဘူးလား'

"အံ့သြနေတာ၊ ယုံဖို့ကို ခက်နေတာ မြစက်ရဲ့၊ နေပါဦး၊ ယူတို့





က ဘယ်လိုတွေ့ကြတာလဲ"

"ဒီလို မော်လီရဲ့"

မြစက် အကျဉ်းချုံးပြော၏။ မော်လီသော် နားလည်သွားကာ–

"ဒါ ဒါဆို တကယ်ပေါ့"

"တကယ်ပေါ့ မော်လီရဲ့၊ ပန်းစည်းလေး လက်ဆောင်ပေးတာ ကအစ အမိပွာယ်ရှိရှိလေ၊ ပထမဆုံး Present ပေးဖူးတဲ့ ပတ္တမြားနဲ့ နောက်ညှပ်ကလစ်လေးက ရင်ဘတ်ထဲက အသည်းလို နီညိုသွေးရောင် အဝိုင်း ရဲနေတာလေ"

"ဟွန်း၊ အိုင် မနာလိုဖြစ်ချင်လာပြီနော် မြစက်"

မော်လီသော် ပွင့်လင်းစွာပဲ ပြောလေသည်။ မြစက်က ဂုဏ်ယူပီတိဖြစ်နေတဲ့ မျက်နှာလေးမော့လျက်။

"မနာလိုမဖြစ်ပါနဲ့ ယူရယ်၊ မြစက်ရဲ့ ကသိုလ်ကံလေ၊ ကုသိုလ် ကံရှိလို့ ယူ့ရဲ့ဘုန်းနေ မြစက်ရှေ့ အခစားရောက်လာသလို၊ လက်ဆောင်ပဏ္ဏာဆက်သရတဲ့အထိ ဖြစ်နေတာ ယူ့ကို မြင်စေချင်တယ်"

"အခု မိုက်က"

"အောင်မယ်လေး ပြန်ရောက်နေတာ နှစ်ပတ်တောင်ကျော် နေပြီ၊ ယူ နည်းနည်းမှ သတင်းမရဘူးလား"

"အိုင်က Boy Friend အသစ်ကလေးနဲ့ Date လုပ်ပြီး အပန်းဖြေခရီးထွက်နေတာနဲ့ မိုက်တို့အေဂျင်စီကို ခြေဦးမလှည့်ဖြစ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့''

''အံမယ် ယူက မခေပါလား။ Boy Friend အသစ်နဲ့ ခရီးထွက်နေတယ်ဆိုတော့''

''ဟုတ်တယ် အေ့၊ ယူ့ကို အိုင့် Boy Friend အသစ်ကလေးအကြောင်း ကြွားမလို့ဥစ္စာ၊ အိုင့် Boy Friend Bath Room ဝင်သွားတုန်း ယူ့ဆီဆက်တာ၊ ယူကြွားတာ ပြန်ခံနေရတာ Feel တကယ် ငုပ်တယ်''

''ငုပ်မနေနဲ့ ယူ့မှာလည်း ယူ့လူသစ်လေးရှိနေပြီပဲ မော်လီရယ်''

''ဒါကတော့ဟယ်၊ ဒီလိုပေါ့ ဟင့် ဟင့်''

မော်လီ့အသံလေးက ကိုယ်မရတာ သူများရသွားတဲ့အတွက် မကျေနပ်သလို၊ ကျေနပ်သလိုနဲ့ တစ်မျိုးလေး နင်နေသည် မဟုတ်လား။

မြစက်က မော်လီ့စိတ်ကို နားလည်မှုပေးနိုင်သည့်မို့ –

''ကဲပါ စိတ်မကောင်းမဖြစ်ပါနဲ့ မော်လီရယ်၊ ယူ့ဘုန်းနေရောင်က ယူ့ကို မကြွေပေမယ့် ယူ့သူငယ်ချင်း မြစက်ကို လာကြွေတာလေ၊ ယူ ကျေနပ်ပေးပေါ့၊ ဟုတ်ပြီလား''

''အင်းလေ ဘာတတ်နိုင်မလဲ၊ ဒါနဲ့ ယူနဲ့ဘုန်းနေရောင် ဘယ်အနေအထားလဲ''

မော်လီသော် သိချင်တဲ့အတိုင်း မေးသည်က အားမနာစွာ။

''ဟင့် ဟင့် ဟင့်၊ ယူတို့လို အခြေအနေမျိုးမဟုတ်ဘူး မော်လီရဲ့၊





မြစက် မာန ဘယ်လောက်ကြီးလဲ သိတယ်မဟုတ်လား''

''သိတာပေါ့၊ ဘုန်းနေရောင်လည်း ဘယ်လောက် ထိန်းထိန်းသိမ်းသိမ်းနေတတ်တယ်ဆိုတာ အိုင်ပိုသိတယ်၊ ဒါကြောင့်မေးတာ''

''အကြောင်းရှိလို့လား''

''အိုး သိပ်ရှိတာပေါ့ ယူရဲ့၊ ဒီမှာ ကိုယ့်ကို လာကြွေနေတယ်ဆိုပြီး ယူ့မာနတွေ ကောင်းကင်ပေါ် ထိုးတင်မထားနဲ့နော် မြစက်''

''ဘယ်လို''

မြစက် လမ်းလျှောက်ပြောနေရာမှ ခြေလှမ်းလေး တန့်သွား၏။ မော်လီက မွေ့ရာပေါ် ပက်လက်ကလေးလှန်အိပ်ကာ မျက်လုံးက ခြေရင်းမှာရှိတဲ့ ရေချိုးခန်းတံခါး ပွင့်လာမလား စောင့်ကြည့်ရင်း ဆက်ပြောသည်။

''ဟုတ်တယ်လေ၊ ယူက မာနကြီးနေဖို့ပဲသိတာ၊ ယောကျ်ားတွေအကြောင်း ဘာမှသိတာ မဟုတ်ဘူး၊ ကိုယ့်ကို လာကြွေတဲ့သူကို နိုင်အောင်, မြဲအောင် နှောင်ဖွဲ့ထားဖို့လိုတယ်၊ အဲလိုနှောင်ဖွဲ့ဖို့က မာနကို ထိုးတင်ထားလို့မရဘူး၊ မသိမသာလေး ချော့ပြီး ညှို့ထားနိုင်ဖို့ အရေးကြီးတယ်၊ ဒါမှ လွတ်ထွက်မသွားမှာ''

''အလိုလေး လွတ်ထွက်မသွားမှာ၊ ဒါက ဘာကိုပြောတာလဲ၊ မြစက်နားလည်အောင် ပြောပါဦး''

မော်လီ့စကားအသွားအလာက ဘယ်ဆီလဲ။ မြစက် တကယ်



www.burmeseclassic.com

www.burmeseclassic.com



လည်း နားမလည်ဖြစ်ကာ လက်ကိုင်ဖုန်းကို တစ်ဖက်နားသို့ ပြောင်းကိုင်ပြီး မေးလျှင် –

"ဟင့် ဟင့် ဟင့်၊ မာနကြီးလေ ယောကျ်ားတစ်ယောက်ကို နှောင်ဖွဲ့ထားဖို့ မခိုင်မြဲလေပဲ မမြစက်ရဲ့၊ နှောင်ဖွဲ့ထားဖို့ မခိုင်မြဲမှတော့ ကိုယ့်လူက လွတ်သွားပြီပေါ့၊ တစ်နည်းပြောရရင် တခြားလူဆီရောက်သွားမယ်လေ"

"ဟင်"

မြစက်ရေကိုယ်လေး ပျော့ကျကာ နံရံနဲ့ကျောကပ်မှီကျသွားလေသည်။

"အံ့ဩမနေနဲ့ မြစက်ရေ၊ အိုင်က အတွေ့အကြုံများတယ်လေ၊ ဒီလောက်တော့ ခန့်မှန်းနိုင်ပါတယ်၊ ဘုန်းနေက အိုင့်ကိုမကြွေလို့ ယူရတာမဟုတ်လား။ ယူ ရတယ်ဆိုပြီး မာနထောင်ကြွနေရင် ဘုန်းနေ တခြားတစ်ယောက်ကို လှည့်ကြွေသွားရင် ယူ ဘာလုပ်မလဲ၊ ဒါကြောင့်ပြောတာ၊ မာန စွတ်တင်မနေနဲ့၊ သူက ကြွေနေရင် ကိုယ်က ချွေထား၊ ဟုတ်ပြီလား"

"အင်း"

မော်လီ့စကားအဆုံးမှာ မြစက် နားလည်သလို ရှိလာသည်။ ဒါကြောင့်ထင်တယ် မာမီက လမ်းကြောင်းပေးတာ။ မာမီ လမ်းကြောင်းပေးလို့သာပေါ့၊ မြစက် ဘုန်းနေကို ချိန်းဆိုမိခြင်း။



BURMESE CLASSIC .com



မြစက်မာနအတိုင်းဆို မြစက် ချိန်းဆိုမှာမဟုတ်ဘူး။ ဘုန်းနေ ချိန်းလာမယ့်အချိန်ကို စောင့်နေမှာလေ။

ကံကောင်းလို့။ မာမီ လမ်းကြောင်းမိတဲ့အတိုင်း မြစက် ဦးစွာချိန်းဆိုမိလို့ပေါ့။ နောက် ဘုန်းကလည်း မာနကြီးတယ် မဟုတ်လား။

မာနစီးချင်းထိုးနေရင် မော်လီပြောသလို လွတ်ထွက်သွားနိုင်သည်။

ကျေးဇူးပဲ မာမီရယ်လို့ ရင်ထဲမှာ ရွတ်မိလေပြီ။

"ဟုတ်တယ်နော်၊ အိုင်ကလေ ဘုန်းလာလည်တာ ခဏလေးနဲ့ ထပြန်သွားတာကို မကျေနပ်ဘူး၊ မာမီက ဖျောင်းဖျလို့ပေါ့၊ ခုဆို ဘုန်းနဲ့ မြစက် ကြည်နေပြီဟ"

"ဆက်လက်ကြည်တော်မူလေ၊ ကြည်တော်မူပြီးမှ ချစ်တော်မူရမယ့်အနေအထား ရောက်မယ်"

"စိတ်ချ၊ မြစက်တော့ ဘုန်းကို လုံးဝ အလွတ်မခံဘူး၊ တခြားကောင်တွေတုန်းက ကျောင်းဆိုကျောင်း၊ Go ဆို Go ပဲ၊ လှည့်ကို မကြည့်တာ၊ ဘုန်းကိုတော့ ဟင့် ဟင့် ဟင့်"

"သိပါတယ် ယူရဲ့၊ ဘုန်းနေရောင်ကို ယူ ရင်ခုန်နေပြီ မဟုတ်လား"

မော်လီသော် အားမနာ၊ လိုရင်းပဲမေး၏။ မြစက် နံရံထောင့်မှာ မှေးထိုင်ချလိုက်ရင်း ကြည်နူးစွာပဲ ခေါင်းလေးဆတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုင်က ယူ့စိတ်ကို ဖတ်တတ်ပါတယ် မြစက်ရဲ့ ဒါပဲမဟုတ်လား"

"အင်း ယူသာ မြစက့်အနားမှာရှိရင် သိပ်ကောင်းမှာပဲ"

"အိုကေလေ၊ အိုင်နဲ့ အိုင့် Boy ယူ့ဆီခရီးဆက်ခဲ့မယ်"

"သိပ်ကောင်းတဲ့အစီအစဉ်ပဲ၊ မြန်မြန်လာပါ မော်လီရယ်"

"ကောင်းပြီလေ၊ Boy လေးနဲ့ တိုင်ပင်ပြီး အမြန်ဆုံး လာခဲ့မယ်၊ ဒါပဲနော်၊ ဖုန်းချလိုက်မယ်၊ အိုင့် Boy Bath Room ထဲက ထွက်လာပြီ၊ ဟင့် ဟင့် ဟင့်"

မော်လီသော် ရင်ခုန်သံပျာပျာလေးနဲ့ မြူးတူးစွာပြောရင်း ဖုန်းချသွားလေသည်။

မြစက် နားမှ လက်ကိုင်ဖုန်းလေး ခွာကြည့်၏။

ကြည်နူးလှိုက်လှဲသော စိတ်နဲ့လည်း ပြုံးကာ မော်လီလာရင်တော့ တအားပဲလို့ တွေးမိသလို ဘုန်းကိုလည်းမြင်ယောင်လျက် ရင်မှာ တဒိတ်ဒိတ်ခုန်လို့သွား၏။

ဘုန်းရေ

ရင်ခုန်တာ ဘာဖြစ်မလဲ ဟင်။

✿ ✿ ✿



BURMESE CLASSIC .com

## အခန်း (၁၈)

လတ်ဆတ်သော လေချိုနုနုကို တစ်ရှိုက်ရှူလိုက်၏။ မြေသားနဲ့ မြောင်းဘောင်တင်ပြီး စိုက်ပျိုးထားသော ဥစားမုန်လာပင်များက အမြောင်းလိုက် ပုံပေါ်ကာ စိမ်းမြလျက်။ မြေသားနဲ့ အပင်ကြားမှာ မုန်လာဥဖြူဖြူကလေးများပင် ပေါ်နေကာ။

အပင်ရင်းက ဆွဲနုတ်လိုက်ရင် မြေသားထဲ နစ်ဝင်နေတဲ့ မုန်လာဥများ ဖွေးခနဲ ပေါ်လာသည်က ကြည့်လို့ကောင်းနေသည်။

နုတ်ပြီးသား မုန်လာဥတွေကို ရေဇလားထဲ နှစ်ဆေးလိုက်ပြီး မြေကြီးတွေစင်လျှင် ဖွေးနေတဲ့မုန်လာဥက ပို၍ပင် ဆွတ်ဆွတ်ဖြူကာ စင်ကြယ်လှပသွားလေပြီ။

စိုက်ခင်းထဲမှာ မုန်လာဥနုတ်ပြီး ဆေးကြောနေတဲ့ ဒေါ်ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းကြည့်ရင်း ဘုန်းနေရောင် စိတ်နောက်နေတာတွေ တစ်စစ ပျောက်လို့သွားလေသည်။

မုန်လာဥစိုက်ခင်းရဲ့ ညာဘက်မှာ ချဉ်ပေါင်ခင်းနဲ့ ခရမ်းခင်း ရှိသည်။ ခရမ်းပင်တွေက အသီးတွေပင် တွဲရရွဲသီးကာ။

ကိုယ်ထည့်ထိပ်မှာ အဖြူပြောက်အစင်းလေးများပါတဲ့ ထော ပတ်ခရမ်းသီးတွေ တစ်ပင်နဲ့တစ်ပင် အပြိုင်အဆိုင် သီးနေကြသည့်နှယ်။ အပင်တိုင်းမှာ အသီးတို့ ပြွတ်ပြွတ်ခဲခဲ။

ခြံစည်းရိုးဘက်မှာ ရွက်နုတွေဖြာနေတဲ့ ကင်မွန်းပင်တွေ ရုံလိုက် ရှိသေးသည်။

သခွား၊ ခဝဲနဲ့ ပဲသီးရှည်ပင်တို့ကို ဝါးတိုင်ကလေးများ ထောင် ပေးထား၏။ ဝါးတိုင်ကလေးတွေမှာ အညွန့်ကလေးတွေ မတ်တက်ပြီး အပွင့်ကလေးများ ပွင့်နေသလို ပဲသီးရှည်ပင်က အသီးကင်းရှည်ရှည်လေး ပင် သီးနေပြီဖြစ်သည်။

ခြံထောင့်ဘက်ရှိ စမ်းချောင်းနဲ့ကပ်လျက် ရေဝပ်အောင် မြှု ပြင်ထားတဲ့ စိုက်ခင်းထဲ ကန်စွန်းပင်တို့ကလည်း စိမ်းမြမြရယ်။

ဘယ်ဘက်ကပဲကြည့်ကြည့် သီးချိန်တန်လို့ သီးကြပွင့်ကြနှင့် ဝေဆာစိမ်းစိုနေသောစိုက်ခင်းကို မြင်ရတာ မွန်းကျပ်နေတဲ့ ဘုန်းနေ ရောင်စိတ် တကယ်ပေါ့ပါးကာ။

ဦးခေါင်းကို ဝါးခမောက်ဆောင်းထားတဲ့ ဦးကြီးက ဘူးညွန့်တွေ





စင်ပေါ်တက်နိုင်အောင် ခပ်ယိုင်ယိုင်ပုံစံ ဝါးခြမ်းလှေကား ထိုးပေးပြီး ထိုဝါးခြမ်းလှေကားပေါ် ဘူးညွန့်တွေကို တင်ပြပေးရင်း အလုပ်ရှုပ်လျက် ရှိသည်။

စိုက်ခင်းကျယ်ထဲ ဘုန်းနေရောင် ရောက်လာကတည်းက ဦးကြီးနဲ့ ဒေါ်ဒေါ့်ကို ကာသစ် မိတ်ဆက်ပေး၏။

"ဒါ ကာသစ်ဒေါ်ဒေါ်နဲ့ ဦးကြီးလေ၊ ဖေဖေမရှိတော့ကတည်းက ကာသစ်ကို အုပ်ထိန်းသူပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျ"

"ဒေါ်ဒေါ် ဒါ ကာသစ်အလုပ်ရှင် ဘော့စ်ရဲ့သား"

"ဩော် သူဌေးမကြီးရဲ့သားကိုး"

တအံ့တဩပြောတဲ့ ဒေါ်ကြီးရဲ့အသံက ရိုးသားတဲ့ ကျေးလက် အမျိုးသမီးကြီးမှန်း သိသာနေသည်။

"လာ လာ မောင်ရင်၊ အဲ ဟို သူဌေးသား စိတ်ကြိုက်ကြည့် ဗျာ၊ ကျုပ်တို့က လက်လုပ်လက်စားတွေ မဟုတ်လား၊ အလုပ်နဲ့လက် ပြတ်တယ်လို့ မရှိဘူး၊ ဒီခြံထဲမှာ လျှောက်ကြည့်၊ နားနားနေနေ နေ ချင်လည်း ရတယ်နော်၊ အားမနာနဲ့ သူဌေးလေးရယ်"

လို့ ဦးကြီးပြောလျှင် ဘုန်းနေရောင် အားနာသွားသည်။ သူ့ကို သူဌေးလေးတဲ့။ မာမီ့ကိုတော့ သူဌေးမကြီးတဲ့။

အင်းပေါ့လေ။ အခြေအနေချင်း ကွာဟလွန်းနေတော့လည်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးနဲ့ဒေါ်ကြီးအတွက် အလုပ်ပျက်စရာဖြစ်မှာကို သူအားနာလှသည်။

သူ့ကို ကိုယ်တိုင်ခြံထဲခေါ်သွားပြီး သီးပင်စားပင်တွေ လိုက်ပြ၏။ ဘုန်းနေရောင် အားနာကာ –

"ရပါတယ်၊ ကျွန်တော့်ဘာသာ လိုက်ကြည့်မယ်၊ ဦးကြီးတို့ လုပ်စရာရှိတာ လုပ်ဗျာ"

လို့ အတင်းပြောယူရသည်။ ဒါတောင် လိုက်ပြဖို့ တကဲကဲနဲ့။

"ဦးကြီးနဲ့ဒေါ်ဒေါ်၊ ကိုဘုန်းနေရောင်က သူ့ဘာသာသူလိုက်ကြည့်ချင်တာလေ၊ အရမ်းစိတ်ရှုပ်နေလို့တဲ့"

"အို ဟိုး ဒီလိုလား၊ ဒါဆိုလည်း သူဌေးလေးသဘောဗျာ၊ ဦးကြီးတို့က အလိုက်မသိသလို ဖြစ်နေမလားကွာ၊ ဟား ဟား"

ဦးကြီးက မလုံမလဲပြောရင်း ရယ်ရှာသည်။

"ဒါဆိုလည်း သူဌေးလေး လိုက်ကြည့်လေ"

ဒေါ်ဒေါ်ကလည်း နောက်က လိုက်ပါမလာတော့ပါ။ ဦးကြီး၊ ဒေါ်ဒေါ်တို့နဲ့ ကသစ်က စကားပြောရင်း ကျန်ရစ်ခဲ့သည်။

သူက စိုက်ခင်းတွေထဲလိုက်ကြည့်နှင့် အချိန်ဖြုန်းနေလိုက်တာ အရာရာကို မေ့လုမတတ်။ သတိရလို့ နောက်ပြန်လှည့်ကြည့်တော့ ဦးကြီးနဲ့ဒေါ်ဒေါ်က သူတို့လုပ်စရာရှိတာကို ဆက်လုပ်ကာ နွယ်ကသစ် အရိပ်ကိုမျှ မတွေ့။

မတွေ့ရတော့ စိတ်ထဲ တစ်မျိုးလေးဖြစ်၏။ ဘယ်မှာလဲလို့





ဦးကြီးနဲ့ဒေါ်ဒေါ်ကို သွားမမေးချင်။ သူတို့အလုပ်ကို နှောင့်ယှက်သလို ဖြစ်မှာ စိုးသည်။

ဒါကြောင့် စိုက်ခင်းတွေထဲက ပြန်လှည့်ပြီး စိုက်ခင်းအရှေ့ဘက်သို့ လျှောက်ခဲ့သည်။

စိုက်ခင်းရဲ့အရှေ့ဘက်ရှိ ပိန္နဲပင်ကြီးဘေးမှာ ပျဉ်ထောင်အိမ်ငယ်လေး ရှိတယ်မဟုတ်လား။

ထိုအိမ်ငယ်လေး နားချင်နားနေနိုင်တယ်လို့ တွက်ဆကာ တွက်ဆထားတဲ့အတိုင်း နွယ်ကသစ်က ပျဉ်အိမ်ငယ်လေးမှာ ရှိနေသည်။ သူထင်သလို နားနေခြင်း မဟုတ်။.

တံခါးတစ်ချပ်စာ ပွင့်နေသော အိမ်နောက်ဘက်အဆောင်မှာ သူမ။ မီးဖိုဆောင်နဲ့ တစ်ဆက်တည်းဖြစ်သော ထိုအခန်းလေးမှာ ထမင်းစားပွဲ ပြင်နေသည်။ သူတို့တိုက်ထဲက ထမင်းစားခန်းလို ဂုဏ်ပကာသနရဲ့ အသုံးအဆောင်တွေ ဘာမှမပါ။ စားပွဲဝိုင်းခင်းလျက် ထမင်းပူပူ တစ်ပန်းကန် ခူး၏။ ခုပဲ ဖျော်ထားပုံရတဲ့ ငါးပိရည်ခွက်၊ တို့စရာ အစုံအလင်ရှိသော ပန်းကန်က ထမင်းစားပွဲအလယ် တင်လျက်။

အာပြခြောက်ကို အပိုင်းကလေးများပိုင်းပြီး ကြော်ထားတဲ့ ငါးခြောက်ကြော်ပန်းကန်ကို ပန်းကန်စင်ပေါ်မှယူပြီး စားပွဲပေါ်တင်ပြန်သည်။

ပြီးတော့ အကျအနထိုင်ကာ အဆင်သင့်ဖြစ်အောင် ကြိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားပုံရတဲ့ လက်ဆေးရေဇလုံထဲ လက်နှစ်ဆေး၏။

ထို့နောက် ထမင်းပန်းကန်ခွဲယူသည်။ ဘူးရွက်ပြုတ်ကို ထမင်းထဲမြှုပ်ကာ ငါးပိရည်တစ်ဇွန်း ခပ်ထည့်လျက်၊ လက်တစ်ဆုပ်စာ ထမင်းလုတ်ကို ပါးစပ်ထဲ ထိုးထည့်ရင်း ဝါးနေတဲ့ နွယ်ကသစ်။

သူ မျက်တောင်ပင် မခတ်ဖြစ်တော့ပါ။ ရပ်လျက် ငေးကြည့်နေမိသည်။ ထမင်းလုတ်ဝါးပြီး ငါးခြောက်ပိုင်းလေး ကောက်ဝါးလိုက်ကာက ခံတွင်းမြိန်သွားမှာ သေချာသည်။

သူ့ပင် လျှာရည်စိုကာ ပါးစပ်ပြင်မိမလို ဖြစ်လျက်။ သူများ ထမင်းစားတာကို ငေးကြည့်နေတဲ့သူ့အဖြစ်ကိုလည်း သူ မလုံ။ အကြည့်ကို ရုပ်သိမ်းပြီး ရှောင်ထွက်ဖို့ ခြေလှမ်းပြင်လျှင် –

"အို"

အာမေဍိတ်သံ နုနုကလေး ကသစ်နှုတ်မှ ထွက်လာသည်။

"သွား သွားတော့မလို့လား"

ထမင်းလုတ်မျိုချသံနဲ့ မေးသည်။ သူ ဘာမှ ပြန်မဖြေမိပါ။ ထိုအခါ ကသစ် ချက်ချင်းပဲ ရေဇလုံမှာ လက်နှစ်ဆေးပြီး ထ၏။

"လာပြီ"

"နေ နေ၊ မင်း ထမင်းစားနေတယ် မဟုတ်လား၊ သွားစားလေ"

"ရပါတယ် မစားတော့ပါဘူး"





ရေစိုလက်ကလေးခါပြီး မပြေးရုံတမယ် ထွက်လာတဲ့ နွယ်ကသစ်၊ သူ ငုံ့ကြည့်ရင်း –

"ဘာဖြစ်လို့လဲ၊ ခေါ်ကျွေးရမှာစိုးလို့ မဟုတ်လား"

"အို မဟုတ်တာဘဲ"

"ဒါဆို သွားစားချေ"

"မစားတော့ပါဘူး"

စားချင်စိတ်ကလေးနဲ့ နှုတ်ခမ်းတပြင်ပြင်ဖြစ်နေတဲ့ နွယ်ကသစ်က မစားတော့ပါဘူးပြောသည်က သူ သဘောမကျ။

ရှူးစိုက်ကြည့်မိသွားလျှင် –

"ဟိုလေ ကိုဘုန်းနေရောင် စောင့်နေရမှာ အားနာလို့"

"အားနာရင် ခေါ်ကျွေးမှပေါ့"

"ဟင်"

နွယ်ကသစ် အံ့ဩကာ မော့ကြည့်မိသည်။ ဘုန်းနေရောင် ရှူးစိုက်ကြည့်နေတဲ့ မျက်ဝန်းနဲ့ဆုံသည်။ တောက်ပရွှန်းတင့်နေတဲ့ သူ့မျက်ဝန်းက ထမင်းဝိုင်းအရိပ်လေးထင်လျက်။

"ဘယ်လိုလဲ၊ ကျွေးမလား"

"စားရင် ကျွေးမှာပေါ့၊ ဒါပေမဲ့ ဟင်းကောင်းကောင်းမရှိဘူး ရှင့်၊ စားချင်ရင် စားကြည့်လေ၊ လာ"

နွယ်ကသစ် တစ်ပါတည်း ခေါ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ဟန်မဆောင်တတ်စွာ နှုတ်ခမ်းကို လျှာဖျားလေးနဲ့ သပ်ရင်း သူမ ဦးဆောင်သွားတဲ့ ထမင်းစားဝိုင်းဆီ ပါသွားတဲ့အဖြစ်။

မြင်ယောင်ခံစားမိတိုင်း ခံတွင်းမြိန်နေတဲ့အရသာကို မမေ့နိုင်ခဲ့။

✿ ✿ ✿



## အခန်း (၁၉)

"ဘုန်း စားလေ"

ချိုအီသော မြူသံလေးက သိသာလှစွာ။

သီးစုံနဲ့ ရောပြီးပေါင်းထားတဲ့ ပုစွန်တုပ်နှပ်ကို ပန်းကန်ထဲ ခပ်ထည့်ပေးရင်း မြစက်ရေ ဆိုပါသည်။

သာယာသော မြစက်မြူသံလေးထဲမှာ ဘုန်းနေရောင် မပျော်ဝင်။ ခေါင်းလေးဆတ်ရင်း ပြုံးကာ ဖွန်းခက်ရင်းကောက်ကိုင်သည်က စားချင်စိတ်နဲ့ မဟုတ်ပါ။

"ဘာလိုသေးလဲ ပြောနော်၊ အားမနာနဲ့ ဘုန်းရဲ့ အပေါင့်"

ဟင်းပွဲတွေ ရွှေ့ပေးရင်း ဧည့်ခံစကားလှိုင်လှိုင်ဆိုကာ။ အမယ်စုံတဲ့ ဟင်းပွဲတွေက ကောင်းပေ့ညွန့်ပေ့တွေချည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကို မာမီက ထမင်းစားဖိတ်ဖို့ ပြောနေတာကြာပြီ ဘုန်းရဲ့ အန်တီမြတ် နေမကောင်းသေးလို့ သိလား။ ခုကော့ အန်တီမြတ်လည်း ကောင်းကောင်းကျန်းမာလာပြီ၊ သွားနိုင်လာနိုင်ပြီဆိုတာနဲ့ စီစဉ်လိုက်တာလေ၊ ဘုန်း သဘောကျရဲ့လားဟင်"

"ကျ ကျပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်"

ဘုန်းနေရောင် ပုံမှန်အတိုင်းပြောပြီး ထမင်းဖြူတစ်ဇွန်း ခပ်စားလိုက်သည်။

မာမီနဲ့အန်တီကျော်က တစ်ဖက်ခန်းက ထမင်းစားခန်းထဲမှာ စားသောက်ပြောဆိုကာ ဘုန်းနေရောင်နဲ့ မြစက်ကို လွတ်လပ်စွာ လွှတ်ထားပေးခြင်း ဖြစ်သည်။

ဘာကြောင့်ဆိုတာ သူ သဘောပေါက်ပေမယ့် တည်တည်ငြိမ်ငြိမ်ပဲ စားနေလိုက်သည်။

"ဟင်းပွဲတွေက မြစက်အကြိုက်ချည်းပဲ မှာထားတာ၊ ဘုန်းက မြစက်ကြိုက်တာတွေ သဘောကျ လိုက်လျောတယ် မဟုတ်လား"

"အင်း လိုက်လျောရမှာပေါ့ ဟင့် ဟင့်"

ပြောရင်း ခြောက်ကပ်ကပ်ရယ်သည်။ မြစက်က မျက်နှာပေးလေး လှုပ်ခါသွားအောင် သဘောတူစွာ ရယ်မောပြီး -

"အဟင့်၊ အဲဒါကြောင့်လေ ဘုန်းကို အဟင့် ကျေး ကျေးဇူးတင်ရတာပေါ့၊ ဘုန်းက မြစက်သဘောချည်း လိုက်လျောတော့လေ၊





ဒါနဲ့ ဘာလိုသေးလဲဟင်"

နှစ်ဆယ်မကသော ဟင်းပွဲတွေကို ဝေ့ကြည့်ရင်း မေးပြန်သည်။ ဘုန်းနေရောင် ဟင်းပွဲတွေကို ကြည့်ရင်း ခေါင်းခါယမ်း၏။

"မလိုတော့ပါဘူး မြစက်ရဲ့၊ ပြည့်စုံတာထက် ပိုနေပါပြီ"

"အဟင့်၊ မြစက်က ပိုပိုလျှံလျှံဖြစ်အောင်လို့ မှာထားတာ၊ ဒီဟင်းပွဲအားလုံးက အကောင်းဆုံးဆိုင်ကချည်း အော်ဒါမှာထားတာ ဘုန်းရဲ့၊ ဟောဒီ ငါးရှဥ့်ကြော်ချက်လေး စားကြည့်ပါလား"

ငါးရှဥ့်ကြော်ချက်ကို ငရုတ်စိမ်းပွလေး နှစ်ခြမ်းခွဲ၊ ပန်းပွင့်ပုံ ဖော်ထားတဲ့ ဥနီအတုံးကလေးဖြင့် လှလှပပ တန်ဆာဆင်ထားတဲ့ ကြွေပန်းကန်ဝိုင်းဝိုင်းကလေးကို ရွှေ့ပေးရင်း မြစက်ပြော၏။

လက်ကလည်း ဇွန်းကိုကိုင်ပြီး တစ်ဆက်တည်း ခပ်ထည့်ပေးသည်။ ဆီဝါရောင်ဝင်းနေတဲ့ ငါးရှဥ့်တုံးလေးတစ်တုံးကို မြစက်အလိုကျ ခပ်စားရပြီ မဟုတ်လား။

ချဥ်စပ်စပ်အရသာက ကောင်းနေပေမယ့် ဘုန်းနေရောင် ခံတွင်းမမြိန်ပါ။ ဒါပေမဲ့ သဘောကျ ဟန်ဆောင်ကာ -

"ကောင်းသားပဲ မြစက်ရဲ့"

"ကောင်းရမယ်လေ ဘုန်းရဲ့၊ ငါးရှဥ့်ကြော်ချက်က ရိုးရိုးငါးရှဥ့်ကြော်ချက် မဟုတ်ဘူး ဘုန်းရဲ့၊ အချဥ်နှံ့လေး သင်းထားတော့ မွှေးရှရှလေး ဖြစ်နေတယ်၊ ဟင်းပွဲပြီးတော့မှ အပူငွေ့ပေးပြီး ထပ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ထားတာ၊ ဥနီအတုံးလေးတွေနဲ့ ငရုတ်စိမ်းကိုစားကြည့်ဦး၊ ချဉ်ချဉ်ရှူးရှူး လေးရယ်၊ စားလိုက်ရင် ခံတွင်းရှင်းမြိန်သွားစေ့မယ်၊ စားကြည့်လေ"

ဥနီတုံးကလေးများနဲ့ ငရုတ်ပွ ရောချ၍ ခပ်ထည့်ပေးပြန်သည်။ ဟင့်အင်းလို့ ငြင်းလို့ရမှာမဟုတ်လေတော့ မြစက်အလိုကျ ခံတွင်းထဲ ထည့်ရ၏။

မြစက်ပြောတဲ့အရသာဖြစ်ပေမယ့် သူ မနှစ်သက်ပါ။ မနှစ်သက် သော်လည်း မာနရှင် အလိုကျစေဖို့ –

"ဟုတ်သားပဲ၊ မြစက်ပြောတဲ့အတိုင်းပဲ ကောင်းတယ်၊ အဟင့်၊ မြစက်က အရသာကောင်းကောင်းလေးတွေ သိပ်ရွေးတတ်တာပဲ"

"တတ်တာပေါ့၊ မြစက်က အကောင်းကြိုက်လေ၊ ဘယ်ဆိုင်မှာ ဘာကောင်းလဲ စားကြည့်တယ်၊ ကြိုက်တယ်ဆို ထမင်းစားခါနီး လှမ်း မှာလိုက်တာပေါ့၊ ဘယ်လောက်အဆင်ပြေလဲ၊ ဟင့် ဟင့် ဟင့်"

မြစက် လှိုင်လှိုင်ကြီးပြောနေသလောက် သူ့ရင်မှာ မောလျှနေ သည်။ မြစက်က သူမ,အကြိုက်ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး ထည့်ပေး သလို ဘယ်လိုအရသာရှိကြောင်း တတွတ်တွတ် ပြောနေသည်။

သူ့မျက်ဝန်းကတစ်ဆင့် ရင်ထဲ တကယ်စွဲနေတာက နွယ် ကသစ်ရဲ့ ထမင်းဝိုင်းလေးသာ။

✿





"ထိုင်လေ"

ပျဉ်ချပ်နဲ့ခင်းထားတဲ့ ဖင်ထိုင်ခုံ နိမ့်နိမ့်ကလေးရယ်။ ထို ထိုင်ခုံမျိုး သူတစ်ခါမှ မထိုင်ဖူးပါ။ ထမင်းစားပွဲကလည်း နိမ့်နိမ့်။

နွယ်ကသစ်က ထိုင်လို့ ပြောလို့သာ စတိုင်လ်ပင်ကို အသာပင့်ပြီး ထိုင်ချသည်။ တင်ပါးက ထိုင်ခုံပေါ်မှာ။ ခြေဖဝါးနှစ်ဖက် ကြမ်းခင်းများ ချလျက်သားနဲ့ ဒူးခွဲပြီးထိုင်မိတဲ့ပုံစံက ထိုင်ရမဆိုးလှပါ။

ထမင်းစားပွဲပေါ် လက်နှစ်ဖက်တင်လိုက်တော့ ပို၍ပင် သက် သောင့်သက်သာ ရှိလေသည်။

ထမင်းအိုးထဲက အငွေ့လှိုင်နေသော ထမင်းပူကို ကြွေပန်း ကန်ပြားထဲ အနေတော်ထည့်သည်။ သူ့ရှေ့ အသာချပေးပြီး –

"စားလို့အဆင်ပြေပါ့မလား၊ ကြက်သားပြုတ်ကျော်ရှိတယ်၊ ဥပာယ်ဘွိုင်ကြော်ပေးမယ်လေ"

"ကောင်းသားပဲ"

"ခဏလေးစောင့်၊ အလွန်ဆုံး သုံးမိနစ်"

လက်ချောင်းလေးထောင်ပြီး ကသစ်ပြောသည်။ သူ ကျေကျေ နပ်နပ် ခေါင်းဆတ်လျက် နွယ်ကသစ်ရဲ့ လှုပ်ရှားမှုလေးတွေကို အငေး သား ကြည့်ကာ ထင်းမီးဖိုမှာ ထင်းပေါက်ကလေးတွေ ကိုးလိုးကန့်လန့် ထည့်၏။ ရာဘာအပိုင်းအစလေးကို ဂက်စ်မီးခြစ်နဲ့ မီးရှို့၏။ မီးတောက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြစ်သွားတဲ့အခါ ထင်းမီးဖိုမှာ မီးမွေး၏။

ရော်ဘာမီးတောက်က ထင်းပေါက်ကလေးတွေကို လောင်နေတဲ့အခါ အနေတော်ထင်းချောင်း လေးငါးချောင်း ကန့်လန့်ဖြတ်ပုံစံထည့်သည်။

ထင်းက ခြောက်သွေ့နေတာမို့ မီးစွဲကာ ချက်ချင်းထတောက်၏။ ထင်းမီးတောက်သည်နှင့် ဒယ်အိုးတင်ပြီး ပုလင်းပြားထဲက မြေပဲဆီအနည်းငယ် လောင်းထည့်လျက်။ မီးကောင်းတော့ ဆီချက်ချင်းဆူသည်။

ကြက်ဥကို မီးဖိုစောင်းနဲ့ထုပြီး အခွံခွာကာ ဒယ်အိုးထဲ လောင်းချလျှင် ဆီသံ ရှဲခနဲ။

ပြန့်ကားနေတဲ့ အကာအလယ်မှာ ကြက်ဥအနှစ်လုံးလေး ဝါဝင်းပြီး ဆီဆူဆူကြားမှာ ပွက်ပွက်ကြွကြွဖြစ်ကာ နွယ်ကသစ်က ဆားပွင့်ကလေး အနည်းငယ် ဖြူးလိုက်သည်။ နောက်ထပ် နှစ်မိနစ် မကြာပါဘူး ကြက်ဥဟပ်ဘွိုင်ပန်းကန် သူ့ရှေ့ ပူပူလေး ရောက်ရှိလာသည်။

ငါးပိရည်၊ တို့စရာအစုံ၊ ငါးခြောက်ကြော်၊ ကြက်သားပြုတ်ကြော်နဲ့ ကြက်ဥဟပ်ဘွိုင်က ထမင်းစားပွဲမှာ စားချင်စဖွယ်ဖြစ်လျက်။

"စားကြည့်လေ၊ ရော့ ဒီမှာ လက်ဆေးရေ"

ရေအသစ်လဲထည့်ပြီး လက်ဆေးရေဇလုံ သူ့ရှေ့ထိုးပေးပြန်သည်။ သူ ဟန်မဆောင်တော့ပါ လက်ဆေး၏။ ထမင်းပူပူနဲ့ ငါးပိရည်တို့စရာက လိုက်ဖက်သည်။





ခရမ်းသီးပြုတ် တို့စရာကို အညှာချွေပြီး နှစ်ခြမ်းခွဲကာ တို့စားရလွယ်ကူအောင် လုပ်ပေးတဲ့ နွယ်ကသစ်လက်ချောင်းကလေးများကို သူ ဘယ်တော့မှ မေ့ဖို့မရှိပါ။

ပြည့်တင်းနုဖပ်သော လက်ချောင်းကလေးများက လက်ဆစ်လေးမှာဖုံးကာ ဖြူသွယ်သွယ်လေးဖြစ်သည်။ လက်နုနုလေးပေါ်က မွေးညင်းရှည်လေးများကအစ လှနေသည်။

လှုပ်ရှားမှုတွေကလည်း သွက်လက်ချက်ချာသော အိမ်ရှင်မကောင်း ပီသနေသည်။ သူ စားလိုတာကို အဆင်ပြေအောင် မြန်မြန်ဆန်ဆန် လုပ်ဆောင်ပေးနိုင်တဲ့ နွယ်ကသစ်က မြစက်ရေနဲ့တော့ တကယ်ခြားကာ။

မြစက်က သူ မကြိုက်သော အစားအစာကို သူ့ကို အတင်းကျွေးနေခဲ့သည်။ နွယ်ကသစ်က သူ့ခံတွင်းတွေ့အောင် ထမင်းပွဲလေးဖန်တီးပေးကာ ငါးပိရည်ချဉ်ငန်စပ်အရသာနဲ့ ကြက်ဥဟပ်ဘွိုင်ပူပူလေးလျှာမှာ ငြိလျက်။

ဟင်းကောင်းတွေနဲ့ ချက်ကျွေးနေပေမယ့် စားမမြိန်ခဲ့၊ စားမြိန်ခဲ့တာက ဟင်းရယ်လို့ တစ်မယ်မှ ကောင်းစွာမပါဘဲနဲ့။

လွမ်းတယ် ကသစ်ရယ်။

သဘာဝဆန်တဲ့ ထမင်းဝိုင်းကိုလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"သားငယ်"

သာယာတဲ့ညနေခင်းလေးကို ငေးလို့ကောင်းနေဆဲ မာမီ့ခေါ်သံက အနှောင့်အယှက်ပေးလိုတာမျိုး မဟုတ်ပေမယ့် သူငေးနေတာလေး ဖီလင်ခပ်အောက်အောက် ဖြစ်၏။

"ဘာတွေးပြီး ငေးနေတာလဲ"

သူ ပြန်မထူးသော်လည်း မာမီ အနားရောက်လာပြီး မေးချေသည်။ နံရံမှာ ကပ်ရပ်လျက် ညနေခင်းကို ငေးကြည့်နေရာမှ ကိုယ်ကို ခွာ၏။ မာမီ့ကြောင့် ဘုန်းနေရောင် ငေးမောခွင့်၊ တွေးခွင့် မသာတော့မှန်း သိသာကာ ထိုင်ခုံမှာ ဝင်ထိုင်ပြီး –

"ဒီလိုပါပဲ မာမီ၊ မာမီ ဘာပြောမလို့လဲ"





"အင်း ပြောဖို့ဆိုတာထက် အသိပေးဖို့ပေါ့ သားရယ်"

ဒေါ်မိမြတ်မြတ် ကြည်လင်ရွှင်ပျစွာပြောရင်း သူနဲ့ မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။

မာမီ့နောက်မှာပါလာတဲ့ မမက ညနေစာ အဆာပြေစားဖို့ မုန့်ဗန်းလေး စားပွဲပေါ်လာတင်သည်။ အိမ်ဖော်ကောင်မလေးကလည်း ကော်ဖီကရား လာချကာ။ အိမ်ဖော်ကောင်မလေး ထွက်သွားတော့ မမ ဝင်ထိုင်ပြီး ခွက်ထဲ ကော်ဖီငှဲ့ထည့်၏။

"အသိပေးရင်လည်း ပေးလိုက်တော့ မာမီရယ်"

မမ တစ်ဆက်တည်းပြောသည်။ ဘုန်းနေရောင် ဘာမှ နားမလည်။ မာမီ့ကို မော့ကြည့်၏။ ဘာလဲလို့ အသံတိတ်မေးခွန်းပါတဲ့ မျက်နှာနဲ့မေးတော့ မာမီပြုံးလျက် –

"သားနဲ့ မြစက်လေးကိစ္စလေ"

သူ မအံ့သြမိအောင် ဣန္ဒြေဆည်လိုက်ရသည်။

"မာမီနဲ့ မြစက်လေးဒယ်ဒီ့မာမီတို့ စကား အသေအချာ ပြောဆိုခဲ့ပြီးပြီ၊ သားငယ်ရဲ့၊ ဒီအပတ်တွင်းမှာ စေ့စပ်ပွဲလုပ်ပေးမလို့"

"ဟာ မာမီကလည်း"

သူ စိတ်ပျက်လက်ပျက် ရွတ်ကာ ခေါင်းယမ်းသည်။ မမက ကော်ဖီခွက် သူ့ရှေ့ချပေးရင်း –

"ဒါက ဘာဖြစ်သွားတာလဲ မောင်လေးရယ်၊ မာနဖိတ်ဖိတ်



www.burmeseclassic.com

www.burmeseclassic.com



တောက်နေတဲ့ မြစက်တောင် ဒီကိစ္စ မမ,ပြောတာနဲ့ ရယ်ရယ်မောမော လက်ခံတဲ့ဥစ္စာ''

''ဒါကတော့ သူ့အလိုကျ ဖြစ်နေတာကိုး''

''နေပါဦး။ သားငယ်က ဘာအလိုမကျဖြစ်စရာရှိလဲ''

''ရှိတာပေါ့''

''ဘာ''

ဘုန်းနေရောင် ဘယ်သူ့ကိုမှ မကြည့်။ တုံးတိတိ ပြောချလေသည်။ မာမီနဲ့ မမ ဘာသံတွေထွက်ကာ သူ့ကို ပြူးပြူးပြဲပြဲကြည့်လျက်

''ဘယ်လို သား၊ ဘာတွေ အလိုမကျတာရှိလို့လဲ၊ မာမီ့ကို ပြောစမ်းပါ သားရယ်''

သူ့ရှေ့ရောက်နေတဲ့ အငွေ့လှိုင်လှိုင်ပျံ့ထွက်နေသော ကော်ဖီပန်းကန်ကိုပဲ ယူစိုက်ကြည့်ရင်း ဆိုသည်။

''မာမီရာ ပြောရင်လည်း မာမီတို့ နားလည်မှာမဟုတ်ဘူး''

''အလိုလေး''

မမက စူးစူးရဲရဲ စိုက်ကြည့်သည်။

''ဘာလို့ နားမလည်ရမှာလဲ၊ ပြောကြည့်လေ၊ သား ဘာကို အလိုမကျ ဖြစ်တာလဲ၊ မြစက်က အရင်လို မဟုတ်ဘူးလေ၊ သားအပေါ် လိုက်လိုက်လဲ့လဲ့ဖြစ်နေမှန်း မာမီတို့ မြင်နေသားပဲ''

''အမြင်က တခြား၊ အတွင်းစိတ်က မာနထောင်ကြွနေတာက





တခြားပါ မာမီပါ၊ ဒီကိစ္စ ခဏရပ်ထားဦးမာမီ၊ Please မာမီ၊ မြစက် အနေအထားကို စောင့်ကြည့်ဖို့ထက် ကျွန်တော့်စိတ်က ဘာကိုတောင်းဆို နေလဲဆိုတာ ကျွန်တော် စောင့်ကြည့်မယ်၊ အဖြေရရင် မာမီတို့သိအောင် ပြောပါ့မယ်၊ ခုတော့ ဒီလောက်ပဲ ပြောပါရစေ၊ ဒါပဲ မာမီ''

ဘုန်းနေရောင် တစ်ရှိန်ထိုး ပြောချ၏။ ပြီးနောက် ထိုင်နေရာမှ ချက်ချင်း ထလေသည်။

''အို ဟဲ့ မောင်လေး။ နေဦးလေ၊ မမ,ပြောတာလည်း နားထောင်ဦးမှပေါ့''

မမ အားမလိုအားမရပြောရင်း ဆွဲထားသည်။ မမလက်ကို ဖယ်ချကာ ဘုန်းနေရောင် ထွက်ခဲ့လေသည်။ ဒေါ်မိမြတ်မြတ်က အသံတိတ်ကြည့်ရင်း ခေါင်းဝါယမ်းယမ်း ဖြစ်လို့သွားသည်။

သားက သူမတို့ထင်သလို ဖြစ်လာဖို့မရှိမှန်းလည်း ရိပ်မိကာ ဘာကြောင့် သား ဒီလိုဖြစ်ရသလဲဆိုတာပါ ဆက်စပ်တွေးလျက်။

''မောင်လေးနဲ့တော့ ခက်တာပဲ မာမီ၊ မောင်လေးပြောပုံဆိုပုံနဲ့ဆို မြစက်တို့နဲ့ ပြောထားဆိုထားတာတွေ ရှုပ်ထွေးကုန်ဖို့ရှိတယ် မာမီရယ်၊ မာမီ့သားကို မာမီကြည့်ပြောပါဦး၊ ကိုကိုကတောင်ပြောနေသေးတယ်၊ မောင်လေးက ပုံမှန်မဟုတ်ဘူးတဲ့''

''အဲဒါပေါ့ မာမီလည်းစိတ်ပူတာ၊ မောင်စိုးပြောကတည်းက မာမီလည်း အကဲခတ်ကြည့်နေတာ၊ နွယ်ကသစ်ဆီကိုများ သား စိတ်



www.burmeseclassic.com

www.burmeseclassic.com



ယိုင်နေပြီလား"

"ယိုင်ကြည့်ပါလား၊ သမီးနဲ့ တွေ့သွားမှာပေါ့"

သမီးက မနှစ်သက်စွာ အံကြိတ်ပြောလျက်။ အခြေအနေက ဟောဒီညနေခင်းလို သာယာမနေတာက ခက်နေပါပြီ။

"သမီးလည်း စိတ်လျှော့၊ မာမီ့သားကို မာမီ စည်းရုံးပါ့မယ် သမီးရဲ့ ဟုတ်ပြီလား"

ဒေါ်မိမြတ်မြတ် သမီးကိုလည်း ချော့ပြောရသည်။ သမီးက လည်း စိတ်အထက်သား။ သားက ခုမှ တစ်ဖွတ်ထိုးဆန်ချင်နေသည်။ ဝေးနေတုန်းက သားနဲ့မြစက် ဆက်ဆံရေးက ချောမွေ့လျက်။ နီးကပ်လာမှ အဖုအထစ်တွေ ပေါ်လာတဲ့အဖြစ်။ တွေးရင်း အံ့သြရသလို။

ဒါ ဘာကြောင့်လဲလို့ မတွေးဘဲနေလို့ မရတော့ပါ။ အကြောင်းပြချက်တော့ ရှိရမှာပဲ။ အဲဒီအကြောင်းပြချက်ကို မွှေနှောက်ဖော်ထုတ်ဖို့က သူမတာဝန်။ ဒေါ်မိမြတ်မြတ် ထိုသို့ယူဆကာ။ သမီးက မအေ စိုက်ကြည့်လျှင် ဒေါ်မိမြတ်မြတ် မျက်နှာလွှဲလေသည်။

အလှပဝါလေးခြုံထားသလို ရှုမောဖွယ်လှနေတဲ့ ညနေခင်းမှာ သားမိနှစ်ယောက်ခမျာ သက်မတို့ချသည်က အလီလီရယ်။

✿ ✿ ✿



## အခန်း (၂၁)

"ဟဲလို"

"ကိုယ်ပါ နွယ်ကသစ်"

ဘုန်းနေရောင်အသံကြောင့် ကသစ် နှုတ်ခမ်းနှစ်လွှာ ဟစိစိလေး ဖြစ်လို့သွားကာ အံ့သြပြီး ဘာသံမှ ထွက်မလာ။

ဘာကိစ္စမှမရှိဘဲနဲ့ ဘာကြောင့် ဖုန်းဆက်ရတာလဲ။ ဖုန်းခွက်ကို တစ်ဖက်နားသို့ ပြောင်းကိုင်နားစွင့်လျှင် –

"အလုပ်အားလား"

"ဟို သိပ် သိပ်မအားဘူးရှင့်"

"မအားရင်လည်း လာခဲ့၊ ဒီနေ့လယ် တစ်နာရီ ကော်ဖီဆိုင်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဆက်ဆက်လာခဲ့၊ ကိုယ်စောင့်နေမယ်၊ ဒါပဲ"

"ဟင်"

ပြောပြီးတာနဲ့ ဖုန်းချသွား၏။ နွယ်ကသစ် ပြန်ပြောခွင့်မသာတော့ပါ။ ဖုန်းခွက်ကို နားမှခွာကြည့်ရင်း ယောင်ယောင်အအဖြစ်ကာ။

မဟုတ်သေးပါဘူး၊ တစ်ခုခုများ လွဲချော်နေသလိုပဲဟု ထင်နေမိတာက နွယ်ကသစ်ရယ်။

ချက်ချင်းပဲ ဘုန်းနေရောင်ဖုန်းနံပါတ်ကို နှိပ်သည်။ ဖုန်းက စက်ပိတ်ထားပါသဖြင့်တဲ့။

နွယ်ကသစ် တွေးဆရခက်စွာ ဖုန်းခွက်ပြန်ချ၏။ ဘာကြောင့် ချိန်းဆိုရတာလဲဆိုတဲ့ မေးခွန်းနောက်မှာ အဖြေက ထုတ်ရခက်စွာ။ မျက်လုံးထဲမှာ မြင်နေတာက ဘုန်းနေရောင်အရိပ်တွေ။

လေဆိပ်မှာ စတွေ့ကတည်းက မမလဝန်းရောင် ကြိုခိုင်းတာ 'သူ' ပဲလို့ အတတ်ခန့်မှန်းမိသည်။ အန်တီ့ရုံးခန်းမှာ ချိတ်ထားတဲ့ သူ့ဓာတ်ပုံမြင်နေရတာ ရိုးလွန်းမက မျက်လုံးထဲ စွဲလို့နေတယ် မဟုတ်လား။

စတွေ့စကတည်းက 'ကသစ်' ကို မတူမတန်သလိုကြည့်ပြီး ပြောဆိုတာတွေကလည်း အရှိန်အဝါကြီးနေခဲ့သည်။ ကသစ်က ကသစ် ကိုယ်ကသစ် ဘာမှန်းဆိုတာ သိ၏။





သူတို့လခကို စားနေရတဲ့ ဝန်ထမ်းဖြစ်လို့ သူတို့ခိုင်းသမျှ ပြောသမျှ လုပ်ပေးရမယ့်တာဝန်ရှိတယ်လို့ ကသစ် လက်ခံထားသည်။ ဒါကြောင့်မို့ အန်တီမြတ်ဖြစ်ဖြစ်၊ မမလဝန်းရောင်၊ ကိုစိုးဖြစ်ဖြစ် ဘာခိုင်းသည်ဖြစ်စေ ကသစ် လုပ်ပေးနေကျ။

ဘယ်တော့မှ ငြီးငြူလေ့မရှိပါ။ ဒါကလည်း ဖေဖေ့ရဲ့စိတ်စေတနာအရင်းတွေကို သမီးဖြစ်တဲ့ကသစ်ကလည်း ဖအေတူသမီးပီသစွာ သဘောထားနေမိဖြစ်သည်။

ကသစ် နှစ်နှစ်သမီးအရွယ်မှာ မေမေက လျှပ်စစ်မီးဖိုမှာ ချက်ပြုတ်ရင်း ဝါယာရှော့ခ်ဖြစ်ရာမှ ဓာတ်လိုက်ခံရပြီး ဆုံးရှာသည်။ အိမ်လည်း မီးထဲပါသွားကာ နေစရာမဲ့နေခဲ့သည်။

မေမေဆုံးစဉ်က ကသစ်က ဒေါ်ဒေါ့်အိမ်ရောက်နေခြင်း။ ကသစ်က ချက်ပြုတ်နေတဲ့မေမေ့ကို အမြဲတမ်း အနှောင့်အယှက် ပေးတတ်သည်တဲ့။ မေမေလုပ်တာတွေ ကသစ်က လျှောက်လုပ်နေတော့ ချက်ပြုတ်တဲ့အခါ မေမေက ကသစ်ကို ဒေါ်ဒေါ့်အိမ် ပို့ထားစမြဲ။

ပို့မထားရင် ကသစ်လည်း အမေနဲ့အတူတူပဲ ဓာတ်လိုက်ခံရပြီး သေဆုံးနေမလား။ လျှပ်စစ်ဝါယာကြိုးတွေ မီးကူးလောင်ကျွမ်းတဲ့အိမ်လေးအတိုင်း မီးထဲပါကာ သေဆုံးသွားမည်လား။

တစ်ခုခုတော့ ဖြစ်မှာပဲ။ ကသစ် ကံကောင်းတာလား၊ ကံဆိုးတာလား။ ဒါတော့ ဘုရားပဲ သိတော်မူမည်။



www.burmeseclassic.com

www.burmeseclassic.com



လူမမယ်အရွယ်မှာ မေမေဆုံးပါးသည်။ အဲဒီအချိန်က ဖေဖေက အဝေးပြေးကားမောင်းထွက်သွားတာ နယ်မြို့ဆီ။

ဒေါ်ဒေါ်တို့အကြောင်းကြားလို့ အဖေပြန်ရောက်လာတဲ့အချိန်က မေမေ့အသုဘကိုတောင် မမီရှာ။ ဖေဖေ့ခမျာ မေမေလည်းဆုံး၊ အိမ်ကလေးလည်း မီးလောင်ပြာကျကာ အခြေမဲ့အနေမဲ့ဖြစ်လျက်။

လူမမယ်သမီးကလေးကို ပွေ့ပိုက်ရင်း ယူကျုံးမရ ငိုကြွေးရှာသည်။ ထိုအခါ ဖေဖေ့ရဲ့ကားသူဌေး ဦးကြယ်ရောင် ရောက်လာပြီး နှစ်သိမ့်စကားဆိုသည်။ ဖေဖေနဲ့ကသစ်ဘဝကို သနားကာ လောင်ကျွမ်းသွားတဲ့ ပျဉ်ထောင်အိမ်ကလေးအစား တိုက်ပုလေး ဆောက်ပေးလေသည်။

ဖေဖေက ငွေစုပြီး ပြန်ဆပ်မယ်ပြောတော့လည်း ဦးကြယ်ရောင် လက်မခံ။

"ကိုသန်းဖေရာ တစ်ပြားမှ ပြန်ဆပ်စရာမလိုပါဘူး။ ကျွန်တော့်အလုပ်အပေါ်မှာ ကိုသန်းဖေ ဘယ်လောက်သဘောထားကြီးကြီး လုပ်ဆောင်ခဲ့သလဲဆိုတာ ကျွန်တော်သိပါတယ်၊ သိလို့လည်း ကိုသန်းဖေရဲ့ လိုအပ်ချက်ကို ကျွန်တော် ဖြည့်ဆည်းပေးတာပါ၊ ကိုသန်းဖေ စိတ်လေပြီး ကျွန်တော့်ကုန်ကားကြီးတွေ ဆက်မမောင်းတော့ရင် ကျွန်တော့်အလုပ်တွေ လစ်ဟင်းကုန်မယ်ဗျာ၊ ကျွန်တော်တတ်နိုင်တာက ငွေရေးကြေးရေး ကူညီပေးရုံပါ၊ အဓိက ကိုသန်းဖေရင်ထဲက မီးကို တတ်နိုင်သလောက်





ငြိမ်းပေးတယ်လို့ပဲ သဘောထားလိုက်ပါ၊ နားခိုစရာ အိမ်ကလေးတစ်လုံးမှ မရှိရင် လူ့ဘဝဟာ ကမောက်ကမ ဖြစ်သွားမယ်၊ ပြီးတော့ လူမမယ်သမီးလေး ကျန်ခဲ့တယ်မဟုတ်လား။ သားသမီးချင်း ကိုယ်ချင်းစာလို့ပါဗျာ၊ ကျွန်တော့်ကားကြီးတွေ ဆက်မောင်းပေးရင် ရပါပြီဗျ"

ဦးကြယ်ရောင် ဖျောင်းဖျနှစ်သိမ့်ကာ ဖြည့်ဆည်းပေးတာက ဖေဖေနဲ့ကသစ်ဘဝ နားခိုစရာဗိမာန်လေး ရခဲ့သည်။

မေမေမရှိတော့မှ ဖေဖေ့မှာ စိတ်ဓာတ်ကျနေဖို့အချိန်မရတော့ပါ။ ဦးကြယ်ရောင်ကားပေါ်မှာသာ အချိန်ကုန်ကာ ကိုယ်ဖိရင်ဖိ လုပ်ပေးလျက်။

ကသစ်က သားသမီးမထွန်းကားတဲ့ ဦးကြီးနဲ့ဒေါ်ဒေါ်ထံမှာ ခိုလှုံရကာ အိမ်ငှားနေတဲ့ ဒေါ်ဒေါ်နဲ့ဦးကြီးက ဦးကြယ်ရောင် အသစ်ဆောက်ပေးတဲ့ တိုက်ပုလေးမှာ ကသစ်ကို ပြုစုစောင့်ရှောက်ရင်း နေသည်။

"သမီးရယ်၊ ဦးကြယ်ရောင်ကျေးဇူးတွေက ဖေဖေ့အပေါ်မှာ ကြီးလှပါတယ်ကွယ်၊ ဖေဖေနဲ့ သမီးဘဝအတွက် နားခိုစရာ တိုက်ပုလေး ဆောက်ပေးလိုက်တာက ဖေဖေတို့သားအဖအပေါ် ဦးကြယ်ရောင် ဘယ်လောက် မေတ္တာကြီးမားသလဲ၊ စာနာသလဲဆိုတာ လက်တွေ့ပြလိုက်တာပဲကွယ်၊ ဒါကြောင့် ဦးကြယ်ရောင်ရဲ့ကားလုပ်ငန်းကို ဖေဖေ တာဝန်ယူပြီး အနီးကပ် ကြီးကြပ်ပေးရမယ်လေ၊ ဒါမှလည်း ဖေဖေ့ဘက်က ဦးကြယ်



www.burmeseclassic.com

www.burmeseclassic.com



ရောင်ရဲ့မေတ္တာကို တုံ့ပြန်ပေးဆပ်ရာ ရောက်မှာပေါ့''

ဖေဖေက ကသစ်နားလည်အောင် တဖွဖွ ရှင်းပြတတ်သည်။ ဖေဖေ့ခေါင်းထဲမှာ ဦးကြွယ်ရောင်ရဲ့ကားလုပ်ငန်း တိုးတက်ကြီးပွားရေးကို အချိန်ပြည့်တွေးတောကာ ကိုယ်ဖိရင်ဖိ လုပ်ဆောင်ပေးခဲ့သည်။

နောက်ပိုင်း ကားလိုင်းတွေတိုးချဲ့သလို တက်ခေတ် ခရီးသွားအေးဂျင့်တစ်ခုတည်ထောင်တဲ့အခါ ဖေဖေက ဦးကြွယ်ရောင်ရဲ့ ညာလက်ရုံးသဖွယ် ဖြစ်သွားလေသည်။

ဖေဖေက ကားအကြောင်း နားလည်သလို ကားသမားတွေရဲ့ ဘဝကို အတွင်းကျကျသိသူပီပီ သူဌေးနဲ့ ကားသမားတွေကြား အဖု အထစ်မရှိအောင် လုပ်ဆောင်ပေးနိုင်သည်။ ကားသမားတွေကလည်း ဖေဖေ့ကို အားကိုးကြလျက် ဖေဖေ့ရဲ့ဦးဆောင်မှုအောက်မှာ တက်ခေတ် ခရီးသွားအေးဂျင့် တစ်ရှိန်ထိုး အောင်မြင်သွားသည်။

ဒါပေမဲ့ ဖေဖေ အခွင့်အရေး လုံးဝမယူခဲ့ပါ။ ဦးကြွယ်ရောင် ထိုက်ထိုက်တန်တန်ပေးတဲ့ လစာကလွဲ၍ပေါ့။

ဒီလိုနဲ့ ကသစ်အရွယ်ရောက်လာတဲ့အခါ ဖေဖေက ဖေဖေ့ရဲ့ အလုပ်ထဲကို ကသစ်ကိုခေါ်သွားပြီး သင်ကြားပေးတယ်၊ ကသစ် ကျောင်း ချိန်ပြီးရင် ဖေဖေ့အလုပ်ထဲ ရောက်နေခဲ့သည်။

ကားကြီးတွေ ပြင်တာကအစ ကသစ်နားလည်နေခဲ့သည်။ ကားလုပ်ငန်းသဘောတရားတွေလည်း ရင်းနှီးကျွမ်းဝင်လာကာ ကသစ်က





ဖေဖေအားကိုးရတဲ့သမီး ဖြစ်ခဲ့သည်။

ဦးကြွယ်ရောင်ဆုံးသွားတော့ အန်တီမြတ်က အရင်အတိုင်း ဆက်လုပ်ခွင့်ပေးသည်။ ကသစ်ကိုလည်း အန်တီမြတ်က –

''သမီးကသစ်က ကားလုပ်ငန်းအကြောင်းတွေ သေချာလေ့လာပါကွယ်၊ ဒါမှလည်း အန်တီမြတ် သက်သာမယ်''

လို့ အခွင့်အရေးပေးကာ အားပေးရှာသည်။

ဦးကြွယ်ရောင်ဆုံးပြီး ငါးနှစ်အကြာမှာ ဖေဖေက လေရောဂါနဲ့ ဆုံးရှာသည်။ ဖေဖေဆုံးစဉ်က ကသစ် ကျောင်းပြီးစသာ။ သားအဖ လက်တွဲပြီး တက်ညီလက်ညီလုပ်ကြမယ်လို့ အားခဲထားပေမယ့် ဖေဖေ မရှိတော့ ကသစ် ယူကျုံးမရ ဖြစ်ရသည်။

အန်တီမြတ်က ယုံကြည်စိတ်ချစွာပဲ ဖေဖေ့နေရာမှာ ကသစ်ကို လုပ်ကိုင်စေသည်။ ဖေဖေက ဆုံးသာဆုံးသွားတာ၊ ဦးကြွယ်ရောင် တည်ထောင်တဲ့ တက်ခေတ်ခရီးသွားအေးဂျင့်နဲ့ အဝေးပြေးကားလုပ်ငန်း အပေါ်မှာ စိုးရိမ်တာတွေ ရှိခဲ့သည်။

ဖေဖေမရှိတော့ရင် ဒီကားလုပ်ငန်း ရေရှည်တည်မြဲပါ့မလား ဆိုတဲ့ အတွေးနဲ့ပါ။ အန်တီမြတ် ကားလုပ်ငန်းအကြောင်း မကျွမ်းကျင်တာ သိနေလို့လေ။

''သမီး သမီးကို ဖေဖေ့အလုပ်တွေ လက်ထပ်သင်ပေးထားတယ်ကွယ်၊ ဖေဖေမရှိတော့ရင် သမီး တတ်နိုင်သလောက် မမမြတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကူညီလုပ်ဆောင်ပေးပါကွယ်၊ ဖေဖေတို့သားအဖကို လုံခြုံတဲ့တဝခနဲ့ အရိပ်ခိုလှုံခွင့်ပေးခဲ့တဲ့ကျေးဇူး ရှိခဲ့တယ်မဟုတ်လား''

''သမီးနားလည်ပါတယ် ဖေဖေရယ်၊ သမီးက ဖေဖေ့သမီးပါ၊ ဖေဖေခင်းတဲ့လမ်းကို သမီးလျှောက်ပါ့မယ်၊ အန်တီမြတ် လက်ခံထားသရွေ့ပေါ့ ဖေဖေရယ်၊ သမီးလည်း ဖေဖေ့လိုပဲ ကျေးဇူးမမေ့ပါဘူး''

ကသစ်ပြောလျှင် ယုံကြည်စွာ ခေါင်းလေးညိတ်ရှာသည်။ ရောဂါနဲ့ဖေဖေက ကိုယ်တစ်ခြမ်းသေပြီးတဲ့နောက် သုံးလခန့်အကြာမှာ ဆုံးသွားတယ်လေ၊ ခုဆို ငါးနှစ်တင်းတင်း ပြည့်ပါပြီ။

ကိုယ့်အပေါ် စေတနာမေတ္တာရှိခဲ့တဲ့ ဘယ်သူ့အပေါ်မှာဖြစ်ဖြစ် ကသစ်က ကိုယ်ကတာဝန်ကျေလုပ်ဆောင်ပေးရုံနဲ့ မလုံလောက်ဘူး၊ သူတို့ပေးတဲ့ စေတနာမေတ္တာထက် သာအောင် ကိုယ့်ဘက်က ကျေးဇူးတုံ့ပြန်ရမယ်၊ ဒါမှ ကျေးဇူးသိတဲ့သူ ဖြစ်မယ် သမီးရဲ့''

ဖေဖေ့ရဲ့ နောက်ဆုံးစကားအတိုင်းပါပဲ။ ကသစ်ဟာ လုပ်ငန်းအပေါ်မှာလည်း စွမ်းစွမ်းတမံလုပ်ကိုင်ပေးကာ လုပ်ငန်းလည်ပတ်မှုနဲ့ ငွေကြေးကိန်းဂဏန်းတွေကအစ တိတိကျကျ လေးလေးနက်နက် ကသစ် ဆောင်ရွက်ပေးခဲ့သည်။

တက်ခေတ်ခရီးသွားအေးဂျင့်ရဲ့ ဝန်ထမ်းတွေ၊ ကားတွေ၊ ခရီးသည်တွေသာမက လချုပ်၊ နှစ်ချုပ် စာရင်းဇယားအားလုံးကို အန်တီမြတ် လှည့်ကြည့်စရာမလိုအောင် ကသစ် လုပ်ဆောင်ပေးခဲ့တဲ့ တစ်ခုတည်း





သောရည်ရွယ်ချက်က ကသစ်ဟာ ဖေဖေ့သမီး ပီသတယ်၊ ဖေဖေ့လိုပဲ ကျေးဇူးသစ္စာရှိတယ်ဆိုတာ သက်သေထူချင်တာကလွဲပြီး တခြား ဘာမက်မောမှုမှ မပါ။

အန်တီမြတ် နေမကောင်းလို့ မမလဝန်းက မာမီ့ကို ညစောင့်ပေးအိပ်ပါဆိုလည်း ကသစ် မငြီးငြူခဲ့ပါ။

အောက်ခြေသိမ်း ပြုစုပေးမိတာဟာ စေတနာအပြည့် မေတ္တာအရင်းခံနဲ့ ဖြစ်သည်။

ဒါတင်မက ဘုန်းနေရောင်ကိစ္စတွေလည်း ထိုနည်းလည်းကောင်းလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"သားငယ်တစ်ယောက်တော့ အရှိသား၊ ဒါပေမဲ့ အားမကိုးရပါဘူး၊ သားက ဒီလုပ်ငန်းတွေ ဝါသနာပါတော်မမူဘူးတဲ့၊ ပြီးတော့ သူ့အန်တီနဲ့ အင်္ဂလန်မှာအနေကြာလာတော့ ဟိုမှာ ပျော်နေပုံရတယ်၊ ဝါသနာပါတဲ့ ဖျော်ဖြေရေးအေဂျင်စီထောင်ပြီး အင်္ဂလန်မှာပဲ အခြေကျနေတာလေ၊ ကြာလှပေါ့"

ရှုံးထိုင်ရင်း လုပ်ငန်းရှင်အမျိုးသမီးကြီးတစ်ဦးနဲ့ သားရေးသမီးရေး စကားစပ်ကြရင်း အန်တီမြတ်ပြောလို့ ကြားဖူးတာတော့ သုံးလေးနှစ် မကတော့ပါ။

လက်နှစ်ဖက်ပိုက်ကာ တစ်နေရာရာကို စူးစိုက်ကြည့်နေပုံမျိုးရိုက်ထားတဲ့ သူ့ဓာတ်ပုံကိုတော့ မြင်ဖူးပေါင်းများနေပါပြီ။ [illegible]လဆိပ်မှာ





စမြင်ဖူးကတည်းက သူဟာ အရှိန်အဝါကြီးနေသလို ကသစ်အပေါ်မှာလည်း အရှင်သခင်ပီသစွာ ခပ်ထန်ထန်လေး ပြောဆိုဆက်ဆံခဲ့သည် မဟုတ်လား။

သူက ဘော့စ်သားကိုး။ ပြီးတော့ သူ့မိဘက ကသစ်တို့ သားအဖပေါ်မှာ ကျေးဇူးရှိခဲ့တယ်။ ကျေးဇူးရှင် စိတ်အနှောင့်အယှက် ဖြစ်အောင် ကသစ်လည်း လုပ်ဆောင်ဖို့စိတ်မကူးပါ။

သူ ဘာခိုင်းခိုင်း အဆင်ပြေအောင် လုပ်ပေးလိုက်တာပဲ။

မာနခဲ မမြစက်ရေနဲ့ သူ။

အနေအထားတွေက နှစ်ဖက်မိဘ ရွှေလမ်းငွေလမ်း ဖောက်ထားကြတဲ့အတိုင်း နှစ်ယောက်သားလည်း အဆက်အသွယ်ရှိကာ ဒီကိုရောက်လာပြီးမှ နှစ်ယောက်သား မာနအကန့်ကလေးများနဲ့ စီးချင်းကစားနေကြတဲ့အဖြစ်။

အဲဒီကိစ္စက ကသစ်နဲ့ မသက်ဆိုင်ပါ။

ကသစ်နဲ့ဆိုင်တဲ့ အလုပ်ကိစ္စတွေထဲ သူ ပါပါလာတာ တွေးဆရခက်ချေသည်။ စာရင်းဇယား စစ်တာမျိုးလည်း မဟုတ်၊ လုပ်ငန်းလည်ပတ်မှုက ဘယ်လိုအခြေအနေရှိသလဲဆိုတာမျိုးလည်း မမေး။

ဆေးရုံထိ လိုက်လာတဲ့အဖြစ်ကတော့ အံ့သြစရာကြီး။

ကသစ် စားနေတဲ့ ထမင်းဝိုင်းဆီ ဝင်လာပြီး စားသောက်တဲ့ သူ့စိတ်ကို စဉ်းစားရင်း အဖြေလည်း ထုတ်ဖို့ခဲယဉ်းစွာ။



www.burmeseclassic.com

www.burmeseclassic.com



ဟော ခုတစ်ခါ ဘာကိစ္စမှမရှိဘဲနဲ့ ချိန်းဆိုသည်က ကော်ဖီဆိုင်။ အလုပ်မအားရင်လည်း ဆက်ဆက်လာခဲ့ရမယ်တဲ့။

"ဟိတ် သစ်သစ်"

"အမေ့"

စားပွဲခုံကို လက်နဲ့ပုတ်ပြီးခေါ်လိုက်တဲ့ ကိုကောင်းချိုအသံ ကသစ်နားထဲ ပြေးဆောင့်ဝင်လျက် ကသစ် လန့်လန့်ဖျပ်ဖျပ်လေး ဖြစ်လျက်။

ကိုကောင်းချိုက လန့်ဖျပ်သွားတဲ့ ကသစ်ကိုကြည့်ပြီး ရယ်၏။

"ဟား ဟား ဟား သစ်သစ်၊ နင့်စိတ်တွေ စွန်လွှတ်နေတယ် မဟုတ်လား၊ ပြောစမ်း"

"အိုး ကိုကောင်းနော်၊ ဘာတွေလာမေးနေတာလဲ"

နွယ်ကသစ် ဣန္ဒြေဆည်လိုက်ရသည်။ ရုတ်တရက် လန့်ဖျပ်တာ မှန်ပေမယ့် ကိုကောင်းမေးလာတော့ မလုံမလဲဖြစ်လျက် မျက်စောင်းထိုးသည်။ ထိုမျက်စောင်းကိုပဲ ကိုကောင်း သဘောတကျကြည့်ကာ –

"ဘာမေးရမလဲ သစ်သစ်ရဲ့၊ ညည်း တစ်ခါမှ တွေးတော ငေးမောနေတာ မဟုတ်ဘူးလေ၊ ခုမှ အတွေးစွန် ဘယ်ဆီလွှတ်တင်နေမှန်း မသိဘဲ၊ ကဲ ပြောစမ်း၊ နင့်အတွေးစွန်က ဘယ်သူ့ဆီလဲ"

"ကျွတ် ကိုကောင်းနော်"

ထပ်တလဲလဲမေးနေတော့ နွယ်ကသစ်မျက်နှာလေး နီမြန်းသွား





၏။ ကိုကောင်းချို အရယ်မပျက်။ ကသစ်နဲ့ မျက်နှာချင်းဆိုင် ထိုင်ချသည်။

"မဟုတ်လို့လား"

"သွား၊ မဟုတ်ဘူး၊ အဟင့် ဘာမှန်းလဲမသိဘူး၊ မပြောနဲ့၊ ဘာမှလည်း မမေးနဲ့"

ကသစ် ရှက်စိတ်နဲ့ ရဲမှည့်နေတဲ့မျက်နှာကို မပြင်နိုင်ဘဲ ဒေါသထွက်ဟန်လေးနှင့် ဆိုသည်။ အမူအရာတွေပြောင်းနေတဲ့ ကသစ်ကိုကြည့်ရင်း တစ်ခုခုကိုတော့ ဝိုးတဝါး နားလည်ကာ –

"သစ်သစ်ရယ်၊ ဘာကြောင့် မလုံမလဲဖြစ်ပြီး ကက်ကက်လန် ဖြစ်နေရတာလဲ၊ တစ်ယောက်ယောက်အကြောင်းတွေးရင်လည်း တွေးတယ်ပေါ့ ဟယ်၊ ဘာ ရှက်စရာရှိလဲ"

"ကျွတ် ကိုကောင်း"

"နို့ မဟုတ်လို့လား"

ကသစ် နှုတ်ခမ်းဆွဲကိုက်ပြီး ဒေါသနဲ့ကြည့်သည်။ ကိုကောင်းက ခေါင်းလေးယမ်းကာ ရယ်မောလိုက်ပြီး –

"မပြောလည်း နေဟာ၊ မမေးတော့ဘူး"

"မမေးနဲ့ ဟွန်း"

ကသစ် မျက်နှာထားနဲ့ပြောနေပေမယ့် ရဲမှည့်နေတဲ့ မျက်နှာလေးက အရောင်မပြောင်းသေး။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဆို ဘာကိစ္စလဲ"

"ဒေါ်ကြီးမှာထားတဲ့ စိုက်ခင်းအတွက် ဆေးပစ္စည်းနဲ့ အသုံးအဆောင်ပစ္စည်းတွေလေ၊ အဲဒါ လာပို့တာ၊ သေချာ ပါကင်ထုပ်ပြီးသား"

မြွေရေခွံအိတ်နဲ့ထုပ်ထားတဲ့ အထုပ်ကြီးက နံရံထောင့်မှာ ထောင်ထား၏။ ထိုအထုပ်ကြီးကို ညွှန်ပြလျှင် ကသစ် ဣန္ဒြေဆည်လိုက်နိုင်သည်။

"ကိုကောင်းပဲ ဒေါ်ဒေါ်ဆီသွားမှ ယူသွားမယ်ဆို"

"ငါ မသွားဖြစ်တော့ဘူး"

"ဟွန်း အမျိုးမျိုးပဲ"

"ဘာလဲ မကျေနပ်ဘူးလား"

ကသစ်ခေါင်းကို ချစ်စနိုးလှမ်းပုတ်ရင်း ကောင်းချိုမေးသည်။ ကသစ် ခေါင်းလေးပုရှောင်ကာ ကိုကောင်းလက်ကို ဖယ်ရင်း –

"ကိုကောင်းပဲ အစကပြောတော့ သွားမယ်ဆို၊ ဟိုမှာ တစ်ညအိပ်နေမယ်ဆို"

"သစ်သစ်ကော အတူတူသွားမယ်ဆိုပြီး ဘာလို့မသွားတာလဲ"

"အလုပ်တွေ တအားများနေတာလေ"

"ငါလည်း နင့်လိုပါပဲပေါ့ဟ"

"အေးနော်၊ ဒါလည်း ဟုတ်တယ်"

ကသစ် တည်ငြိမ်သွားကာ ခပ်လေးလေး ပြောမိသွားသည်။





"ငါတို့စက်ရုံက ရှေ့နှစ်သစ်အတွက် ပရိဘောဂဒီဇိုင်းသစ်ထွက်ဖို့ရှိတယ်၊ ဒီဇိုင်းကိစ္စနဲ့ ရှုပ်နေလို့ပါဟာ"

"ကသစ်သိပါတယ်"

"သိတယ်ဆိုလည်း ပြီးရော၊ ကဲ ငါသွားမယ်၊ နင်လည်း အတွေးစွန်လေး လွှတ်ပေတော့"

ကိုကောင်း ပြောပြီး ချက်ချင်းထွက်သွားလေသည်။ ကသစ် ဒီတစ်ခါ မျက်စောင်းမထိုးမိတော့ပါ။ တားလည်း မတားတော့ပါ။

ကိုကောင်းဘဝကလည်း သနားစရာရယ်။

မိဘဆွေမျိုးတွေ နာဂစ်ဖြစ်တုန်းက ဆုံးပါးကုန်သည်။

ကိုကောင်းက ရန်ကုန်မှာ အလုပ်လုပ်နေလို့ ကျန်ခဲ့တာဆိုတော့ ခုချိန်မှာ တစ်ကောင်ကြွက် တစ်မျက်နှာရယ်။

တွဲယ်ရာမဲ့ဖြစ်နေလေတော့ နဂိုကတည်းက ခင်မင်ရင်းနှီးနေခဲ့တဲ့ ကသစ်တို့နဲ့ ပိုရင်းနှီးကာ ဦးကြီးနဲ့ဒေါ်ဒေါ့်ကို မိဘလိုတွယ်တာလေသည်။

ခုဆို မိဘနဲ့သားလို ဖြစ်နေလျက်။

ကသစ်ထက် ငါးနှစ်ကြီးတဲ့ ကိုကောင်းက ကသစ်ရဲ့အစ်ကိုကြီးဖြစ်လာသလို ကသစ်ကိုလည်း အလိုလိုက်၏။ စနောက်တာတွေတော့ ကိုကောင်းရဲ့ မပြောင်းလဲတဲ့ စရိုက်အတိုင်းပေါ့။

ကသစ်နဲ့ကိုကောင်းက ဘဝတူ။ လုပ်ငန်းမှာ အန်တီမြတ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အားကိုးရတာချင်းလည်း တူသည်။ အန်တီမြတ်အလုပ်တွေကို အာရုံစိုက်လုပ်ပေးတဲ့ စေတနာချင်းပါ ဆင်တူကာ နှစ်ယောက်သား ဦးကြီးတို့ဆီ မရောက်ဖြစ်တာ လနဲ့ချီနေတာလည်း တူပြန်သည်။

အဲ ဘွာ ဘွာ။

လွန်ခဲ့တဲ့နှစ်ပတ်က ကိုဘုန်းနဲ့ သွားဖြစ်သေးတယ် မဟုတ်လား။ ဒီအကြောင်းတွေ ကိုကောင်းတောင် မပြောရသေးပါ။

ဒေါ်ဒေါ်တို့နဲ့လည်း အေးအေးဆေးဆေး မပြောမဆိုရတာက ကိုဘုန်းရှိနေလို့ပါ။

ကိုဘုန်းပါနေတော့ ကသစ်က တာဝန်နဲ့လိုဖြစ်နေတာမျိုး ဆိုတော့လေ။

အဲ တာဝန်ဆိုလို့ ကိုဘုန်းချိန်းထားတာ သတိရလာပြန်သည်။

ဒေါ်ဒေါ့်ဆီ ပို့ရမယ့်ပစ္စည်းတွေ ကားကြုံနဲ့အရင်ထည့်ပေးရမယ်။ ပြီးမှ ချိန်းတဲ့ဆီ သွားရုံပေါ့။

✿ ✿ ✿



## အခန်း (၂၃)

"ထိုင်"

ကသစ်ကိုမြင်သည်နှင့် မျက်စလေးပြကာ မျက်နှာချင်းဆိုင်ဆိုဖာခုံမှာ ထိုင်ခိုင်း၏။ ကသစ် ခေါင်းလေးဆတ်ပြပြီး ဝင်ထိုင်လျှင်

"ဘာသောက်မလဲ"

"ဟင့်အင်း မသောက်တော့ဘူး"

ရိုးရိုးရှင်းရှင်းကြီးပင် ကသစ်ငြင်းလေသည်။ ဘုန်းနေရောင် စူးစိုက်ကြည့်ပြီး –

"ဘာဖြစ်လို့လဲ"

"ကသစ် ထမင်းစားလာတယ်လေ၊ အဲဒါကြောင့်ပါ"

"ကော်ဖီတစ်ခွက်လောက်တော့ သောက်လို့ရပါသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်နော်"

သူ့ဘာသာသူ ပြောသလိုနဲ့ပြောရင်း စောင့်ဆိုင်းနေတဲ့ ဝိတ်တာကို ကော်ဖီတစ်ခွက် ထပ်မှာသည်။ သူ့ရှေ့ရောက်နေတဲ့ ကော်ဖီအတိုင်း။

နာမည်က မက်(စ်) ဝဲလ်။

မက်(စ်)ဝဲလ်ကော်ဖီက ဘာအနံ့ ဘာအရသာမှမရှိပါ။ ဒါပေမဲ့ ခါးရှံသက်သက်ဖြစ်တာကြောင့် သူ စွဲစွဲမြဲမြဲ သောက်လေ့ရှိသည်။

သူစွဲသောက်နေတဲ့ ကော်ဖီကို ကသစ်အတွက် မှာပေးသည်။ ကသစ် ဘာမှ ပြန်မပြောတော့ပါ။ တည်ငြိမ်စွာပဲ မတ်မတ်ကလေး ထိုင်လျက်။ စားပွဲပေါ်တင်လျက်ရှိနေတဲ့ ရောင်စုံအလှပန်းစာရွက်နဲ့ ထုပ်ပိုးထားတဲ့ပါကင်ကိုပဲ ငေးကြည့်နေလိုက်သည်။ ဝိတ်တာလူရွယ် ထွက်သွားမှ သူ စကားစသည်။

"ကိုယ်သိချင်တာလေး မေးချင်လို့"

"ဘာလဲဟင်"

ကသစ် မျက်မှောင်လေး ပုတ်ခတ်လုပ်ရင်း မေး၏။

ဘုန်းနေရောင် နှုတ်ခမ်းလေးပြင်သလိုနဲ့ ပြုံးလျက် တောက်ရွှန်းသောမျက်ဝန်းက ရီဝေလဲ့ဖြာသွားလေသည်။

ကသစ် အံ့ဩသလို ဖြစ်ကာ ရင်ထဲမှာလည်း တစ်မျိုးဖြစ်လို့သွားသည်။ သူက ဣန္ဒြေရရပုံစံမျိုးထက် တည်ငြိမ်သလို လေးနက်မှုလည်းရှိနေပုံက ထူးခြားနေတယ်လို့ ကသစ် ယူဆမိပြန်သည်။





သူက စားပွဲခုံပေါ် လက်တင်ကာ ကိုယ်ရှေ့ကိုင်း၍ ကသစ်ကို မမှိတ်မသုန်ပုံစံနဲ့ ကြည့်ပြီးပြောသည်။

"ဒါနဲ့ မသိလို့ မေးပါရစေ၊ ကသစ်က ပန်းတွေရဲ့သဘောကို သိတယ်နော်၊ မြစက်ကို ပန်းစည်းလက်ဆောင်ပေးတုန်းက မြစက်နဲ့ လိုက်ဖက်အောင် ပန်းအရောင်နဲ့ ဖဲကြိုးလေးတွေကအစ အဓိပ္ပာယ်ရှိအောင် တွဲစပ်ပေးတာလေ"

"နည်းနည်းပါးပါး လေ့လာထားလို့ပါ"

ကသစ် ပေါ့ပေါ့လေးဖြေတော့ သူကပြုံးသည်။ ဝိတ်တာ ကော်ဖီခွက်လာချပေးတော့ သူ စကားဆက်မပြောတော့။

ကသစ်ရှေ့က ကော်ဖီခွက်ကိုသာ ငေးကြည့်နေသည်။ ဝိတ်တာ ထွက်သွားတော့မှ -

"အင်း ကိုယ်လည်း နည်းနည်းလေ့လာထားတယ်၊ ကသစ် လေ့လာတာနဲ့ တိုက်ဆိုင်မလား"

"ဘာအကြောင်းနဲ့ပေးမယ့် ပန်းစည်းလဲ"

"ယောက်ျားလေးအနေနဲ့ ကိုယ်ချစ်တဲ့အကြောင်းကြေညာမယ်ပေါ့၊ ပြီးတော့ ကိုယ်ချစ်နေတဲ့မိန်းကလေး ကိုယ့်အချစ်ကို ယုံကြည်ပါပေါ့၊ အဲသလို အဓိပ္ပာယ်ဆောင်တာ"

"အဲဒါဆိုရင်တော့ ကျူးလစ်ပန်းအနီရောင်ကို သုံးလေ"

"ကိုယ့်အမြင်အရ အဲဒီမိန်းကလေးဟာ နွေးထွေးပျော်ရွှင်မှုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရိုးရှင်းတဲ့ဘဝကို ကိုယ်စားပြုတာဆိုရင် ဘာအရောင်ဖဲကြိုးမျိုး သုံးမလဲ"

"ဖဲပြာအဝါရောင်ပေါ့"

ကသစ် မဆိုင်းမတွဖြေလျှင် -

"အိုကေ၊ ကိုယ်လည်း အဲလိုပဲထင်တာ၊ ကသစ်ပြောတဲ့အတိုင်းပဲ"

"အဲဒီပန်းစည်း ကသစ်ဝယ်ပေးရဦးမလား"

"ဟင့်အင်း၊ ကိုယ်ဝယ်ထားပြီးပြီ"

ကသစ် အံ့သြပြန်သည်။ မသိလို့မေးလည်း မေးတယ်၊ ကသစ်ပြောတော့လည်း ဝယ်ထားပြီးပြီးတဲ့။

ဘာကြောင့်မေးရတာလဲ။ ဒါတော့ သိချင်ပါသေးသည်။

"ကသစ်ကိုခေါ်တာ ဒါမေးမလို့လား"

"မဟုတ်ဘူး၊ ပေးမလို့"

"ဘာလဲဟင်"

ကသစ် စိတ်လှုပ်ရှားစွာမေးလျှင် -

"ကော်ဖီသောက်လိုက်ဦး"

သူ ဒါပဲပြောကာ တစ်ဝက်ကျိုးနေပြီးဖြစ်တဲ့ သူ့ကော်ဖီခွက်ကို သူပြန်ကိုင်သည်။

ကသစ်မှာ အောင့်သက်သက်နဲ့ ကော်ဖီခွက်ကိုင်လိုက်ရသည်။ သူ့စိတ်သူ့သဘောနဲ့ သူ့အပြုအမူတွေက ပဟေဠိတွေနဲ့ ဖြစ်





လျက်။ ကသစ်က သူ့ဝန်ထမ်းမို့ သူစေရာလုပ်နေရသူပီပီ သူက ကော်ဖီသောက်ဦးပြောပြန်တော့ ကော်ဖီတစ်ကျိုက် သောက်လိုက်ရသည်။

မေးတာတွေက ထူးခြားသလို ချိန်းတာကလည်း ပေးစရာရှိလို့တဲ့။ ဘာပေးမှာလဲ မေးပြန်တော့လည်း ကော်ဖီသောက်ဦးတဲ့။

ကျွတ်၊ ကသစ်နေရာမှာ မြစက်ရေသာဆိုရင် မာနမီးပွင့်ကာ ပွဲကြမ်းသွားမှာ သေချာသည်။

အင်းပေါ့လေ၊ အခြေအနေချင်းမှ မတူဘဲ။

ကသစ် စိတ်ရင်းကလည်း ပွဲကြမ်းတာမျိုး မဖြစ်စေချင်ပါ။ ဘာကိစ္စဖြစ်ဖြစ် ပြေပြေလည်လည်ပဲ ကောင်းတယ်လေ။

သူ ကော်ဖီသောက်ခိုင်းတဲ့အတိုင်း သုံးငုံနဲ့အပြတ် ကော်ဖီကုန်အောင် သောက်ပစ်လိုက်သည်။ ကသစ် ကော်ဖီသောက်လိုက်တော့ သူ့မျက်လုံးအစုံက သဘောကျကာ ရွှင်မြူးစွာကြည့်ရင်း -

"ကော်ဖီကောင်းရဲ့လား"

"ခါးတာပဲသိတယ်"

"ခါးတာကိုပဲ ကိုယ်ကကြိုက်နေတယ်"

"ဘာဖြစ်လို့လဲ"

"သဘာဝဆန်တယ်လေ"

"သဘာဝဆန်တယ် ဟုတ်လား"

"ဒါပေါ့၊ တခြားကော်ဖီလို ဘာမှ ရောရောထွေးထွေးနဲ့ အရ



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်အောင် ဖန်တီးမွှေနှောက်ထားတာ မရှိဘူး၊ ခါးသက်သက်အရသာတစ်မျိုးတည်း ခံစားရတာက ကော်ဖီရဲ့သဘာပလေ၊ ကော်ဖီဆိုတာလည်း သူ့သဘာဝအတိုင်း သဘာဝဆန်နေတာက ပင်ကိုတန်ဖိုးပဲ၊ မိန်းကလေးဆိုတာလည်း မက်(စ်)ဝဲလ်ကော်ဖီလိုပဲ သဘာဝဆန်နေမှ''

''ဟွန်း၊ ဘယ်လိုကြီးလဲ၊ ကော်ဖီ, မိန်းကလေးနဲ့ သဘာဝဆန်တာတွေ ရှုပ်နေတာပဲ''

ကသစ် ခေါင်းကုတ်မတတ် စိတ်ရှုပ်စွာ ပြော၏။

သူက ပြုံးပြုံးလေးပဲ စိုက်ကြည့်နေကာ –

''မရှုပ်ပါဘူးကသစ်ရယ်၊ ရှုပ်နေတာတွေ ရှင်းသွားစေရမယ်၊ ရော့ ကသစ်အတွက် လက်ဆောင်''

ပြောရင်း စားပွဲပေါ်က ပါကင်ယူပြီး ကသစ်လက်ထဲ ထိုးထည့်ပေးသည်။ ကသစ်ခေါင်းခါ၍ –

''မယူပါရစေနဲ့'' ငြင်းသည်။

''ကိုယ်ပေးတာလေ၊ ကသစ်ယူရမယ်၊ ရော့ ယူ''

အတင်းပဲ ထိုးပေးတော့ ကသစ် အခက်တွေ့လေသည်။

ပဟေဠိဆန်နေတဲ့ သူ့အပြုအမူနဲ့ သူ့စကားတွေ။ ပြီးတော့ လက်ဆောင်ပါကင်ကလည်း ပါသေးတယ်။

''ယူစမ်းပါ''

ကသစ်က မယူချင်၊ သူက အတင်းပဲ ထိုးပေးနဲ့ အခြေအနေ





က ဘေးပတ်ဝန်းကျင် စားပွဲဝိုင်းတွေမှာ ရှိနေတဲ့ စားသောက်သူတချို့ပင် ကွက်ကြည့်ကွက်ကြည့် ကြည့်လာပြီ။

သူ့ဘက်ကပေးနေတာ လျှော့မယ့်ပုံ မပေါ်။

အခြေအနေအရ ကသစ်ကပဲ အလျှော့ပေးကာ ယူလိုက်ရတဲ့အဖြစ်။

ကသစ် မျက်နှာမပျက်အောင်ထိန်းပြီး ယူလိုက်တော့ –

''ကျေးဇူးပဲ ကသစ်၊ ကသစ် ပြန်ချင်ပြန်နှင့်တော့၊ ဟိုမှာ ကိုယ့်သူငယ်ချင်း လာနေပြီ၊ ကိုယ်နဲ့သူငယ်ချင်း ဆွေးနွေးစရာ ရှိသေးတယ်''

''သြော် ဟုတ်''

ကသစ် ပါကင်ကြီးပွေ့ကိုင်ကာ ထိုင်ရာမှ ထထွက်ခဲ့တော့ ဖြိုးသီဟနဲ့ တည့်တည့်ဆုံသည်။

ဖြိုးသီဟ ပြုံးပြုံးလေးပဲ ကသစ်ကိုကြည့်ကာ ဘုန်းနေရောင်စားပွဲဆီ လျှောက်သွား၏။

ကသစ်မှာသာ ပါကင်ကြီးကိုင်ပြီး ထွက်ခဲ့ရတာ အူကြောင်ကြောင် နိုင်လှသည်။ ဘာတွေလဲ ဘုန်းနေရောင်ရယ်။

သီချင်စမ်းရဲ့ ဆိုတာထက် ပိုကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"မြစက် ဆက်ဆက်လာခဲ့နော်"

"လာမှာပေါ့ ဘုန်းရဲ့"

"ကားကြိုခိုင်းရမလား"

"ဟင့်အင်း၊ မြစက်တို့ဘာသာ လာခဲ့မယ်"

"အိုကေ၊ ဒါပဲနော်၊ ကိုယ် ဖုန်းချလိုက်မယ်"

"အိုကေ ဘိုင့်"

မြစက်ရေ မြူးမြူးလေးပဲနှုတ်ဆက်ကာ လက်ကိုင်ဖုန်း နားမှ ခွာ၍ ဆုပ်ကိုင်ထားမိသည်။ ဘုန်း အရင်ဦးဆုံး ဖုန်းချသွားတာသိပေမယ့် မြစက် ဖွေမယူနိုင်တော့ပါ။

ဘုန်းအသံအေးအေးလေးက သာယာချိုမြစွာ၊ လှိုက်လှိုက်လှဲ





လှဲ ရှိတာလေးကပင် မြစက်နားမှာ စွဲလို့။

မြစက် တစ်သက်နဲ့တစ်ကိုယ် ယောကျ်ားတစ်ယောက်အပေါ် တိမ်းညွတ်ခဲ့တာမျိုး မရှိခဲ့ပါ။ ဘုန်းနဲ့တွေ့မှပဲ ညွတ်ကျကာ မာနတွေလည်း တဖြည်းဖြည်း ဖယ်ချထားမိတဲ့အထိ ငြိတွယ်ခဲ့လေသည်။

မြစက်အဖြစ်ကို မြစက်တွေးရင်း မလုံမလဲဖြစ်သလို ပီတိလည်း ဖုံးဖိမနိုင် ဖြစ်နေကာ –

"သမီးမြစက်"

မာမီ ခေါ်သံနဲ့အတူ အခန်းထဲရောက်လာတာပင် ပီတိတွေ မဖုံးနိုင်။

"ဘာလဲ မာမီ"

လို့ မေးရင်း မှန်တင်ခုံရှေ့က ထလာသည်။

"မြတ်မြတ် ဖုန်းဆက်လာတယ်၊ မောင်ဘုန်းရောက်ကတည်းက ဒင်နာပွဲလုပ်ဖို့တဲ့၊ မမြတ် ထူထူထောင်ထောင်မဖြစ်သေးလို့ နောက်ဆုတ်ထားရတာ၊ အဲဒါ ဒင်နာလုပ်မယ်ပေါ့၊ သမီးနဲ့မာမီ့ကို ဆက်ဆက်လာခဲ့ဖို့ ဖိတ်တယ်လေ"

"သမီးကိုလည်း ဘုန်း ခုပဲ ဖုန်းဆက်ပြောတယ် မာမီ"

ခုတင်ခြေရင်းနားမှာ ဆုံလျှင် မာမီ့လက်မောင်းကို ဆုပ်ကိုင်ရင်း မြစက်ရေ ပြော၏။

"ဒါကြောင့် သမီးမျက်နှာလေး လမင်းသာနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"သာရမယ်လေ မာမီရဲ့၊ ဟင့် ဟင့် ဟင့်"

မြစက်ရေ ပြောရင်း ကြည်နူးသံလေး လွင့်သွားလေသည်။ ဒေါ်ကြူကြွေကျော့်လည်း မျှော်လင့်တဲ့အတိုင်း ဖြစ်လာတာဆိုတော့ ကျေနပ်အားရလှစွာ။

"အင်း ဒီလိုပဲ ဖြစ်ရမှာပေါ့ သမီးရယ်၊ ဒီပွဲက ချွေးမလောင်းကို ထုတ်ကြွားမယ့်ပွဲကွဲ့"

"အဟင်း သမီးရိပ်မိပါတယ် မာမီရဲ့"

သမီးနဲ့မအေ သူငယ်ချင်းလိုပဲ ပွင့်လင်းနေကာ ခုတင်မှာ ယှဉ်တွဲထိုင်ချရင်း ဒေါ်ကြူကြွေကျော့် စိတ်အားထက်သန်စွာ ပြောလေသည်။

"အဲဒါကြောင့် သမီးကို မာမီပြောတာပေါ့၊ မာနဆိုတာ အချိန်ပြည့် စောင်းတင်ထားရတာမျိုး မဟုတ်ဘူး၊ သားရေကွင်းလိုပဲ အလျော့အတင်း၊ အကျဉ်းအကျယ်လေး လိုအပ်သလို သုံးတတ်ရတယ်၊ ဟော ခုပဲကြည့်လေ၊ သမီးဘက်က မသိမသာ လျှော့ချလိုက်ရုံပဲ ရှိသေးတယ်၊ မောင်ဘုန်း ဆိုက်ဆိုက်ပါလာတယ် မဟုတ်လား"

"ဟုတ်တယ် မာမီရဲ့၊ အဲဒီအတွက် မာမီ့ကို တကယ်ကျေးဇူးတင်တယ်"

"သားအမိချင်းပဲ ကျေးဇူးတင်စရာ မလိုပါဘူး၊ မာမီက မာမီ့သမီးလေး ထိုက်တန်တဲ့ယောကျ်ားတစ်ယောက်နဲ့ လွဲချော်သွားမှာကို စိုးရိမ်တာ"





"မာမီကလည်း"

မြစက်ရေမျက်နှာလေး မာမီ့ပခုံးပေါ်တင်ကာ ရှက်သလိုလိုနဲ့ ချွဲနွဲ့ရှာသည်။ ဒေါ်ကြူကြွေကျော့် ချစ်စနိုးနဲ့ သမီးဆံပင် ခွေလိမ်ကလေးများကို ဆွဲဆန့်လျက် –

"ဟုတ်တယ်လေ သမီးရဲ့၊ မောင်ဘုန်းက ဘယ်လောက်တည်ကြည်မလဲကွယ်၊ အင်္ဂလန်မှာ ပျော်ပြေရေးအောက်စီထောင်နိုင်တာ နည်းတဲ့အရည်အချင်းမှ မဟုတ်ဘဲ၊ ပြီးတော့ အရမ်းလည်း အောင်မြင်တယ်လေ၊ ဒီမှာလည်း မိဘပိုင်တဲ့လုပ်ငန်းကြီးတွေရှိတယ်၊ မျိုးရိုးလည်း အပြစ်ပြောစရာမရှိဘူး၊ ယောက်မနဲ့ ယောက္ခမလောင်းကလည်း မာမီ့သမီးလေးအပေါ် ဖူးဖူးမှုတ်မတတ်ချစ်တာဆိုတော့ သမီးမာနကြောင့် လက်လွှတ်သွားမှာ စိုးတာပေါ့လို့"

"ဟွန်း စိုးရိမ်မနေပါနဲ့တော့"

"ခုတော့ စိတ်ချရပြီလေ၊ မမြတ်လုပ်မယ့် ဒင်နာပွဲက သမီးပွဲဖြစ်မှာလေ မာမီသိတယ်၊ မမြတ်က ပြောနေသေးတယ် ဒီပွဲမှာ မမြတ်မင်္ဂလာဦးတုန်းက မောင်ဘုန်းဘွားဘွား လက်ဖွဲ့ပေးခဲ့တဲ့ ရွှေသားမှာ ကျောက်မျက်နှာနဲ့ပုံဖော်ထားတဲ့ နှင်းဆီပန်းကလေး လက်ဆောင်ပေးမှာတဲ့လေ"

"အလို၊ တကယ်၊ ဟုတ်လား သမီး"

မြစက်ရေ ခေါင်းလေးထောင်ကာ အားတက်သရောမေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်က္ကြန္ဒြေကျော် ခေါင်းဆတ်၍ –

"မမြတ်ပြောတာလေ၊ ဒီပန်းက မောင်ဘုန်းတို့ မျိုးရိုးအစဉ်အဆက် ချွေးမလောင်းကို လက်ဆင့်ကမ်းပေးတဲ့ အမွေတဲ့"

"အိုး ဒါ ဒါဆို"

မြစက်ရေ ဝမ်းသာလွန်းလို့ အသံလေးပင် ပျောက်ဆုံးသလိုဖြစ်၏။ ဒေါ်က္ကြန္ဒြေကျော်လည်း မမြတ် ထိုသို့ပြောပြတုန်းက အံ့ဩဝမ်းသာမဆုံး။ သမီးလည်း သူမ,လိုပဲ အသံလေးများ ပြတ်တောက်သွားမတတ် ဝမ်းသာတာမြင်ရတော့ နှလုံးသားမှာ ပီတိတို့ ရွှန်းအိကာ

"ဟုတ်တာပေါ့ သမီးရဲ့၊ မမြတ်ကိုယ်တိုင် ထုတ်ပြောတာဆိုတော့ ဒီပွဲက သမီးရဲ့ပွဲပဲပေါ့၊ ဟင့် ဟင့် ဟင့်"

"ဟုတ်ပ့ါ မာမီရယ်၊ သမီးတော့ ဘယ်လိုဝမ်းသာမှန်းမသိတော့ဘူး၊ တကယ်"

ဝမ်းသာစိတ်နဲ့ မြူးကြွနေရှာတဲ့ မြစက်ရေ၊ မာမီနဲ့အတူ ခုတင်ပေါ် ယှဉ်တွဲထိုင်နေရာမှ ထသည်။

ကိုယ်ဟန်လေးကြော့၊ မျက်နှာလေးမော့ကာ စိတ်လှုပ်ရှားတာကို မထိန်းနိုင်ဘဲ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်၏။

"ဒင်နာပွဲအတွက် ဘယ်လိုပြင်ဆင်မလဲဆိုတာ စဉ်းစားပါဦး သမီး"

"အိုး စဉ်းစားနေရင် ခေါင်းစားမှာပေါ့ မာမီရဲ့၊ ဗျူတီပါလာ





သွားလိုက်ရင် ပြီးပေါ့ မာမီရဲ့"

"ဟုတ်သားပဲ ဟင့် ဟင့် ဟင့်၊ မေ့လို့သမီးရယ်၊ နေဦး မာမီဘိုကင်လုပ်ထားလိုက်မယ်"

"အိုကေ မာမီ၊ သမီးကတော့ အနုတ်မြတ်ပေးမယ့် နှင်းဆီပန်းကလေးကိုပဲ လိုချင်နေတာ၊ ဟင့် ဟင့် ဟင့်"

"မကြာခင် သမီးခေါင်းပေါ် ရောက်လာမယ့်ဥစ္စာ၊ ကဲ ကဲ မာမီ ဗျူတီပါလာကို ဖုန်းဆက်လိုက်ဦးမယ်"

မာမီ ပြောပြောဆိုဆို ဝမ်းသာမြူးရွှင်စွာ ထွက်သွားလေသည်။ မြစက်ရေ ဝမ်းသာစိတ်တွေ မထိန်းနိုင်တော့ပါလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"သစ်သစ် ဒင်နာအတူတူ သွားကြမယ်၊ ပြင်ဆင်ပြီး စောင့်နေ၊ ငါလာကြိုမယ်၊ ဟုတ်ပြီလား၊ ဒါပဲ"

ကိုကောင်း ပြောချင်ရာပြောပြီး ဖုန်းချသွား၏။ ကသစ် ဘာမှ ပြန်ပြောချိန် မရတော့ပါ။ ဒီဒင်နာပွဲကို ကသစ် ဘယ်လိုမျက်နှာနဲ့ သွားရမလဲ။

စဉ်းစားမိတိုင်း မျက်နှာကြီးပူနွေးကာ ရှက်သလိုလို ဘာလိုလို နဲ့ ရင်မှာ မလုံမလဲ ဖိုလျက်။

ကျွတ်၊ ကသစ် နေရခက် ထိုင်ရခက်နှင့် စိတ်နှလုံး ဂနာမငြိမ် ဖြစ်လို့သွားသည်။ ကိုကောင်း ဘာမှမသိဘဲနဲ့။

ဘုန်းနေရောင် ဘယ်ခြေ လှမ်းနေလဲဆိုတာကိုပေါ့။





အဲဒီနေ့ကအဖြစ် စဉ်းစားမိတိုင်း ရင်ခုန်ရကာ ကသစ် သတိရ လျှင်ရချင်း အိပ်ရာပေါ်က ဝေါက်ခနဲ ထ၏။ ခုတင်ပေါ်က ချက်ချင်းဆင်း ပြီး တိုက်ပုလေးဘေးရှိ ကားဂိုဒေါင်ဆီ သွက်သွက်ကလေး လှမ်းသည်။

မောင်းနေကျ လုပ်ငန်းသုံးကားနောက်ဖုံး ဆွဲဖွင့်လျှင် ဘုန်း နေရောင်ပေးထားတဲ့ ပါဆယ်ထုပ် ဘွားခနဲ ပေါ်လေပြီ။ ဒီပါဆယ်ထုပ် ကို ဘုန်းနေရောင်ပေးကတည်းက ကသစ်ဖွင့်မကြည့်ရသေးပါ။ ဖွင့် မကြည့်သေးတာထက် ဖွင့်ကြည့်ဖို့မအားတာဆို ပိုမှန်ပေမယ်။

ကော်ဖီဆိုင်က ကသစ် ထွက်ခဲ့ချင်းချင်း ကားစင်းလုံးငှားမယ့် သူတွေ ကသစ်နဲ့ တိုက်ရိုက်တွေ့ပြီး ခရီးစဉ်ကိစ္စ ဆွေးနွေးမယ်တဲ့။

ဒါနဲ့ အလုပ်ရှုပ်ကာ ဖွင့်မကြည့်ဖြစ်ခဲ့။

ညအိပ်ခါနီးမှ သတိရလို့ ကားထဲက ထုတ်ယူပြီး ဖွင့်ကြည့် တော့ -

"ဟင်"

ကသစ် အံ့ဩကာ အသက်ရှူဖို့ပင် မေ့မတတ်။ ကြည့်စမ်း။ သူ လက်ဆောင်ပေးတဲ့ပန်းစည်းက ကသစ်ကို သူမေးခဲ့သမျှနဲ့ ထပ်တူ ညီလျက်။

ကျူးလစ်ပန်းအနီကို ဖဲပြားအဝါရောင်ကြိုးလေးနဲ့ လှပစွာ ချည်နှောင်ထားတဲ့ ရင်ခုန်စရာ ပန်းစည်းလေးရယ်။ ဒါ ဘာသဘောလဲ၊ ကသစ်သိလိုလှစွာ ပန်းစည်းလေးကို ထုတ်ကြည့်စဉ် -



www.burmeseclassic.com

www.burmeseclassic.com



"တီးတောင် တီးတောင်"

ခြံဝက ဘဲလ်သံလေး မြည်လာသည်။ ကသစ် ပန်းစည်းပွေ့ကိုင် လျက်သားနဲ့ ဂိုထောင်ထဲက ထွက်ခဲ့သည်။

"တီးတောင် တီးတောင်"

ဘဲလ်က မြည်နေဆဲ။ ကသစ် ပေါ်တီကိုအောက်က လှမ်းကြည့် ၏။ ညဦးပေမယ့် ခြံမီးထွန်းထားသဖြင့် မီးရောင်အောက်မှာ ရှင်းရှင်း ကြီးမြင်ရတာက ဘုန်းနေရောင်။

ဘုရားရေ။

ကသစ် တကယ် ဘုရားတကာ ခြေလှမ်းတွေ ရှေ့တိုးသွားဖို့ လေးလံသွားသည်။ ကျူးလစ်ပန်းအနီရောင်က အချစ်ကိုကြေညာခြင်းနဲ့ ငါ့အချစ်ကို ယုံကြည်ပါလို့ ပြောလိုတဲ့အဓိပ္ပာယ်ကို ညွှန်းသလို၊

နွေးထွေးမှု၊ ပျော်ရွှင်မှုနဲ့ ရိုးရှင်းတဲ့ဘဝကို ကိုယ်စားပြုရင်း ကျူးလစ်ပန်းအနီရောင်တွေကို ဖဲကြိုးဝါလေးစည်းနှောင်ပြီး မိန်းကလေး ကို ပေးလေ့ရှိတဲ့သဘော။

ဒီသဘော၊ ဒီအဓိပ္ပာယ်တွေကို ကြိုသိသလို ကသစ်ကိုလည်း မေးသေးတယ်။ ပြီးတော့ ဒီပန်းစည်းကို ကသစ်လက်ထဲ ထည့်ပေးခဲ့ တာ၊ ငြင်းလို့မရခဲ့။ ခုတော့ ပန်းစည်းကိုပွေ့ကိုင်ထားတဲ့အချိန်မှာ သူက ခြံဝရောက်နေပြီ။

ကသစ် ဘယ်လိုရင်ဆိုင်ရမလဲ။





အဆက်မပြတ် ဘဲလ်မြည်နေတာက ခက်သားလား။

တစ်ယောက်ယောက်ရှိရင်လည်း အကောင်းသား။ ဘယ်သူမှ မရှိတော့ ခက်ခက်သားပဲ။

ကသစ်ကလည်း ဒီတိုက်ပုလေးမှာ တစ်ယောက်တည်း ရဲရဲဝံ့ဝံ့ နေလာတာ။ ခုမှ နောင်တရချင်ချင် ဖြစ်လာသည်။

"ကသစ်"

ခြံတံခါးဆီ ကသစ်ခြေလှမ်းတွေ မရောက်သေးပါ။ လှမ်းခေါ် တဲ့ သူ့အသံ ပါလာချေပြီ။ ကသစ် စိတ်တွေလှုပ်ရှားကာ ပန်းစည်းကို ပွေ့ကိုင်ထားရင်း အမှုအရာတွေပျက်လျက်။

ကျွတ်။ ညအချိန်မတော် ဘာလို့ ခြံဝရောက်နေရတာလဲ။

အသံတိတ်မေးရင်းလည်း ဒေါသထွက်ရမလို ဖြစ်လာသည်။ အိုး ဒေါသထွက်ပြန်ရင်လည်း ရိုင်းပျရာကျဦးမယ်။

စိတ်ညစ်လိုက်တာနော်။

ကသစ် ခေါင်းလေးကုတ်နဲ့ ဗျာများသွားသည်။

"တီးတောင် တီးတောင်၊ ကသစ်၊ တီးတောင်"

ခေါ်သံနဲ့ ဘဲလ်တီးသံ ရောထွေးစွာ ကျယ်ထွက်လာပြန်သည်။ နောက်ဆုံး ကသစ်ပဲ စိတ်ကိုလျှော့ချကာ ရင်မှာပွေ့ထားမိတဲ့ ပန်းစည်း အုတ်ခုံပေါ်တင်သည်။

ညဝတ် ခါးစည်းဂါဝန်အပေါ် ထပ်ဝတ်ထားတဲ့ သိုးမွေးအနွေး



www.burmeseclassic.com

www.burmeseclassic.com



ထည်ပွပွလေးကို မသိမသာဆွဲဆန့်ကာ ကြွေးနေသည်လိုက်ရသည်။ တည်ငြိမ်အောင် စိတ်ထိန်းပြီး ခြံရှေ့ သွက်သွက်လေးထွက်ခဲ့၏။

ခြံဝမှာထွန်းထားတဲ့ မာကျူရီမီးရောင်အောက်မှာ သူက စိတ်လှုပ်ရှားဖွယ်ကောင်းလောက်အောင် စတိုင်လ်ကျနေသည်။ လူငယ်ဆန်ဆန် မိုးရာသီဝတ်စုံနဲ့၊ အပြင်ခံလည်း ဝတ်ထားလျက်။

မိုးမရွာပေမယ့် ရာသီဥတုက အေးလျက်။ ကသစ်ရင်မှာတော့ မအေးနိုင်။ တွေ့ရင် သူ ဘာပြောမလဲ။ နီးကပ်လာလေ ရင်ခုန်လာလေ။ ကျေးဇူးပြုပြီး ပန်းစည်းကိစ္စ အစဖော်မမေးပါနဲ့။

ကသစ် ဒါပဲဆုတောင်းရင်း စေ့ပိတ်သော့ခတ်ထားတဲ့ တံခါးရှေ့ရောက်လာသည်။ ကသစ် ခပ်လွဲလွဲကြည့်ရင်း –

"ဘာ ဘာကိစ္စရှိလို့လဲ"

"ပြောစရာရှိလို့"

"ဖုန်းဆက်လိုက်ပေါ့ရှင်"

"ဖုန်းဆက်မပြောချင်လို့ပေါ့ကွ"

ကသစ် သက်မ,ခိုးချကာ –

"ပြော ဘာပြောမလို့လဲ"

နှစ်ယောက်သားကြားမှာ သော့ခတ်ထားတဲ့ သံပန်းတံခါးခြားလျက်။ သူက သံတိုင်ကို ဆုပ်ကိုင်လိုက်ပြီး ကသစ်နဲ့ အကြည့်ချင်းဆုံအောင် စိုက်ကြည့်၏။ ကသစ်ရှောင်ပေမယ့် မရ။





"ကသစ်ကို ကိုယ် ချစ်နေပြီ"

"ရှင်"

ကသစ် မော့အကြည့်မှာ မျက်လုံးချင်းဆုံပြီး ရောင်စဥ်တွေ ဖြာလင်းသွား၏။

"ကိုယ်ပေးတဲ့ပန်းစည်းလေးက ဘာအဓိပ္ပာယ်လဲဆိုတာ ကသစ်သိနေပြီပဲ"

"ဟင့်အင်း"

ကသစ် ခေါင်းတစ်ချက်ယမ်းကာ ခြေလှမ်းနောက်ဆုတ်ခဲ့သည်အထိ စိတ်တွေ မငြိမ်မသက်ဖြစ်လျက်။ ရင်ခွင်မှာ ပြင်းပြင်းရှရှ လှုပ်ခတ်လို့ သွားလေပြီ။

"ကသစ်"

ခေါ်သံက အေးစိမ့်လှတဲ့ညဦးကို လှုပ်ခါသွားကာ ကသစ်လည်ပြန်မကြည့်မိ။ တိုက်ပုလေးထဲ ပြေးဝင်လျက် တံခါးမကြီးကို လော့ခ်ကျအောင် ပိတ်ချလေသည်။

အချစ်ဆိုတာ ဘာလဲကွယ်။

ကိုယ်တိုင် ပြန်မေးမိတဲ့နောက်မှာ ရင်ခုန်သံ သောသောညံကာ။

✿



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း၊ သစ်သစ်၊ နင် ဘာမှလည်း မပြင်ဆင်သေးပါလား"

"ကသစ် မသွားဘူး"

"ဘာ မသွားဘူး၊ ဟုတ်လား"

ကသစ် ခေါင်းညိတ်ကာ ကိုကောင်းနဲ့ မျက်နှာလေးလွှဲနေလိုက်သည်။ ကိုကောင်းက အားမလိုအားမရဖြစ်ပြီး –

"မသွားလို့ရမလား၊ အဓိပ္ပာယ်မရှိတာကွာ"

"ဟင့်အင်း၊ ကိုကောင်း ဘာမှမသိပါဘူး"

"ဟုတ်တယ်၊ ငါ ဘာမှမသိဘူး၊ ငါသိတာ ဒီပွဲကို ငါတို့ မသွားလို့ မရဘူး၊ အန်တီမြတ်က ငါတို့အလုပ်ရှင်၊ အလုပ်ရှင်ဆိုတာ ထက် ကျေးဇူးရှင်ဆို ပိုမှန်မယ်၊ ထစမ်းပါ၊ ဆင်ခြေမပေးနဲ့"

ငုတ်တုတ်ထိုင်ပြီး ငြင်းနေရှာတဲ့ ကသစ်ကို ကောင်းချို ဆက် ငြင်းခွင့် မပေး။ လက်မောင်းကနေ ဆုပ်ကိုင်ဆွဲထစေသည်။ ကသစ် ရုန်းကန်ငြင်းတော့လည်း အလကားဖြစ်ရကာ။

"ငါသိတယ်၊ နင် လူကြားတိုးရတဲ့ပွဲဆိုရင် မသွားချင်မှန်း၊ ခု သွားရမယ်၊ လာ၊ နင့်အတွက် ဝတ်စုံလှလှလေးတောင် ငါ ကြိုဝယ် ထားတယ်"

လက်တစ်ဖက်က ဆွဲထားတဲ့ဖက်ရှင်အိတ်ကို ပြရင်း အတင်း ဆွဲထစေသည်။

"ကျွတ်၊ ကိုကောင်းနဲ့ သိပ်ခက်တာပဲ၊ ကသစ် မသွားချင်တာ





ကသစ်အကြောင်းနဲ့ ကသစ်ပါ"

"ဘာအကြောင်းဖြစ်ဖြစ် သွားရမယ်"

ကိုကောင်းက အလိုလိုက်တတ်သလို ဖွတ်တရွတ်လည်း ဆန် သည်။ ခုလည်းကြည့်။ မလွှတ်တမ်း လက်မောင်းကဆွဲပြီး အခန်းထဲ ခေါ်သွင်းသွားသည်။

"အဟင့်၊ ကသစ် သိပ်စိတ်ညစ်တာပဲ"

ကသစ် ငိုချင်မဲ့မဲ့နဲ့ ပြောသော်လည်း အချည်းနှီးသာ။

"နောက်မှ ညစ်ကွာ၊ မြန်မြန်လေးပြင်၊ ကြာနေရင် မလွယ်ဘူး၊ ရော့ မိတ်ကပ်ပြင်ပြီး ဒီဝတ်စုံဝတ်"

မှန်တင်ခုံရှေ့အထိ ဆွဲပို့ပြီး ပြောသည်။ လက်ထဲက အိတ်ကို လည်း ကသစ်လက်ထဲ အတင်းထည့်ကာ ဧည့်ခန်းဘက် ထွက်သွားလေ သည်။

"အဟွန်း"

ကသစ် ခြေဆောင့်ကာ မျက်နှာကြီး ရှုံ့မဲ့လိုက်၏။ မသွား ချင်တာက ဘုန်းနေရောင်နဲ့ မျက်နှာချင်းမဆိုင်ချင်လို့၊ တော်ကြာ ဘာ ညာပြောရင် ခက်ချေမယ် မဟုတ်လား။

အဲဒါကို မသိဘဲနဲ့ ကိုကောင်းက ဖွတ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ပွင့်ချပ်ကလေးများက ရွှေသားအလွှာအထပ်ထပ်နှင့် ကျောက်စိမ်းရိုးတံမှာ ကျောက်စိမ်းနှဲပဲ ဆူးလက်ကော အရွက်ပါ ပုံစံဖော်ထားသည်။

ဒါတင်မက နှင်းမှုန်နှင်းစက်တို့ တင်ကျန်နေဟန် စိန်ပွင့်မှုန်မှုန် ကလေးများ ကြဲပက်ထားသလို ဒီဖိုင်းထွင်ထားသည့် ရွှေနှင်းဆီပွင့်လေးဟာ ကြည့်လေလှလေ။

မြင်သူ့မျက်စိကို လွှဲဖယ်သွားဖို့ ခဲယဉ်းသွားအောင် ဖမ်းစားနေသော နှင်းဆီပွင့်ခက်လေးကို မြစက်ရေ ငေးရင်း ကြည်နူးပီတိစိတ်က နှလုံးသားမှတစ်ဆင့် မျက်နှာအစိတ်အပိုင်း အသီးသီးဆီ ရောင်ပြန်ဟပ်လျှက်။





"ဟယ်တော် ကြည့်စမ်းမာမီ၊ လှလိုက်တာ။ သမီး ရုတ်တရက်မြင်လိုက်တော့ လူတောင်မှားတယ်၊ ဟင့် ဟင့် ဟင့်"

မြစက်အတွေးထဲ မမလဝန်းရောင်အသံလွှမ်းသွား၏။ ဘယ်သူ့ကို ပြောနေတာလဲ။ အန်တီမြတ်ကိုင်ထားတဲ့ ရွှေနှင်းဆီလေးကို ကြည့်နေရင်း မျက်လုံးက မမလဝန်းရောင်ဆီ ရောက်သွားသည်။

မမလဝန်း ခြေလှမ်းနဲ့အကြည့်တဲ့နောက် မြစက်အကြည့်တွေပါသွားကာ။ စားပွဲဝိုင်းအပြည့် ဧည့်သည်တွေရှိနေတာကို ကျော်ဖြတ်ရင်း ဧည့်ခံပွဲထဲ လှမ်းဝင်လာတဲ့ စုံတွဲဆီ။

အန်တီမြတ်လည်း ငေးကြည့်နေသည်၊ ဘယ်သူပါလိမ့်။ မြစက်အသံတိတ် ရွှတ်ရင်း စိုက်ကြည့်လေသည်။

နှံ့သာရောင်အနောက်တိုင်းဝတ်စုံနဲ့ လူရွယ်ဘေးက မိန်းကလေးဆီ မမလဝန်းရောက်သွားကာ ရင်းရင်းနှီးနှီး လက်ကိုဆွဲပြီး တဖွဖွပြောနေသည်။

စီးကွင်နှံ့ထိုးထားတဲ့ နှစ်ထပ်ဇာဝမ်းဆက်နှင့် ဆံပင်အားလုံးကို နောက်ဘက်သိမ်းစုကာ ဆံထုံးနိမ့်နိမ့်လေးထုံးဖွဲ့လျှက်။ ဆံထုံးနဲ့ကိုယ်မှာ ဘာရတနာမှ ဆင်မထားသော်လည်း ခန္ဓာကိုယ်အလှသာ ထင်ထင်ရှားရှားပေါ်လွင်သည်က ဧည့်ပရိသတ်အားလုံးရဲ့ မျက်လုံးတွေကို ညို့ယူထားသည့်နှယ်။

ရောင်စုံမီးရောင်အောက်သို့ ရောက်လာလေ ထိုမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ပိုလှလေ။ နှုတ်ခမ်းဖူးဖူးလေးမှာ ဝတ်ထားသည့် အရောင်အတိုင်း ရွှေဝါရောင် ဝင်းမှည့်သော နှုတ်ခမ်းနီ လက်လက်ကလေးကို တောက်ပစွာ ဆိုးထား၏။

"လာ လာ သမီး ကသစ်၊ ကြည့်စမ်း၊ အန်တီမြတ် လူတောင်မှားတယ်၊ လှလိုက်တာဟယ်"

အန်တီမြတ် လှိုက်လှိုက်လှဲလှဲ ပြောလိုက်သံကြားခါမှ လှလို့ကြည့်မိတဲ့ မြစက်မျက်ခုံးတို့က မနှစ်မြို့စွာ ခပ်တွန့်တွန့်။

ကျွတ်။ ဒါရိုင်ဘာ မိန်းကလေးကို။ ရှပ်အင်္ကျီကွက်ကြားတွေနဲ့ ရိုးရိုးပြောင်ထဘီဝတ်ကာ ဆံပင်ကို ဒီအတိုင်း ချည်နှောင်လေ့ရှိတဲ့ ပုံစံနဲ့ကတခြားစီ။

ဗျူတီပါလာမှာ အချိန်ပေးပြီး ရတနာတွေ ညွတ်အောင်ဆင်ခဲ့တဲ့ မြစက်က ဒင်နာဝတ်စုံလိမ္မော်ရောင်နဲ့ ဖိတ်ဖိတ်တောက်နေခဲ့တာတောင် မမလဝန်း ထိုသို့ တအံ့တသြ မဖြစ်။

"လာ လာ မြစက်လေး၊ အန်တီကျော် လာလေ"ဟု ရိုးရိုးပဲကြိုဆိုကာ နေရာချထားခဲ့သည်။ ထိုစဉ်က ညေ့်ပရိသတ်အားလုံး မြစက်နဲ့ မာမီဆီ အကြည့်တွေရောက်ခဲ့သည်။

ထိုအကြည့်တွေက ခဏလေးရယ်။ ခုတော့ နွယ်ကသစ်ဆီရောက်နေတဲ့အကြည့်တွေက တငေးတမော။

မြစက်တောင် ကြည့်နေရင်း ခံပြင်းလာသည်။





မာမီကလည်း နှာခေါင်းရှုတ်လေ၏။ အဆင့်မရှိတဲ့ မိန်းကလေးကိုများ ကြည့်နေလိုက်တာ။ ဟွန်း ဘာကြည့်စရာလိုလဲ၊ ဒရိုင်ဘာအဆင့်အနိုင်းအစေမျှသာရှိတဲ့ နွယ်ကသစ်နဲ့ ကောင်းချီး။

မြစက်ရေနဲ့အတူ မာမီလည်း ချက်ချင်းအကြည့်လွှဲကာ မာန်တင်းထားလိုက်သည်။

"မြစက် ဘာလိုသေးလဲ၊ ကိုယ့်ကိုပြောလေ"

ကိုဘုန်းအနားရောက်လာပြီး ဂရုတစိုက်မေးသည်။ ဒီတော့မှ မြစက်ရေနဲ့မာမီ ကြွန်ခြေသည်ကာ မျက်နှာအမူအရာလေး လှပသွားအောင်ပြုံးပြီး –

"မလိုပါဘူး ကိုဘုန်းရဲ့၊ ဟင့် ဟင့် ဟင့်"

မြစက်ရေ ချိုအီအီလေးဆိုရင်း ညှို့တွယ်စွာကြည့်သည်၊ ဘုန်းနေရောင် ပြုံးကြည့်ရင်း –

"လိုတာရှိရင် ပြောနော် အန်တီ၊ အားမနာပါနဲ့"

"အဟင့်၊ မောင်ဘုန်းကလည်း အားနာရမယ့်သူမှ မဟုတ်တာ"

မာမီ လှလှပပလေး တစ်ခွန်းဝင်ပြောသည်။

"အဲဒါဆို ခဏနော်၊ မာမီနဲ့မမကို သွားခေါ်လိုက်မယ်"

"သွားခေါ်ချေကွယ်"

ဒေါ်ကြူကြွာကျော် ပြောမဆုံးခင် မောင်ဘုန်းခြေလှမ်းတွေ ထိုဆီဦးတည်သွားသည်။ ညစာစားသောက်စရာတွေထက် ထိုမိန်းကလေးဆီ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ ရောက်သလို တီးတိုး တီးတိုး ပြောဆိုနေကြတာကိုက မြစက်တို့ သားမိအတွက် ဂုဏ်ပွဲသလို ခံစားရသည်။

"အဟင့် မမကျော့ရယ်၊ ကသစ်လေးကို မြင်တာ လူတောင်မှားတယ်၊ ဘယ့်နှယ်ကွယ်၊ ဆင်ထားလိုက်တာ ရိုးရိုးလေးပဲ၊ ဘာရတနာမှ မပါဘဲနဲ့ အလှသွေးကြွယ်နေတာ အံ့သြစရာချည်း"

ဒေါ်မိမြတ်မြတ်ရောက်လာပြီး ပြောတော့ ဒေါ်ကြူကြွာကျော့နဲ့ မြစက်ရေ မျက်နှာမပျက်အောင် မနည်းထိန်းထားရသည်။

"မမြတ်ရေ၊ အလှသွေးဘယ်လောက်ကြွယ်ကြွယ် အဆင့်အတန်းဆိုတာကိုတော့ ဘယ်မီချေမလဲ"

"ဟုတ်ပ့ါ ဟုတ်ပ့ါ၊ ဒါလည်းဟုတ်သားပဲ၊ ဟင့် ဟင့် ဟင့်"

ဒေါ်မိမြတ်မြတ် သဘောတကျပြောရင်း ရယ်လေမှ သားအမိနှစ်ယောက်မျက်နှာ လင်းကျင်းသွားသည်။ မမလဝန်းရောင်ကလည်း မောင်လေးလက်ကို ဆွဲပြီး မြစက်တို့ဝိုင်းဆီ ရောက်လာပြန်သည်။

ဒီတော့မှ ဂုဏ်ရှိတဲ့မြစက်မျက်နှာလေးက အနီတီမြတ်လက်ထဲက ရွှေဇန်းလေးလို ကြွကြွလေး ခေါင်းမော့ထောင်လျက်။

"ကဲပါ မာမီ၊ ဧည့်သည်အားလုံးစုံပါပြီ၊ မာမီ အစီအစဉ်လေးကို စလိုက်ရအောင်လား"

မမလဝန်းရောင် နှိုးဆော်သည်။ ဒေါ်မိမြတ်မြတ် ခုမှ အရာရာကို သတိရကာ –





"ဟုတ်ပ့ါ သမီးရယ်၊ ဟင့် ဟင့်"

သားကိုတစ်လှည့် လက်ထဲက ရတနာခြယ်နှင်းဆီပန်းလေးကို တစ်လှည့်ကြည့်၏။ ပြီးမှ ဧည့်ပရိသတ်အားလုံးကို မျက်နှာမူလျက် ဆိုချေသည်။

"အဟင့် ဒီပွဲလေးက ဒင်နာပွဲဆိုတာထက် ကျွန်မခင်ပွန်း မျိုးဆက်ပိုင်တဲ့ ဟောဒီ ရွှေပန်းလေးကို သားလက်ထဲ လက်ဆင့်ကမ်းပေးမယ့်ပွဲဆိုလည်း ဟုတ်ပါတယ်"

ဧည့်ပရိသတ်အားလုံး မျှော်လင့်ထားတဲ့အတိုင်းဖြစ်ကာ စိတ်ဝင်တစား ရှိကြသည်။ ဒေါ်မိမြတ်မြတ်လက်ထဲက ရွှေဇန်းလေးကို မျက်စိကျမတတ် ကြည့်ကြသည်။ အစဉ်အလာကြီးတဲ့ မျိုးရိုးဂုဏ်ကိုလည်း အားကျကာ မြစက်ရေကိုလည်း ကြားထားတဲ့သတင်းအတိုင်း အဓိပ္ပာယ်ပါပါ ကြည့်၏။

ဒေါ်မိမြတ်မြတ်ပြောပြီး သားနဲ့မျက်နှာချင်းဆိုင်လေသည်။ သားငယ်လေးကို အသက်မက ချစ်မြတ်နိုးစွာ မေးကြည့်သလို သားငယ်လက်ကို ဆွဲယူပြီး တစ်ပွင့်တည်းသော ရွှေပန်းကို ကမ်းပေးသည်။

"ဖြောင်း ဖြောင်း ဖြောင်း"

တိုင်ပင်ထားတဲ့အတိုင်း ပေါ်ထွက်လာတဲ့ လက်ခုပ်သံတွေ နောက်မှာ –

"သားက သားရည်ရွယ်ထားတဲ့ ကျွန်မရဲ့ ချွေးမလောင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကို မျိုးဆက်လက်ဆောင်အဖြစ် ညှော်ပရိသတ်ရှေ့မှာ သက်သေတည်ပြီး ဒီရွှေပန်းလေး ပေးမှာ ဖြစ်ပါတယ်''

''ရှိုး ရှိုး''

''ဖြောင်း ဖြောင်း''

လူငယ်တွေ လေချွန်သံနဲ့ လက်ခုပ်သံကို မြှင်သွားတာ သီဟဖြိုးတို့ ဝိုင်းမှ ဖြစ်လေသည်။ သားဖြစ်သူလက်ထဲရောက်နေပြီးဖြစ်တဲ့ ရွှေပန်းလေးရယ်။

ဘယ်မိန်းကလေးလက်ထဲ ရောက်မှာလဲ။ ညှော်ပရိသတ်ကြီး မေးသံတွေ ဆူညံသွား၏။ မြစက်ရေ ဝမ်းသာလှိုက်လှဲသော မျက်ဝန်း တောက်ပရွှန်းလက်သွားကာ မြစက်လက်ထဲရောက်မှာလေလို့ ဝင့်ကြွား ဟန်လေးနဲ့ မျက်နှာလေး မော့ကြည့်သည်။

''ဟင်''

အားလုံး မျက်ဝန်းအုံ့သြကာ မမှိတ်မသုန် ကြည့်ကြလေသည်။ ရွှေပန်းလေးကို ကိုင်ပြီး လေးနက်ခိုင်မာသော ဘုန်းနေရောင် ခြေလှမ်း တွေ မြစက်ရေရှေ့မှ ဖြတ်ကျော်သွားကာ ကောင်းချိုနဲ့ မျက်နှာချင်းဆိုင် ရှိနေတဲ့ နွယ်ကသစ်ရှေ့ ရပ်တန့်သွားသည်။

ကသစ်ကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်သည်။ ပြီးမှ ပြုံး၍ ကသစ်ရဲ့ဆံထိုးမှာ ပိုင်ပိုင်နိုင်နိုင် ဆင်ပေးလိုက်လျှင် –

''ဟာ''





''ဟယ်''

ဆိုတဲ့ အာမေဍိတ်သံနောက်မှာ –

''ဖြောင်း ဖြောင်း ဖြောင်း''

''ရှိုး ရှိုး''

လက်ခုပ်သံနဲ့ လက်ခေါက်မှုတ်သံတွေ ညံစီသွားလေပြီ။

''ကျွန်တော်ရည်ရွယ်ထားတဲ့ မိန်းကလေးက နွယ်ကသစ်ပါ''

ဘုန်းနေရောင်ရဲ့ ခံ့ညားတဲ့အသံနောက်မှာ မိသားစုဝင်တွေ အံ့သြနေရာမှ အသိဝင်လာကာ နွယ်ကသစ်မှာလည်း ပြန်ပြောဖို့ ဆွံ့ဆွံ့ အအဖြစ်လို့။

ကောင်းချိုက ခုမှ သဘောပေါက်၏။ ရဲမှည့်ရာမှ နက်မှောင် သွားတဲ့ မြစက်ရေမျက်နှာလေးဟာ ညှော်ပရိသတ်တွေရဲ့ အမြင်အောက် မှာ ပြာချိတ်လျှက်။

''တောက်''

အံကြိတ်ပြီး တောက်ခတ်လိုက်တဲ့အသံက ဟုန်းခနဲ ထလေပြီ။ ဒေါ်မိမြတ်မြတ်နဲ့ လဝန်းရောင်မှာ ရင်ဘတ်ဖိလျှက် ဘာကိုမှ လက်မခံနိုင် ဖွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျွန်ုပ်ကျော် ပြောရင်း အခဲမကြေစိတ်က ရှန်းကြွလာပြန်သည်။ မာနနဲ့အရှိန်အဝါကို ခေါင်းပေါ်တင်ကာ တစ်သက်လုံး လက်မထောင်နေလာတဲ့ ဦးမြကိုကိုတို့ မိသားစု။

ခုတော့ ဦးမြကိုကို အံတင်းတင်းကြိတ်ပြီး –

''ကိုကိုတော့ လုံးဝ မကျေနပ်နိုင်ဘူး၊ မိမြတ်နဲ့ ရင်ဆိုင်ရမယ်၊ ရှင်းရမယ်ကွ''

''ရှင်းရမှာပေါ့ ကိုကိုရယ်၊ အဟွန်း မရှင်းလို့ရမလား''

''ကိုကိုပါမသွားလို့၊ နောက်ဆို အဲဒီပွဲမှာပဲ ရှင်းပစ်မယ်''

''ကျွန်မလည်း ရှင်းပြစ်ချင်တာ၊ သမီးကြောင့်လေ၊ ပြီးတော့ အားလုံးက လက်တို့ပြီး ပြောနေကြတဲ့အသံက တိုးတိုးကြိတ်ကြိတ်နဲ့ ကျယ်ထွက်လာပြီး သမီးကို ပြုံးပြုံးဖြဲဖြဲ ကြည့်ကြတာလေ။ သမီးခမျာ ရှက်လွန်းလို့ မျက်ရည်ပါဝဲတယ်''

''တောက်''

ဖနီးသည်စကားအဆုံးမှာ ဦးမြကိုကို မာကျစ်ကျစ်အသံနဲ့ တောက်ခတ်ပြန်သည်။

''လာ၊ ခုပဲ သွားမယ်''

ဦးမြကိုကို ရှေ့က ဦးဆောင်ထွက်လျှင် ဇနီးသည်ကလည်း ကောက်ကောက်ပါအောင် လိုက်ချေပြီ။

✿ ✿ ✿



## အခန်း (၂၈)

''ဟင့်အင်း''

ဒေါ်ကျွန်ုပ်ကျော် ဘယ်လိုမှ စိတ်ကို ဖြေလို့မရတော့ဘူး။ ခေါင်းတွင်တွင်ယမ်းသလို တောက်ခတ်တာတွေနဲ့ အခန်းထဲ ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ ပျာယာခတ်လို့နေသည်။

ခင်ပွန်းသည် ဦးမြကိုကိုက လက်သီးကျစ်ကျစ်ဆုပ်လျက်။

''ဒါ ကိုကို့သမီးကို လှလှပပအရှက်ခွဲလိုက်တဲ့ သဘောပဲ မိန်းမ''

''အရှက်ခွဲရုံမကဘူး၊ အဆင့်အတန်းမရှိတဲ့ မိန်းကလေးနဲ့ သမီးကို ယှဉ်ပြီးရွေးလိုက်တာလေ၊ ကျွန်မ ရှက်လို့မဆုံးဘူး ကိုကို၊ အသိုင်းအဝိုင်းကြားထဲ ကိုကို့သမီး ဘယ်လိုမျက်နှာပြရမလဲ၊ ကျွန်မ အသည်းနာတယ်၊ မောင်ဘုန်း တောက်''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"သိပ်ရှက်တယ်ကွယ်၊ မျက်နှာကို ဓားနဲ့လှီးပစ်ချင်တဲ့အထိ ရှက်တယ်ကွဲ့၊ မောင်လေး ခေါင်းမှာ ဦးနှောက်မှရှိရဲ့လား၊ ဟင်"

ဘုန်းနေရောင် ခေါင်းကို တဖျပ်ဖျပ်တွန်းပုတ်ရင်း မမ မေး၏။ ဘုန်းနေရောင် နှုတ်ခမ်းစေ့ကာ ငြိမ်နေလိုက်သည်။ ပြောချင်ရာပြောပါစေ ဆိုတဲ့ စိတ်နဲ့ပါ။

ဘယ်သူဖြစ်ဖြစ် ကိုယ့်အယူအဆနဲ့ကိုယ် ဆုံးဖြတ်တာ မှန်တယ် ထင်တာပဲ။

"ပြော ပြောလေ"

မမက အားမလိုအားမရနဲ့ ဘုန်းနေရောင် ဆံပင်ကို ဆွဲလုပ်ရင်း မေးပြန်သည်။

"တိုးတိုးသာသာ ပြောကြပါကွာ၊ ဘုန်းနေလည်း စဉ်းစားချင့်





ချိန်တတ်နေတာပဲ၊ 'လ' လည်း စိတ်လျှော့"

ကိုစိုး စိတ်မသက်မသာနဲ့ စောင့်ကြည့်နေရာမှ ဝင်ပြောသည်။ ဘုန်းနေရောင်အပါးမှ လဝန်းရောင်ကိုလည်းဆွဲကာ တစ်ဖက်ဆိုဖာမှာ ထိုင်စေသည်။

"ဖယ်ပါ ကိုစိုးရယ်"

မမက မကျေမနပ်ဖြစ်တာတွေ လျှော့ပါးမသွား၊ ကိုစိုးကို တွန်းဖယ်ရင်း ဘုန်းနေရောင်နဲ့ မျက်နှာချင်းဆိုင်ဖို့ တာဆူလျက်။

"ကျွတ် မမ မေးတာကို ဖြေစမ်းပါ"

"လ၊ အေးအေးဆေးဆေး မေးပါကွာ"

ကိုစိုးက ပြဿနာကြီးထွားလာမှာ သိလို့ ကြားဝင်ဖျန်ဖြေနေခြင်း။ ယောက်ဖစိတ်ကို သူ ခန့်မှန်းမိတာ ကြာနေပြီ မဟုတ်လား။

"အေးအေးဆေးဆေး မေးရမယ့်ကိစ္စ မဟုတ်ဘူးကိုစိုးရဲ့၊ မောင်လေးလုပ်ပုံက ဘယ်လောက် သိက္ခာကျစေသလဲ၊ ကိုယ်နိုင်းစေတဲ့ မိန်းကလေးကိုမှ လက်ကမ်းရတယ်လို့၊ ကသစ်ကရော ဘာစိတ်ကူးနဲ့ လက်ခံရတာလဲ၊ နေပါဦး ကသစ်နဲ့မောင်လေးက ဘယ်အခြေအနေ ဘယ်အတိုင်းအတာထိ ပတ်သက်နေလဲ၊ ပြောစမ်းပါ"

မမက ကိုစိုးကာဆီးနေတဲ့ကြားထဲက မေးပြန်သည်။ ဘုန်းနေရောင် ပွနေတဲ့ဆံပင်တွေကို ဖိသပ်ရင်း မသိမသာ သက်မချသည်။

"မြစက်လေး ဘယ်လောက်သနားဖို့ကောင်းမလဲကွယ်၊ ဟီး



www.burmeseclassic.com

www.burmeseclassic.com



ဟီး ဟီး''

မမက ဒေါ်သန့်ပြောတာတွေ နောက်မှာ စိတ်ထိခိုက်စွာ ငိုချလေသည်။ ကိုစိုးက ဆိုဖာပေါ် မမကို ထိုင်စေသည်။ သူ့ကိုလည်း အားမရနိုင်စွာ ကြည့်၏။

''မောင်ဘုန်း''

ကိုစိုးက ဖနီးသည်ကို ချော့မော့သလို ဖက်ထားရာမှ ယောက်ဖကို လှမ်းခေါ်သည်။ ဘုန်းနေရောင် မျက်နှာလွှဲထားရာမှ ကိုစိုးဘက် လှည့်လျှင် –

''ချင့်ချင့်ချိန်ချိန်လေး ရှေ့တိုးစမ်းပါကွာ၊ မာမီ့အခြေအနေလည်း မောင်ဘုန်းသိသားနဲ့၊ မာမီက မောင်ဘုန်းစိတ်နဲ့ ထူထူထောင်ထောင် ဖြစ်လာတာ၊ မောင်ဘုန်းကြောင့် မာမီ တစ်ခုခု မဖြစ်စေချင်ဘူး။ မာမီ့ခမျာ မောင်ဘုန်းစိတ်နဲ့ သွေးတိုးနေတာ စိုးရိမ်ရမယ့်အနေအထားလေ၊ ဘယ်သူ့ကိုမှ မငဲ့ရင်တောင် မာမီ့ကို ငဲ့စမ်းပါကွာ''

ဘုန်းနေရောင် ခေါင်းလည်းမညိတ် ခေါင်းလည်းမခါ။ ဒင်နာပွဲ ရုတ်ရုတ်သဲသဲနဲ့ မလှမပ ပြီးဆုံးသွားတာ မျက်လုံးထဲက မထွက်ပေ။

''ဘုန်း၊ မြစက်မာန လာမချိုးနဲ့၊ အဲဒီအတွက် ဒဏ်ပြန်ခံရလိမ့်မယ်၊ အဟင့် ဟင့်''

မျက်နှာမော့ခါပြီးထွက်သွားတဲ့ မြစက်ရေ၊ ထိုနောက်မှာ ဒေါ်သကြီးနေတဲ့ အန်တီကျော် ဒရောသောပါး ပါသွား၏။





''မမကျော် မမကျော်၊ နေဦးလေ၊ သမီးမြစက်လေး နေပါဦးကွဲ့''

မာမီ့ခမျာ နောက်ကလိုက်တားရင်း ရုတ်တရက် လဲကျသွားတဲ့ အဖြစ်။

''ကသစ် ညည်းထွက်သွားစမ်းပါ၊ ညည်းမျက်နှာကို မမြင်ချင်ဘူး၊ ထွက် ထွက်သွား''

မမ ဒေါ်သတကြီးနှင်ထုတ်သလို ကသစ်ခံထိုးကြားမှာ လှုပနေတဲ့ ရွှေပန်းခက်ကို ဆွဲလုလေသည်။

''မြန်မြန်သွားကြ၊ ကောင်းချို အဲဒီဟာမကို ခေါ်သွား၊ နောက်ဘယ်တော့မှ ငါတို့မိသားစု ရှေ့မလာနဲ့။ ကျွေးတဲ့လက်ကို ကိုက်တဲ့ခွေးတိရစ္ဆာန်မ''

မမရဲ့စကားလုံးတွေနောက်မှာ နွယ်ကသစ် မျက်ရည်ပေါက်ပေါက်ကျကာ ကောင်းချိုရှေ့က ထွက်သွားတဲ့အဖြစ်။

''ကသစ် နေဦး'' လို့ ဘုန်းနေရောင် လိုက်တားပါသေးသည်။ ကောင်းချိုက သည်းမခံနိုင်တဲ့မျက်နှာထားနဲ့ ဘုန်းနေရောင်ကို စိုက်ကြည့်လျက် –

''ခင်ဗျား ဆက်လိုက်မလာနဲ့ဗျာ၊ တောက်''

အလုပ်သမားအဆင့်ရှိတဲ့ကောင်းချို တောက်ခတ်တာကို ဘုန်းနေရောင် မခံချင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာကောင်မို့လဲ ကောင်းချို"

အရွယ်တူနဲ့ရုပ်ရည်တူကာ လုပခံ့ညားတာချင်း တူပေမယ့် အလုပ်ရှင်နဲ့အလုပ်သမားပေမယ့် ကောင်းချို ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိပါ။

ရင်ကော့ပြီးပဲ ပြောသည်။

"ငါ ဘာကောင်ဖြစ်ဖြစ် ဧသောက်ဂရုမစိုက်ဘူး၊ အေး မင်း သိရမှာက မိန်းမတိုင်းမှာ အရှက်သိက္ခာနဲ့မာနရှိတယ်ဆိုတာ ဘယ်တော့မှ မမေ့နဲ့"

"အောင်မာ၊ မင်းက ငါ့ကို ပြန်ပြောရတယ်လို့"

ဘုန်းနေရောင် ရှေ့တိုးသလို ကောင်းချိုရင်ဘတ်ကို ဆောင့်ဆွဲသည်။ ကောင်းချို အဆွဲမခံ။ ဘုန်းနေရောင်လက်ကို ပြန်ပုတ်ချကာ လက်သီးရွယ်သည်။ ဘုန်းနေရောင်လည်း လက်သီးချိန်လျှင် သီဟဖြိုးတို့ အုပ်စု ဝိုင်းဆွဲကာ နှစ်ယောက်စလုံးကို ဆန့်ကျင်ဘက်ဆီ ဆွဲထုတ်သွားလေသည်။

"တောက် ကွာ"

"စိတ်လျှော့ကွာ ဘုန်း"

ဖြိုးသီဟ ဖျောင်းဖျဆွဲခေါ်ရာနောက် ပါခဲ့ရပေမယ့် ရင်ထဲမှာ မကြေအေးနိုင်။ ညှော်ပရိသတ်တွေလည်း မထင်မှတ်ဘဲ ကြုံလိုက်ရတဲ့ ပြဿနာကို ထင်ကြေးအမျိုးမျိုးနဲ့ ပြောဆိုရင်း ထွက်သွားကြလေသည်။





ရှက်စိတ်နဲ့ ဒေါသကြောင့် သွေးတိုးသွားတဲ့မာမို့အခြေအနေက စိုးရိမ်ရတဲ့အထိ ဖြစ်လို့ ညတွင်းချင်း ရွှေဂုံတိုင်ဆေးရုံ တင်လိုက်ရသည်။ ဆေးရုံမှာ တစ်ညနဲ့တစ်နေ့ထားကာ စိတ်ချရလို့ ဆေးရုံက ခေါ်ဆင်းခဲ့ပေမယ့် မာမို့ခမျာ ရှက်စိတ်နဲ့ ငိုပဲငိုလျက်။

"တောင်းပန်ပါတယ် ဦးကိုကိုရယ်၊ မြစက်လေး အရှက်တကွဲဖြစ်သွားတဲ့အတွက် မြတ် တောင်းပန်ပါတယ်၊ မြတ် ပြန်ပေးဆပ်ပါ့မယ်၊ သားကို ခွင့်လွှတ်ပါနော်၊ ကျန်တဲ့ကိစ္စ မြတ်တာဝန်ယူတယ်၊ သမီးလေး ဂုဏ်သိက္ခာကို မြတ် ပြန်ဆယ်ပေးပါ့မယ်၊ စိတ်ချပါ၊ မြတ်တောင်းပန်တာကို လက်ခံပေးပါနော်၊ မြတ် မြတ် အနူးအညွတ် တောင်းပန်ပါတယ်၊ ဟင့် ဟင့် ဟင့်"

ဦးမြကိုကိုနဲ့ ဒေါ်ကြူခြာကျော် ဒေါသမောင်းတင်လာခဲ့တာ မာမို့ကို စကားလုံးတွေနဲ့ ဖွဲ့ဖို့ နှက်ဖို့ပါ။ မာမီ ဦးစွာတောင်းပန်ရင်း ငိုချတဲ့အခါ ဦးမြကိုကိုတို့ ဒေါသတစ်ဆစ်ကျိုးကျသွားသည်။

"မောင်လေးကိုယ်စား လဝန်းလည်း တောင်းပန်ပါတယ်၊ အန်ကယ် နားလည်ပေးပါနော်၊ မာမီပြောသလိုပဲ၊ အန်တီတို့ စိတ်ကျေနပ်အောင် မာမီ လုပ်ပေးပါ့မယ်၊ နော် အန်တီ နော် နော်"

မမလဝန်းရောင်လည်း တနော်နော်နဲ့ တောင်းပန်ရှာသည်။ နောက်ဆုံး ဦးမြကိုကို ခေါင်းတစ်ချက်ဆတ်လျက် –

"ကောင်းပြီလေ၊ မမြတ် သမီးလေးဂုဏ်သိက္ခာအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပေးဆပ်မလဲဆိုတာ ကျွန်တော် စောင့်ကြည့်မယ်၊ ဒီထက် ဆိုးလာရင် ကျွန်မတို့ ခွင့်မလွှတ်ဘူးနော် မြတ်မြတ်''

ဒေါ်ကလျာကျော်လည်း တင်းမာစွာ ဝင်ပြောသည်။ မာမီ ခေါင်းတဆတ်ဆတ်ညိတ်၏။

''စိတ်ချပါ မမကျော်ရယ်၊ စိတ်ချပါ၊ မမကျော်တို့ ဘယ်လိုဖြစ်စေချင်လဲ စဉ်းစားထားပါ၊ စဉ်းစားပြီးရင် မြတ်ကို ပြောပါ၊ မမကျော်တို့ စီစဉ်တဲ့အတိုင်း မြတ်လုပ်ဆောင်ပေးပါ့မယ်၊ စိတ်ချပါဦးကိုကိုရယ်၊ မြတ်ကို ယုံပါနော်၊ ဟင့် ဟင့်''

မာမီ လှိုက်လှိုက်လှဲလှဲနဲ့ ခြေထောက်မကိုင်ရုံတမယ် ခခယယ တောင်းပန်တော့ ဦးမြကိုကိုနဲ့ ဒေါ်ကလျာကျော် ကျေအေးကာ လှည့်ပြန်သွားလေသည်။

အဖြစ်အပျက်က ထင်မှတ်မထားစွာ ဆိုးနေခဲ့သည်က မာမီအတွက် ထိခိုက်မဆုံးနိုင်ပေ။

''သားငယ်၊ မာမီစိတ်ချမ်းသာအောင် လိုက်လျောပေးပါကွယ်၊ သားကို မာမီ တောင်းပန်တယ် သားငယ်ရဲ့၊ ဟင့် ဟင့်''

သူ့ပခုံးထက် မျက်နှာလေးမှောက်ကာ မျက်ရည်သောသောကျကာ တောင်းဆိုနေဆဲ ဘုန်းနေရောင် မျက်နှာလွှဲထားလိုက်၏။

''မျိုးဆက်မွေဆိုတာ ထိုက်တန်မှ ပေးဆက်ရတာ၊ မထိုက်တန်တာကို ပေးဆက်ရင် အဲဒီရွှေပန်းကို အိမ်သာထဲပစ်ချတာနဲ့ အတူတူပဲ





မောင်လေး''

''တော်ပါတော့ မမရယ်''

ဘုန်းနေရောင် မကြားလိုတော့ပါ။ အားမပါစွာပြောရင်း ထွက်ခဲ့သည်။

''ဟဲ့နေဦး''

မမတားနေတာလည်း မမှုတော့။ ဇိုစိုးက သူ့ကို မမလိုက်ဆွဲလို့မရအောင် ဆွဲတားထားလေသည်၊ သူမြင်ယောင်နေသည်က မျက်ရည်လည်ရွဲနဲ့ ပြေးထွက်သွားရှာတဲ့ ကသစ်ရယ်။

ဟုတ်တယ်၊ သူ့မျက်ဝန်းနဲ့ရင်ထဲ စွဲနေတာက ကသစ်၊ ပြီးတော့ သူ့ရင်မှာ ကိန်းဝပ်နေသည်က ဒါပဲဖြစ်သည်။ အချစ်စိတ်ဟာ ဂုဏ်တွေ အဆင့်အတန်းတွေနဲ့ ဖြစ်တည်လာတာမှ မဟုတ်ဘူး၊ ရင်ခုန်ခံစားမှုက သန္ဓေတည်လာတဲ့ နှလုံးသားသံစဉ်လေ။ ဟုတ်တယ် မဟုတ်လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

တွေးမိတိုင်း အရှက်မပြယ်။ သူမလို ဂုဏ်နဲ့အဆင့်အတန်း မြင့်တဲ့ မိန်းကလေးကိုမှ အရှက်ခွဲလေခြင်းဆိုတဲ့ စိတ်က ခံပြင်းစိတ်ကို တရှန်းရှန်းကြွစေသည်။

ပြီးတော့ မာန။ အဟင့်၊ မြစက်လို မာန်ကြီးတဲ့သူကိုမှ ထိပါးရတယ်လို့၊ မြစက်ရေ ဘာလဲဆိုတာ ပြရမှာပေါ့။ အိန္ဒိယမြတ်တောင်းပန်လို့ ဒယ်ဒီနဲ့မာမီ လှည့်ပြန်ခဲ့တာက ကျေနပ်လို့တော့မဟုတ်ပါ။

မြစက်က ပိုလို့တောင်မကျေနပ်နိုင်သေး။ အဖြစ်ရဲ့နောက်မှာ ရိုက်ခတ်ခဲ့တဲ့ဂယက်ဟာ ဆူနာမီလိုပဲ။ မြစက်ရဲ့မာနနဲ့ဂုဏ်ရှိန်တွေ-ရုပ်ပျက်ဆင်းပျက်။ တွေးမိတိုင်း အသည်းနာလှသည်။

"ဟွန်း မာနကြီးတဲ့မမ၊ ဒီတစ်ခါတော့ ဘာတတ်နိုင်သေးလဲ"

ခင်ဝင်းချိုက အမြဲတမ်း မြစက်ကို ထိုးနှက်နေကျ။ ခုတော့ သူငယ်ချင်းအုပ်စုနဲ့ မကြားတကြားပြောကာ –





"အဲဒါ ဝဋ်လည်တယ်ခေါ်တာပေါ့၊ ချစ်ပါတယ် ကြိုက်ပါတယ်လို့ ချဉ်းကပ်လာတဲ့ ယောက်ျားတိုင်းကို ခါပစ်နေတဲ့ မမလေ။ ခုတော့ ဟိုက ခါချသွားတော့ အရှက်က ပြန်းပြန်းချည်းကွဲပေါ့"

"ဟုတ်ပ့ါဟယ်၊ ခုတော့ ဘာတတ်နိုင်သေးလဲ"

နိုးနိုးနဲ့မေထူးထူးကလည်း အားကျမခံ ဝင်ပြောသည်။ ပြောတဲ့ စကားတိုင်းက မြစက်ကို ဖဲ့ရွဲ့တာချည်း။

"အဟင့် ဘာတတ်နိုင်သေးလဲ" တဲ့။

နိုးနိုးမေးလိုက်တာက ပို၍ခံပြင်းသည်။ မြစက် ဘာတတ်နိုင်သေးလဲဆိုတာ ပြရမှာပေါ့၊ ဟွန်း။'

စာကြည့်တိုက်ဖွင့်ချိန်ကို စောင့်နေရင်း ထိုအုပ်စုပြောသမျှ ကြားရကတည်းက မြစက် ဘာလုပ်ရမလဲဆိုတာ ဦးနှောက်က တွေးပြီးပြီ။

ထိုသို့ တွေးထားတဲ့အတိုင်းလည်း ထိုအုပ်စုရှေ့ ကိုယ်ထင်ပြပြီး ပေါ်တင်ပြောချခဲ့သည်။

"အဟင့် ဒီမှာ မြစက်ရေကို ဘယ်သူမှ ခါချလို့ မရဘူး၊ စောင့်ကြည့်လိုက်လေ၊ မြစက့်စက်ဝိုင်းထဲ ဘုန်းနေရောင် ရောက်လာစေရမယ်၊ ဟွန်း"

"အေးလေ၊ ရှင့်စက်ဝိုင်းထဲ ရှင် ဘယ်လိုဆွဲသွင်းမလဲ၊ ကြည့်ချင်သေးတယ်၊ နော် သူငယ်ချင်းတို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ"

"ကြည့်ရသေးတာပေါ့ဟယ်၊ မဟုတ်ဘူးလား"

"ဟင့် ဟင့် ဟင့်"

မေထူးထူးပြောလျှင် ခင်ဝင်းချိုနဲ့နိုးနိုးတို့ ပြန်ပြောကြသည်။ ပြောရင်း ငေါ့တော့တော့ရယ်သည်က မြစက်မာနကို အပ်ကလေးနဲ့ တမြိမြိ ထိုးဆွနေသည့်နှယ် နာကျင်ပြင်းရှလေသည်။

"တောက် ကြည့်ကြလေ ကြည့်ကြ"

မြစက်ရေ ဒေါသနဲ့ အသံကုန်ဟစ်လိုက်တာ ရက်စိတ်ပေါက်ကွဲလျက်။ ထိုနေ့က စာကြည့်တိုက်ဖွင့်တာကိုပင် မစောင့်ဖြစ်တော့ပါ။

ချာခနဲနေအောင် လှည့်ပြန်ခဲ့ရတာ အသားတဆတ်ဆတ်တုန်၏။

ဒီလိုတွေ ဖြစ်ရတာ ဘာကြောင့်လဲ၊ ဘုန်းနေရောင်ကြောင့်လေ။

အဟွန်း ဘုန်းနေရောင်ရယ်၊ မြစက်ဟာ ဘယ်ယောက်ျားကိုမှ ခါချဖို့ ဝန်မလေးတဲ့မိန်းမပါ။ တစ်ခုတော့ရှိတယ်ပေါ့။ မြစက်ရေကို တန်ပြန်ခါချလို့ ဘယ်တော့မှ ရမှာမဟုတ်ဘူး။

မြစက်ရေဆိုတာ ဆူးတွေ ထိုးထိုးထောင်ထောင်ထနေတဲ့ နှင်းဆီပန်း။

မာနကြီးသလို အရှိန်အဝါမြင့်သည်။ ခါချဖို့ ဝန်မလေးသလို ဆွဲယူဆုပ်ကိုင်ထားဖို့လည်း ဝန်မလေးဘူး။ မြစက်မာနမီးခဲလေးက





တရဲရဲတောက်နေတယ်ဆိုတာ ရှင် မကြာခင် သိရလိမ့်မယ်။

မကြာပါဘူး ဘုန်းရဲ့။ ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ကသစ်"

ဘုန်းနေရောင်ခေါ်နေတာ ဆယ်ခွန်းမကတော့ပါ။ ခြံမှာရပ်ရင်း လူခေါ်ဘဲလ်ကိုလည်း အဆက်မပြတ် နှိပ်ထားသည်။

"တီးတောင်"

ဘဲလ်သံရှည်ကြီးနောက်မှာ 'ကသစ်' လို့ ခေါ်နေတာ မရပ်နားနိုင်။ ဘုန်းနေရောင် ဘယ်လိုခေါ်ခေါ် နွယ်ကသစ်ရဲ့ အရိပ်ကလေးပင် ပေါ်မလာ။

ထူးသံလေးများလည်း မကြားရပေ။ ထိုအခါ ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်း ခံစားရကာ ကသစ်ကို သနားတဲ့စိတ်က ဘုန်းနေရောင် သူ့ကိုယ်သူ အပြစ်တင်ချင်လာသည်။





မာမီ့ကို ဆေးရုံပေါ်တင်ပေးပြီး ထိုညတွင်းချင်း ကသစ်ဆီ ရောက်ခဲ့သည်။ ထိုညကတည်းက တိုက်ပုလေးမှာ ကသစ်ကို မမြင်ရတော့ ရင်မှာ ပိုပူသည်။

ပရိဘောဂစက်ရုံကို တန်းသွားသည်။ စက်ရုံမှာ ကောင်းချိုကို လည်း မမြင်ရပေ။

"ကိုကောင်း ဒင်နာသွားတာ ပြန်မရောက်သေးဘူး"

မန်နေဂျာကိုမောင်မောင်ပြောလျှင် ဘုန်းနေရောင် မျက်နှာပျက်ကျသွားသည်။ ကသစ်ရဲ့ဒေါ်ဒေါ်ဆီ လိုက်သွားမယ်လုပ်တော့ ဖြိုးသီဟ တား၏။

"ခုချိန် လိုက်မသွားနဲ့ဦးကွ"

"ဟာ လိုက်မသွားလို့ရမလား၊ ကသစ် ဘယ်လောက်သနားဖို့ ကောင်းလဲကွာ၊ ကိုယ့်ချစ်စိတ်ကြောင့် အရှက်ကွဲရတာကွ"

"ဟုတ်ပါတယ်ကွာ၊ ခုချိန်က အားလုံး သွေးပူနေသေးတယ်၊ ပြီးတော့ ကောင်းချိုကလည်း ကသစ်ဘက်ကနေပြီး မင်းကို ရန်စောင်နေတယ် မဟုတ်လား၊ ဒီအချိန်မှာ တစ်ဖွတ်ထိုးလိုက်တွေ့ရင် ပြဿနာ ပိုကြီးသွားမယ်၊ ဒါကြောင့်ပြောရတာကွ"

"ကဲပါ လာပါကွာ"

သီဟဖြိုးနဲ့အတူ အခြားသူငယ်ချင်းများလည်း ဝိုင်းတားလျက် "သွေးအေးသွားမှ လိုက်တွေ့၊ ကိုယ်တို့လိုက်ပို့ပေးမယ်၊ ခုလော



www.burmeseclassic.com

www.burmeseclassic.com



လောခဆယ် အနိတ္တိက ဆေးရုံခပါမှာ၊ အနိတ္တိနားမှာ မင်းရှိနေဖို့ လိုတယ်"

"ဟုတ်တယ် ဘုန်း၊ လာကွ"

သူငယ်ချင်းအားလုံးရဲ့ဆန္ဒကို ဘုန်းနေရောင် မလွန်ဆန်နိုင်ခဲ့ပါ။ ညတွင်းချင်း ကသစ်နဲ့တွေ့ခွင့်မရတဲ့အဖြစ်က ရင်မှာ တနုံ့နုံ့နဲ့ ထိခိုက်လျက်။

နားလည်ပေးပါ ကသစ်ရယ်လို့ မတောင်းပန်ချင်။

✿ ✿ ✿



## အခန်း (၃၁)

"ဟင်"

ပရိဘောဂစက်ရုံက မန်နေဂျာ ကိုမောင်မောင် ရောက်လာပြီး နုတ်ထွက်စာနှစ်စောင် လာပေးသွားသည်။ ထိုစာနှစ်စောင်ကို ကြည့်ရင်း မာမီနဲ့မမ မျက်နှာပျက်ကာ ကိုစိုးက လက်မခံချင်တဲ့စိတ်နဲ့ မမကို ကြည့်သည်။

မမမျက်နှာ ပျက်နေရာမှ တင်းမာသွား၏။

"ထွက်ပါစေလေ၊ ဘာဝမ်းနည်းစရာရှိလဲ"

"မဟုတ်သေးဘူး လေ၊ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ လုပ်ငန်းကိစ္စ ရောရောထွေးထွေး ဆုံးဖြတ်လို့ မရဘူးလေ"

ကိုစိုးဝင်ပြောတော့ မမက ကိုစိုးကို ဒေါသနဲ့ စိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်လည်း ခါးမှာထောက်ကာ –

"ဘာလဲ၊ လက ဒီမိန်းမနဲ့ အဲဒီကောင်ကို သွားတောင်းပန်ရမှာလား"

"ကျွန်ုပ် ကိုစိုးပြောတာ အဲဒီသဘော မဟုတ်ဘူး"

"အိုး ဘာသဘောနဲ့ဖြစ်ဖြစ် ကေန်းသွားရင် ငွေလာမယ်၊ ငွေမရှိရင် ကေုန်း ကွေလည်း ပေါ်လာနိုင်သေးတာပဲ၊ ဒင်းတို့ နှစ်ယောက်တည်း ယုံကြည်စိတ်ချရတဲ့ အလုပ်သမားမဟုတ်ဘူး၊ လူယုံရှာလက်သပ်မွေးလိုက်ရင် ဒင်းတို့ထက်သာအောင် ခိုင်းစေလို့ရတယ်ရှင့်"

တစ်ဖွတ်ထိုးဆန်တဲ့ မမစကားမဆုံးခင် ကိုစိုး ခေါင်းခါလေသည်။ မာမီက နုတ်ထွက်စာနှစ်စောင်ကို ကြည့်ရင်း စိတ်မာတ်ကျနေရာမှ မမကို လှမ်းကြည့်လျက် –

"သမီး" လို့ လေးလေးပင်ပင် ခေါ်သည်။ မာမီ့ခေါ်သံကြောင့် မမ အားတက်သွားသည်။ မာမီ့နား တိုးကပ်သွားရင်း ပြောသည်။

"နော် မာမီ၊ တခြားလူယုံရှာကြတာပေါ့"

"သမီးရယ် ကောက်ရိုးပုံထဲ အပ်ပျောက်လို့ ရှာရင် လွယ်ချင်လွယ်မယ်၊ လူယုံကို အပ်ပျောက်ရှာသလို ရှာလို့လွယ်တာ မဟုတ်ဘူး"

"ဟွန်း မာမီက အခိုင်းအစေမရှေ့ သွားပြီး မျက်နှာအောက်ကျို့ခံမယ်ပေါ့လေ"

"လ"





မမ ပြောချတာကို ကိုစိုးက အသံကျယ်နဲ့တားသည်။ မာမီက နုတ်ထွက်စာနှစ်စောင်ကို တစ်ချက်ကြည့်သည်။ ဘာပြန်ပြောရမလဲ စကားလုံးရွေး၏။

"ကိုစိုး ဘာမှဝင်မပြောနဲ့"

မမ သည်းမခံ။ ကိုစိုးကို ပြန်ပက်လျှင် ကိုစိုးမျက်နှာပျက်ကျသွားသည်။ မမ ဒေါသက ပြင်းထန်ဆဲဖြစ်တာမို့ –

"ဒီလုပ်ငန်းက 'လ' တို့မိသားစုပိုင်တာ 'လ'တို့စိတ်ကြိုက်စီစဉ်မယ်၊ ကိုစိုးနဲ့ ဘာမှမဆိုင်ဘူး။ ကသစ်နဲ့ကောင်းချိုဘက် ရပ်တည်ပြီး ဘာအကြံဉာဏ်မှ မပေးနဲ့၊ လ မကြိုက်ဘူး၊ လ မောင်ကို နှိုက်ယူမယ့်မိန်းမကို လ မျက်နှာချင်းမဆိုင်နိုင်ဘူး"

မမစကားနောက်မှာ ကိုစိုး မျက်နှာပိုပျက်ကာ ကိုစိုးကလည်း မာမီပိုင်တဲ့စက်ရုံကို အုပ်ချုပ်နေတဲ့သူ။ တစ်နည်းပြောရရင် ကသစ်နဲ့ကောင်းချိုလိုပဲ သစ္စာရှိရှိ လုပ်ဆောင်ပေးနေတဲ့ ဝန်ထမ်း။

သမက်မို့ ပိုယုံကြည်တာ မှန်ပါသည်။ ကသစ်နဲ့ကောင်းချိုလို လူယုံကို အစေခံလို့ သဘောထားနေမှတော့ ကိုစိုးကလည်း ထိုသဘော သက်ရောက်သလို ရှိ၏။

ထိုစကားအတွက် ကိုစိုးခမျာ မျက်နှာပျက်ကျရုံတင်မက ဝမ်းနည်းခြင်း၊ ခံပြင်းခြင်းလည်း ဖြစ်ကာ လုပ်ငန်းနဲ့သက်ဆိုင်တဲ့ အတွေးအမြင်မရှိတဲ့ ဇနီးကို ဖျောင်းဖျနေလျက်နဲ့ ဇနီးသည်က ထိုသို့ပြောလာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှက်တာလည်းပါသည်။

"တောက်"

ကိုစိုး နာကျင်စွာ တောက်ခတ်ရင်း ထွက်သွား၏။ မမက မျက်နှာလေးမော့ကာ ထွက်သွားပေါ့လို့ မျက်စနဲ့ပြော၏။

"သမီး"

မာမီ စိတ်ပင်ပန်းစွာ ခေါင်းယမ်းပြီး ထသည်။ မမက မာန်မချနိုင်တဲ့ မျက်နှာလေးနဲ့ပင် –

"ဒီမှာ မာမီ၊ ဒင်းတို့နှစ်ယောက်ကို မာမီ မနှမြောနဲ့၊ အဲဒီလုပ်ငန်းထဲ သမီးဝင်မယ်၊ သမီးသိတာက မောင်လေးကို ကသစ်လက်ထဲ အရောက်မခံနိုင်ဘူး၊ ဒါပဲ မာမီ"

ကျွတ်။ သူ ဘာမှ ဆက်မကြားလိုတော့ပါ။ ဦးတည်ခဲ့သည်က နှလုံးသားလေးရှိရာဆီ။

ဒါပေမဲ့ ရင်မှာ မောလျှသွားသည်က 'ခြိန့်တိုက်ရောင်းမည်' တဲ့။ တိုက်ပုလေးရဲ့ ခြံဝင်းရှေ့မှာ ချိတ်ဆွဲထားတဲ့ ဆိုင်းဘုတ်ကြီးက သူ့အချစ်စိတ်ကို တွန်းကန်ပစ်သည့်နှယ်။

ကသစ်ရယ်၊ အချစ်ဆိုတာ တွန်းအားနဲ့ ဖွဲ့စည်းထားတာ မဟုတ်ဘူး၊ ဆွဲငင်အားနဲ့ ညှို့တွယ်ထားတဲ့ ခံစားမှုတစ်မျိုးပါ။ တွန်းကန်တိုင်းလွင့်ထွက်ရမတဲ့လား။ ပြောစမ်းပါကွာ။

✿ ✿ ✿



## အခန်း (၃၂)

"မော်လီရယ်၊ ယူ့ကို မျှော်နေရတာ ရင်မောတယ်"

"မမောနဲ့တော့ သူငယ်ချင်း၊ အိုင် ရောက်လာပြီပဲ"

"ယူ့လူကော"

"ပါတယ်လေ၊ ဟိုတယ်မှာ ထားခဲ့တယ်"

"အချိန်ရလား၊ အိုင့်မှာ တိုင်ပင်စရာလေးရှိလို့"

"ရပါတယ်၊ ဘုန်းနေကိစ္စ မဟုတ်လား"

မြစက်ရေ မျက်နှာလေးမာသွားကာ ခေါင်းညိတ်၏။ မော်လီသော် ရယ်မောရင်း –

"သိနေတယ်လေ"

"သိနေတယ်ဆိုလည်း အေးအေးဆေးဆေး တိုင်ပင်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



လာ အခန်းထဲသွားမယ်''

နှစ်ယောက်သား ညှော်ခန်းထဲဝင်မထိုင်။ မြစက်အခန်းရှိရာ အပေါ်ထပ်တက်ခဲ့ကြသည်။

''ယူခဲ့လိုက်ရတဲ့သတင်း အားလုံးကြားတယ်''

''ဘယ်လို''

မြစက်ရေ တအံ့တသြ ငဲ့ကြည့်သည်။ မြစက် မပြောရသေးဘဲနဲ့ ဘယ်လိုလုပ်သိသွားတာလဲ။ မော်လီသော် ပခုံးလေးပင့်ကာပြုံး၏။

''လေယာဉ်ပေါ်ကဆင်းကတည်းကပေါ့၊ အိုင်တို့ပစ္စည်းတွေ ရွေးပြီးအထွက်မှာလေ ညှော်သည်လာကြိုတဲ့ မေထူးထူးနဲ့ ဆုံတယ်၊ မေထူးထူးပြောလိုက်တာ ပက်ပက်စက်စက် ဟယ်''

''အောင်မာ ဒီမိန်းမက''

''ဟုတ်တယ်၊ သူတို့အုပ်စုက ကျောင်းတုန်းကအတိုင်းပဲ၊ ခြေလှုပ်ရင် လှုပ်ပြန်ပြီ၊ ခေါင်းလှုပ်ရင် လှုပ်ပြန်ပြီလို့ အမြဲတမ်း အပြစ်ပြောနေတတ်တဲ့ဖုကာ ခုချိန်ထိ မပျောက်တဲ့အပြင် ပိုတောင်ကဲလာသလားလို့''

''ဟုတ်တယ်၊ ကဲ ကဲလွန်းတယ်၊ ယူ အပြင်မှာနေလို့ မသိတာ၊ အိုင့်ကိုဆို ဘယ်လိုအမဲဖျက်ရမလဲဆိုတာ အမြဲစဉ်းစားနေတာလေ၊ အလကားဟာမတွေ၊ သူတို့ထက်သာနေတဲ့ မြစက်ကို အမြဲတမ်း မနာလိုဖြစ်ကြတာလေ၊ မာစတာတက်တုန်းကလည်း ဒီလိုပဲ၊ M.Res ကျမ်းပြု





တုန်းကလည်း ဒီအတိုင်းပဲ၊ မြစက်ကို ကြောချင်ကြတာ ရမတဲ့လား၊ မြစက်ကို ဘယ်ဘက်မှ ကြောသွားလို့မရဘူး၊ ဟွန်း''

မြစက်ရေ ပညာမာနတလွှားလွှားနဲ့ ကျောင်းတုန်းကကိစ္စကို ပြန်ပြောမိသည်။ မော်လီက ကျောင်းစာကိစ္စကို စိတ်မဝင်စားလှပေ။ ဒါကြောင့်မို့ ရိုးရိုးဘွဲ့ရပြီးသည်နှင့် မောင်နှမတွေရှိတဲ့ အင်္ဂလန်ကို ခြေဦးလှည့်၏။

ပညာလောဘကြီးတဲ့ မြစက်နဲ့ မေထူးထူးတို့ တစ်စုသာ သူ့ထက်ငါ အပြိုင်ကြိုးစားကြခြင်း။ မြစက် ကျောင်းကိစ္စကို အစဖော်ပြောလာတော့ မော်လီ ရင်မောစွာ သက်မချသည်။

''မြစက်ရယ်၊ မြစက်ကို ဘယ်သူမှ ဘာကိစ္စမှ ကြောသွားလို့ မရတာ မော်လီသိပါတယ်၊ ခုကိစ္စကို ပိုပြီးအကြောခံရလို့ မရဘူး၊ ဘုန်းနေခါချချလို့ ကွဲခဲ့တဲ့အရှက်နဲ့သိက္ခာကို ပြန်ဆယ်ရမယ်၊ ပြန်ဆယ်နိုင်ဖို့က ဘုန်းနေကို အမိဖမ်းထားဖို့ လိုတယ်လေ''

''အဲဒါပေ့ါ မော်လီနဲ့တိုင်ပင်မလို့ဆိုတာ၊ ပြီးတော့ နွယ်ကာသစ်ကိုလည်း မြစက်မကျေနပ်ဘူး၊ နွယ်ကာသစ်ကြောင့် မြစက် အရှက်ကွဲရတာလေ၊ မြစက်ခံရသလို နွယ်ကာသစ်ကို ဆယ်ဆမက ခံရစေချင်တယ်''

''ဒါများ အလွယ်လေးဟယ်''

နှစ်ယောက်သား လှေကားထစ်တွေကို ဖြတ်ကျော်ရင်း အခန်းရှေ့သို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လွယ်တယ်၊ ဘယ်လိုလွယ်တာလဲ"

အခန်းဝမှာ မြစက်ခြေလှမ်းလေး ရပ်တန့်သွားသည်။ စိတ်လှုပ်ရှားလျက် မော်လီ့လက်မောင်းကို လှုပ်ခါမေး၏။

မော်လီ ပေါ့ပါးစွာ ဟက်ခနဲ ရယ်လေပြီး –

"ဟင့် ဟင့် ဟင့်၊ လွယ်တာမှ ပုရွက်ဆိတ်ကလေး ဖမ်းရသလို လွယ်တာလေ၊ စိတ်ချ အဲဒီအစီအစဉ်ကို မော်လီ ဆွဲပေးမယ်၊ ပထမဦးဆုံး နွယ်ကသစ်ကို ဘုန်းနေရွှေသွားအောင် လုပ်ရမယ်၊ အဲလိုလုပ်ဖို့က လွယ်တယ် မြစက်ရဲ့၊ ဒီလိုလေ"

မော်လီသော်ပြောပြလျှင် မြစက်မျက်နှာလေး ဝင်းပသွားကာ မာနထောင်သော မျက်နှာလေးကို အတ္တကြီးစွာ မော့လေပြီး၊ အကြံစည်ကြီးစွာ မဲ့မဲ့ရွှဲ့ရွှဲ့ ပြုံးလိုက်သည်။

"တွေ့ကြသေးတာပေါ့ နွယ်ကသစ်ရယ်"

✿ ✿ ✿



## အခန်း (၃၃)

"လာပါ သူဌေးလေး"

ခြံဝမှာကားရပ်လိုက်သည်နှင့် ဒေါ်ဒေါ် ခြံတံခါး လာဖွင့်ပေးသည်။ ဖိတ်ခေါ်လိုက်သံက လှိုက်လှိုက်လှဲလှဲ မရှိမှန်း ဘုန်းနေရောင် သိနေ၏။

ဖြိုးသီဟ ကားကို ခြံထဲမောင်းမသွင်းတော့ပါ။ လမ်းက ကျဉ်းသည်မို့ ခြံပြင်မှာပဲ ထိုးရပ်ထားခြင်း ဖြစ်သည်။ ဒေါ်ဒေါ်ခေါ်သံနောက်မှာ ဘုန်းနေရောင် ကားပေါ်ကဆင်းသည်။

ဖြိုးသီဟလည်း နောက်ကလိုက်ဆင်းကာ နှစ်ယောက်သား ရှေ့ဆင့်နောက်ဆင့် ခြံထဲ ခြေကျင်လျှောက်ဝင်သည်။ ခြံဝင်းတစ်ခုလုံး အခင်းလိုက် အတန်းလိုက် စိုက်ပျိုးထားတဲ့ သီးပင်စားပင်တွေဟာ



www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိုကာ မြင်မြင်သမျှ အေးချမ်းနေလေသည်။

လေပြည်တို့ကလည်း နုဏ်။ မိုးငွေ့ရန့်လေး သင်းနေတဲ့ ခြံထဲမှာ လမ်းလျှောက်ရတာ နှစ်သက်ဖွယ်ကောင်းနေလျက်။ သို့သော် ဘုန်းနေရောင် နှလုံးသား မငြိမ်းနိုင်။

"ထိုင်လေ သူဌေးသား"

ပျဉ်ထောင်အိမ်လေးရှေ့က ကွပ်ပျစ်မှာ ထိုင်ပါလို့ ဒေါ်ဒေါ်ပြောဏ်။ ထို့နောက် အိမ်လုံးလေးထဲ ဝင်သွားသည်။ မကြာပါ။ နွယ်ကသစ် အိမ်ထဲက ထွက်လာပြီး –

"ရှင် ရောက်လာတာနဲ့ အတော်ပဲ ကိုဘုန်းနေရောင်"

တည်ငြိမ်အောင်ထိန်းထားတဲ့အသံနဲ့ ကသစ် လှမ်းပြောဏ်။ သူ့ကို သူစိမ်းလိုပြောနေတဲ့ ကသစ်ကို သူ လှမ်းကြည့်သည်။ ကွပ်ပျစ်ပေါ်မှာ မထိုင်ဖြစ်သေးတဲ့သူက ကသစ် ရှေ့တိုးသွားပြီး –

"ကသစ်" ဟု စိတ်လှုပ်ရှားစွာ ခေါ်သည်။ ကသစ် မျက်နှာလွှဲကာ လက်ထဲ တစ်ပါတည်းကိုင်လာတဲ့ စာရွက်လိပ်ကို လှမ်းပေးသည်။

"ဒါ ဒါဘာလဲ"

ဘုန်းနေရောင် မယူဖြစ်၊ မတည်ငြိမ်စွာ မေးလျှင် –

"စာချုပ်"

"ဘာ ဘာစာချုပ်လဲ"

"ဖေဖေပိုင်တဲ့ခြံနဲ့ ရှင့်ဒယ်ဒီ ဆောက်ပေးထားတဲ့ တိုက်ပုလေး





ရောင်းဖို့ ဆိုင်းဘုတ်ကပ်ထားတယ်၊ ရှင်ရောင်းချင်တဲ့ဈေးနဲ့ ရောင်းပြီး ရှင့်ဒယ်ဒီဆောက်ပေးထားတဲ့ တိုက်ပုရဲ့တန်ရာတန်ကြေးကို ရှင်ယူလိုက်ပါ၊ ခြံအတွက် ပိုတဲ့ငွေပဲ ကျွန်မကို ပြန်ပေး"

"ကသစ်"

သူ လန့်လန့်ဖျပ်ဖျပ် ခေါ်မိလျက်။ ကသစ်မျက်နှာလေးကို အသက်ရှူမေ့လုမတတ် ကြည့်ဏ်။

မြစက်လို မာနဖိတ်ဖိတ်တောက်ပနေတဲ့ မျက်နှာလေးက အေးချမ်းလှသည်။ သို့သော် နိုင်မာပြတ်သားနေတဲ့ဆုံးဖြတ်ချက်အတိုင်း တည်ငြိမ်နေတဲ့ အမူအရာလေးက သူ့မျက်လုံးကို ဖမ်းစားထားသည့်နှယ်။

"ရော့ ယူသွားပါ၊ နောက်လည်း ကသစ်ဆီ ဘယ်တော့မှ မလာပါနဲ့"

သူ့လက်ထဲ စာချုပ်ထိုးထည့်ပေးဏ်။ ယတိပြတ်ပြတ်ပြောချပြီး လှည့်ထွက်သွားလျှင် –

"ကသစ်"

ကမန်းကတန်း ကသစ်လက်ကို ဖမ်းဆွဲထားလိုက်သည်။

"အိုး ဖယ် လွှတ်"

ကသစ် ခံပြင်းစွာ ခါပစ်သည်။ လက်နဲ့လည်း ဆုပ်ကိုင်ထားတဲ့ သူ့လက်ချောင်းတွေကို ခွာပစ်ဖို့ ကြိုးစားဏ်။ ဘုန်းနေရောင် မလွှတ်ပါ။ တင်းနေအောင် ဆုပ်ကိုင်သလို ကသစ်၏ ကျန်လက်တစ်ဖက် ကိုပါ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူဆုပ်ကိုင်လိုက်၏။

"ရှင် ရှင် နော်"

ကသစ်မျက်နှာလေး ရင်ခုန်စိတ်နဲ့ ရဲမှည့်သွားသည်။ ဘုန်းနေရောင်လည်း ပြတ်သားသူပါလေ။ ဆုပ်ကိုင်ထားမိတဲ့ ကသစ်လက်ကို ဆွဲယူကာ သူ့ရင်ဘတ်မှာ ဖိကပ်၏။ ချစ်တဲ့မျက်ဝန်းနဲ့လည်း အေးချမ်းလှတဲ့ ကသစ်မျက်နှာ ဖူးဖူးလေးကို စူးစူးနစ်နစ် စိုက်ကြည့်ပြီး –

"ကသစ်ကို ကိုယ်ချစ်တာ တစ်ဘဝလုံးအတွက် ရည်ရွယ်ပြီး ချစ်ခဲ့တာ၊ ကိုယ့်အချစ်က ကိုယ့်အသိုင်းအဝိုင်းကြားမှာ ကသစ်ကို အရှက်တကွဲ ဖြစ်ရတဲ့အတွက် ကိုယ် တောင်းပန်တယ်"

"မတောင်းပန်နဲ့"

ကသစ် ပေါက်ကွဲသံနဲ့ သံပြတ်ပြော၏။ ထိုအခါ သူ့ရင်မှာ ထိနိုက်ကာ ဆွဲထားမိတဲ့လက်က တုန်ယင်စွာ လွတ်သွားလေသည်။ ရုတ်ခြည်း ပြင်းထန်သွားသောအခြေအနေမို့ ဒေါ်ဒေါ် စိုးရိမ်တကြီးနဲ့ အိမ်ရှေ့ပြေးထွက်လာသည်။

ဖြိုးသီဟလည်း ဘုန်းနေရောင်အပါး တိုးလာ၏။ အပြင်က ပြန်လာဟန်တူတဲ့ ကောင်းချို၊ ရှုန်းရင်းဆန်ခတ်အခြေအနေကိုမြင်တော့ ပြေးလာကာ –

"ရှင်ထွက်သွား" လို့ သစ်သစ် နှင်ထုတ်သံ ဟိန်းသွား၏။ သူ့မှာ အယူခံဝင်ပိုင်ခွင့် မရှိတော့ဘူးလား။ ထိုမေးခွန်းပါတဲ့ ခြေလှမ်းနဲ့ ဘုန်း





နေရောင် ရှေ့တစ်လှမ်းတိုးပြီး –

"ကသစ်"

"ရှင်သွားပါတော့ ဟင့် ဟင့် ဟင့်"

တင်းထားသမျှက စကားလုံးတွေနောက်မှာ အရည်ပျော်ကျကာ နွယ်ကသစ် အရှက်ကွဲခံရတဲ့အဖြစ်က ခုချိန်ထိ ခံစားရဆဲဖြစ်လျက်။ တဟင့်ဟင့် ရှိုက်ငိုလေသည်။

ကောင်းချို ရပ်ကြည့်မနေနိုင်တော့ပါ။ သစ်သစ်ကို နှစ်သိမ့်နိုင်စေဖို့ လက်တစ်ဖက်နဲ့ ပွေ့ဖက်ပြီး ဘုန်းနေရောင်နဲ့ မျက်နှာချင်းဆိုင်သည်။

"ဒီမှာ မင်း ပြန်ပါတော့ ဘုန်းနေရောင်"

ယောက်ျားချင်း မျက်နှာချင်းဆိုင်အတွေ့မှာ နာကျင်စွာ အံကြိတ်၏။ ကောင်းချိုက မမှုပေ။ သစ်သစ်ကို ဒေါ်ဒေါ့်လက်ထဲထည့်၏။ လွင့်ကျနေတဲ့ဖာချုပ်ကို ကောက်ယူပြီး ဘုန်းနေရောင်လက်ထဲ ထည့်ပေး၏။

"ဖြိုးသီဟ မင်းဘော်ဒါကို မင်းခေါ်သွားတော့" ဟုပြောရင်း ပခုံးစွန်းမှ တွန်းပစ်၏။

"တောက် မင်း"

ဘုန်းနေရောင် နောက်လန်ကျမတတ်ဖြစ်ကာ မနည်းကြီး ကိုယ်ရှိန်ထိန်းလိုက်ရသည်။ ဖြိုးသီဟ နောက်ကရှိနေလို့ တော်သေးတယ်။

"ဆောရီးဗျာ၊ လာ ဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးသီဟ အခြေအနေ မပဟန်မှန်း ရိပ်မိ၏။ လက်နှစ်ဖက် ခါးထောက်ပြီး မားမားရပ်နေတဲ့ ကောင်းချီစိတ်ကျေနပ်ပါစေတော့ သဘောနဲ့ ဘုန်းကို ဆွဲခေါ်လေသည်။

"နေစမ်းပါကွာ၊ ကိုယ် ရင်ထဲကခံစားချက်တွေ ကိုယ် ဘာမှ ပြောခွင့်မရသေးဘူး"

"နောက်မှပြော လာစမ်းကွာ"

ဖြိုးသီဟ ဆက်တိုက်ဆွဲထုတ်ခဲ့တာကြောင့် ဘုန်းနေရောင် ရက်ကန် ရက်ကန် ပါလာသည်။

"ကသစ်၊ မင်းကို ကိုယ်ချစ်တယ်၊ ကိုယ့်အချစ်က ဘာအဆင့် အတန်းမှ ဘာမှမပါဘူး၊ ရိုးရှင်းနေတဲ့ ကသစ်ဘဝကို မြတ်နိုးတာ၊ ဖြူစင်တဲ့ ကသစ်နှလုံးသားကို ချစ်တာကွ"

"ဟင့် ဟင့် ဟင့်"

ကသစ်မျက်နှာလေးကို လက်ဖဝါးနဲ့ အုပ်ကာ ငိုချလျက် ဒေါ်ဒေါ့်ရင်ခွင်ထဲက ပြေးထွက်ကာ ပျဉ်ထောင်အိမ်လေးနောက်ဘက်ဆီ ပြေးပုန်းနေမိတော့သည်။

ဟင့်အင်း၊ မချစ်ပါနဲ့လို့ ခေါင်းခါငြင်းဆန်တဲ့နောက် နှလုံးသား လေး အက်ကွဲမတတ် ငိုချမိလေသည်။ 'ချစ်တယ်' ဆိုတဲ့နောက်က အရှက်ခွဲခံရတဲ့အဖြစ် နောက်တစ်ခါ မကြုံပါရစေနဲ့ မောင်ရယ်။

✿ ✿ ✿



## အခန်း (၃၄)

"ကသစ်ကို ကိုယ်ချစ်နေပြီ"

အမှတ်မထင် ကြားလိုက်ရတဲ့ညက ကသစ်ရင်ခုန်ကာ မယုံချင်သလို ယုံချင်သလိုလိုနဲ့ နှလုံးသားလေး ပျာရိပျာယာ ဖြစ်လို့သွားသည်။

ဘုန်းလက်ဆောင်ပေးတဲ့ ပန်းစည်းကို ပြန်ယူကြည့်ရင်း ရင်ခုန်သံ မြန်လာသည်။ ဘုန်းပေးတဲ့ပန်းစည်းက အဓိပ္ပာယ်တွေနဲ့မို့ ကသစ်ရင်မှာ တွယ်ငြိလျက်။

အဝါရောင်ဖဲပြားနဲ့ စည်းနှောင်ထားတဲ့ ကျူးလစ်ပန်းအနီရဲရဲကို ကသစ် ငုံ့မွှေးမတတ် မြတ်နိုးတိုးဝင်ကာ မယုံနိုင်အောင်လည်း အံ့ဩလို့ကြဖြာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆင့်မြင်ယောင်လာပြန်သည်က ရွှန်းရွှန်းဝင့်ဝင့် စိုက်ကြည့်ခဲ့တဲ့ ဘုန်းရဲ့ရင်ခုန်မျက်ဝန်း။ ညိုနက်ကာ ကော့ကော့ချည်းလည်း မဟုတ်သော မျက်တောင်များ ခြံရံထားတဲ့ ဘုန်းမျက်ဝန်းဟာ ပြာနောက်တောက်ပလျက်။ ကြည့်လိုက်တိုင်း ခံစားမှုအဓိပ္ပာယ်တွေနဲ့။

အဆင်တန်ဆာမပါ ရိုးစင်းသော ထမင်းစားပွဲမှာ မျက်နှာချင်းဆိုင်လျက် ငါးပိရည် တို့စရာနဲ့ ထမင်းမြိန်မြိန်စားရင်း ကသစ်ကို စိုက်ကြည့်နေခဲ့သည်။ အကြည့်ချင်းလည်း ခဏခဏ ဆုံခဲ့သည်ကို သတိရ၏။

ဘုန်းရဲ့အပြုအမူလေးတွေ အပြောအဆိုလေးတွေက အမှတ်မထင် အချစ်ခေါင်းစဉ်အောက် ပြောင်းလဲခဲ့လျှင် ကသစ် စိတ်ကလည်း အချစ်ဆိုတာကို တမ်းတမိလေသည်။

ယောကျ်ားသားများသော ကားရဲ့လုပ်ငန်းထဲမှာ ကျင်လည်နေရပေမယ့် ဘယ်ယောကျ်ားပေါ်မှ ကသစ်စိတ် ထိုသို့ မခံစားခဲ့ဖူးပါ။ ဘုန်းနဲ့ စတွေ့စဉ်ကလည်း သူဟာ ဘော့စ်ဆိုတဲ့အသိနဲ့ လိုအပ်ချက်မရှိအောင် တတ်စွမ်းသမျှ ဖြည့်ဆည်းပေးခဲ့တာချည်း။

တကယ်ချစ်တယ်ဆိုလာတော့ ကသစ်လည်း မိန်းကလေးပဲ၊ ရင်ခုန်ကာ ချစ်စိတ်လေး ဖြစ်တည်ခဲ့တယ်လေ။ မောင်လို့လည်း နှုတ်သားမှာ ပန္နက်ရိုက်ကာ ချစ်အဖြေလေး ထုတ်မပေးရသေးပေမယ့် ချစ်ခဲ့တာက တကယ်ရယ်။

ဂုဏ်တူ အဆင့်အတန်းတူ မြစက်ရေနဲ့ နှစ်ဖက်မိဘ သဘော





မျှထားတာသိနေလျက် ချစ်စိတ်က တားလို့မရခဲ့ပါ။ ချစ်စိတ်ကြောင့်ပဲ မောင်နဲ့ရင်ဆိုင်ရမှာ မလုံခြုံ။ ဒါကြောင့်မို့ မောင်နဲ့ ရင်ဆိုင်ရမယ့် ဒင်နာပွဲလည်း မသွားဖို့ ဆုံးဖြတ်ထားခဲ့သည်။

ကိုကောင်း ဘာမှမသိဘဲ ဖွတ်တရွတ်ခေါ်လေသည်။ ငြင်းလို့မရတာနဲ့ ရင်ခုန်စိတ်နဲ့ သွားမိ၏။ ထိုအခါ မျှော်လင့်မထားတဲ့အဖြစ် ရင်ဆိုင်ရသည်က လှိုက်လဲကြည်နူးမှုနဲ့ အရှက်ကွဲခံရတဲ့အဖြစ်။

မောင်ကိုယ်တိုင် ရွှေပန်းလေးပန်ပေးစဉ်က ကသစ်လေ ဘယ်လိုပျော်သွား မသိသလို လှိုက်လှိုက်မူးမူး ရင်ခုန်ခဲ့၏။ ထိုခံစားမှုက ခဏလေးရယ်။

မမလဝန်းရဲ့ အရှက်ခွဲမှုနဲ့ ထိုးနှက်တဲ့စကားလုံးတွေက ကသစ်ဘဝနဲ့ အသည်းနှလုံးကို ချက်ချင်းပင် အဆိပ်တက်သွားစေသည်။

"ကျွေးတဲ့လက်ကို ကိုက်တဲ့ခွေးတိရစ္ဆာန်မ" တဲ့။ ကသစ်နာလွန်းလို့ မျက်ရည်ပေါက်ပေါက်ကျ၏။ ကသစ်နေရာမှာ မြစက်ရေဆိုဒီလို ရိုင်းရိုင်းစကားလုံးမျိုး သုံးမတဲ့လား မမရယ်။

မမအမြင်မှာ ကသစ်ဟာ အဲဒီလောက်တောင် အောက်ကျနေတာလား။ ညှော်ပရိသတ်အများကြားမှာ အောက်ကျနောက်ကျ ဖြစ်အောင် ပြုစားလိုက်တာ ဘယ်သူလဲ။

မောင်ပေါ့။ ဟုတ်တယ်နော်။ ကသစ်ဟာ မောင်တို့အရိပ်မှာ နိုမောင်တို့နိုင်းတာလုပ်နေရပေမယ့် ကသစ်ဘဝမှာ မာန ရှိပါသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကသစ်ရဲ့မာနက မြစက်လို ဆူးတွေ ထိုးထိုးထောင်ထောင် ထမနေပါ။

ဒါပေမဲ့ ကျေးဇူးရှင်ဖြစ်ခဲ့ဖူးတဲ့ မောင့်ဒယ်ဒီကိုတော့ အားနာလှပါသည်။ မမက နောင် ဘယ်တော့မှ မောင်တို့မိသားစုနဲ့ မျက်နှာချင်း မဆိုင်ပါနဲ့လို့ဆိုတဲ့အတိုင်းပေါ့။

မမ ကျေနပ်စေဖို့ ကသစ် ဖြည့်ဆည်းပေးဖို့ ဝန်မလေးတော့ပါ။ တိုက်ပုံနဲ့ခြံကို ရောင်းပစ်ဖို့ ဆုံးဖြတ်ကာ ချက်ချင်းရောင်းရန် ဆိုင်းဘုတ်တင်၏။ အလုပ်ထွက်စာလည်း တင်ကာ မောင်ကိုယ်တိုင် လိုက်လာသော်လည်း ကသစ် ရင်ခုန်တာတွေကို ခံစားဖို့ မဖြစ်တော့ပါ။

စာချုပ်ပါ မောင့်လက်ထဲ ထိုးထည့်ပေးရင်း နှင်ထုတ်ခဲ့မိသည်က ဘာကိုမှ မထောက်ထားစွာ။ နှလုံးသားမှ ဖြစ်တည်တဲ့အချစ်ဟာ ဂုဏ်ပကာသနနဲ့ အဆင့်အတန်းတွေ တန်းညှိနေဖို့မလို။

ချစ်ရင်ပြီးပြီပဲ။ ဒါပေမဲ့ ဘဝချင်းပေါင်းစပ်ရမယ့် အချစ်အတွက် ဂုဏ်တွေ၊ ပကာသနတွေနဲ့ ဘာဘာညာညာတွေ လိုအပ်ပြီးမှန်း လက်တွေ့မြင်ရပြီးလေ။

ဒါကြောင့် ကသစ်ရင်ထဲကအချစ်ကို ကသစ်နှလုံးသားထဲ ထိုးသိပ်ထည့်လျက် တံခါးလေးပိတ်ချလိုက်၏။ ဘယ်တော့မှ အချစ်တံခါးကို မဖွင့်တော့ပါဘူး။

ခံစားချက်တွေကို တင်းထားပေမယ့် အထပ်ထပ်ကြားယောင်နေသည်က –





"ကသစ်၊ မင်းကို ကိုယ်ချစ်တယ်၊ ကိုယ့်အချစ်က ဘာအဆင်တန်ဆာမှ မပါဘူး၊ ရိုးရှင်းနေတဲ့ ကသစ်ဘဝကို မြတ်နိုးတာ၊ ဖြူစင်တဲ့ကသစ်နှလုံးသားကို ချစ်တာကွ"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"လာပါ့မလား မော်လီရယ်"

မြစက်ရေ စိုးရိမ်တကြီးမေး၏။ လည်ပင်း အဆမတန် ဟိုက်ပြ ကျနေတဲ့အင်္ကျီကို ဝတ်ချပြီး မှန်ရှေ့ စိတ်တိုင်းကျကြည့်နေရာမှ မော်လီသော် ပေါ့ပါးစွာ ပြောသည်။

"လာမှာပေါ့ ယူရဲ့"

"သေချာလို့လား ဟယ်၊ မလာရင်တော့ သွားပြီး"

"ယူရယ်၊ ဒီလောက်လည်း စိတ်ပူမနေပါနဲ့၊ အိုင့်အစီအစဉ် လွဲဖို့မရှိဘူး။ လာကိုလာမှာ စိတ်ချ ယူရဲ့"

မော်လီက မှန်ကြည့်ရင်း ပြောပြန်သည်။ ဘာပဲဖြစ်ဖြစ် မြစက်က စိုးရိမ်နေသည်။





"အိုင်က မလာရင်ဆိုတဲ့အတွေးနဲ့ ပူနေတာ မော်လီရဲ့၊ ကသစ် မလာရင် ဒီတစ်ပွဲ ခဲထားသမျှ သွားပြီလေ"

"ဟင့် သွားစရာလား။ ဒီပွဲကို ယူနဲ့ယ်ကသစ် မလာဘဲနေလို့ရ မယ့်ပွဲ မဟုတ်ဘူး။ အိုင့်ရဲ့ ညနေခင်းညှော်ခံပွဲကျင်းပမယ့် ခြီလိပ်စာ အတိအကျပေးခဲ့တယ်၊ မလာဘဲနေမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲသိလား"

"ဘာဖြစ်လို့လဲ ယူရယ်"

မြစက်ရေ စိတ်အားထက်သန်စွာ မေး၏။ မော်လီသော် ဟင့်ခနဲ ရယ်သည်။ ချက်ချင်းမဖြေဘဲ မှန်ထဲပေါ်နေတဲ့ သူမဖက်ရှင်ကို သူမ ပြန်ကြည့်၏။

အင်္ကျီက လက်ကြိုးမျှင်လေးပင် မပါ။ ရင်ဟိုက်ဟိုက်လေးပေါ်မှာ အင်္ကျီအရောင်နဲ့ဆင်တဲ့ အနီပွင့်ပါသော ပဝါလုလုကြီးကို လည်မှာ စုစည်းလျက် ဖက်ရှင်ဆန်ဆန် ရင်အုံအုပ်လုလု စုံချ၏။

လှုပ်ရှားလိုက်တိုင်း အလှပဝါအောက်က ရင်အုံလေးပေါ်သည် က ဖမ်းစားမှုတစ်မျိုးပါနေသည်။ ဝတ်ထားသော ထိုဖက်ရှင်ကို မော်လီ ကျေနပ်အားရကြည့်ပြီးမှ မြစက်ဘက် လှည့်သည်။

"ဘာဖြစ်လို့လဲ ပြောလေ ယူ"

မြစက် မစောင့်ဆိုင်းနိုင်တော့ပါ။ မော်လီသော် လက်မောင်းကို ဆုပ်ကိုင်ရင်း မေးပြန်သည်။ မော်လီက သူမရဲ့ပင်ကိုမူဟန်အတိုင်း မျက်နှာလေးမော့လျက် ပေါ့ပေါ့လေးပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ ယူရဲ့၊ ခုဆို ယူ့ရဲ့ကသစ်က မိုက်ကို ရှောင်နေပြီလေ၊ ရှောင်ရုံတင်မက လုံးဝ မျက်နှာချင်းမဆိုင်ချင်ဘူး၊ ဆိုင်စရာဆိုလို့ ခြံနဲ့တိုက်ရောင်းပြီး ဖယားရှင်းဖို့ပဲကျန်တာ၊ အိုင်က အဲဒီသတင်းရရချင်း လူလွှတ်ပြီးဝယ်မယ်လို့ ပြောခိုင်းလိုက်တယ်၊ ခေါ်ဈေး ပေးမယ်၊ ခြံပိုင်ရှင်ဖြစ်တဲ့ ဦးသန်းဖေနေရာမှ သမီးဖြစ်သူနွယ်ကသစ် လက်မှတ်ထိုးပေးမှ တရားဝင်မှာမဟုတ်လား၊ အရောင်းအဝယ်စာချုပ်မှာ လက်မှတ်ထိုးဖို့ ခေါ်ထားတယ်၊ မိုက်ကို တိုက်ဖိုးပိုက်ဆံ မြန်မြန်ပေးချင်နေတဲ့ကသစ် မလာဘဲနေဖို့မရှိဘူး"

"အင်း ယူ့အစီအစဉ်က ကောင်းသားဟ"

"ကောင်းရမယ်လေ၊ ကသစ်လာရမယ့်အချိန်က အိုင့်ရဲ့ညနေခင်းညစ်ခံပွဲလေး စည်ကားတဲ့အချိန်၊ အဲဒီတော့ ဟင့် ဟင့် ဟင့်"

မော်လီသော် ပြောရင်း အကြံအစည်အတိုင်း ရယ်မောဏ်။ မြစက်လည်း သဘောကျကာ ခုမှ မျက်နှာလေးလန်းကြွလျက်၊ စိုးရိမ်စိတ်တို့ လုံးဝပျောက်ပျက်သွားလေသည်။

"ဟုတ်သားနော်"

"ဟုတ်ရမယ်လေ၊ ဟင့် ဟင့် ဟင့်၊ မော်လီကြံရင် မြင်းမိုရ်တောင်တောင် ဆီးစေ့ဖြစ်သွားစေရမယ်"

မော်လီပြောရင်း ကိုယ်လေးလှုပ်ခါရယ်လေသည်။ စတော်ကင်လို ကိုယ်ကျပ်ဘောင်းဘီက အနီရောင်ပြောင်လက်ကာ မော်လီ့ကိုယ်မှာ





နစ်ဝင်မတတ် ကပ်လျက်။ သုံးဆင့်ကောက်ဆံပင်ကို အပေါ်မှာ အထောင်ကလေးများဖြစ်အောင် ဒီဇိုင်းထွင်ထားတဲ့ ဟဲစတိုင်နဲ့ မော်လီ့ဖက်ရှင်က တအားလိုက်ဖက်၏။

ဒီည 'အင်း ဒီညနေခင်းပွဲကတော့ ကြည့်ကောင်းဦးမှာပဲ"

မြစက် မျှော်လင့်တကြီးပြော၏။

"ဟိုင်း ဒါလင်"

မော်လီ တစ်ခုခု ပြန်ပြောဖို့ပြင်တုန်း မော်လီ့ Boy နှုတ်ဆက်သံပေးပြီး အခန်းထဲ ဝင်လာသည်။ မော်လီမြူးသွားကာ –

"ဟိုင်း ဒါလင်" လို့ ပြန်ရွတ်ကာ မြစက်နားမှ ခွာ၍သွားသည်။ ရင်ဖွင့်ကြီးဆိုတဲ့ရင်ခွင်ထဲ မော်လီကိုယ်လေး လှုပ်ခါကာ နွဲ့နွဲ့လေး ပြေးဝင်သလို မျက်နှာလေးမော့ပေးလေသည်။

ထိုအခါ မော်လီ့ Boy ရဲ့ နှုတ်ခမ်းလွှာကလည်း ငြိမ်သက်မနေ။ ဆေးသားနဲ့ ရဲတိုးကြွသော မော်လီ့နှုတ်ခမ်းကို တရှိုက်မက်မက် ကြူမြွေးသည်က မြစက်ကိုလည်း မရှောင်။

မြစက် ရှက်လို့ မျက်နှာလွှဲလိုက်ပေမယ့် ရင်ခုန်သလို ခံစားရလေသည်။ အကယ်၍ ဘုန်းကလည်း မြစက်ကို အနမ်းလှလှလေး ပေးမယ်ဆိုရင်။

အလိုလေး၊ အတွေးလေးနဲ့တင် စွဲလမ်းမိကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ဟင်"

ဟုတ်မှ ဟုတ်ရဲ့လား။ ကသစ် မျက်လုံးလေးပြူးကာ မယုံမရဲ ဖြစ်၏။ ခေါက်ပိုက်ဆံအိတ်လေးထဲက လိပ်စာကတ်ကို ကမန်းကတမ်း ထုတ်ကြည့်သည်။ လိပ်စာကတ်ထဲကအတိုင်း ကြံ့ဝမှာရေးထားတဲ့ လိပ်စာမှာ တစ်ထပ်တည်းရယ်။

ဒါဆို မမှားဘူးပေါ့။ မမှားပေမယ့် ခြံဝင်းထဲမှာက ညစ်ခံပွဲက စည်ကားနေသည်။ အရောင်းအဝယ်ကိစ္စက ညစ်ခံပွဲကြောင့် ဖြစ်ပါ့မလား။

ချီတုံချတုံတွေးရင်း ညစ်ခံပွဲကျင်းပနေတဲ့ ခြံဝင်းထဲ နှေးကွေးစွာ ဝင်ခဲ့သည်။ ကိုကောင်းပါလာရင် အကောင်းသား။ ကိုကောင်းက လည်း လိုက်ခဲ့မယ် ပြောပါသေးသည်။ ကသစ်က ရပါတယ်၊ ဘာညာနဲ့





ပြောပြီး ထားခဲ့ခြင်း။

ခြံထဲမှာလည်း ဦးကြီးကို ကူစရာတွေရှိနေတာမို့ ကိုကောင်း ဖွင့်မပြောဘဲ နေရစ်ခဲ့တာလေ။ ခုမှပဲ ကိုကောင်းပါရင် အကောင်းသား လို့ တွေးမိကာ ပါမလာတာကို တွေးပြီး စိတ်အားငယ်နေဖို့ မလိုပါဘူး။ စိတ်ကို တင်းပစ်ရင်း ညစ်ခံစားပွဲဝိုင်းတွေကို ကွေ့ရှောင်လာခဲ့သည်။

ညစ်ပရိသတ်တွေက စုံလင်တဲ့ အစားကောင်း အသောက် ကောင်းတွေကို စားကြသောက်ကြ၊ ပြောကြဆိုကြနဲ့ ပကာသနတွေ ပလူပျံကာ ဂုဏ်တင့်နေကြသည် မဟုတ်လား။

ခြံနဲ့တိုက်ဝယ်မယ်ဆိုတဲ့ မော်လီသော်ဆိုတဲ့ မိန်းကလေး ဘယ် မှာလဲ။ ညစ်ခံစားဝိုင်းရှိ ညစ်သည်တွေကြားထဲ ဝေ့ရှာသည်။ အလယ် စားပွဲဝိုင်းမှာ တစ်ဝိုင်းတည်းထိုင်နေကြတဲ့ မမလဝန်းရောင်၊ အန့်တီမြတ် နဲ့ မြစက်ရဲ့မိဘနှစ်ပါးကိုမြင်တော့ ကမန်းကတန်း အကြည့်လွှဲ၏။

မြန်မြန်တွေ့ပါစေတော့ဟယ်။ ရင်ထဲက တောင်းဆိုရင်း သုံးထပ် တိုက်ကြီးရဲ့ မျက်နှာစာဘက်ဆီရှိ စားပွဲဝိုင်းတွေ ရောက်ခဲ့ပြန်သည်။ ညစ်ပရိသတ်တွေ စားလိုက် ရယ်လိုက်နဲ့ ပျော်မြူးနေကြသည်။ ဂါဝန်တို လေးနဲ့ ကလေးမလေးကို မြင်ခါမှ ဒါဟာ မွေးနေ့ညစ်ခံပွဲပါလားဟု အတွေးပေါက်သည်။

ထိုကလေးမလေးက ခြံနဲ့တိုက်ဝယ်မယ်ဆိုတဲ့ မော်လီသော်နဲ့ အတော်ဆင်တူ၏။ မော်လီသော်နဲ့ တစ်ခုခု တော်စပ်မှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေး ကသစ်ရှိနေတဲ့စားပွဲဝိုင်းဘက် ကူးလာတာမြင်သည်။

ကသစ် အနားတိုးကပ်သွားပြီး –

"မမော်လီသော် ရှိလားဟင်"

ခပ်တိုးတိုးမေးသည်။ ကလေးမမျက်လုံးက ကသစ်ကို တအံ့တဩ မော့ကြည့်သည်။ ချည်သားကွက်စိပ် လက်တိုခါးကျအင်္ကျီပုံရိုးရိုးနဲ့ ထဘီနိမ့်နိမ့်ဝတ်ထားတဲ့ ကသစ်ဟာ ခေတ်ရှေ့ပြေးတဲ့ မော်လီသော်နဲ့ ဘယ်လိုပတ်သက်လဲပေါ့။

စူးစမ်းသလို ကြည့်၏။ ပြီးမှ ပြောသည်။

"ရှိတယ်၊ ဟိုဘက်ဝိုင်းမှာ" လို့။

"ကျေး ကျေးဇူးပဲနော် ကလေး"

ချစ်စဖွယ်ကလေးမလေးကို ကျေးဇူးစကားဆိုရင်း ထိုစားပွဲဆီ ဦးတည်ခဲ့သည်။ ရောင်စုံမီးသီးများနဲ့ အလှဆင်ထားတဲ့ ရွက်လှပန်းခြံနဲ့ ခပ်ကွယ်ကွယ်ဖြစ်နေတဲ့ ထိုစားပွဲဆီ ရွှေ့ခဲ့လျှင် –

"ဟင့် ဟင့် မော်လီတို့က ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး။ အိုင်သဘောကျတဲ့လူနဲ့တွဲတယ်၊ ခုလည်း ဟယ်ရီနဲ့တွဲတယ်၊ လည်တယ်၊ လူမြင်သူမြင်ပဲလေ၊ နိုးကြောင်ခိုးဝှက် တွဲမခုတ်ဘူး ယူတို့ရဲ့"

"အံမယ် ယူက ဟုတ်ပါပြီ၊ နိုးကြောင်ခိုးဝှက်တွဲခုတ်တာ ဘယ်သူလဲ၊ ပင်စီကိုပြောဦးလေ၊ တီဇာလား ခရစ္စလား"

"အောင်မယ် ပင်စီနော်၊ တီဇာတို့က ပြောင်ပဲလေ"





"ဟုတ်ပါ့ ခရစ္စလည်း တီဇာလိုပဲ ပြောင်ပဲဟော့"

"ဒါဆို ဟောဒီက မြစက်ပဲပေါ့ ဟုတ်လား"

တစ်ဝိုင်းတည်းထိုင်နေတဲ့ မြစက်ကို ပင်စီတို့ တစ်စု ရယ်ရယ်မောမော တွန်းထိုးမေးလေသည်။ မြစက် မဲ့မဲ့လေးရယ်ပြီး ဆိုသည်။

"မြစက်တို့က သန့်သန့်လေးပါနော်၊ ပြောင်ကျကျရော နိုးကြောင် ခိုးဝှက်ကော တွဲခုတ်ဖို့ စိတ်မဝင်စားဘူး။ ယူတို့လို ပြောင်ကျကျ တွဲမခုတ်ဘဲ နိုးကြောင်ခိုးဝှက် တွဲခုတ်နေတာ ဘယ်သူလဲ၊ မော်လီ ပြောလိုက်စမ်းပါဟယ်"

မြစက်က ဘောလုံးပုတ်စာလို မော်လီဘက်စကားလုံးပုတ်ထုတ်လိုက်သည်။ ပင်စီတို့အားလုံး မော်လီ့ကို ဖျတ်ခနဲကြည့်ပြီး မေးဆတ်မေးသည်။

ဘယ်သူလဲပေါ့။ မော်လီက ရင်အုံပေးချထားတဲ့ ပဝါစလေးကို ဆွဲကစားရင်း –

"ဘယ်သူရမလဲ၊ မိုက်ရဲဒင်နာပွဲမှာ မမလာဝန်းနှင်ထုတ်လိုက်တဲ့ နွယ်ကသစ်ဆိုတဲ့ ဟာမလေ"

"ဟေး"

ကသစ် ခြေလှမ်းလေး တုံ့ခနဲ ရပ်သွားသည်။ ဘုရားရေ ဘာတွေပြောနေကြတာလဲ။

"ဟုတ်တယ်၊ အဲဒါကြောင့် မမလာဝန်းက နှင်ထုတ်တာ။ မိုက်နဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



မတန်တာ။ မိုက်က အဖြူထည်လေး ထင်နေတာ။ အဲဒီဟာမ က သူ့အစ်ကိုလိုလို ဘာလိုလိုနဲ့ ဟိုတစ်ယောက်လေ၊ ကောင်းချိုဆိုတဲ့ အကောင်နဲ့ နှစ်ပါးသွားဖာတ် ကနေတာအေ့"

"ကြိတ်ခွင်ပေ့ါ ဟုတ်လား မော်လီ"

"နေပါဦး ယူ ဘယ်လိုသိလဲ"

"အံမယ်၊ မော်လီတို့ တစ်ချက်စုံစမ်းလိုက်တာနဲ့ သိတယ်၊ အဲဒီတိုက်နဲ့ခြံကို ဝယ်မယ်ဆိုပြီး ပတ်ဝန်းကျင်ကို စုံစမ်းလိုက်တာပေ့ါ၊ ကာသစ်က အဲဒီတိုက်ထဲမှာ တစ်ယောက်တည်းနေတာ၊ ကောင်းချို အချိန်မတော် ဝင်ထွက်နေတာ အားလုံးသိကြသတဲ့။ ခိုးစားတဲ့သစ်သီး ချိုတယ်ဖြစ်မယ် ဟင့် ဟင့် ဟင့်၊ အဲဒီကျိတ်ပုန်းခုတ်တဲ့ကောင်မ မကြာခင် အိုင့်ရှေ့ရောက်လာတော့မှာ"

"ဘုရားရေ"

"ဟော ဟိုမှာ ဟိုမှာ ကျိတ်ပုန်းခုတ်တဲ့ကောင်မ"

ပြောပြောဆိုဆို ငေ့ါကြည့်တဲ့ မော်လီသော်၊ တောင့်တောင့် ချည်း ရပ်နေတဲ့ ကာသစ်ကို မြင်သွားလေသည်။ မြင်သည်နှင့် ထိုင်ရာမှ ဝုန်းဆိုထပြီး အသံကျယ်ကျယ်နဲ့ပြော၏။ လက်ညှိုးလည်းထိုးကာ –

"မြင်ဖူးကြတယ် မဟုတ်လား ယူတို့ရယ်"

"မြင်ဖူးတာပေ့ါ"

"ဟား ဟား ဟား"





"သနားကမားနဲ့ ကျိတ်ပုန်းခုတ်နေတာ ဒင်းပေ့ါလေ၊ ဟုတ်လား နွယ်ကာသစ်"

သူငယ်ချင်းအားလုံးရဲ့ ရယ်သံနောက်မှာ မြစက်ရေ ထမေး၏။ ကာသစ် အသားဆိုင်မှာ တုန်လာသည်။

"ရှင် ရှင်တို့နော်၊ ကျွန်မကို မဟုတ်ကဟုတ်က လာမစွပ်စွဲနဲ့"

"စွပ်စွဲတာမဟုတ်ဘူး၊ မယုံရင်ကြည့်"

မြစက်ရေပြောရင်း ဖျော်ဖြေရေးစင်မြင့်မှာ ဖွင့်ထားတဲ့ ရုပ်မြင်သံကြားစက်ကို ရီမုနှင့် လှမ်းဖွင့်၏။ ထိုအခါ ဖန်သားပြင်မှာ ပေါ်လာတဲ့ ပုံရိပ်တွေ။

ဘုရား ဘုရား၊ ကာသစ်နဲ့ကိုကောင်းရဲ့ မဖွယ်မရာပုံ၊ အစီအရီ ပေါ်ထွက်လာသည်က ကာသစ်ပင် မကြည့်ရဲ၊ ရှက်လွန်းလို့ ချွေးစများပင် စို့လာသည်။

မြစက်တို့ဝိုင်းက ပွဲထွက်နေတဲ့ ထိုအသံတွေက ညေ့ခံပွဲတစ်ခုလုံးကို လွှမ်းခြုံသွားသလို ဖန်သားပြင်ပေါ်က ပုံရိပ်တွေ နောက်မှာ မျက်လုံးပေါင်းများစွာ ကာသစ်ဆီရောက်လာသည်။

"ဟယ် ဟယ် ကြည့်ကြစမ်း၊ ဘာပုံတွေလဲ"

"ဟဲ့ ဘာတွေ ဖွင့်ပြနေတာလဲ"

"မျက်စိရှက်ဖို့ ကောင်းတာတွေ"

"ဟိုကောင်မ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကသစ်ကို လက်ညှိုးထိုးပြီး တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြ၏။ ကသစ် ဘယ်ဘက်ကိုမှ မျက်နှာလှည့်လို့မရတော့ပါ။

"ဟုတ်ပ့ါ ယူတို့ရယ်၊ ရှိုးပုံရိုးလက်နဲ့ ကျိုတ်ခွင်နဲ့တွဲခုတ်နေတာလေ"

ကသစ် ဘာစကားတစ်လုံးမှ ပြောမထွက်နိုင်တော့ပါ။ မမလဝန်း နဲ့ အန်တီမြတ်တို့လည်း ရွံ့ရှာတဲ့မျက်လုံးတွေနဲ့ ဝိုင်းကြည့်ကြသည်။ မြစက်မိဘက ခနဲ့ပြီးရယ်သည်။

ဧည့်ပရိသတ်တွေက နှာခေါင်းရှုတ်ကြည့်သမျှ မော်လီသော်တို့အုပ်စုက အော်ကျယ်အော်ကျယ်ပြောကာ ကသစ် ရှက်လွန်းလို့ ပြူးကျယ်နေသော မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်အိုင်လာသည်။

"ခိုးကြောင်ခိုးဝှက် တွဲခုတ်ရုံနဲ့ အားမရလို့တဲ့ ဘုန်းကို ဆွယ်နေတာလေ။ ဘုန်းက ဘာမှ မသိလို့၊ လက်တွေ့မြင်လိုက်ရရင် ဘုန်းအသက်ထွက်သွားမလားဘဲ၊ ဟင့် ဟင့် ဟင့်"

မြစက်ရေပြောတာတွေနောက်မှာ မျက်ရည်တို့ ရုတ်ခြည်းပြိုကျသွားလေပြီ။

"အဟင့်"

ကသစ်မျက်နှာ လက်ဖဝါးနဲ့အုပ်ကာ လက်ညှိုးပေါင်းများစွာကြားမှ ခပ်သုတ်သုတ် ပြေးထွက်ခဲ့ရသည့်အဖြစ်။

"အဟင့် ဟင့် ဟင့်"





လှောင်ပြောင်ရယ်မောသံတွေနောက်မှာ ခနဲ့သော မဲ့သော ရွဲ့သော မျက်နှာထားတွေက ကသစ်ကို ရှုတ်ချကာ ပြောသံဆိုသံတွေက ကသစ်နောက် အရှိန်ပြင်းစွာပါလာသည်က –

"ကြည့်စမ်း၊ ရုပ်ရည်လေး သနားကမားနဲ့ ခြေပုန်းခုတ်တတ်တာ အံ့ပါ့ဟယ်"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"ကျွီ"

"ဟော သားငယ်ပြန်လာပြီ"

ကားသံကြားသည်နှင့် ဒေါ်မိမြတ်မြတ် ဝမ်းသာအားရပြောဖြစ်၏။

"ခဏနော်၊ သားငယ်ကို သွားခေါ်လိုက်မယ်"

ညည်သည်တွေကို မျက်နှာချိုချိုလေးနဲ့ပြောရင်း ဧည့်ခန်းကျယ်ထဲက ထွက်ခဲ့သည်။ မျက်နှာစာဘက်ရှိ ဧည့်ခန်းငယ်ကိုဖြတ်၍ ပေါ်တီကိုအောက် သွက်သွက်ကလေး လျှောက်ထွက်ခဲ့သည်။

"လာ သားငယ်"

သားက ကားပေါ်ကနေ ဖြိုးသီဟနဲ့အတူ ဆင်းလာသည်။ ဒေါ်မိမြတ်မြတ် သားကို လှိုက်လှိုက်လှဲလှဲ ခေါ်သည်။





"ဧည့်သည်တွေ ရောက်နေတယ် သားရဲ့"

"ဘယ်က ဧည့်သည်လဲ"

ကားပေါ်မှဆင်းလာကတည်းမှ သုန်မှုန်နေတဲ့သားမျက်နှာလေး မကြည်လင်စွာမေးသည်။ ဒေါ်မိမြတ်မြတ်က သားလက်မောင်းကို နှစ်လိုအားရဆုပ်ကိုင် မော့ကြည့်လေသည်။

"တွေ့တော့ သိရမှာပေါ့ သားရဲ့၊ လာလေ"

မာမီ ပဟေဠိဝှက်သလိုပြောရင်း ဆွဲခေါ်သွားသည်။ သူ့နောက်က ဖြိုးသီဟလည်း ပါလာသည်။ ဒီအချိန်မှာ ဘယ်ဧည့်သည်နဲ့မှ ဘုန်းနေရောင် စကားမပြောချင်ပါ။ ကြားရ မြင်ရတဲ့သတင်းက စိတ်ထဲမှာ စူးရှကာ။ နှလုံးသားကို ဘောင်ဘင်ခတ်နေစေတယ် မဟုတ်လား။

"ကျွန်တော် နားချင်နေပြီ မာမီ"

မာမီ ဆွဲခေါ်သွားတဲ့ ဧည့်ခန်းကျယ်ဘက် မလိုက်ပါ။ ခြေလှမ်းလေးတန့်ကာပြောသည်။ မာမီက အလိုလိုက်သောမျက်နှာလေးနဲ့ပဲ ပြုံးကြည့်၍ -

"ခဏလေးပါကွယ်၊ ဧည့်သည်တွေကိုတွေ့တော့ သားငယ် ပျော်သွားမှာပါ၊ ပြီးတော့ မာမီစီစဉ်ထားတဲ့ကိစ္စလေးလည်း အားလုံးသိအောင် ပြောဖို့က သားငယ်ရှိမှဖြစ်မယ်လေ သားရဲ့၊ ဟင့် ဟင့် လာသား"

မာမီက ချိုချိုသာသာပြောရင်း သူ့ကို အပါဆွဲခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငြင်းလို့မရတော့လည်း စိတ်ရှုပ်ရှုပ်နဲ့ ပါလာရပြီ။ ငွေမင်ရောင်လိုက်ကာစ အိအိလေးကို သပ်ဖယ်ရင်း မာမီရှေ့က ဦးဆောင်ဝင်တဲ့နောက်က ဘုန်းနေရောင် ဝင်သွားလျှင် –

"ဟင်"

ဧည့်ခန်းကျယ်ထဲမှာ ဆယ်ယောက်နီးပါးရှိတဲ့ ဧည့်သည်တွေ။

"ဟိုင်း မိုက်"

အားရဝမ်းသာ ထလာပြီး လက်လှမ်းနှုတ်ဆက်တဲ့ မော်လီ သော်။ ဘုန်းနေရောင် မျက်မှောင်ကုတ်ကျသွားသည်။

"မော်လီ"

တိုးတိုးရေရွတ်ရင်း နှာခေါင်းအလိုလို ရှုံ့တွန့်သွားသည်။

"မော်လီပါ ရောက်နေတာကိုး"

"ဟုတ်တယ် မိုက်ရဲ့၊ မော်လီက မြစက့်သူငယ်ချင်းလေ ဟင့် ဟင့် ဟင့်"

မြစက်၏ လုပ်ပြောသံက ချိုအီလျက်။

"လာ ထိုင်လေ မောင်လေး"

ပင်စီတို့နဲ့ စကားအမျှင်မပြတ်ဖြစ်နေတဲ့ မမလဝန်း၊ စကားစ မပြတ်ချင်ပြတ်ချင်နဲ့ ဖြတ်ကာ သူ့ကို ထိုင်ဖို့ပြောသည်။

"ထိုင်လေ သားငယ်၊ ဒီမှာ သားအန်တီတို့ အန်ကယ်တို့လည်း ရောက်နေတယ်လေ"





"ဟုတ်"

ဘုန်းနေရောင် ဣန္ဒြေဆည်ပြီး ဝင်ထိုင်လိုက်သည်။ ဘုန်းနေရောင် ထိုင်ချလိုက်တော့ ဧည့်သည်အားလုံးမျက်နှာ ဝင်းပသွားသည်။

ပင်စီတို့အုပ်စုက ဘုန်းနေရောင်ကို ရွှန်းရွှန်းစားစားလေး အကဲခတ်ကြည့်၏။ မြစက်မိဘနှစ်ပါး မျက်နှာက လိုအင်ပြည့်ဝတော့မယ့် အနေအထားမို့ ကြည်လင်ဝင့်ကြွားကာ။

မော်လီက ဘုန်းနေရောင်နဲ့ ကပ်လျက်ဆိုဖာမှာ လာဝင်ထိုင်ပြီး

"ယူ့ စွံ့တာ အားကျတယ်ဟယ်၊ မော်လီ့သူငယ်ချင်းက သိတယ် မဟုတ်လား၊ ဖြူတယ်လေ၊ မြစက်ရေ စင်စင်ကြယ်ကြယ်လေးကို ရွေးထားတာ မော်လီချီးကျူးပါတယ်"

"အဟွန့်"

မော်လီ့စကားအဆုံးမှာ ဘုန်းနေရောင် မသိမသာ နှုတ်ခမ်းမဲ့၏။ အားလုံးက ဘုန်းနေရောင်ကိုပဲ သဘောကျစွာကြည့်လျက် –

"ဟုတ်တယ် မောင်လေး၊ အခု မာမီနဲ့အန်ကယ်တို့အားလုံး အစီအစဉ်ဆွဲလိုက်ပြီ၊ ဒီဆန်းဒေးမှာ မောင်လေးနဲ့မြစက်ကို စေ့စပ်ပွဲ လုပ်ပေးမယ်"

မမက ဝင်ပြောသည်။ မြစက်က ဝမ်းသာလွန်းလို့ ခေါင်းငုံ့ကာ မြူးမြူးလေး ပြုံးလျက် ငြိမ်နေသည်။

"ဟုတ်တယ် သားရဲ့၊ မင်္ဂလာပွဲကိုတော့ သားနဲ့သမီး တိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရက်ညှိကြပေါ့"

မာမီ လိုက်လျောစွာပြောပြန်သည်။

"မောင်ဘုန်းနဲ့သမီး သဘောကျတဲ့ရက်ကိုရွေးလေ၊ အန်တီနဲ့ အန်ကယ်က မောင်ဘုန်းနဲ့သမီးရွေးတဲ့ရက်အတိုင်း မင်္ဂလာပွဲ လုပ်ပေးမယ်"

အန်တီကျော့် စကားလှလှခင်းလေပြီ၊ ဘုန်းနေရောင် ငြိမ်သက်နေရင်း ဘယ်သူဘာပြောမလဲဆိုတာ စောင့်ကြည့်နေလိုက်သည်၊ ဒီအချိန်မှာ သူ့ဘက်က ဝုန်းဒိုင်းကြဲတာထက် သွေးအေးအေးနဲ့ ရင်ဆိုင်ဖို့လိုတယ် မဟုတ်လား။

"မြစက် အချိန်သိပ်မဆွဲနဲ့နော်၊ အိုင့်ရဲ့ဟယ်ရီက ပြန်ချင်နေပြီ၊ ယူတို့မင်္ဂလာပွဲပြီးတာနဲ့ အိုင်ပြန်မှာဆိုတော့လေ"

"ဟုတ်တယ်မြစက် အချိန်မဆွဲနဲ့"

သူငယ်ချင်းတွေ ဝိုင်းဝန်းပြောကြတဲ့အခါ မြစက် ရှက်ရှက်နဲ့ ဘုန်းကို မသိမသာ အကဲခတ်ကြည့်သည်။ ဘုန်းနေရောင် အားလုံးကို ဖြန့်ကြည့်လျှင် –

"သား ဘာပြောချင်လို့လဲ"

မာမီ ပုံမှန်လေသံနဲ့မေး၏။

"ဟုတ်သားပဲ၊ အိုင်တို့ချည်း ပြောနေတာ ဟင့် ဟင့်၊ သတို့သားလောင်း ဘာပြောမလဲ၊ ပြောလေ"





မော်လီသောက ဖာတ်ပို့တော်သည်။ ဒီမင်္ဂလာပွဲအမြန်ဖြစ်မြောက်ဖို့ လောဆော်နေတဲ့အထဲမှာ သူမက ထိပ်ဆုံးက၊ အရေးကြီးတာက မြစက်နဲ့မိုက် အမြန်ဆုံး မင်္ဂလာဆောင်ပြီးဖို့ပဲ။

"ဟင့် ဟင့် ဟင့်"

မော်လီသော် သရုပ်ဆောင်ကောင်းစွာပြောလျှင် –

"ပြောရမယ်ဆိုရင် ကျွန်တော် မင်္ဂလာဆောင်ပါ့မယ်"

"ဟေး"

မြစက် ဝမ်းသာလွန်းလို့ အသံပါထွက်၏။ ကမန်းကတန်း လက်ဖဝါးနဲ့ပါးစပ်ပိတ်လျက်၊ သူငယ်ချင်းအားလုံးနဲ့ နှစ်ဖက်မိဘ သဘောကျ မျက်နှာတွေ ပြုံးသွားလေသည်။ ထိုအပြုံးတွေက တာရှည်မခံ။

အကြောင်းက ဘုန်းနေရောင် ဆက်ပြောတဲ့စကားကြောင့် ဖြစ်သည်။

"ကျွန်တော်ပြန်လာတဲ့ ရည်ရွယ်ချက်က မာမီနဲ့မမတို့ သဘောဆန္ဒရှိတဲ့အတိုင်း မင်္ဂလာဆောင်ဖို့ပါ၊ တကယ်လည်း မင်္ဂလာဆောင်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ မင်္ဂလာမဆောင်ခင် မြစက်ကို အနီးကပ်လေ့လာမယ်ပေါ့၊ ကျွန်တော့်စိတ်ကူးထဲကအတိုင်းလည်း လေ့လာခွင့်ရခဲ့တယ်"

"မောင်လေး သဘောကျသွားတယ် မဟုတ်လား၊ မြစက်လေးက မမတို့မျိုးရိုးနဲ့ ထိုက်တန်နေလို့လေ"

မမ မအောင့်နိုင်ဘဲပြော၏။ မြစက်က မာန်လှလှလေးဝင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးကြည့်လေသည်။ ဘုန်းနေရောင် ချက်ချင်း ခေါင်းယမ်းလျှင် အားလုံး မျက်နှာတွေ တည်သွား၏။

"ထိုက်တန်တယ်, မတန်ဘူးဆိုတာထက် ကျွန်တော် တကယ် လက်ထပ်ပေါင်းသင်းချင်တဲ့ မိန်းကလေးက မြစက်ရေ မဟုတ်ဘူး"

"ဘာ"

"ဘယ်လို"

အားလုံး မျက်လုံးပြူး ဝိုင်းကြည့်ကြသည်။ ဘုန်းနေရောင် ကျွန်ရှိရရပဲ ဘယ်သူ့ကိုမှမကြည့်ဘဲ ဆက်ပြောသည်။

"ကျွန်တော်လက်ထပ်မယ့်မိန်းကလေးက နွယ်ကသစ်"

"ဟာ"

အားလုံးပါးစပ်အဟောင်းသား ဖြစ်ကာ မြစက်ရေ မျက်နှာလေး ဖြတ်ရိုက်ခံရသည်ထက် နာ၏။ ဝုန်းခနဲ ထရပ်ပြီး ဘုန်းနဲ့ မျက်နှာချင်း ဆိုင်သည်။

"ဒီမှာဘုန်း၊ ရှင့်ရဲ့နွယ်ကသစ်ဟာ ဘယ်လိုမိန်းမလဲ၊ ရှင် မသိဘူးလား၊ ကောင်းချီနဲ့ တိတ်တိတ်ပုန်း ညားနေတာလေ"

"ဟုတ်တယ် သားရယ်၊ ကသစ်နဲ့ကောင်းချီက"

မြစက် စကားမဆုံးခင် မာမီထပြောသည်။ မာမီ့စကား မဆုံးခင် ဘုန်းနေရောင် လက်ကာဟန့်ပြီး –

"ကောင်းချီနဲ့ကသစ် ကျိတ်ပုန်းခုတ်နေတယ်တဲ့၊ အဲဒီဇာတ်





ကွက်ဖြစ်အောင် မော်လီနဲ့မြစက် Crown ကွန်ပျူတာဆိုင်က မောင်ဝင်း ထွန်းကို ငွေငါးသောင်းပေးပြီး ဖြတ်ညှပ်ကပ်လိုက်ခိုင်းလိုက်တာ၊ အင်္ဂလိပ် ဇာတ်ကားက မင်းသားမင်းသမီး အချစ်ခန်းကိုယူတယ်၊ မျက်နှာနေရာ မှာ ကသစ်နဲ့ကောင်းချီမျက်နှာတွေကို ဓာတ်ပုံခိုးရိုက်ထားတဲ့အတိုင်း တပ်ဆင်ပေးလိုက်တာ၊ ရုတ်တရက်ကြည့်ရင်တော့ ကောင်းချီနဲ့ကသစ် ဖြစ်နေတာပေါ့"

"ဟင်"

ဘုန်းနေရောင် အစအဆုံး ပြောချလိုက်သည်က ဒက်ထိ။ ထိုအခါ အားလုံး အသက်ရှူဖို့မေ့ကာ မော်လီနဲ့မြစက်ကို ဝိုင်းကြည့်ကြ သည်။ မော်လီနဲ့မြစက်မျက်နှာက ရိုက်ချခံရသည်ထက် ရဲမှည့်ပျက်ကျ၏။

"ဒီမှာမော်လီနဲ့မြစက်၊ လူ့အဆင့်အတန်းဆိုတာ ဘွဲ့ဘယ်နှခု ရတာနဲ့ မဆိုင်ဘူး၊ ငွေကြေးဘယ်လောက်ချမ်းသာတယ်ဆိုတာနဲ့ တိုင်း လို့ မရဘူး၊ ကိုယ့်အတ္တအတွက် သူများရဲ့ ဂုဏ်သိက္ခာကို မဖျက်ဆီး မိဖို့ အလိုအပ်ဆုံးပဲ၊ သူများဂုဏ်သိက္ခာကို စော်ကားတဲ့သူက လောကမှာ အဆင့်အတန်းအနိမ့်ကျဆုံးပဲ၊ စိတ်ဓာတ်အဆင့်အတန်းနိမ့်ကျလွန်းတဲ့ မြစက်ရေကို ကျွန်တော် ဘယ်တော့မှ လက်ထပ်ပေါင်းသင်းမှာ မဟုတ် ဘူး၊ အဲဒါ ကျွန်တော့်ရင်ထဲက ဆုံးဖြတ်ချက်"

ဘုန်းနေရောင် ခိုင်မာပြတ်သားစွာ ပြောချလေသည်။

ဘုရား ဘုရား၊ ဒေါ်မိမြတ်မြတ်နဲ့လဝန်းရောင် ရင်ဘတ်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်နဲ့ဖိ၏။ ဦးမြကိုကိုနဲ့ ဒေါ်ကူဩ္ဘာကျော့် မျက်နှာတွေမည်းချိတ်ကာ သမီးကို လှမ်းကြည့်၏။

အံ့ဩလွန်း၊ ရှက်လွန်းလို့ အသံပင်မထွက်နိုင်ဖြစ်ကာ ပင်စီတို့ရဲ့ ဟုတ်လားဆိုတဲ့ မေးခွန်းပါတဲ့အကြည့်တွေနောက်မှာ မော်လီ စိတ်မလုံတော့။

ဝုန်းခနဲ ထပြေးလေသည်။ မြစက်ရေလည်း မျက်ရည်တွေဝဲကာ ရှက်တဲ့စိတ်နဲ့အတူ ဘာကိုမှလည်း မြင်နိုင်စွမ်းမရှိတော့ပါ။ အားလုံးရှေ့ကပြေးထွက်သွားလေပြီ။

"မြစက်၊ မော်လီ"

သူငယ်ချင်းတွေလည်း အံ့ဩကာ အော်ဟစ်ခေါ်ကြလေသည်။ မြစက်မိဘနှစ်ပါး ဘယ်သူ့ကိုမှ မကြည့်ရဲတော့။ ရှေ့ဆင့်နောက်ဆင့်ပြေးထွက်ကာ အခန်းထဲမှာ မာမီနဲ့မမသာ အသက်မရှူ မေ့ကျန်ခဲ့သည်။

ဘုန်းနေရောင် ဘာမှ ဆက်မပြောတော့ပါ။ သက်မချရင်း အခန်းထဲက ထွက်ခဲ့လေသည်။ စောစောတုန်းက သူ့စိတ်က အနားယူချင်လျက်။ ခုတော့ နားချင်စိတ်လည်း မရှိတော့ပါ။

အခန်းဝမှာ ရပ်ပြီး တိတ်ဆိတ်စွာစောင့်ကြည့်နေတဲ့ ဖြိုးသီဟကိုခေါ်ကာ ဦးတည်ခဲ့သည်က –

✿ ✿ ✿



## အခန်း (၃၈)

"တောက်"

သစ်သစ် အရှက်ခွဲခံရတဲ့အဖြစ်ကို တွေးမိတိုင်း ဒေါသထွက်၏။ ရိုးသားဖြူစင်လွန်းသော သူတို့မေတ္တာကို အရောင်ညစ်ဆိုးတဲ့ အသိုင်းအဝိုင်း။

"ငွေရှိတိုင်း လုပ်ချင်ရာလုပ်၊ ပြောချင်ရာပြောလို့ရမတဲ့လား"

"ပြောပါစေ ကိုကောင်းရယ်"

"ဟ၊ ဒါ ဘယ်လောက်ယုတ်မာပက်စက်တဲ့ စွပ်စွဲမှုလဲ"

"ဟုတ်တော့ဟုတ်ပါတယ် ကိုကောင်းရယ်၊ သူတို့ ယုတ်မာပက်စက်တာမှန်ပေမယ့် ကသစ်တို့ ဘယ်လောက်ရိုးသားလဲဆိုတာ ကသစ်တို့ သိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးပြောတာလည်း မှန်တာပဲ မောင်ကောင်းရယ်"

ဒေါ်ဒေါ် ဝါးဆစ်ပိုင်းခုတ်နေရာမှ ထလာပြီးပြောသည်။ အနားဖွာနေသော ဟင်းရွက်တောင်းကို နှီးချောနဲ့ အနားသတ် ဖာထေးပြုပြင်နေတဲ့ ကောင်းချိုလက်တန့်သွား၏။

"ဒေါ်ဒေါ်နဲ့ကသစ် သည်းခံလေ ဟိုဘက်က စော်ကားလေဖြစ်နေတော့ ဘယ်နှခါရှိပြီးလဲ၊ အဲဒါကို ကျွန်တော် သည်းမခံနိုင်တာ ဒေါ်ဒေါ်"

"စိတ်လျှော့လိုက်ပါ သားရယ်၊ စိတ်လျှော့လိုက်ပါကွာ"

စိုက်ခင်းဘက်ကပြန်လာတဲ့ ဦးကြီး ခေါင်းပေါ်က ဝါးခမောက်ကို ချွတ်ရင်းပြောသလို ကွပ်ပျစ်ပေါ် တင်ပါးလွှဲ ဝင်ထိုင်သည်။

ကောင်းချိုက ဦးကြီးကို အံ့သြစွာငဲ့ကြည့်လျှင် –

"သူတို့ စိတ်ယုတ်မာနေသရွေ့ သူတို့ ဘယ်တော့မှ ငြိမ်းချမ်းကြမှာ မဟုတ်ဘူး၊ ဦးကြီးတို့ ဘာမှ ပူပင်သောကမဖြစ်ဘူး၊ မဟုတ်ကဟုတ်က လုပ်ကြံယုတ်မာပြီး လူကြားသူကြား ဘယ်လောက်အရှက်ခွဲခွဲ ဦးကြီးတို့ တစ်မိသားစုလုံး ဘာဖြစ်သွားလို့လဲ၊ ဘာပြောင်းလဲသွားတာရှိမလဲ၊ ဦးကြီးရော ဒေါ်ဒေါ်ရော သားနဲ့သမီးပါ ခုချိန်ထိ ချစ်ချစ်ခင်ခင် ငြိမ်းငြိမ်းချမ်းချမ်းပဲ မဟုတ်လား"

ဦးကြီး လေပြည်လေးနဲ့ပြောတဲ့အခါ ကောင်းချို အံ့သြငေးမောလို့ သွားသည်။ ဦးကြီးပြောတာလည်း ဟုတ်နေတယ်လို့ ခံစားရကာ–





"ဟုတ်သားပဲ ကိုကောင်းရယ်"

ကသစ်က ခံပြင်းစိတ်နဲ့ ဆူပွက်ချင်သောကိုကောင်းကို ကြည့်ရင်း လှမ်းပြောသည်။ ကိုကောင်း ပြုပြင်စရာရှိသေးတဲ့ နှီးတောင်းကို ငုံ့ကြည့်ကာ ငြိမ်သက်လျက်။

ဒေါ်ဒေါ် ကွပ်ပျစ်ပေါ်မှာ နားနားနေနေဝင်ထိုင်ရင်း သက်မ,ချလေသည်။ ဖြစ်နိုင်ရင် မောင်ကောင်းရင်ထဲက အစိုင်အခဲကို ချေဖျက်စေလိုသည် မဟုတ်လား။

နောက်ပြီး သူ့ခြေလေးရဲ့သဘောထား။ ဒါတင်မက တောင်းပန်စကားဆိုလာသည့် ဘုန်းနေရောင်ကို ကောင်းချိုမြင်ယောင်လာသည်။

✿

"ကိစ္စအားလုံးအတွက် တောင်းပန်ပါရစေ ကိုကောင်းချို"

"ဟ ဒီကိစ္စ တောင်းပန်ရုံနဲ့ ပြီးမလား၊ သစ်သစ်ခံရသလို မင်းအစ်မ အပြောခံရကြည့်ပါလား၊ မင်း ဘယ်လိုဖြစ်သွားမလဲ"

"ကိုကောင်းပြောတာ မှန်တယ်၊ ဒါပေမဲ့ ကိုယ် တစ်ခုပဲပြောမယ်၊ အဲဒါဘာလဲဆိုတော့ ကိုယ်က သူများကြံစည်စွပ်စွဲတိုင်း မယုံသလိုနိုင်ထက်စီးနင်းစော်ကားတဲ့ ဘယ်သူ့ကိုမှလည်း မျက်နှာသာမပေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရရင် ကိုယ်က ကမ္ဘာပတ်နေတဲ့ကောင်ပါ၊ ဘယ်မိန်းမ ဘယ်လိုဖရှိလဲဆိုတာ အဲဒီမိန်းကလေးရဲ့ အပြုအမူနဲ့ လုပ်ဆောင်ချက်ကို ကြည့်ရုံနဲ့ ခန့်မှန်းတတ်တယ်၊ ဒါကြောင့် ကိုယ့်တဝကိုယ့်နှလုံးသားအတွက် နွယ်ကသစ်ကို ရွေးချယ်ခဲ့တာ''

''တော်စမ်းကွာ''

ကောင်းချို ခံပြင်းစိတ်နဲ့ တင်းမာနေဆဲ။ ဘုန်းနေရောင်က တည်ငြိမ်လေးနက်စွာပင်။

''နောက်ထပ်စ်ခု ကိုယ်ထပ်ပြောပါရစေ၊ ကိုယ့်ရွေးချယ်ချက် ဘယ်တော့မှ မပြောင်းလဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ နွယ်ကသစ်ကို ကိုယ် မြတ်မြတ်နိုးနိုးချစ်လို့''

''တောက် မင်းကွာ''

ပြောလေသည်းလေဖြစ်နေတဲ့ ဘုန်းနေရောင်ကို ကြည့်ရင်း ကောင်းချို ဒေါသထွက်လာသည်။ သစ်သစ်ကို သူ့နှမရင်းလေးလို ချစ်ခင်သည်။ သူချစ်ခင်တဲ့နှမကို သူစိမ်းယောက်ျားက ချစ်တယ်လို့ သူ့ရှေ့မရှောင် လာပြောနေတော့ ရင်မှာ ကျိန်း၏။

''နောက်တစ်ခု ကိုယ်တောင်းပန်ပါရစေ၊ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကြောင့် ကိုယ့်အပေါ်, မမအပေါ် မကျေနပ်ရင် ကြိုက်သလို ပြောလို့ဆိုလို့ရတယ်၊ ဒါပေမဲ့ ကသစ်နဲ့ကိုကောင်းချို လုပ်ငန်းထဲ ပြန်ဝင် ပေးပါ၊ ကိုယ် အနူးအညွတ် တောင်းပန်တယ်၊ ကိုယ်တောင်းပန်သမျှက





မာမီ့ဆန္ဒ မာမီ့ဆန္ဒဆိုတာ ဒယ်ဒီ့ဆန္ဒပဲဗျာ၊ ဒယ်ဒီ့မျက်နှာ ထောက်ထား ပေးပါ''

''ဟင့်အင်း''

ကောင်းချို ထိုစဉ်က ခေါင်းခါခဲ့သည်က ယတိပြတ်။ ထို တောင်းပန်စကားတွေနောက်မှာ ဦးကြွယ်ရောင်မျက်နှာကို မြေးမြင်မိ သည်။ သူတို့အလုပ်သမားတွေအပေါ် အစေအပါးလို နှိမ့်ချဆက်ဆံ လေ့မရှိသော စိတ်ခတ်နဲ့ ငဲ့ညှာဖေးမကာ ပြောတတ်ဆိုတတ်၊ ပံ့ပိုးပေး တတ်သော လုပ်ဆောင်ချက်တွေ။

ဒါတွေကို ကောင်းချို မေ့ထားလို့ ရပ့ါမလား။ သက်မရှည်ကြီး ချရင်း ကောင်းချို တွေဝေငေးမောသွားလေသည်။

✿

''သားရယ်၊ ပြီးခဲ့တာတွေကို တွေးတွေးပြီး ဒေါသမပွားချင်ပါနဲ့ ဒေါသပွားနေရင် ကိုယ့်အနာဂတ် ပျောက်တတ်တယ်ကွ''

ဦးကြီးအသံ နားထဲ တိုးဝင်လာသည်။ ကောင်းချို ဆတ်ခနဲ အသိဝင်လာပြီး ကိုယ်လေးမတ်၏။ သစ်သစ်ကို တစ်ချက် ငဲ့ကြည့်၏။ သစ်သစ်က ဟင်းရွက်အစည်းမပျက်၊ စိတ်ရှည်လက်ရှည်နဲ့ ဟင်းရွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးပြီးတစ်မျိုး စဉ်းနေဆဲ။

"သူဌေးလေးက ဒေါ်ဒေါ်ကိုလည်း အနူးအညွတ် တောင်းပန်ရှာတယ်ကွယ်၊ သူဌေးမနဲ့ သူဌေးမလေး လာပြောပါတယ်၊ အလုပ်မထွက်ကြပါနဲ့တဲ့"

နွယ်ကာသစ် သက်မမောလေးချရင်း ငြိမ်သက်သွားသည်။ ကောင်းချီက စိတ်ထဲမှာ တစ်မျိုးဖြစ်ကာ ဖာထေးလို့ မပြီးသေးတဲ့ နှီးတောင်းကြီးကိုပဲ ဆက်လက်ဖာထေးရင်း အသံတိတ်နေလိုက်သည်။

ရှေ့ဆက် ဘယ်လမ်းကို လျှောက်ရမလဲလို့ တွေးရင်းနဲ့ပေါ့။

✿ ✿ ✿



## အခန်း (၃၉)

"ရှက်တယ်ကွာ သိပ်ရှက်တယ်"

ဦးမြကိုကို ရှက်စိတ်နဲ့ ခံပြင်းလို့နေသည်။

"ကိုယ့်သမီးအကြောင်း ကိုယ်ပြန်သိရတာ ရှက်လို့မဆုံးဘူး မိန်းမရဲ့၊ ဒီလိုကြံစည်စရာလား၊ စဉ်းစားကြည့်စမ်း"

ဘုန်းနေရောင်ပြောတာကို ဦးမြကိုကို မယုံချင်။ အောက်တန်းကျကျ သမီးလေး ကြံစည်တတ်လိမ့်မယ်လို့ လုံးဝထင်မထားခဲ့ပါ။ ဘုန်းနေရောင်အပြောကိုလည်း မယုံချင်။

မယုံတဲ့စိတ်နဲ့ Crown ကွန်ပျူတာဆိုင် ချက်ချင်းလိုက်သွားသည်။ မောင်ဝင်းထွန်းဆိုတဲ့ ကောင်လေးကို ကိုယ်တိုင်တွေ့ပြီး မေး၏။ မေးလိုက်မှ သမီးနဲ့မော်လီသော် ပူးပေါင်းပြီး တကယ်ကြံစည်ဖန်တီးခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



သိရတဲ့အဖြစ်။

"ခုဆို ပတ်ဝန်းကျင်တစ်ခုလုံး ဒါချည်းပဲ ပြောနေကြတာ၊ ကိုကို သိပ်ရှက်တယ်ကွ၊ ရှက်လွန်းလို့ မျက်နှာကို ဖြတ်ချပစ်ချင်တယ်ကွ"

"ကိုကိုရယ်"

ဒေါ်ကြူခြာကျော် မာန်ကျသွားတဲ့မျက်နှာလေးနှင့် ခင်ပွန်းသည်ကို မျက်နှာချိုသွေးပြီး ကြည့်လေသည်။

"သမီးက မာနကြီးတယ် မဟုတ်လား။ နွယ်ကသစ်ကို သမီးနဲ့ ယှဉ်ပြီးမှ ဘုန်းနေရောင်က မျိုးဆက်ရွေပန်းလေး ပန်ပေးလိုက်တာမြင်တော့ အရှက်ကွဲတယ်၊ ပြီးတော့ မာနကိုလည်းထိလေတော့ ဒေါသအလျောက် ကြံစည်မိသွားတာမျိုးပါ"

"တော်စမ်းပါမိန်းမရာ၊ မာနကြီးတာက တခြား။ လုပ်ရပ်ညံ့ဖျင်းထားတာက တခြားကွ"

"ဒီလိုလည်း မပြောပါနဲ့ ကိုကိုရယ်"

"မပြောလို့မရဘူး ပြောရမယ်ကွ၊ မင့်သမီး ပျက်စီးတဲ့လိုင်းကို မျက်နှာမူနေတာ နားလည်လား"

"ကိုကို ဘယ်လိုပြောလိုက်တာလဲ၊ သမီးကို"

ဒေါ်ကြူခြာ မျက်နှာချိုမသွေးနိုင်တော့ပါ။ သမီးကိုထိတော့ ဆတ်ဆတ်ထိမခံဖြစ်ကာ ခင်ပွန်းသည်နဲ့ မျက်နှာချင်းဆိုင်လေသည်။ ခင်ပွန်းသည်က ဖန်းဘက်ပြန်လှည့်၏။ လက်တစ်ဖက် ခါးထောက်လျက်





စိုက်ကြည့်ပြီး -

"ဒီမှာမိန်းမ၊ ကိုကိုက ဘာကိုဆိုလိုသလဲဆိုတာ မင်း သဘောပေါက်ဖို့ကောင်းနေပြီ၊ မိန်းကလေးတွေ ပျက်စီးတဲ့ဆီမှာ သုံးမျိုးသုံးစားရှိတယ်၊ ပထမအမျိုးအစားက ‌ဓိတ်ပျက်စီးတာ၊ ဒုတိယအမျိုးအစားက 'ကိုယ်' ပျက်စီးတာ၊ တတိယအမျိုးအစားက 'စိတ်ရောကိုယ်ပါ' ပူးတွဲပျက်စီးတာကွ၊ အေး မင်းသမီး အခုပျက်စီးနေတာက 'စိတ်' ကွ စိတ်၊ စိတ်ပျက်စီးရင် ကိုယ်ပါပျက်စီးဖို့ အလားအလာရှိတယ်၊ ဒါကြောင့် မင့်သမီးကို မင်း ဆုံးမပေတော့၊ အေး မင်းမဆုံးမဘဲ ဒီအတိုင်း လွှတ်ထားမယ်ဆိုရင် နောက်ထပ်ပျက်စီးခြင်းတွေ ပါလာတော့မယ်၊ ကုန်ကုန်ပြောရင်ကွာ မင့်သမီး မော်လီသော်လို ဖြစ်သွားမယ်၊ နားလည်လား"

ခင်ပွန်းသည်စကားအဆုံးမှာ ဒေါ်ကြူခြာကျော် ရင်မှာ နင့်သွားရှာသည်။

မော်လီသော့်လို။ ဟင့်အင်း အဖြစ်မခံနိုင်ပါဘူး။

"မာနကြီးတာနဲ့ စိတ်ဓာတ်ပျက်စီးတာက တခြားစီပါကွ၊ စိတ်ဓာတ်ပျက်စီးနေလို့ သူတစ်ပါးအရှက်ကွဲအောင်, သိက္ခာကျအောင် ကြံစည်ရဲတာ၊ ပညာတွေ ဒီလောက်တတ်ပြီး ယုတ်ယုတ်မာမာကြံစည်ခဲ့တာ ကိုကို တကယ်အံ့ဩတယ်ကွ၊ ဒါကြောင့် သမီးကို မင်းထိန်းဖို့ အချိန်မီသေးတယ်၊ မထိန်းလို့ကတော့ ကိုကို့အကြောင်း မင်းသိသွားစေရမယ်ကွ၊ ကိုကို ဘယ်လိုကောင်မျိုးလဲဆိုတာ ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြကိုကို အံတင်းတင်းကြိတ်ပြောရင်း ဖနီးသည်ကို စူးစိုက်ကြည့်၏။ ထိုအခါ ဒေါ်ဣန္ဒြာကျော် မလုံမလဲနဲ့ မျက်တောင်ပုတ်ခတ်လုပ်ပြီး မျက်နှာလွှဲလေသည်။

ရင်မှာလည်း သမီးကို ဆုံးမရတော့မယ်လို့ အသိဝင်ကာ မဆုံးမလို့မှ မရဘဲ။ ကိုကိုပြောသလို စိတ်ပျက်စီးခြင်းအမျိုးအစားထဲ ရောက်နေတဲ့သမီး။

စိတ်ပျက်စီးပြီးရင် ကိုယ်ပါပျက်စီးလို့ကတော့ သမီးရေ။

သမီးလေး မော်လီလို အဖြစ်မခံနိုင်ပါဘူးကွယ်ဟု။

✿ ✿ ✿



## အခန်း (၄၀)

"တီ တီ တီ"

ခါးကြားချိတ်ထားတဲ့ လက်ကိုင်ဖုန်းလေး မြည်လာသည်။ ဖြိုးသီဟ ဖုန်းပေါ်ကနံပါတ်ကို ကြည့်သည်။ နိုင်ငံခြားက ခေါ်ဆိုသည့်ဖုန်းမှန်း သိ၏။ ဟဲလိုဟု ဖုန်းထူးလျှင် –

"ဖြိုးသီဟ ကိုယ်ပါကွ"

"သိတယ် တိုးကြီး၊ ပြော"

"ဘုန်းနေကော"

"ရှိတယ်"

"ခေါ်ပေးစမ်းပါ၊ ဘုန်းနေနဲ့ ပြောမလို့"

"ကိုယ်နဲ့ပြော၊ ဘုန်း မအားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေလို့လဲ"

"မိန်းမပိုးနေရလို့ကွ"

"ဟာ"

ဖြိုးသီဟ ပြုံးလိုက်လေသည်။ တိုးကြီး အံ့သြသွားပုံရသည်။

"မိန်းမပိုးနေတယ်"

"ဟုတ်တယ်လေကွာ"

"ဟာကွာ၊ အရေးထဲ တစ်မျောက်၊ ဒီမှာ အလုပ်ကိစ္စတွေ တန်းစီနေတယ်၊ ဘုန်းနေ ပြန်လာဖို့အစီအစဉ် ဘယ်တော့လဲ"

"ဟား ဟား ဘုန်းနေ အဲဒီကိစ္စမမေးနဲ့ တိုးကြီး၊ သူ့ကောင်မလေး လက်မခံသေးလို့ နေ့ည ဒါပဲ ကြိုးစားနေတယ်၊ အင်္ဂလန်ပြန်ဖို့ လေသံတောင်မဟဘူး"

"ဟေး"

"ဟုတ်တယ်၊ အဲဒီကကိစ္စ မင်းပဲ ကြည့်ကျက်လုပ်ကွာ"

"သေပြီဆရာပဲ ဖြိုးသီဟရ၊ ကိုယ်တစ်ယောက်တည်း မနိုင်ဘူးကွ၊ မြွေဟောက်မလေးအဖွဲ့က ဘုန်းနေပြောလို့ ကိုယ်လည်း စာချုပ်ချုပ်လိုက်တယ်၊ စာချုပ်ချုပ်ပြီးမှ ဘာဘာညာညာတွေ လျှောက်လုပ်နေတာလေ၊ တားလို့မရ ဆီးလို့မရနဲ့ ဘယ်လိုလုပ်လို့ လုပ်ရမှန်း မသိတော့ဘူး"

"လုပ်ချင်သလို လုပ်လိုက်တော့ တိုးကြီးရေ၊ ဘုန်းစိတ်ထဲမှာ





မင်းနဲ့အင်္ဂလန်သာမက အောင်မြင်နေတဲ့ S.M.E အေဂျင်စီကိုပါ မေ့နေပြီ"

"ကျွတ် ကျွတ် ရောဂါကြီးကြီး ဖိစီးနေပြီ၊ အဲလိုလား ဖြိုးသီဟ"

"ဟုတ်တယ်ကွ"

"သွားပြီကွာ၊ ကိုယ်တစ်ယောက်တည်း မြွေဟောက်မလေးတွေ ပါးပြင်းထောင်သမျှ ကျိတ်မခံနိုင်တော့ဘူး၊ ဘုန်းနေ မလာနိုင်သေးရင် မင်းလာခဲ့လေကွာ"

"နိုး နိုး"

ဖြိုးသီဟ ခေါင်းပါယမ်းလေသည်။

"ဘာဖြစ်လို့လဲ၊ မင်းလည်း ကူနိုင်တာပဲ"

"ကိုယ်က ဒီမှာ ဘုန်းနေနောက် လိုက်ကူနေရလို့ကွ၊ မင်းဘာသာမင်း မြွေဟောက်မလေးများနဲ့ နှစ်ပါးသွားပေရော့"

"မဖြစ်ဘူး မဖြစ်ဘူး"

"မဖြစ်ရင်လည်း မတတ်နိုင်ဘူး တိုးကြီးရာ၊ ဘုန်းနေ လာရင်ခုတော့ မဟုတ်ဘူး။ မင်္ဂလာပွဲပြီးလို့ ဟန်းနီးမွန်းထွက်မှပဲ မင်းဆီ ရောက်တော့မယ်၊ ဒါတောင် ဟန်းနီးမွန်းက အင်္ဂလန်ဖြစ်ဦးမှကွ၊ အင်္ဂလန်မဖြစ်ဘဲ ကိုးရီးယား ဒါမှမဟုတ် တခြားတစ်နေရာရာဆိုရင်တော့ မင်းဆီရောက်ဖို့ မလွယ်ဘူး မောင်တိုးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ သွားပြီကွာ"

"ဒါပဲ တိုးကြီး"

ဖြိုးသီဟ ခပ်မြှုံးမြှုံးလေး ဖုန်းပိတ်လေသည်။ တိုးကြီး တစ်ယောက် ဆူပွဆူပွနဲ့ ဘာတွေဖြစ်နေမလဲ။ သေချာတာက မြွေပောက်မလေးများနဲ့ ဖယားရှုပ်နေမှာ မြင်ယောင်သေး။

လောလောဆယ် ဖြိုးသီဟမြင်နေသည်က ဘုန်းနေရောင်။

ဒီကောင့်ဖွဲ့ကလည်း မခေ။

ကြည့်ပါဦး။ ပန်းစည်းကြီးတကားကားနဲ့ နွယ်ကသစ်နောက် လိုက်နေတာက။

✿ ✿ ✿



## အခန်း (၃၁)

ဖဲကြိုးဝါဝါလေးနဲ့ စည်းနှောင်ထားတဲ့ ကျူးလစ်ပန်းစည်းနီနီလေးက မြင်တာနဲ့ ဆွဲယူချင်စဖွယ် ညို့ထားသလို လှနေပါသည်။

"ယူလေ ကသစ်"

"ဟင့်အင်း"

နွယ်ကသစ် ခေါင်းယမ်းကာ ခြေကလေးဆောင့်၍ ထွက်သွား၏။ ဘုန်းနေရောင် နေရာမှာတင် ကျန်ရစ်နေဖို့ စိတ်မကူးပါ။ ရင်ခုန်သံတွေက ကသစ်နောက် တကောက်ကောက် လိုက်ပါလေပြီ။

"ယူပါကွာ၊ ကသစ်ကို မောင်ချစ်တယ်၊ မောင့်အချစ်ကိုလည်း ယုံယုံကြည်ကြည် လက်ခံပေးပါကွာ"

"ဟင့်အင်းနော်၊ မောင် အဲ ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကသစ် ယောင်ယောင်မှားမှားဖြစ်ကာ စကားတွေ ပြတ်တောက်သွားသည်။ မျက်နှာနုနုလေးလည်း အရောင်အသွေးပြောင်းလေသည်။ ဘုန်းနေရောင် မျက်နှာလေးပြုံးကာ –

"ကသစ်ရယ် ဟန်ဆောင်မနေပါနဲ့ကွာ၊ ကသစ်လည်း မောင့်ကို ချစ်နေတာ မောင်သိတယ်"

"အို မချစ်ဘူး၊ ဘာမှ မချစ်ဘူး၊ ဟွန်း"

"လိမ်ညာနေရင် ချစ်စိတ်က ဒဏ်ခတ်တတ်တယ်နော်၊ ရော့ ယူပါကွာ"

ဘုန်းနေရောင်က အားမရတော့ပါ။ ပြောရင်း လက်ပါလေသည်။ နွယ်ကသစ် လက်ကိုဆွဲယူပြီး ပန်းစည်းထိုးထည့်ပေးသည်။

"ဟင့်အင်းနော် မယူဘူး၊ ရှင့်ပန်းစည်း ရှင်ယူသွား"

ကသစ် လက်မခံ။ လက်တခါခါနဲ့ ငြင်းနေတာက ဘုန်းနေရောင်ကို အသည်းယားစေသည်။ ဘုန်းနေရောင်ကလည်း ဇွတ်၊ ကသစ် လက်နှစ်ဖက်လုံးကို ဆုပ်ကိုင်ပြီး ပန်းစည်းကို အတင်းပေး၏။

"ရှင်နော်၊ ကသစ်ကို အတင်းမလုပ်နဲ့"

"ကသစ်လည်း အတင်းမငြင်းနဲ့ပေါ့"

"အောင်မာ ရှင်ပေးတိုင်းယူရမလား"

"ယူရမယ်လေ"

"ဘာဖြစ်လို့ ယူရမှာလဲ"





ကသစ် ရန်စောင်သလို မျက်စောင်းတထိုးထိုးနဲ့ ပြောသည်။ ထိုမျက်စောင်းလေးကိုပဲ ချစ်စိတ်အပြည့်နဲ့ ဘုန်းနေရောင် စိုက်ကြည့်ပြီး

"ဘာဖြစ်လို့ ယူရမှာလဲဆိုတော့ ကသစ်နဲ့မောင့်ကို ယောက်ဖနဲ့ ယောက္ခမက လက်ခံပြီးသား"

"ဘာ ဘာပြောတယ်"

"ဟဲ ဟဲ"

"မရယ်နဲ့နော်၊ ဘာယောက်ဖလဲ၊ ဘာယောက္ခမလဲ"

"ဘွာ ဘွာ ကိုကောင်းက မောင့်ကို လက်ခံပြီးပြီ၊ ဒါကြောင့် စက်ရုံအလုပ်ပြန်ဆင်းနေပြီလေ၊ ဦးကြီးနဲ့ဒေါ်ဒေါ်က မငြင်းပါဘူးတဲ့၊ ကသစ်လည်း မငြင်းပါနဲ့ဗျာ၊ ချစ်ရဲ့သားနဲ့"

"ဟာ ကျွတ်၊ ဘယ်လိုတွေလဲ"

နွယ်ကသစ် ရှက်စိတ်နဲ့ မျက်နှာအမူအရာတို့ ပျာယာခတ်သွားသည်။ ဘုန်းနေရောင်က ကသစ်လက်ထဲ ပန်းစည်းထည့်ပေးရင်း မလွှတ်တမ်း ဆုပ်ကိုင်ထားလိုက်သည်။

"ဘယ်လိုလဲဆိုတော့ မောင့်ကို ကသစ်အုပ်ထိန်းသူတွေ လက်ခံပြီလေ၊ ကသစ် လက်ခံပေးလိုက်ပါ၊ ကသစ်လက်မခံရင် မာမီနဲ့မမလည်း စိတ်ကောင်းမှာမဟုတ်ဘူး။ ပြီးတော့ တမလွန်ရောက်နေတဲ့ ဒယ်ဒီနဲ့ ကသစ်ဖေဖေလည်း"

"တော်ပါတော့၊ မရှိတဲ့သူတွေ ဆွဲမထည့်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မထည့်နဲ့ဆိုလည်း မထည့်ဘူးဗျာ၊ မောင်ပေးတဲ့ပန်းစည်းတော့ မငြင်းနဲ့"

"ကျွတ် ပေး"

ကသစ် ရင်မဆိုင်ရဲတော့အောင် ရှက်လာသည်။ ရင်လည်း ခုန်လာကာ ပန်းစည်းကို ဆုပ်ကိုင်လျက်။ မောင့်လက်ထဲက ရုန်းထွက်၏။ ပြီးတော့ တစ်ပါတည်း နောက်ပြန်လှည့်ပြေးလျှင် –

"ဟာ ဟေ့ ကသစ်လေး နေဦးလေ"

ဘုန်းနေရောင် ပျာယီးပျာယာ တားသော်လည်း မရ။ ရင်ခွင်မှာ ပန်းစည်လေးပွေ့ပိုက်လျက်သားနဲ့ ကသစ် ရှောင်ပြေးလေသည်။ မောင့်ရှေ့က လက်လွှတ်ရှောင်ပြေးခဲ့သည်က ချစ်လို့ပဲ မဟုတ်ပါလားကွယ်။

မောင်က ချစ်စိတ်နဲ့ လွင်လွင်လေးရယ်လျက် –

"ချစ်တယ်လို့ ဖြေသွားဦးလေ"

ဟင့်အင်း။ ကသစ် နွဲ့နွဲ့ကလေး ခေါင်းယမ်းကာ။

✿ ✿ ✿



## အခန်း (၄၂)

"ဟင်"

ပါကင်လေးဖွင့်လိုက်သည်နှင့် ကသစ်မျက်ဝန်းလှလှလေး အံ့ဩလျက် ပြုံးကျယ်ဝိုင်းစက်သွား၏။

နီရဲကာ ဖိတ်ဖိတ်တောက်နေသော ပတ္တမြားနောက်ညှပ်ကလစ်နဲ့ စာတစ်စောင်။ စာခေါက်လေးကို ကမန်းကတန်း ဖွင့်ဖတ်ကြည့်၏။

"နွယ်ကသစ်
ခွင့်လွှတ်ပေးပါ
မြစက်ရေ"

ကသစ် ပိုလို့အံ့ဩကာ ပတ္တမြားကလစ်နဲ့ စာခေါက်လေးကို အပြန်ပြန်အလှန်လှန်ကြည့်ရင်း မောင့်ကို လှမ်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်က ရှင်လန်းစွာပြုံး၍ ကသစ်ဆီ စိတ်အားထက်သန်စွာ လျှောက်လှမ်းလာသည်။ ကသစ်လက်ထဲက စာခေါက်လေးကိုဆွဲယူပြီး လွှတ်ချလိုက်လေသည်။

စာရွက်ကလေးသည် လေမှာလွင့်ကာ တဖြည်းဖြည်း ဝေးကွာသွားသည်ကို ကသစ် အမြင်တစ်ဆုံး လိုက်ကြည့်ချိန်မရတော့ပါ။

ပတ္တမြား နောက်ညှပ်ကလစ်ကလေးကို ပါကင်ထဲပြန်ထည့် ပိတ်ပြီး ဖြိုးသီဟကို ပစ်ပေးလိုက်သည်။

"မြစက်ရေကို သွားပေးလိုက်၊ ကသစ်လေး ခွင့်လွှတ်ပါတယ်လို့ တစ်ခါတည်းပြောခဲ့ကွာ"

မောင် ဘာတွေလုပ်တာလဲ။ ကသစ် နားမလည်နိုင်တော့ပါ။

ဖြိုးသီဟထွက်သွားတော့ မောင် အနားတိုးကပ်လာသည်။ ကသစ်မျက်နှာလေးကိုလည်း စိုက်ကြည့်၏။

ကသစ် အကြည့်တွေလွှဲပေမယ့် မရ။ မေးဖျားလေးဆွဲယူဝင့်ကာ ကသစ်မျက်နှာလေး တည့်တည့်ကြည့်ပြီး –

"သွားကြစို့ ကသစ်လေးရယ်"

"ဘယ် ဘယ်ကိုလဲဟင်"

"အင်းလျားကန်"

"ဟင် ဘာသွားလုပ်ဖို့လဲ"

"အတွဲသွားချောင်းဖို့"





"အဲ"

နွယ်ကသစ် ရှက်ကာ မျက်လွှာချသလို မျက်နှာလည်းလွှဲ၏။ မေးဖျားလေးဆွဲယူထားတဲ့ မောင့်လက်ကိုလည်း ပုတ်ချ၏။

"ဘာလဲ ရှက်သွားလား"

ကသစ် နှုတ်ခမ်းစူပြီး ရှောင်ထွက်ဟန်ပြင်သည်။ မောင်က လျင်ပါပေသည်။ ကသစ်လက်ဖဝါးလေးကို ဖမ်းဆုပ်ပြီး ကိုယ်လေးကို ဆွဲယူပွေ့ဖက်ပြီး ရယ်ပြောလေး ပြောသည်။

"ရှက်မနေပါနဲ့၊ ဒီညနေပဲ မင်္ဂလာပွဲ နွှဲရတော့မယ်၊ သတို့သမီးက သတို့သားကို ရှောင်ချည်းရှောင်နေတာ သဘာဝမကျပါဘူး ကသစ်လေးရဲ့၊ ကသစ်လေး မရှောင်နိုင်အောင် လေ့ကျင့်ပေးမလို့"

"မောင်နော်"

"အဟုတ်ပြောတာပါ လာကွာ"

"အဲ မသွားဘူးနော်၊ လုံးဝမသွားဘူး"

နွယ်ကသစ် အရှက်သည်းကာ ငြင်း၏။ မောင်က ရယ်ရင်း ဒေါ်ဒေါ့်ကို လှမ်းပြော၏။

"ဒေါ်ဒေါ်ရေ ကသစ်က မသွားဘူးတဲ့"

"အို့ မသွားလို့ဖြစ်မလား သမီးရဲ့"

"ဟာ ဒေါ်ဒေါ်နော်၊ ဘာမှန်းမသိဘဲနဲ့"

"အောင်မာ ဘာလို့မသိရမှာလဲ၊ မင်္ဂလာဝတ်စုံ အစမ်းဝတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရမယ်လေ၊ မြန်မြန်သွား"

"ဟင်"

ကသစ် မောင့်ကို ပြူးကြည့်သည်။ မောင် တဟားဟားရယ်ရင်း ကသစ်ကို ကရော်ကရော် စသည်။ ကသစ် နှုတ်ခမ်းလေးဆူကာ ခြေထောက်ကလေးဆောင့်ပြီး –

"ကျွတ် မောင်နော်၊ စကားကို ရှင်းအောင်ပြော၊ အင်းလျားကို ဆို ဆောရီးပဲ"

"စိတ်ချပါ၊ မရ ရအောင် ခေါ်သွားမှာ လာ"

"မောင်နော်"

"ဟဲ့ နှစ်ယောက်သား အချိန်ဖြုန်းမနေနဲ့၊ မြန်မြန်သွားကြ"

ဒေါ်ဒေါ်က ဘာမှမရိပ်မိဘဲ ပြောပြန်သည်။ ကသစ်မျက်နှာလေး ရင်ခုန်မပြတ်စွာ မဲ့သွားသလို မောင်ဆွဲခေါ်ရာနောက် ပါခဲ့ရတဲ့ အဖြစ်။

ချစ်တော့လည်း ရက်စိတ်နဲ့ ရှောင်မနေသာ၊ မောင် ဖွတ်တရွတ် ခေါ်ရာနောက် ပါသွားရလေပြီ။

✿ ✿ ✿



BURMESE CLASSIC .com

## အခန်း (၄၃)

"တီတီချိုရေ၊ ရင်ဘတ်မှာ ဒီပန်းလေးပဲ ကပ်ပေးနော်"

"ဟယ် လှလိုက်တဲ့ပန်းလေး"

မမလဝန်းယူလာပေးတဲ့ ရွှေနှင်းဆီပန်းကလေးရယ်။

တီတီချို လှမ်းယူရင်း ချွဲချွဲကျိကျိလေးဆိုကာ ရွှေသားအလွှာပွင့်ချပ်ကလေးများနဲ့ နှင်းဆီပွင့်ကို တအံ့တသြ ကြည့်သည်။

ကျောက်စိမ်းရောင်တောက်တောက် ဆူးကလေးတွေ စီရီနေတဲ့ ရိုးတံနဲ့ သစ်ရွက်ကလေးတွေကအစ တစ်ခုချင်း လိုက်ကြည့်၏။

နှင်းမှုန်ကလေးများ တင်နေတဲ့ စိန်မှုန်ပွင့်ကလေးများ ဖိတ်ဖိတ်တောက်နေတဲ့ ရွှေပန်းပွင့်က မိတ်ကပ်ဖန်တီးရှင် တီတီချိုအတွက် ဆန်းကြယ်နေကာ။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း၊ တီတီချိုတောင် ဒီပန်းလေး အမွေလိုချင်လာပြီ ဟင့်"

"မလိုချင်ပါနဲ့ တီတီချိုရဲ့၊ ဒီပန်းလေး အမွေယူတဲ့လူက မာမို့အတွက် မြေးတွေ မွေးပေးရမှာ"

ညှော်ခံပွဲထွက်ဖို့ မင်္ဂလာဂါဝန်ဝတ်ပြီးနေတဲ့ ကသစ်ကို မမလာဝန်း ပခုံးဖက်ကာ ပြောသည်။

"အို မမကလည်း"

မိတ်ကပ်ဆရာမက ဟိုမဟုတ် ဒီမဟုတ်ဆိုတော့ –

"အိုအေ၊ တီတီချိုတို့က မွေးပေးလို့မရပေလို့ပေါ့၊ ရရင် တစ်ဒါဇင်လောက် မွေးပေးလိုက်ချင်တယ်"

နွဲ့နွဲ့လေးပြောတဲ့ တီတီချိုကိုကြည့်ရင်း အားလုံး ဝိုင်းရယ်ကြသည်။

"တော်ပါတော့ တီတီချိုရယ်၊ ကျွန်တော်က တီတီချိုကို မမွေးနိုင်းပါဘူး၊ ကျွန်တော်မွေးခိုင်းမှာက ကျွန်တော့်ချစ်သူကိုလေ၊ မေးပါအဲဒီပန်း၊ ကျွန်တော့်သတို့သမီးကို ကျွန်တော်ကိုယ်တိုင် ဆင်ပေးမယ်"

မောင်က ပြောပြောဆိုဆို ရှေ့တိုးလာသည်။

"အောင်မာ၊ အံဖြစ်သည်းနေလိုက်တာ ရော့ ရော့"

အခြောက်လို့ ထင်ရက်စရာမရှိအောင် မိန်းမဆန်ဆန် ပြင်ထားသော မိတ်ကပ်ဆရာမ တီတီချို မျက်နှာလေးမဲ့ကာ ရွှေပန်းလေး





ထိုးပေးသည်။

မောင်က ပြောတဲ့အတိုင်းပင် ရွှေပန်းလေးကို ကသစ်ရဲ့ ဘယ်ဘက်ရင်မှာကပ်လျက် တွယ်အပ်ချိတ်ကလေးတွေနဲ့ ချိတ်ပေးတော့ ကသစ်ရင်အုံမှာ ရှူရှူလေးနွေးဖိုသလို နှလုံးသားမှာလည်း တဖျပ်ဖျပ် ခုန်လေ၏။

"ဒါမှကွ"

"ဖြောင်း ဖြောင်း ဖြောင်း"

မောင့်သူငယ်ချင်းအုပ်စု ပြောရင်း လက်ခုပ်လက်ဝါးတီး၏။ ထိုအခါ –

"ဝါး ဟား ဟား ဟား"

နှစ်ဖက်မိဘနဲ့ ဆွေမျိုးအားလုံး သဘောတကျ ရယ်ကြလေသည်။ ရယ်သံတွေနောက်မှာ ကသစ် ဘယ်လိုရှက်သွားမှန်း မသိပါ။ ရင်အုံပေါ်က မောင့်လက်ကို ဖယ်ချမတတ် ကသစ်လက်တွေ လှုပ်ရှားသွားလေသည်။

မောင်က အပြီးသတ်လုပ်ပေးရင်း ကျေနပ်သော မျက်နှာလေးနဲ့ စိုက်ကြည့်၏။

"မောင်"

ကသစ်မျက်နှာလေး ရှက်သွေးရဲ၍ မလုံမလဲစိတ်နဲ့လဲ ခေါ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံလေးနောက်မှာ မောင်က ကသစ်မေးဖျားလေးကို ဆွဲယူ၏။

အို၊ ကသစ်နှုတ်ခမ်းဖူးဖူးလေးက တံခါးချပ်နယ် ပွင့်ဟသွားလေပြီ။

ထိုအခါ သတို့သားခများ ရင်ခုန်စိတ်ကို မထိန်းနိုင်ရှာ။ သတို့သမီးရဲ့ နှင်းဆီသွေးရောင်နှုတ်ခမ်းလေးကို တကယ်နမ်းမလိုလုပ်လျှင်–

"ဟဲ့ ဟဲ့ သတို့သား၊ ဘရိတ်အုပ်ထားပါဦးဟယ်၊ တကတဲ"

လို့ ထိတ်ထိတ်ပျာပျာလေးပြောရင်း သတို့သမီး အသစ်စက်စက်လေးကို တီတီချို့ ဆွဲယူလေသည်။

ကျွတ် အခြောက်မကာ တစ်မျိုးဟု ရေရွတ်ရင်း ဘုန်းနေရောင် ရှက်ရယ်ရယ်နေလိုက်၏။

ရင်ခုန်မျက်လုံးကတော့ နှင်းဆီသွေးရောင်ရဲနေသော သတို့သမီးလောင်း နှုတ်ခမ်းဆီမှာ။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

ပိန်းကလေး

BURMESE CLASSIC .com

www.burmeseclassic.com